
www.burmeseclassic.com

# သျှင်မ

ဖဝါးတော်နုနု



BURMESE CLASSIC

AUNG MYIN PUBLISHING

www.burmeseclassic.com

www.burmeseclassic.com


### ☺ ပုံနှိပ်မှတ်တမ်း ☺


| | |
|---|---|
| | ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ - ၅၀၀၊ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက် (မြ ၀၀၀၇၇)၊ အမှတ် (၁၄၅)၊ နှင်းဆီဖြူလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးအောင်မြင့် (မြ ၀၀၂၇၆)၊ အောင်မြင်စာပေ။ |
| ဖြန့်ချိရေး | အောင်မြင်စာပေ၊ အမှတ် (၁) အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။ |


www.burmeseclassic.com

www.burmeseclassic.com

# သျှင်စ

မဝါးတော်နုနု



www.burmeseclassic.com

www.burmeseclassic.com

# ပဒါးတော်ရုရု



www.burmeseclassic.com

www.burmeseclassic.com


# အခန်း(၁)

လမ်းပေါ်မှာခြေချင်းလိမ်အောင် သွားလာနေကြသူတွေ ယာဉ်တန်းတွေကို လှမ်းမေးရင်း ခေါင်းထဲ တွေးစရာကပေါ်လာသည်။ သူတို့အားလုံး ရုန်းကန်လှုပ်ရှားနေကြတာက စားဝတ်နေရေးဆိုသည့် ရပ်တည်မှုတစ်ခုအတွက်ပဲဆိုလျှင်...လူတိုင်းပဲ စားဖို့ဝတ်ဖို့ လုံလောက်ရုံ နေစရာလေးအသင့်အတင့်ရှိရုံပဲလား...।

လူတိုင်းမှာရှိကြတဲ့ လောဘသက္ကာယတွေက ဘာအတွက်လဲ...।

အများနဲ့ပြိုင်ရင် နိုင်ဖို့..အများနဲ့ပြောရင် ချောဖို့ဆိုတာတွေ မပါတော့ဘူးလား...।

ဒါတွေအားလုံး ဆန္ဒရှိတိုင်းဖြစ်နိုင်ဖို့ဆိုတာ ဘာလိုသလဲ...।

လူတိုင်း ချမ်းသာချင်ကြတာပဲ၊ လူတိုင်းလိုပဲ ကိုယ်လည်းချမ်းသာချင်သည်။

ချမ်းသာဖို့အတွက် ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ကြိုးစားခွင့်လည်းရှိသည်။

သူမ တွေးနေတာက ကိုယ့်ဘဝ ကိုယ့်ပတ်ဝန်းကျင်အရ...ချမ်းသာကြွယ်ဝဖို့ဆိုတာ မဖြစ်နိုင်ဘူးဆိုရင် ဘာလုပ်မှာလဲ...।

"ညီမ ဘာလုပ်မှာလဲ...လာလေ..."


www.burmeseclassic.com

www.burmeseclassic.com


"ဟင်...ဪ...ဟုတ်..."

ပေါင်ပေါ်တင်ထားသည့် ဘေးလွယ်အိတ်ကြိုးလေးကို ပခုံးပေါ်ကောက်ချိတ်၍ ကမန်းကတန်းထရပ်လိုက်သည်။ မှန်တင်ခုံတစ်လုံးရှေ့မှာ...လစ်လပ်သွားတဲ့အထိ စောင့်နေခဲ့ရတာ တစ်နာရီကျော်သွားပြီဖြစ်သည်။

နာရီကြည့်လိုက်တော့ ညနေခြောက်နာရီထိုးနေပြီ၊ သူမ အလှပြင်ဆိုင်ရောက်နေသည်ကြားလျှင်တော့ ဒေါ်ဒေါ်ယုရဲ့ပြောနေကျစကားတွေ ကြားရပါဦးမည်။

"သူများတွေလှချင်ကြတာ ညည်းကိုမီတဲ့သူ မရှိပါဘူးစကားရယ်...အထူးသဖြင့် ဆင်းရဲတဲ့မိန်းကလေးတွေ အလွန်အကျွံလှချင်လာရင် ဘာဖြစ်သွားနိုင်လဲ ညည်းသိလား"

"ဒေါ်ဒေါ်ဒီလောက်ပြောနေတာ မသိချင်ပေမယ့် သိနေပါပြီဒေါ်ဒေါ်ရယ်...စကားတို့ကလည်း မချမ်းသာပေမယ့် ဆင်းရဲတဲ့စာရင်းတော့ မဝင်သေးပါဘူး၊ ကိုယ်ပိုင်တက္ကစီနဲ့ ဒေါ်ဒေါ်ယုက ကုန်စုံဆိုင်နဲ့...ပြီးတော့ စကားက ကုမ္ပဏီက စာရင်းကိုင်.."

"တစ်လတစ်လကို ရတဲ့လစာထက်နှစ်ဆလောက် ပိုကုန်နေတဲ့စာရင်းကိုင်လေ.. ထည့်ပြောဖို့မေ့နေမှာစိုးလို့.."

စကားများခဲ့ရတာတွေက ဒေါ်သပါကြတာလည်းမဟုတ်...၊

တွေးနေရင်း ပြုံးလိုက်မိကာ...၊

"ညီမမျက်နှာလေးက မှုတ်နေတာပဲနော်..သိပ်တောင်မကိုင်လိုက်ရဘူး..."

"ဟုတ်လား..အဲ့ဒါ ဟိုတစ်ခါခရီးသွားတုန်းက အိပ်ရေးတွေပျက်ပြီး ဘုတွေထွက်လာသေးတာသိလား မနည်းပြန်ဖျောက်လိုက်ရတာ...တော်ပါပြီ အဲ့အလုပ်လည်း မလုပ်ချင်တော့ဘူး.."

"အဲ့ဒါကြောင့်ပြောတာပေါ့..ညီမလေးအရပ်အမောင်း ကိုယ်လုံးမျိုးနဲ့ဆို နာမည်ကြီးမော်ဒယ်လ်တန်းဖြစ်သွားမှာ...၊ ခုရှိတဲ့ မင်းသမီးမော်ဒယ်လ်တွေတောင် ညီမလေးလောက် ဘယ်သူမှမလှဘူး..."

"ဟုတ်တယ်...အဲ့ဒါကြောင့် ငါသူ့ကိုမြင်တိုင်း နမျောနေတာ၊ ရုံးမှာ နေကုန်နေခမ်း သွားထိုင်နေမယ့်အစား ကိုယ့်တိုးတက်ရာတိုးတက်ကြောင်း လုပ်စမ်းပါလို့.."

တစ်ဖက်မှာ ဆံပင်ပေါင်းဆေးတင်နေသည့်တစ်ယောက်က လှမ်းပြောတော့ နောက်ထပ်ထောက်ခံမဲတွေရလာပြီး စကားရယ်နေတာ သွားပြန်စေ့ဖို့တောင် မေ့နေခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဖုန်းလာနေသဖြင့် ထုတ်ယူလိုက်ကာ…၊

"ဟလို…"

"စကားရေ…ညည်းဘယ်ဝင်နေပြန်ပြီလဲ၊ မိုးချုပ်နေပြီလေ…"

"အလှပြင်ဆိုင်မှာဒေါ်ဒေါ်.."

"ဟင်..ဘာဝင်လုပ်တာတုံး.."

"တိုတယ်လ်စကင်းနဲ့လုပ်နေတာ..နည်းနည်းကြာမှာဒေါ်ဒေါ်…"

"စကားရယ်…ညည်းရဲ့ကိစ္စဝိစ္စဘာယီရတွေကြောင့် ငါလည်း ရှူးသွားမှ အေးမှာပါအေ…"

"ဟာ…ဒေါ်ဒေါ်ကလည်း ဆန်းအေးမှာ ဂျာကြီးသမီးမွေးနေ့ရှိလို့ပါ.."

"ဘာအကြောင်းဆိုတာတွေ ပြောမနေပါနဲ့တော့…ညည်းရဲ့ နေ့စဉ်အလုပ်က အလှပြင်ဖို့ပဲဟာ၊ ဒီမှာ အလွှန်အကျွံတွေလျှောက်ပြင်ဆင်မနေနဲ့..အိမ်မှာလည်း အွန်လိုင်းကနေ ညည်းမှာထားတာတွေ ဒီနေ့တစ်နေ့တည်းရွေးလိုက်ရတာ တစ်သိန်းရှစ်သောင်းဖိုး…"

ဒါတွေပြောရင် ဟိုဟာတွေပါပါပြီး ဒေါသတွေပါ အပိုဆောင်းသွားနိုင်သည်။

ဖုန်းကိုဆောင့်အောင့်ချလိုက်ရင်း ကျွန်းဆက်တီမှာပဲ ထိုင်ချလိုက်မိသည်။

"ဘာတဲ့လဲ မင်းတူမ…"

"အလှပြင်ဆိုင်ဝင်နေသတဲ့…"

ဦးထွန်းထွန်းက ပြုံးလိုက်ပြီး သူ့ဘာသာဖျော်လာသည့် ကော်ဖီပန်းကန်နှင့် ရှေ့မှာဝင်ထိုင်သည်။

"ကဲ..ကိုယ့်ဘာသာဈေးပဲသွားရောင်းပါကွာ၊ မင်းတူမကို ဒီကိစ္စတွေကြောင့်သာ ဒေါသထွက်နေရင် မင်းဘယ်လိုလုပ် အေးဆေးနေလို့ရတော့မှာလဲ…သူလည်းတစ်ဖက်တစ်လမ်းက ဝင်ငွေရနေတာပဲ၊ မိဘလုပ်စာ ထိုင်ဖြုန်းနေတာမှ မဟုတ်ဘဲ…"

"ကိုထွန်းရယ်..မင်းတူမ မင်းတူမနဲ့ ရှင်အလိုလိုက်ခဲ့တာတွေကြောင့်ပဲ ဒီကောင်မလေး အားကိုးရနေတာ…ဘာပြောပြော 'ဦးတောင် မပြောဘူး' ဆိုတာချည်းပဲ…"

"ဘာဖြစ်လဲကွ…ငါတို့မှာ ကလေးလည်းရှိတာမဟုတ်ဘူး။ ငါ့သမီးငါချစ်လို့ အလိုလိုက်တာ.."

"ဟုတ်ပါတယ်…ကျွန်မကတော့ မချစ်လို့လေ…"

ဦးထွန်းထွန်းက ရယ်လိုက်ရင်း ကော်ဖီကိုလည်းမသောက်ဖြစ်စေဘဲရှိကာ..၊



www.burmeseclassic.com

www.burmeseclassic.com



"စကားက စကားချိုဆိုတဲ့အတိုင်း..."

"ပြောပေါက်ဆိုပေါက်ကလည်း ဆိုးပ့ါ..."

"ဟား ဟား ဟား..."

"သူ့ကိုဘယ်လိုလူတွေကများ ချစ်ခင်နေကြသလဲမသိပါဘူး...ဒီပတ်ဝန်းကျင်မှာဖြင့် သူ့ကိုဘယ်သူကမှ မေတ္တာမရှိကြပါဘူး..တကယ်ပဲ.."

"ဘယ်သူကမှလို့တော့မပြောပါနဲ့ယုမေရာ...မင့်ဆိုင်မှာအကြွေးတွေတင် ကွယ်ရာမှာအတင်းတွေပြောကြနဲ့ အဲ့ဒီလိုလူတွေမုန်းကြတော့ ဘာဖြစ်လဲ.."

"လုပ်ပြီ.."

ဒေါ်ယုမေခေါင်းခါလက်ခါနှင့် နေရာမှထသည်။ အိမ်ရှေ့တံခါးကနေ ဆိုင်ထဲကို လှမ်းကြည့်ကာ...၊

"မိဝေတို့ ဇာဇာတို့ ဆိုင်ရှေ့ကပစ္စည်းတွေ သိမ်းတော့.."

ပြောပြီးမှ ပြန်ဝင်လာပြီးထိုင်လိုက်ရင်း...၊

"လူဆိုတာ ချစ်တဲ့စကားကိုပဲပြောပြော..မုန်းတာပဲပြောပြော ဒီပါးစပ်လေးပဲလေ၊ ကြွေးတောင်းတာလည်း မမုန်းအောင်ပြောလို့ရတယ်၊ အတင်းတုပ်နေတဲ့ လူတွေကိုလည်း.."

"တော်ပါကွာ..ငါ့သမီးလေးရှိလို့ မင့်ကြွေးတွေပြန်ရခဲ့တာအများကြီးပါ၊ မင်းလိုသာ အရိုင်းသုံးပါးကြည့်ပြီး တရားလိုက်ဟောနေရင် မသမာသူက မင်းကိုတောင် ထုံးတားသွားဦးမယ်.."

ပြောပြနေရင်း ဒါကိုပဲအတိုက်အခံ အနိုင်လုပြောနေသဖြင့် ဒေါ်ယုမေ စိတ်တိုလာသည်။

"ဟုတ်ပါတယ်..ရှင်တို့တူဝရီးပဲ ပေါင်းတတ်သင်းတတ်တာပါ၊ တစ်နိုင်ငံလုံး မကောင်းဘူး...ရှင်တို့ပဲကောင်းတယ်.."

"တစ်နိုင်ငံလုံးကို မပြောပါဘူး...ငါကောင်းတာ မင်းသိဖို့ပဲလိုတယ်.."

"ဘာရယ်.."

"ငါ့လိုမသောက်မစား မရှုပ်မပွေနဲ့ သမီးနဲ့မယားကို ကုန်းရုန်းရှာကျွေးတဲ့ ယောကျ်ားလေ..အဲ့ဒါကိုပြောတာ.."

"ရှင်ဟာလေ.."

ပြောပြန်ရင်လည်း ဒီကပစ်ပစ်ပြောတယ်ဖြစ်ဦးမယ်။ ဒီနေ့ပဲ delivery နဲ့ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ပစ္စည်းတွေ ရွေးလိုက်ရတာသိန်းကျော်တောင်...၊

သူတို့မှာလည်း သားလေးတစ်ယောက်ရှိခဲ့သည်။ အသက်ကြီးမှ အိမ်ထောင်ပြု ကြတာမို့ သားဦးလေးကိုရတော့ ဝမ်းသာကြည်နူးခဲ့ကြသည်။ ဒါပေမယ့် သားလေးက လည်း ကျပ်မပြည့်သည့်ဝဋ်ကြွေးနှင့် ဆယ်နှစ်မပြည့်ခင် ဆုံးသွားခဲ့သည်။

ထို့နောက်ပိုင်းမှာမှ စကားကိုမွေးစားခဲ့ရတာဖြစ်သည်။

"မင်းကလည်းယုမေရာ...ကိုကြီးချိုအေးကလည်း ဆွေမျိုးအပေါ်မှာမပြောနဲ့ မိတ် ဆွေသင်္ဂဟအပေါ်မှာတောင် အလွန်ကူညီထောက်ပံ့တတ်တဲ့သူပါ.. ငါတို့ကို သူ့သမီးလေး နဲ့ ဒီအိမ်ကို ယုံယုံကြည်ကြည်အပ်ခဲ့တယ်၊ သူ့ကျေးဇူးတွေလည်း ငါတို့မှာရှိတာပဲ.."

ဒေါ်ယုမေ စိတ်တိုစရာတွေ တွေးနေမှန်းသိသောကြောင့် ဦးထွန်းထွန်းက ပြောရာ ပြောကြောင်း ပြန်စလာကာ...၊

"တကယ်ဆို သူတို့ကမင်းအစ်ကိုနဲ့မင်းတူမနော်...စိတ်ကိုလျှော့.."

"လျှော့လို့ရတယ်...ဒီတိုင်းပဲ ဆက်သုံးနေရင်တော့.."

"လူဆိုတာလည်း သူ့ကုသိုလ်အကြောင်းနဲ့သူပါကွာ...၊ စကားချိုဆိုတဲ့ မိန်းက လေး အလှအပကြိုက်သလောက် ဘယ်လောက်လှသလဲ၊ တောနဲ့မတန်တဲ့ နန်းထိုက်တဲ့ ပန်းတစ်ပွင့်ပဲလေ.."

မိန်းမဘက်ကပါတဲ့တူမပေမယ့် သူ့သမီးလေးလို ချစ်နေမှန်းသိနေသဖြင့် က လေးကို မြှောက်ပင့်ပေးနေရလားလို့ နေရာတကာမပြောမိအောင် ထိန်းသိမ်းနေရသည်။

ဒီကောင်မလေးကုန်လိုက်သမျှ အလှအပပစ္စည်းတွေရဲ့တန်ဖိုးကို တွက်မိလိုက် ရင်လည်း အိပ်လို့တောင်မပျော်...၊

"ခက်တယ်ကိုထွန်း.."

"မခက်ပါဘူးကွာ..မင်းဒီနေ့မှ နှစ်သိန်းဖိုးလောက်ရွေးလိုက်ရလို့ ရင်လေးသွား တာမို့လား၊ ငါနဲ့တိုးတာချည်းပဲ ရှစ်သောင်းတွေ တစ်သိန်းနှစ်သောင်းတွေ တစ်သိန်း နှစ် ရက်ဆက်နေတာတွေ..."

"ဘုရား..ဘုရား.."

"အဲ့ဒါတွေကြာလှပေါ့.."

"ကိုထွန်းရယ်..အဲ့ဒါတွေကို အလိုလိုက်စရာလား.."

"ဟာ..ကလေးက သူရသမျှလစာတွေလည်း တစ်ပြားမကျန်ထိုးအပ်တာပဲကွ.."



www.burmeseclassic.com

ww.burmeseclassic.com



"ရတာကဘယ်လောက်လဲ..ကုန်တာကဘယ်လောက်လဲ၊ ကျွန်မက ကုန်လွန်းလို့ ညည်းနေတာမဟုတ်ဘူး.."

"ပြောတတ်တယ်..ရှေ့ကညည်း နောက်ကဖုံး.."

"ဖုံးတာလည်းမဟုတ်ပါဘူး..ဒီအရွယ်ရှိနေပြီ အသုံးနဲ့အဖြုန်းကို နားလည်ရမှာပေါ့.."

"ဒါတော့မင်းမပြောနဲ့လေ...ဖြုန်းတယ်ဆိုတာ မလိုအပ်တာတွေ အကုန်အကျများတာကိုပြောတာ၊ သူက သူ့အတွက်လိုအပ်လို့ဝယ်နေတာကွ..ခုခေတ်မှာ နေရောင်ခြည်ကအစ သူတို့အလှအပရဲ့ ဘုံရန်သူဖြစ်နေတာ၊ သကြီန်မှာ ရေကစားတော့ ရေကြောင့်ဖြစ်..နေပူတော့ ပူလို့ဖြစ်..၊ သူတို့အတွက် အလှအပပစ္စည်းတွေက မရှိလို့ဖြစ်သလား.."

"မရှိတိုင်းရော မိန်းကလေးတိုင်းဝယ်ခြမ်းနေနိုင်လို့လား.."

"မဝယ်နိုင်လို့ မဝယ်ကြရတာပါ.."

"ကျွန်မတို့လည်း ချမ်းသာတာမှမဟုတ်တာ.."

"စကားတစ်ယောက်ကို ပြင်ဆင်ပေးတာနဲ့တော့ မွဲမသွားပါဘူး.."

"ကိုထွန်းထွန်း.."

ဦးထွန်းထွန်းကလည်း ဒေါ်ယုမေကိုဒေါသထွက်အောင် ပြောမိပြီဆိုတာနှင့် နေရာမှထထွက်သွားရင်း ပြုံး၏။ တော်တော်နားအေးသွားနိုင်သည့် အကွာအဝေးကျမှ ပြန်လှည့်ကြည့်၍...၊

"မင်းကြိုက်စိုးကြိုက်ဆိုတာ ငါ့သမီးရုပ်ရည်မျိုးကွ..စင်ဒရဲလားတောင်မှ အိမ်ထဲမှာ ကုန်းရုန်းကြမ်းတိုက်နေရင်း မင်းသားလေးနဲ့တွေ့တာမဟုတ်ဘူး..မင်းသားလေးဆီ ရောက်နိုင်ဖို့အတွက် သင့်တင့်လျှောက်ပတ်တဲ့ ပြင်ဆင်ခြယ်သမှုတွေ သူ့အတွက်ဖန်ဆင်းပေးရတယ်.."

"ပြော..ပြော..အဲ့ဒါလည်း စကားချိုအလုံးတွေပဲ.."

"ဟား ဟား ဟား.."

ဦးထွန်းထွန်းကော်ဇီသောက်လိုက်ပြီးမှ ရယ်ချင်လာသဖြင့် မြန်မြန်မျိုချလိုက်ရသည်။

"မင်းတွေးကြည့်လေ..စကားချိုဘယ်လောက်စာကျက်ပြင်းသလဲ၊ ဘာကြောင့်အမှတ်ကောင်းနဲ့အောင်ပြီး သူ့အလုပ်သူ့အကိုင်လေးနဲ့ ဖြစ်သွားခဲ့တာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းထွန်းပြောတော့လည်း စကားချိုစာကျက်ပျင်းခဲ့တာကို သတိရသွားမိပြန်သည်။ စာကျက်ပျင်းတာမှ ဘယ်လောက်တောင်ပျင်းသလဲဆိုလျှင် ရှစ်တန်းမှာတစ်နှစ်ကျသည်။

အကြောင်းပြချက်က အဖေဆုံးသွားပြီး တစ်လအကြာမှာ စာမေးပွဲဖြေရတော့ စိတ်ထိခိုက်နေလို့..၊ ကိုးတန်းမှာလည်း ထပ်ကျသည်။ အမေဆုံးသွားသည့် သုံးနှစ်ပြည့်နဲ့ သုံးရက်ပဲကွာလို့..၊

ဆယ်တန်းကျတော့ အောင်ချက်တော်တော်နည်းသည့်နှစ်မှာတောင် သူမက အမှတ်ကောင်းနဲ့ အေးဆေးအောင်ခဲ့၏။ ထိုနှစ်က ဘာကြောင့်အောင်သွားသလဲဆိုလျှင်..၊

"သမီးဆယ်တန်းမှ မအောင်ရင် ညည်းမျှော်မှန်းထားတဲ့ လူကုံထံဆိုတဲ့လူတွေထဲ ဘယ်လိုဝင်တိုးနိုင်မှာလဲ..ပညာရဲရင့် ပွဲလယ်တင့်ဆိုတာ သမီးနားလည်ပါတယ်.."

"သမီးကမိဘမဲ့..ပြီးတော့ချမ်းသာတာလည်း မဟုတ်ဘူး၊ ကိုယ်တတ်တဲ့ပညာကသာ ကိုယ်သွားလေရာလိုက်လာမှာ.."

သူမတို့လင်မယားနှစ်ယောက်စလုံး စကားချိုဆယ်တန်းမှာ တဖုတ်ဖုတ်ကျရင်း ရှေ့မဆက်မတက်နိုင်တော့မည့် အရေးအတွက် ကြိုတင်တရားဟောခဲ့ရတာတွေ အမြှုတ်ထွက်မတတ်..၊

နောက်ဆုံး ဦးထွန်းထွန်းရဲ့တိုက်တွန်းစကားတွေမှာ စကားချိုကျော့တမ်းဝင်ခဲ့၏။

"ကိုယ့်ကိုယ်ကိုလှနေတာပဲဆိုပြီး ကျေနပ်ပီတိဖြာမနေနဲ့သမီး..ခုခေတ်မှာ မလှတဲ့မိန်းကလေးတွေလည်း လှအောင်လုပ်ယူလို့ရနေကြပြီ၊ ယောကျ်ားလေးဖြစ်ဖြစ် မိန်းကလေးဖြစ်ဖြစ် လှတိုင်းတန်ဖိုးရှိတာမဟုတ်ဘူး.."

"ပစ္စုပ္ပန်က ညည်းရဲ့ခြေလှမ်းတွေက အနာဂတ်ရဲ့ပန်းဝင်ကြိုးကိုဖြတ်မယ့် အင်အားတွေပဲ..ပစ္စုပ္ပန်မှာ ဒီခြေထောက်တွေရပ်တန့်နေရင် ပန်းဝင်ကြိုးဆီကို ဘယ်လိုသွားမလဲ.." ဟု..၊

ထိုအချိန်မှာ စကားချိုဘယ်လိုအတွေးကောင်းလေးတွေနဲ့ အသိတရား ရသွားခဲ့သည်မသိပေ၊ ကြိုးစားချင်တော့လည်း အိပ်ပါဦး၊ နားပါဦးလို့ ပြောယူရတဲ့အထိ စာတွေကျက်ခဲ့သည်။ ကြိုးစားသလောက် ဆယ်တန်းရောက်မှ နှစ်ချင်းပေါက်အောင်သည့်အပြင် အမှတ်တွေလည်းကောင်းသည်။

သူမအကြောင်းတွေးနေရင်း ရှိနေခဲ့သည့် ဒေါသတွေတောင် ဘယ်ရောက်ကုန်



www.burmeseclassic.com

ww.burmeseclassic.com



သည်မသိတော့ပါ။ သို့သော် ဖုန်းထဲဝင်လာသည့် မက်ဆေ့ချ်ကြောင့် မျက်မှောင်ကုတ်သွားမိကာ..၊

"တွေ့လား..ဒီကောင်မလေး.."

"ဘာတဲ့လဲ.."

ဦးထွန်းထွန်းက ထွက်သွားပြီးမှ ပြန်လှည့်ကြည့်ပြီး မေးဆတ်မေးသည်။

"ပိုက်ဆံကုန်သွားလို့တဲ့..အပြန်လမ်းလျှောက်ပြီး ပြန်လာတော့မယ်တဲ့.."

"ဟာ..မဟုတ်တာ မိုးချုပ်လှပြီကို.."

"အဲ့ဒါပြောတာလေ..နောက်ပြီး ကားခလေးတစ်ထောင်လား၊ နှစ်ရာလား..သူ ဘာကားတွေစီးတာလဲ.."

"မင်းကလည်းပြောချင်ရင် အဲ့ဒါအရင်သိအောင်မေးထားပါလား.."

"ပြောရင်းနဲ့မှ မသိတော့တာကိုး.."

"ဘာကားပဲစီးစီး ကားခတောင်မကျန်တော့လို့ပေါ့ကွာ..ကဲ..ကဲ..ငါ သွားကြိုလိုက်ဦးမယ်.."

"ရှင်လည်း ညမှုညတာ သတိထားမောင်းဦး.."

ညဘက် အန္တရာယ်များလို့ တက္ကစီဆွဲတာတောင် မိုးချုပ်မခံဖို့ စည်းကမ်းတစ်ခု သတ်မှတ်ပေးထားခဲ့တာ..၊

တော်တော်ခက်တဲ့ စကားချို..၊

ဒင်းနဲ့များ ဘယ်တုန်းက စကားချိုချို ပြောခဲ့ရတာရှိဖူးလို့လဲ.. ၊

ဖ ဆ ဆ ရ



www.burmeseclassic.com

ww.burmeseclassic.com



# အခန်း(၂)

"ဟိုမှာတွေ့လား..ဘယ်လောက်လှလဲ.."

နားထဲမှာကြားလိုက်သည်။ ဘယ်သူ့အသံဆိုတာလည်း မှတ်မိနေသည်။ ထို့ပြင် နောက်ကလိုက်လာမှာပဲဆိုတာပါ သိနေခဲ့၏။ ထင်တဲ့အတိုင်း သိပ်အလှမ်းမကွာသည့်နေရာသို့ စကားသံတွေရောက်လာကြ၏။

"မင်းကလည်း နေ့တိုင်းပဲမထူးဖာတ်ခင်းနေတာကွာ..ပျင်းစရာကြီး။ လုပ်စမ်းပါ.. ချစ်ရင်ချစ်တယ်ပေါ့.."

"ငါက သူငြိုငြင်တာလေးကို မခံစားနိုင်တာကွ.."

"ဒါဖြင့်လည်း နေခဲ့လိုက်တော့.."

"အေးပါကွာ..မင်းကလည်း ငါဒီနေ့ အပြီးသတ်ရင်ဖွင့်ဖို့ ဆုံးဖြတ်ထားပြီးသားပါ.."

စကားသံနှင့်အတူ ရှေ့တက်လာသည်။ ပလက်ဖောင်းပေါ်မှာ လျှောက်နေတာပေမယ့် ဒီနေရာတစ်လျှောက်လုံးမှာ မီးတွေလင်းနေတာ မှောင်ရိပ်သိပ်မရှိ..၊

"စကားချို..."



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်တော့ သိပြီးသားစကားချိုမျက်နှာလေးက သုန်သုန်မှုန်မှုန်လေး လှည့်လာ၏။ သိပြီးသားမျက်နှာက မျောက်သေရုပ်လေးနှင့် ဘီလူးသံပရာသီး ကိုက်ထားသလို.. မဲ့နေမှန်းမသိ..၊ ပြုံးနေမှန်းမသိ..၊

အဖြူပေါ်မှာအနက်ကွက်ကျားပါသည့်တီရှပ်နှင့် ခတ်သေးသေးကိုယ်ပေါ်မှာ ဂျင်းနံ့ပင်က ပုံကျမတတ် ရှုံ့တွပွယောင်းနေသေးသည်။ စကားချိုက ထိုမျက်နှာကနေ တစ်ကိုယ်လုံးကိုကြည့်လိုက်ပြီးမှ စိတ်ပျက်စွာမျက်နှာလွှဲလိုက်ရင်း..၊

"နင့်ကိုလည်း ပြောရတဲ့လူကတောင် အားနာလာပါပြီအောင်စေရယ်.."

"ဘာဖြစ်လို့လဲ စကားချိုရယ်..ငါ နင့်ဆီကအဖြေဖွတ်မတောင်းပါဘူး..ဒါပေမယ့်လေ.."

"တော်ပါတော့ဟာ.."

နေရာမှာတင် စိတ်ပျက်လက်ပျက်ရပ်လိုက်တော့ အောင်စေအားတက်သရောဖြစ်သွားပြီး လက်ဝါးချင်းပွတ်သည်။ ထို့ပြင် လျှာတစ်ချက်သပ်လိုက်ပြီး ပြောဖို့စကားတွေအတွက် ပြင်ဆင်နေဆဲ..၊

"ငါ အခုလေးတင် အလုပြင်ဆိုင်မှာကျလာခဲ့တာ ကိုးသောင်း.."

ဟင်..၊

ဘာကြောင့်ပြောမှန်းမသိ၊ ထို့ပြင် တကယ်ကိုးသောင်းလား၊ တမင်ပြောတာလားမသိ..၊

အောင်စေအတွေးတွေ စက္ကန့်ပိုင်းလေးအတွင်းမှာ ဗျာများသွားခဲ့၏။

သို့သော်...

"အဟွန်း..အဲ့ဒါဘာဖြစ်.."

"အိမ်မှာလည်း အွန်လိုင်းရှော့ပင်ကနေ ဝယ်ထားတာတွေနစ်သိန်းဖိုးလောက်ရှိတယ်..ပြန်သွားရင် ဒေါ်ဒေါ်တို့နဲ့ ဘယ်လိုရင်ဆိုင်ရဦးမလဲ မသိသေးဘူး.."

"ဒါတွေကဟာ..နောက်တော့လည်း.."

"ဘာကိုနောက်တော့လည်း..ငါ အဲ့လိုတွေဝယ်ခြမ်းပြီး လွှတ်ပစ်နေတာ မဟုတ်ဘူး၊ အခု ငါစီးထားတဲ့ဖိနပ်က ရှစ်သောင်းကျော်တန်တယ်.."

မီးရောင်အောက်မှာပေမယ့် ဘောင်းဘီရှည်အဖြူက ခြေဖမိုးပေါ်ထိ ကျနေသဖြင့် ဒေါက်မြင့်လား ဒေါက်နိမ့်လားတောင်သေချာမမြင်ရပေ။ ကွင်းထိုးပုံစံ ခြေဦးထိပ်လေး



www.burmeseclassic.com

www.burmeseclassic.com



မှာ ငွေရောင်ကွင်းကလေးတွေ သံကွင်းဆက်ပုံလေးတင်ထားတာ မြင်ရ၏။

ဘာတွေဒီဇိုင်းဆန်းပြီး လှပနေလို့ ရှစ်သောင်းကျော်လဲ..၊

အောင်စေ ဖိနပ်ကိုကြည့်ပြီး နားမလည်နိုင်ဖြစ်နေခဲ့၏။

"ငါဝတ်ထားတဲ့ကုတ်ကလည်း ရှစ်သောင်းကျော်ပဲ..ငါကြိုက်ပြီဆိုရင်လည်း ဖန်စီပစ္စည်းလေးတစ်ခုကိုတောင် လေးငါးသောင်းပေးဝယ်ပစ်တာ.."

"နင်ကလည်း..ဒီလောက်တော့ငါလည်း.."

"ဝယ်ပေးနိုင်ပါတယ် ပြောချင်လို့လားအောင်စေ..နင့်ကိုယ်ပေါ်က တီရှပ် ဘယ်လောက်တန်သလဲဆိုတာ နင်သိပါတယ်.."

အောင်စေမျက်နှာ ကွက်ခနဲပျက်သွားသည်။ သူ့အင်္ကျီတစ်သောင်း မကျော်ဘူးဆိုတာလည်း သူမထည့်ပြောချင်တာလား..၊

"ငါ ဘယ်သူ့ကိုမှအထင်မသေးဘူး..နင့်ကိုလည်း နှိမ်ချနေတာမဟုတ်ဘူး၊ ဒါပေမယ့် ငါသုံးမယ့်စရိတ်တောင် ထုတ်မကုန်နိုင်တဲ့လူကိုတော့ ငါမစဉ်းစားတာအမှန်ပဲ.."

"စကားချိုရယ်..မချစ်သေးခင်တော့.."

"အသည်းတုန်အောင်ချစ်လာမယ်ဆိုရင်တောင် နင်ငါ့လောက်တောင် မလှတာအဲ့ဒါဖြစ်နိုင်လို့လား.."

အားမနာတမ်းပြောချလိုက်ပြီး သူ့မျက်နှာကို သေချာစိုက်ကြည့်နေသေးသည်။ သူမမျက်လုံးမှာ စိတ်ပျက်ခြင်းတွေသာရှိနေလျက် ခွဲခြားမောက်မာနေပုံလည်း မရှိ..၊

ဒေါသတကြီး ပြောဆိုနင်လွှတ်တာမျိုးလည်းမဟုတ်သည်မို့ အပြောခံနေရသည့်လူက ငိုရခက် ရယ်ရခက်..၊

"ဘယ်သူ့မှာမှ အကျိုးမရှိတာကို မလုပ်စမ်းပါနဲ့..ငါလှနေအောင် ပိုက်ဆံတွေအကုန်ခံပြီးပြင်နေတာ ဆင်းရဲတဲ့လူကို မကြိုက်ချင်လို့ပဲ..ငါ့အလှအပကို အရောင်ပိုတင်ပေးမယ့် လူချမ်းသာကိုပဲ ငါစိတ်ကူးမှာ၊ ဒါဆို နင်သဘောပေါက်တော့ပေါ့..အိုခေ.."

"ဟား.."

သူမက လှည့်ထွက်သွားသည်။ အောင်စေ ခြေတစ်ချက်ဆောင့်ရင်း ရှုံ့မဲ့ ညည်းတွားကျန်ရစ်၏။

"ဘာလဲ..ကျန်ခဲ့ပြန်ပြီမို့လား.."

"မင်းကြားတဲ့အတိုင်းပဲ..တောက်..ပြောသွားလိုက်တာကွာ.."



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောသားပဲ..မင်းကိုသူ ပြန်ကြိုက်မှာမဟုတ်ပါဘူးလို့.."

"ငါ့ရုပ်က ဒီလောက်ပဲဆိုးနေလို့လားကွာ.."

"ပြောသွားတဲ့အတိုင်း.."

"ဟာ..ခွေးကောင် နမပေး.."

"ငါ့နမဆိုရင်တော့ မင်းကိုစဉ်းစားလောက်ပါတယ်..ဟဲဟဲ.."

အောင်စေ့အကြည့်တွေ စကားချိုဆီပြန်ရောက်သွားသည်။ အဖြူရောင်ဘောင်းဘီရှည် ကိုယ်ကျပ်အင်္ကျီအဖြူရောင်နှင့် အပေါ်ကထပ်ဝတ်ထားသည့်ကုတ်က နီညိုရောင်ရဲရဲ..။

ခါးလောက်ထိရှည်သည့်ဆံပင်တွေက အမြဲတမ်းလှိုင်းတွန့်လေးတွေ ရှိနေတတ်တာလည်း ပြင်ဆင်ထားတာပဲဖြစ်နိုင်၏။ ဒါပေမယ့် သူမတော်တော် လှနေလေသည်။

ထို့ကြောင့် မြင်သူတကာငေးကြရလျက် မြင်တဲ့ယောက်ျားလေးတိုင်း သဘောကျကြသည်။ သဘောကျသမျှ ဘယ်သူကြိုးစားတာမှလည်း စကားချိုက လက်မခံ..။

သူမ တကယ်ပဲ သူဌေးကြီးနဲ့ ညားတော့မှာလိုလို..။

စကားလုံးတွေ ကောင်းကင်မှာတက်ချိတ်နေသည့် စကားချို..။

ဖ ဆ ဓ ဇ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

ကြားလိုက်ရသည့်စကားကို မယုံနိုင်၊ ဒေါ်ယုမေ ခင်ပွန်းဖြစ်သူကို ဘယ်လိုလဲ ဆိုသည့်အကြည့်ဖြင့် မျက်လုံးရောက်သွားသည်။ ဦးထွန်းထွန်းက ပြုံးလိုက်ရင်း...၊

"မရှင်းလို့မေးပါရစေဗျာ...ကျွန်တော်တို့သမီးက အမွေရမှာပေါ့ဟုတ်လား.."

"ဟုတ်ပါတယ်..အမွေကိစ္စထဲမှာ ဦးချိုအေးရဲ့သမီး စကားချိုအတွက် မျှဝေခံစားခွင့်လို့ အတိအတင်းထည့်သွင်းထားပါတယ်.."

"ဟုတ်ကဲ့ပါ..သူဌေးကြီးကဘယ်သူ.."

"အဏ္ဏဝါသခင် ဦးမြဲသာပါ.."

ဦးမြဲသာ...၊

"အဏ္ဏဝါသခင်" သင်္ဘောကျင်းလုပ်ငန်းကို သူတို့လည်းသိသည်။ ဟိုအရင်တုန်းက ဒေါ်ယုမေရဲ့အစ်ကို အဏ္ဏဝါသခင်မှာ အလုပ်လုပ်ခဲ့တာဖြစ်သည်။ ထို့ပြင်...၊

သူဌေးမှာ မောင်နှမဆွေမျိုးတွေလည်း အများကြီးရှိကြသည်လို့ဆိုသည်။ အားလုံးကလည်း ပြည့်စုံရုံနှင့် မပြည့်စုံကြသည့်ဆွေမျိုးတွေပဲဖြစ်လေသည်။ သူဌေးကြီးက



www.burmeseclassic.com

www.burmeseclassic.com



လူပျိုကြီးဖြစ်တာကြောင့် ကျန်သည့်မွေးချင်းဆွေမျိုးတွေက ဒီလုပ်ငန်းကိုပဲ သူ့ထက်ငါ မက်မောမျှော်လင့်နေကြသည်လို့ ဦးချိုအေးပြောဖူးတာရှိသည်မို့...၊

"ဒါနဲ့ရှင်..ဒီကရှေ့နေကြီးကို ယုံကြည်လို့လက်ခံလိုက်မိတာပါ၊ တော်တော့ ထူးဆန်းနေတာအမှန်ပါပဲ.."

"ဟုတ်ကဲ့..ဘာပဲဖြစ်ဖြစ်မေးလို့ရပါတယ်၊ မေးပါ.."

"သူဌေးကြီးက အခုနာမကျန်းဖြစ်နေတဲ့အချိန်ထိ အိမ်ထောင်မရှိခဲ့တာလားဟင် သူများအတွင်းရေးဖြစ်သွားပြီလား မသိပါဘူး.."

"ဖြစ်ပေမယ့် အမွေကိစ္စဆိုတာ အိမ်တွင်းရေးပဲလေ..ဒါကမေးသင့်ပါတယ်..ဟုတ်တယ်မို့လား ရှေ့နေကြီး.."

ရှေ့နေဦးမောင်ကိုက ပြုံးလိုက်ရင်း ဦးထွန်းထွန်းစကားကို ခေါင်းညိတ်၍..၊

"မှန်ပါတယ်..ဒါမေးသင့်တဲ့မေးခွန်းပါ၊ ဒါပေမယ့် ကျွန်တော်တို့ အလုပ်ကတော့ ဒီလိုအမွေကိစ္စတွေမှာ လွှဲပြောင်းပေးအပ်ချင်သူရဲ့ဆန္ဒကပဲ အဓိကပါ...နောက်အဓိကက လွှဲပြောင်းဆက်ခံမယ့်သူပေါ့၊ နောက်ဆက်တွဲရှုပ်ထွေးမှုတွေ ရှိလာရင်လည်း ဥပဒေလမ်းကြောင်းအတိုင်းပဲ စီရင်ဆုံးဖြတ်ရမှာပါ.."

"အခု ကျွန်မသမီး...အဲ ကျွန်မတူမက သူစိမ်းတစ်ရုံဆံအနေနဲ့ အမွေဆက်ခံမယ်ဆိုရင် သူတို့တွေက ကျေနပ်ကြပါ့မလားဟင်..ဒီလိုပါရှင် ကျွန်မတို့က ဥပဒေကိုနားလည်လို့တော့မဟုတ်ပါဘူး၊ ဒါပေမယ့် ခုလည်းကိုယ့်မိသားစုအတွက် ကိုယ်ပိုင်စီးပွားရေးလေးနဲ့ အသင့်အတင့်တော့ ပြည့်စုံနေတာပါပဲ.."

ဒေါ်ယုမေကပြောနေရင်း ဦးထွန်းထွန်းကိုကြည့်လိုက်သေးသည်။ ပြီးမှဆက်၍..၊

"မရရင်ဘာမှမဖြစ်ပါဘူး..ရတော့မယ်ဆိုကာမှ လွဲသွားရင်အလကား နေရင်းထိုင်ရင်း သောကရောက်ကြမှာ.."

"လွဲဖို့တော့မရှိပါဘူး..ဒါပေမယ့် ဘာတွေရမှာလဲ၊ ဘယ်လောက်ရမှာလဲဆိုတာတော့ အခုမေးရင် ကျွန်တော်လည်းမပြောနိုင်ပါဘူး.."

"ဘာဖြစ်လို့များလဲရှင်.."

"ပစ္စည်းရှိတဲ့နေရာကိုသွားဖို့အတွက် လမ်းညွှန်ကိုအရင်သွားယူရမှာပါ.."

"ဘယ်လို.."

ဒေါ်ယုမေတအံ့တသြ ဖြစ်သွားပေမယ့် ဦးထွန်းထွန်းက စဉ်းစားစရာ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည့်မျက်နှာနှင့်..၊

"ရှေ့နေကြီးဘာပြောတာလဲမသိဘူး.."

"သူဌေးက အခု ဘာစကားမှမပြောနိုင်တော့ပါဘူး..သူ့ရဲ့နောက်ဆုံးအချိန်ကို စောင့်နေရတယ်ဆိုပါတော့.."

"ဟုတ်ကဲ့.."

"အမွေကိစ္စက သူ့ကျန်းမာရေးကို စိတ်မချဖြစ်လာရတဲ့ အချိန်တည်းက စီစဉ်ခဲ့တာပါ..သူ့ဘေးမှာ မွေးချင်းဆွေမျိုးတွေရှိပေမယ့် သူရည်ရွယ်သူကိုသာ ရစေချင်တဲ့ဆန္ဒနဲ့ပေါ့၊ ပထမဆုံး လမ်းညွှန်မြေပုံရှိတဲ့ဆီကို မိန်းကလေးက သွားရမယ်..အဲ့ဒီကနေ ပစ္စည်းကိုယူရမှာပါ၊ ဒါပေမယ့် တစ်ယောက်တည်းတော့ မဟုတ်ဘူး.."

"ဟုတ်ကဲ့..ခုနပြောတုန်းက သိပါပြီ၊ အဲ့ဒီကလေးကရော သူဌေးရဲ့ဆွေမျိုးပဲလား..သမီးလိုမျိုး ဘာမှမတော်ဘဲနဲ့လား၊ မျှဝေခံစားခွင့်လို့ ပြောသွားတဲ့ပုံစံက အဲ့ဒီကလေးက ပိုရမှာလိုလိုတွေးစရာဖြစ်နေလို့ပါ..မေးကြည့်တာပါနော်၊ ပိုရချင်တာမျိုးတော့ မဟုတ်ပါဘူး.."

"နေပါဦး အဲ့ဒါကအရေးမကြီးပါဘူး..အမွေပစ္စည်းကဘယ်မှာမို့လို့ လမ်းညွှန်တွေဘာတွေနဲ့.."

"အဲ့ဒါကလည်း လမ်းညွှန်ကိုရမှသိမှာပါ..ကျွန်တော့်တာဝန်က ကလေးတွေလက်ထဲရောက်လာမယ့် အမွေပစ္စည်းတွေကို သူဌေးစီစဉ်ခဲ့တဲ့အတိုင်း အတိအကျဆောင်ရွက်ပေးဖို့ပါပဲ.."

တွေးစရာတော့ အများသားပါ၊ ဒါပေမယ့် ရှေ့နေရှေ့ရပ်နဲ့စီစဉ်ခဲ့တာဆိုတော့ မများရင်တောင် နည်းနည်းပါးပါးလေးတော့ မဟုတ်နိုင်ပေ။ သိပ်လည်းမမျှော်လင့်ဖို့ သတိပေးပြီး စကားကို မြေပုံအညွှန်းနောက်လိုက်ခိုင်းဖို့ ဆုံးဖြတ်လိုက်မိ၏။

"ဟုတ်ကဲ့..မြေပုံအညွှန်းက ဘယ်သူ့ဆီကိုသွားယူရမှာလဲပြောပါဦး.."

"မိုးကောင်းမြို့က ဦးဆိုင်းမွန်းအောင်ဆီမှာပါ..ဒေါ်ယုမေတို့ဘက်က သွားနိုင်မယ့်ရက် သေချာသတ်မှတ်ပြီးရင် သူ့လိပ်စာကို သေချာပြောပြလိုက်ပါ့မယ်.."

"ဘယ်လိုလုပ်ရမလဲ..အမွေပစ္စည်းရမယ့်ကိစ္စကို ခုပဲဖြစ်ဖြစ် သွားလိုက်ချင်တာ၊ ဒါပေမယ့် ကျွန်မတို့က တစ်ယောက်မှမအားကြဘူး.."

"အဲ့ဒါလည်း တစ်ခုတော့အဆင်ပြေပါတယ်.."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်.."

"အမွေကိစ္စဆိုတာ ကာယကံရှင်တွေနဲ့သာ သက်ဆိုင်တာဖြစ်တဲ့အပြင် လက်ရှိ အခြေအနေအရ လူနည်းနည်းနဲ့ သိုသိုသိပ်သိပ် သွားလာတာပိုကောင်းတယ်.."

သဘောက စကားချိုကိုတစ်ယောက်တည်း လွှတ်ရမယ့်ပုံလား..၊

လင်မယားနှစ်ယောက် အကြည့်ချင်းဆုံပြန်သည်။

"နောက်တစ်ခုလောက်ရှင်..ဟိုလေမမေးနဲ့ဆိုပေမယ့် သိချင်လို့ပါ၊ အခု အဏ္ဏဝါ သခင်လုပ်ငန်းကို ဦးစီးနေတဲ့လူတွေက.."

"ဒါက ဒီလိုရှိပါတယ်..ဘယ်သူပဲဦးစီးနေနေ ပိုင်ရှင်က လွှဲပြောင်းပေးခဲ့သူသာ ပိုင်ဆိုင်ခွင့်ရှိမှာပါ၊ အခု အမွေဆက်ခံစေဖို့ သူဌေးရည်ရွယ်ထားခဲ့တာ နှစ်ယောက်ပဲရှိတယ် ဆိုတော့ သူဌေးပိုင်ဆိုင်သမျှအားလုံး ဒီလူနှစ်ယောက်နဲ့ပဲ အကျုံးဝင်မှာပါ.."

ရှေ့နေကပြန်တော့ ဧည့်ခံထားသည့်ကော်ဖီနဲ့မုန့်တွေတောင် စားမသွားခဲ့ပေ..၊

ဒေါ်ယုမေတို့လည်း အံ့သြတာတွေ ရင်တုန်စရာတွေနှင့် လုံးထွေးကျန်ရစ်ခဲ့ကာ ဧည့်ဝတ်မကျေပွန်လိုက်ဘူးလားတောင် ပြန်တွေးဖို့သတိမရခဲ့ကြ..၊

"ရှင်တွေးကြည့်ပါဦး..သူဌေးကကိုယ့်ဝန်ထမ်းရဲ့ကလေးကို အမွေတစ်ဝက်ပေးခဲ့ တယ်တဲ့.."

"သူတို့ချင်း အကြောင်းတွေရှိမှာပေ့ါကွာ...နောက်ပြီး ကိုချိုက အရမ်းသဘော ကောင်းတဲ့လူ၊ သူအလုပ်လုပ်နေတုန်းတည်းက သူဌေးကကိုယ်တိုင် ပြန်လိုက်ပို့ လာဝင် ခေါ်နဲ့ သူတို့ရင်းနှီးခဲ့ကြတာ..."

"ဒါပေမယ့် နောက်တစ်ယောက်ဆိုတာကရော..ဘယ်ဝန်ထမ်းရဲ့ကလေးလည်း မသိဘူး.."

သူတို့ဒါတွေပဲပြောနေကြရင်း စကားချိုကိုမျှော်နေခဲ့ကြ၏။

သူမကတော့...၊

❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

ခြံတံခါးကိုအသာလေးဖွင့်ပြီး အိမ်ရှေ့ခန်းကမမြင်အောင် လေးဘက်တွားပြီး ပြေးဝင်ခဲ့သည်။ ပြီးတော့ ဘုရားခန်းကပြတင်းတံခါးကိုဖွင့်လိုက်ပြီး အိတ်ထဲမှာပါသည့် မောင်းချခားလေးထုတ်ပြီး သံပန်းတံခါးကို သေချာလှည့်ဖြုတ်လိုက်သည်။

ရပြီ..၊

ခြံထဲမှာ ပိတောက်ပင်ကြီးနှစ်ပင်က အုပ်ဆိုင်းနေသည်။ ခေါင်းရင်းမှာ ယူကလစ်ပင်လည်းရှိ၏။ ညဘက်ဆို လမ်းပေါ်က မီးရောင်မပေါက်သလို အိမ်ရှေ့မီးကလည်း ဘုရားခန်းဘက်ကိုမရောက်..၊

ထို့ကြောင့် ဘုရားခန်းထဲကိုလျှောလျှောရှူရှူ ရောက်သွားလေသည်။ သို့သော် မားကိုအားစိုက်ကိုင်ပြီး သံပန်းကမူလီလေးတွေ လိုက်ဖြုတ်ထားရသဖြင့် လက်မနဲ့ လက်ညှိုးထိပ်တွေမှာ ညိုရဲနေလျက် ပွတ်သပ်နေရင်း ပြောင်တင်းယောင်ကားလာခဲ့၏။

"ကျွတ်..ကျွတ်.."

အခန်းဆီတိတ်တိတ်လေးကူးလာခဲ့ရင်း လက်ဖျားကိုလည်း ဆတ်ဆတ်ခါနေမိ



www.burmeseclassic.com

ww.burmeseclassic.com



လျက်..၊

"ကိုယ့်ဘာသာဒေါ်ဒေါ့်အဆူခံပြီး အိမ်ရှေ့ကဝင်လိုက်ရင် ဖြစ်မှာမဟုတ်ဘူး..အား.."

လွယ်ထားသည့်အိတ်ကို အိပ်ရာပေါ်လှမ်းပစ်တင်လိုက်ပြီး မှန်တင်ခုံဘက် လှည့်လိုက်လျှင် မှန်ထဲမှာဒေါ်ဒေါ်ရဲ့ပုံရိပ်..၊

"ဒေါ်ဒေါ်.."

"ဟုတ်တယ်..ညည်းဝင်လာတည်းကသိနေတာ.."

"ဟင်..အဲ.."

ဖြန်းခနဲမျက်နှာပူသွားကာ လက်ကိုလည်းဆုပ်ထားလိုက်မိလျက်..၊

"စကားက ဒေါ်ဒေါ်အိပ်ပျော်နေပြီထင်လို့ မနိူးချင်လို့ပါ..ပြီးတော့.."

"လခထုတ်တာလည်း ကုန်ခဲ့ပြီမို့လား.."

"အဟွန်း..ဟို အဲ့ဒါက.."

"ပြောပါဦး..လစာ သုံးသိန်းကျော်က ဘာတွေလုပ်ပစ်လို့လဲ.."

ဒေါ်ယုမေပြောစရာရှိတာကို မပြောသေးဘဲထားကာ စကားရဲ့အိပ်ရာဘေးမှာဝင်ထိုင်လိုက်သည်။ အဒေါ့်မျက်နှာပေါ်ကဒေါသမှာ မှန်တိုင်းလာဖွယ်မရှိတာမြင်သည်နှင့် စကားတို့ အပူလုံးကြီး ဝုန်းခနဲပြုတ်ကျသွားခဲ့ပြီး..၊

"ပိုက်ဆံလေးသုံးသိန်းက ဘာရှိမှာလဲဒေါ်ဒေါ်ရယ်.."

"ဟုတ်ပါအေ..ညည်းပဲအပြောကောင်း.."

"အဟွန်း.."

ဘေးမှာကပ်ထိုင်ချလိုက်ပြီး ဒေါ်ယုမေခါးကို ဖက်ထားလိုက်ကာ...၊

"ဟိုလကတင်နေတဲ့ အကြွေးဆပ်ခဲ့တယ်..ပြီးတော့.."

"ဘာကြွေးလဲ.."

"ကျော့ရဲ့မင်္ဂလာဆောင်သွားဖို့အတွက် ပိုးထည်တစ်စုံစာယူထားတာလေ.."

"ဘယ်လောက်တောင်လဲ.."

"တစ်သိန်းလေးသောင်းတည်းပါ.."

"ဖြစ်ရလေအေ.."

"အဲ့ဒါတောင် ရုံးကအသိရဲ့ဆိုင်မို့လို့ လပေးအတွက် ဈေးထပ်မတင်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



ရယ်.."

"ဩော်.."

ရွှဲ့ပြောမိပေမယ့် ပိုက်ဆံတွေကိုနမျှောသည့်စိတ်နှင့် ဒေါ်ယုမေမျက်နှာက နွမ်းယဲ့ယဲ့လေးရှိကာ..၊

"အေးပေါ့..တန်လိုက်တာအေ.."

"ဒေါ်ဒေါ်ကလည်း ငေါ့နေပြန်ပြီ..အဲ့ဒီမှာသုံးသိန်းတန်ချိတ်ဆို အရမ်းလှတာသိလား၊ စကားက ဒေါ်ဒေါ်တို့ကိုငဲ့ပြီး တစ်သိန်းကျော်တန်လေးပဲ.."

"အင်း..ကျေးဇူးတင်ရဦးမှာပဲ.."

"ဂယ်ပြောတာနော်..အကောင်းနဲ့အညံ့နှစ်မျိုးယှဉ်လာရင် စကားက ကောင်းတာပဲရွေးချင်တာ.."

"အဲ့ဒါလူတိုင်းပဲစကား.."

"စကားကလူတိုင်းထက် ပိုပြီးအကောင်းကြိုက်တယ်လေဒေါ်ဒေါ်ရဲ့.."

"အဲ့ဒါလည်းလူတိုင်းပဲလေ..အကောင်းတကာ့အကောင်းဆုံးကို လူတိုင်းကြိုက်ကြတာပဲ၊ ဒါပေမယ့် ကိုယ့်အတိုင်းအတာနဲ့ကိုယ် ထိန်းချုပ်ပြီး တတ်နိုင်သလောက်နဲ့ ရောင့်ရဲနေကြရတာ.."

"ခေါင်းဝင်ကိုယ်ဆုံပါဒေါ်ဒေါ်ရယ်.."

"ဘာရယ်.."

"ဟုတ်တယ်လေ..သူများတွေက ကိုယ့်မိသားစုစားဝတ်နေရေးအတွက် ရှာဖွေနေကြရတာများတယ်မလား..၊ စကားကျတော့ ကိုယ်ရတာကိုယ် သုံးနိုင်တယ်၊ ကိုယ်ရတာအပြင် ဒေါ်ဒေါ်တို့ကတောင် ကူညီဖြည့်ဆည်းပေးနေသေးတယ်..ပြောချင်တာက ဒေါ်ဒေါ်တို့လို မိဘလိုကောင်းတဲ့ အဒေါ်နဲ့ဦးကို ရထားတာ စကားသုံးနိုင်တယ်လေ..ကိုယ့်ကုသိုလ်နဲ့ကိုယ်ပါ.."

ပြောပြီး မျက်တောင်ဖျားလေးတွေချည်း ကော့ကျော့ကျန်ခဲ့တဲ့အထိ မျက်ဝန်းလေးတွေ ပိတ်ကုန်အောင်ရယ်သည်။ ပါးပြင်လေးတစ်ဖက်မှာ ပါးချိုင့်မဟုတ်ဘဲ ရှည်မျောမျောအချိုင့်လေးဝင်သွားတော့ သူမလေးက ရယ်နေလေ ချစ်ဖို့ကောင်းလေ..၊

တစ်ခုခုဆို လူကိုဖက်ထားပြီးမှ စကားပြောတတ်သည့်အကျင့်လေးကြောင့်လည်း သူမတို့မှာဒီကလေးလေးအပေါ် ငြိုငြင်မိရင်တောင် ကြာကြာစူတင်းမနေနိုင်ခဲ့ပေ..၊



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလား..သုံးသိန်းက တစ်ပြားမှပြန်မပါတော့ဘူးလား.."

"နည်းနည်းတော့ပါပါသေးတယ်.."

"ဘယ်လောက်ပါလာသလဲ.."

"နှစ်သောင်း.."

"ဘာ.."

"အပွန်း..ဒေါ်ဒေါ်ကလည်း လတိုင်းလည်းမဟုတ်ဘဲနဲ့.."

"ဖယ်ပါအေ..ငါလည်းစိတ်ညစ်.."

"အား..အား..သေပြီ.."

ဒေါ်ယုမေစိတ်တိုသွားကာ ခါးမှာဖက်ထားသည့်လက်ကို ဆွဲဖြုတ်ချလိုက်တာဖြစ်သည်။ စကားကတော့ နာကျင်ထားသည့်လက်ချောင်းတွေကို ဖိကိုင်ခံလိုက်ရသလိုဖြစ်သွားသဖြင့် အသည်းအသန်ထအော်ကာ...၊

"ဒေါ်ဒေါ်ကလည်း နာသွားပြီ.."

"ဘာလဲ..အဲ့ဒီလက်က.."

မေးနေတုန်းမီးရောင်အောက်မှာ ညိုညိုဖောင်းဖောင်းကြီးတွေ မြင်လိုက်ရသဖြင့် မျက်လုံးတွေပါ ပြူးကျယ်ကုန်၏။

"ပြစမ်း..အဲ့ဒါဘာဖြစ်တာလဲ.."

"ဟို.."

"ပြစမ်းပါဆို.."

"ဘာမှမဟုတ်ပါဘူး.."

"ဘာမှမဟုတ်ရမလား..ကြည့်စမ်း၊ ဒါ..ဒါဘာတွေလုပ်လာတာလဲဟင်.."

"တံခါးလေ..တံခါးသံပန်းဖြုတ်တာ.."

"ဟင်.."

"အဲ့ဒါ တံခါးကမူလီတွေကို ဓားပိစိလေးနဲ့လှည့်နေရတော့ အတင်းအားစိုက်ရတာကိုး.."

"ဘာဖြစ်လို့ဓားပိစိနဲ့လဲ...ညည်းနိုးဖွင့်နေကျ ဝက်အူလှည့်ကရော.."

ဟင်...၊

ရှုံ့မဲ့ညည်းညူနေသည့် စကားမျက်နှာလေး တအုံ့တဩနှင့်မော့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယုမေ လွှတ်ခနဲပြောမိပြီးမှ ရှက်ကိုးရှက်ကန်းကြီးဖြစ်သွားကာ...၊

"မဟုတ်ပါဘူး..ဘုရားခန်းမှာ ဝက်အူလှည့်တွေ့ဖူးလို့ ညည်းပြောတာနဲ့ ဆက်စပ်တွေးမိတာ.."

"ဒါဆို ဘုရားခန်းကနေ စကားခိုးခိုးဝင်နေတာ ဒေါ်ဒေါ်သိနေတယ်ပေါ့.."

"မသိပါဘူး..ခုမှတွေးမိတာပါဆို.."

ဒေါ်ယုမေကို ကြည့်နေရင်း စကားသဘောပေါက်လာကာ..၊

"သိပြီ..အဲ့ဒီဝက်အူလှည့်ကို ပထမဆုံးတံခါးဘောင်ပေါ်မှာ တွေ့ခဲ့တုန်းက ဒေါ်ဒေါ်ပဲတင်ထားပေးတာမလား.."

"စွပ်စွပ်စွဲစွဲအေး.."

"ဟားဟားဟား..ရယ်ရတယ်..စကားအဲ့လိုတွေကြံဖန်လုပ်ပြီး ဒုက္ခများနေတာ သိနေလို့ ဒေါ်ဒေါ်လုပ်ပေးထားတာ.."

"ဖြစ်ရတယ်.."

ငြင်းသလိုလို ဝန်ခံသလိုလိုနှင့် နေရာမှထရပ်လိုက်လျှင် စကားကခါးကိုပြန်ဆွဲဖက်ထားရင်း..၊

"အဲ...ဒေါ်ဒေါ်ရှက်သွားပြီ...ဟားဟား..ပြန်ထိုင်ပါဒေါ်ဒေါ်ရဲ့၊ ဒီလောက်ချစ်ဖို့ကောင်းတဲ့ စကားရဲ့အဒေါ်ကိုလေ ဗေဒင်ဟောလိုက်သလိုသာ ဖြစ်လို့ကတော့ ခုလိုမျိုးမိုးလင်းတာနဲ့ ဆိုင်လေးပြေးခင်းပြီး တစ်နေကုန်ဖြောင့်အောင်တောင် မအိပ်နိုင်ဘဲ ဈေးဆိုင်ကြည့်နေရတဲ့ဘဝမှာ လုံးဝမထားဘူး.."

"အံမယ်.."

"အတည်ပြောတာနော်..ဒေါ်ဒေါ်နဲ့ဦးကို အိမ်ဦးခန်းမှာရှယ်ကျွေး ရှယ်ဆင်ပစ်လိုက်မယ်.."

"အောင်မလေးတော်.."

"ဘာဖြစ်လို့လဲ..စိတ်ရင်းနဲ့ပြောတာကို.."

"ကဲ..တော်ပါပြီစကားရယ်၊ ကိုယ့်ကိုယ်ကို မနက်ဖြန်သဘက်ခါပဲ ခြေတိုလက်တိုဖြစ်သွားတော့မလိုလို.."

"ဒေါ်ဒေါ်ရယ်..သားသမီးလုပ်စာစားပြီး အိမ်ဦးခန်းမှာထိုင်နေရတဲ့ မိဘတိုင်းပဲမလုပ်နိုင်မကိုင်နိုင်ကြလို့မှ မဟုတ်ဘဲ.."



www.burmeseclassic.com

www.burmeseclassic.com



ကြားရတာနဲ့တင် ပီတိဖြစ်ရပါ၏။ ဒေါ်ယုမေ ပြုံးမိမလိုလိုဖြစ်လာခဲ့ရလျက်..၊

"မေဒင်တွေဘာတွေဝင်မေးခဲ့သေးတယ်ပေါ့.."

"ဟုတ်တယ်.."

ဒေါ်ယုမေက ပြန်ထိုင်လိုက်ပြီး စကားရဲ့လက်ချောင်းထိပ်လေးတွေကို ဖြန့်ယူပြီး သေချာကြည့်ကာ..၊

"အဲ့ဒီလက်တွေခြေထောက်တွေ ဘာမှအကြမ်းပတမ်းလုပ်လို့မရတာ သိနေလို့ ညည်းအတွက်ပဲ စိတ်ပူနေရတာစကား.."

"အခုမပူနဲ့တော့..စကားကို မေဒင်ကပြောလိုက်တယ်၊ အရမ်းချမ်းသာတဲ့ သူဌေးနဲ့လက်ထပ်ရမှာတဲ့.."

ဟင်..၊

ခါတိုင်းဆိုရင်တော့ "ရူးနေပြန်ပြီ"လို့ တန်းခနဲပြောလိုက်မိမှာဖြစ်သည်။

ဒီနေ့တော့ အံ့ဩဝမ်းသာဖြစ်သွားမိလျက်..၊

"စကားရယ်.. ညည်းရုပ်ရည်လေးလှတာပတာကို ကြည့်ပြီးမြှောက်ပင့်ပြောလိုက်တာတွေပါ.."

လို့ထပ်မေးပြီး သွေးတိုးစမ်းလိုက်မိသည်။ စကားကရယ်ကာ..၊

"အဲ့လိုထင်မိမှာစိုးလို့ ဘုရားသုံးဘုရားလှည့်ပြီး အပြင်ရပ်ကွက်ထဲက သိပ္ပံမေဒလက္ခဏာထိ စုံအောင်မေးခဲ့တာ..ဒီနေ့အလုပ်စောစောဆင်းပြီး မေဒင်ဆရာ လေးယောက်တိတိပဲ.."

"လေးနေရာပြောင်းမေးတယ်.."

"ဟုတ်တယ်..လေးယောက်စလုံးအဲ့ဒီအတိုင်းပဲပြောတာနော်၊ လူကို ပေါ်သေးသေးတော့မမှတ်နဲ့ သေသွားမယ် ရှင်သွားမယ်..မသေမရှင်ဖြစ်သွားမယ်..ဟားဟား.."

"ဟော့..တဟားဟားနဲ့ ကိုးနာရီခွဲနေပြီ ဘာလုပ်နေကြတာလဲ.."

ဦးထွန်းထွန်းက တံခါးဟထားသည့် ရှေ့မှာပေါ်လာကာ..၊

"ထင်သားပဲ..ခြံကျော်လေးပြန်ရောက်နေပြီဆိုတာ.."

စာမေးပွဲဖြေပြီးဆိုတိုင်း သူငယ်ချင်းတွေနဲ့စာသွားကျက်ချင်သည်။ သူတို့က ခွင့်မပြုသည်မို့ ခြံကျော်ထွက်သည်။ ပြတင်းတံခါးတွေ ဖြုတ်ပြီးဝင်သည်။ တကယ်တော့ လူကြီးတွေက မသိချင်ယောင်ဆောင်နေကြတာပါ။



www.burmeseclassic.com

ww.burmeseclassic.com



သူငယ်ချင်းတွေဆိုတာလည်း ခေါင်းရင်းခြေရင်းတစ်အိမ်ကျော် နှစ်အိမ်ကျော်လေးတွေပဲမို့ မသိလိုက်မသိဘာသာ စောင့်ကြည့်နေခဲ့တာဖြစ်၏။ အဲ့ဒီတည်းက အကျင့်ဆိုးလေးတွေကို ဒီအရွယ်ထိ မစွန့်လွှတ်နိုင်တဲ့စကားချို..၊

အလုပ်ပြန်နောက်ကျပြီဆို အစောတည်းကပြန်လာပြီး ဝင်အိပ်နေတာလိုလိုခုလိုမျိုး..၊

"ကဲ..ကဲ ပြောစရာရှိတာ မနက်ရောက်မှပြောကြ၊ ဘုရားရှိခိုးပြီးအိပ်ကြတော့.."

ဒါပဲပြောပြီး ဦးထွန်းထွန်းကပြန်လှည့်သွားသည်။

"ဦးရေ..ဂွတ်ဒ်နိုက် အာဘွား.."

"အာဘွား..အာဘွား.."

အိပ်ခါနီးပြီဆို ဦးနဲ့ဒေါ်ဒေါ်ကို စကားဒီတိုင်းနှုတ်ဆက်နေကျ..၊

"သိလားဒေါ်ဒေါ်..စကားကို ဒီနေ့ထိဘယ်ဗေဒင်ဆရာမှ မချမ်းသာနိုင်ဘူးလို့ မဟောဖူးဘူး.."

ဘယ်ဟောမလဲ လက္ခဏာကြည့်ဖို့ လက်ဝါးတွေဖြန့်လိုက်ပြီဆိုတည်းက စကားချို့ရဲ့လက်ဖဝါးတွေက ပန်းနုရောင်လွှင်နေကာ၊ လက်ခုံမို့မို့လေးတွေက သွေးခြည်ဥသလိုနရဲနေသည်။

ထိကိုင်လိုက်ပြီဆို ပြန်မလွှတ်ချင်အောင် နူးညံ့အိစက်နေ၏။ မျက်နှာလေးကလည်း 'လူလှတော့အရုပ်လို' 'အရုပ်လှတော့လူလို' ဆိုတဲ့အတိုင်း မျက်တောင်ကော့ကော့မျက်ဝန်းညိုလေးတွေ မှောင်လဲ့နေလျက် အရုပ်လေးနဲ့တူအောင်လှ၏။

ကိုယ့်တူမလေးလည်းဖြစ်သည့်ပြင် မိဘမဲ့လေးအဖြစ် လက်ထဲမှာကျန်ခဲ့တော့ဒေါ်ယုမေ သူမလေးကို ချစ်လို့မဝနိုင်..၊

"ဒေါ်ဒေါ် ကြားလားလို့.."

"အင်းပါ..ကြားပါတယ်၊ ဘာတွေဟောလိုက်သေးလို့ အူမြူးနေတာလဲ.."

"ဟောသေးတယ်သိလား..စကားဒီနှစ်ထဲမှာ အိမ်ထောင်ကျကိန်းရှိတယ်တဲ့.."

"ကိုယ်ယူချင်မှဖြစ်တာ.."

"ဟာ..ဒေါ်ဒေါ်ကလည်း နဂ္ဂတစ်တွေပြောနေပြန်ပြီ၊ သူများဝမ်းသာနေတာကို.."

"ဩော်..ရှင်လေးက ယောက်ျားလိုချင်နေတယ်ပေါ့လေ.."

ဒေါ်ယုမေမေးလိုက်ပုံကြောင့် စကားက ပါးစပ်လေးပိတ်ပြီး ရယ်နေကာ..၊



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလိုချင်တာမဟုတ်ဘူး..သူဌေးတစ်ယောက်အမြန်အလိုရှိနေတာ၊ ဒါပေမယ့် ချိုပိန်နံပိန်သူဌေး မဟုတ်ဘူးနော်.."

"ဘာ.."

"ဟာ..လူကိုပြောတာမဟုတ်ပါဘူး၊ အသင့်အတင့်ချမ်းသာရုံလောက် သူဌေး မဟုတ်ဘူးလို့ပြောတာ..ဟဲဗီးဝိတ်ဖြစ်ရမယ့် တကယ့်ဟိုက်ဘော့စ်.."

"တော်ပြီလား.."

"ဟင့်အင်း..သူဌေးချင်းယှဉ်ရင် စကားချိုရဲ့ယောက်ျားက ဂရိတ်စတန်နတက်(ဒ်) ဖြစ်နေမှ.."

"စကားရယ်.."

"လုံးဝလျှော့မတွက်ထားဘူး..ရုပ်ရည်မချောရင်တောင် တစ်ကိုယ်လုံး စမတ်ဖြစ်ရမယ်၊ စကားချိုလိုချင်ရင် ဘာပဲကိုင်လိုက်ကိုင်လိုက် မတွန့်မရွံ့ ပေးခနဲဖျောခနဲထုတ်ပေးနိုင်မှ.."

"အိပ်မက်မက်နေတာပဲ.."

"ဒေါ်ဒေါ်အဲ့ဒါခက်တာ..စကားက အကြီးကြီးပြောနေရင် အဝါကဒ်ပြမယ်ဆိုတာ ချည်းပဲ၊ ဒီမှာသိလား ကမ္ဘာပေါ်မှာဖြစ်လာသမျှ တိုးတက်ခြင်းအားလုံးဟာ စိတ်ကူးယဉ်ခြင်း ကနေ စတာတွေပဲ..အိပ်မက်ဖြစ်ဖြစ် စိတ်ကူးဖြစ်ဖြစ် အဲ့ဒါတွေက ကိုယ့်စိတ်ကြိုက်ပုံဖော် နိုင်တယ် ဖန်ဆင်းနိုင်တယ်..ထိုင်နေရင်တော့ ဘာမှဖြစ်မလာဘူးပေါ့.."

"ဟုတ်ပါပြီ..ဒါဆို အခု သူဌေးကိုရဖို့ ဘာလုပ်ဖို့များစိတ်ကူးယဉ်ထားတာရှိသလဲ၊ ဓာတ်ရိုက်ဓာတ်ဆင်ယကြောလုပ်မှာလား..မြို့အနှံ့ခြေဆန့်ပြီး လိုက်ရှာမှာလား.."

မေးလိုက်တော့ စကားကရယ်နေသည်။ ပြီးတော့ မှန်ထဲကိုလှမ်းကြည့်ပြီး ဆံပင်တွေကို ဖီချလိုက်သိမ်းတင်လိုက်လုပ်နေကာ..၊

"လိုက်ရှာစရာလားဒေါ်ဒေါ်ရဲ့..စကား ပိုက်ဆံတွေ အကုန်ခံပြီးအလှတွေပြင်နေ တာ ဘာကြောင့်ထင်နေလို့လဲ..ဟွန်း.."

ပြီးတော့ ဒေါ်ယုမေပခုံးကို ပြန်ဖက်ထားလိုက်၍..၊

"ပျားပိတုန်းက ပန်းရှိတဲ့နေရာကို လာရမှာပေါ့..ပန်းကသွားစရာလား.."

"ဟုတ်လို့လားအေ..ငါတော့ အပြင်မှာသွားလာရင်း ကြားနေရပါတယ်၊ ခုခေတ် မှာ သုံးနှစ်သုံးမိုးပိုးပန်းဖို့မပြောနဲ့..သုံးရက်လောက်မှုနေလို့တောင် မရတော့ဘူးဘဲ၊ တွဲမ



www.burmeseclassic.com

ww.burmeseclassic.com



လား မတွဲဘူးလား 'ဟင့်အင်း' ဆို 'နေခဲ့တော့ပဲ' တဲ့.."

"ခေတ်ကခေတ်..အချစ်ကအချစ်ပါ.."

"နောက်တစ်မျိုးပါလာပြန်ပြီ..ညည်းလိုချင်တဲ့ ယောက်ျားမျိုးဖြစ်ပေမယ့် တစ်ယောက်ကိုတစ်ယောက်လည်း ချစ်နေကြဦးမယ်ဆိုတာတော့ သိပ်မဖြစ်နိုင်ပါဘူး စကားရယ်..အားလုံးပြည့်စုံတဲ့လူဆိုတော့.."

"ဘယ်သူက အချစ်ကိုတမ်းတနေလို့လဲ..စကားကသူများတွေလို အလုံးကြီးကြီးတွေ ရွတ်ပြတာ.."

"ဘယ်လို.."

"စကားလုံးလေ..လောကမှာကိုယ်ထင်ရာ လုပ်ခွင့်ရနေဖို့ငွေရှိဖို့ပဲလိုတာ..ကိုယ်က အားလုံးထက် ချမ်းသာနေမယ်ဆိုရင် မကောင်းတာလုပ်လည်း ကောင်းမယ်၊ ကောင်းတာတစ်ခုမှမလုပ်လည်း ကောင်းတယ်..ပတ်ဝန်းကျင် လေထုကို သန့်စင်စေနိုင်တာငွေပဲ"

"ပတ်ဝန်းကျင်လေထု သန့်စင်နေပေမယ့် လူဆိုတဲ့အဓိပ္ပါယ်က အသက်ရှူဖို့တစ်ခုတည်း မဟုတ်ဘူးသမီး..ဒေါ်ဒေါ်သမီးကိုမေးနေတာ သမီးရဲ့အတွေးတွေ ဘယ်လောက်ထိခြေဆန့်နိုင်သလဲဆိုတာ သိချင်လို့၊ မှားယွင်းမှုတွေကိုတော့ မြှောက်ပင့်မပေးချင်ဘူး.."

ဒေါ်ဒေါ်တို့ လုပ်ပြီ..၊

သိချင်တာရှိပြီဆို အပြုံးချိုချို လေသံပျော့ပျော့လေးနဲ့ မေးသည်။ ရင်ထဲရှိသမျှ အကုန်အစင်ထွက်ကျလာအောင် မေးပဲမေးတတ်လွန်းသည်။ သိသွားပြီဆိုရင်တော့ ဒါကဒီလိုရှိတယ်၊ နောက် ဒါမျိုးလုပ်ခွင့်မပြုဘူး စသဖြင့်သော ဆုံးမစကားတွေ တားမြစ်ချက်တွေက...၊

"ပုထုဇဉ်တိုင်းမှာ လောဘရှိကြပေမယ့် ဝိသမလောဘသမားတွေသာ အမှားကြီးမှားတတ်ကြတာ..၊ သမီးကို ညစဉ်ဘုရားရှိခိုးဖို့ စောင့်ပြီးတိုက်တွန်းတာ တရားထိုင်ခိုင်းတာတွေ ဘာအတွက်လဲသိရဲ့လား၊ မိမိစိတ်ကို မိမိထိန်းချုပ်နိုင်အောင်လို့.."

"ပုထုဇဉ်တိုင်းရော စိတ်ကိုထိန်းချုပ်နိုင်လို့လား ဒေါ်ဒေါ်ကလည်း..ကိုယ့်စိတ်ထဲရှိတာကို ပွင့်ပွင့်လင်းလင်းပြောတာနေတာ ကိုယ့်ရဲ့ရိုးသားမှုပဲ.."

"မဟုတ်ဘူးလေ..အရာရာတိုင်းမှာ ထိန်းချုပ်မှုဆိုတာရှိတယ်၊ ကောက်ကျစ်ပေမယ့် သူတော်ကောင်းလိုနေတယ်..ရိုးသားပေမယ့် လူမိုက်လူရမ်းကားလို့ သတ်မှတ်ခံရတယ်၊ အဲ့ဒါတွေအားလုံးကို တရားထိုင်ရင်းနဲ့ပဲ မဖြို့မပင့်ပဒါကျအောင် ကြိုးစားယူရတယ်.."



www.burmeseclassic.com

ww.burmeseclassic.com



"တရားတော့အမြဲထိုင်နေတာပဲ..ဒါပေမယ့် ဒီတိုင်းကြီးထိုင်နေရတော့ စိတ်က ရောက်ချင်ရာရောက်နေတာ.."

"ဘယ်လိုကြည့် ဘယ်လိုမှတ်ဆိုတာ ညည်းကိုပြောပြပေးနေခဲ့တာပဲ စကားရယ်"

"ဟုတ်ပေမယ်...ပုတီးစိတ်ရရင်တောင် တော်သေးတယ်..."

"တော်ပါအေ..."

တွန်းပေးနေတာအောင် နောက်ပြန်ဆုတ်ဖို့ပဲ ပြင်နေသဖြင့်ခေါင်းသာခါမိတော့သည်။ ငယ်ငယ်က ပုတီးစိတ်ခိုင်းခဲ့တော့လည်း သင်းကလေးဘာ ပြောခဲ့လဲ..။

'ဒေါ်ဒေါ်..ပုတီးကို ပန်ကာနဲ့ဝှိုင်းလိုက်ရင် မကောင်းဘူးလားဟင်၊ စလိုးလေးနဲ့ လွှတ်လိုက်ရင် ပန်ကာတစ်ပတ်ဆို တစ်ရာ့ရှစ်လုံးတစ်ခါတည်း ပြီးရောလေ..'တဲ့..।

"ဒေါ်ဒေါ်..."

"ဘာလဲ..လာသမ်းပြမနေနဲ့..ညည်းလေးကိုပြောစရာတွေ ရှိသေးတယ်.."

"ဟင်.."

"ဒါပေမယ့် စကားတွေလမ်းလွဲပြီး ဟိုရောက်ဒီရောက်ဖြစ်ကုန်ပြီ..မနက်မှပဲပြောတော့မယ်.."

"ဟုတ်.."

နောက်ထပ်လက်နှစ်ဖက်မြှောက်ပြီး ဝါးခနဲသမ်းရင်း ထရပ်လိုက်၏။

"အံမယ်..ဘုရားမရှိခိုးဘဲ မအိပ်ရပါဘူး။ သွား..ကိုယ်လက်သန့်စင်ပြီး ဘုရားခန်းကိုထွက်ခဲ့.."

""ဟုတ်ကဲ့ပါ..ဒီတိုင်းလည်းမအိပ်ပါဘူး.."

စကားမျက်နှာလေး မဲ့သွားကာ...।

"ဘုရားနဲ့သူများကြား ဆေးထိုးလိုက်သေးတယ်..ဂယ်ပဲ.."

"ဘာပြောလိုက်တာ.."

"ချက်ချင်းထွက်ခဲ့မယ်လို့.."

ဖ ဃ ဆ ဇ



www.burmeseclassic.com

ww.burmeseclassic.com



# အခန်း(၅)

"ဟလို..."

"ဘယ်လိုဖြစ်လို့ အစောကြီးထွက်သွားတာလဲစကားရယ်..ဒီမနက် ပြောစရာရှိပါတယ်လို့ သေချာပြောထားတာကို.."

ဖုန်းပြောလျက် လမ်းကူးလာခဲ့ရင်း မှတ်တိုင်ရောက်တော့မှ ရပ်နေလိုက်ကာ..၊

"ဝင်စရာရှိသေးလို့ပါဒေါ်ဒေါ်ရဲ့..မနေ့ကကိစ္စမပြီးသေးလို့ ဒီမနက် ထပ်လုပ်ရမှာ"

ဒီလောက်ပြောလိုက်လျှင် သူမအလုပ်ပြင်ဆိုင်ထပ်သွားဖို့ရှိတာကို ဒေါ်ဒေါ်သဘောပေါက်လိမ့်မည်။

"အေး..ဒါဆိုလည်း ညည်းခရီးသွားရဖို့ရှိတယ်၊ ရုံးမှာတစ်ခါတည်း ခွင့်တိုင်လာခဲ့"

"ဘယ်လို..ဒေါ်ဒေါ်ဘာပြောလိုက်တာ၊ ကျွတ်.."

ဖုန်းပြောနေရင်း ဘေးမှာလာရပ်သည့် ထိသည်ကြောင့် စိတ်တိုသွားသည်။

"ဒေါ်ဒေါ်ပြန်ပြောပါဦး..ဖီးသီးဟုတ်လား၊ ဖီးသီးစားသွားဖို့ ပြောတာလား.."

"ဘာတွေလျှောက်မေးနေတာလဲ စကားချို.."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဇော်ဒေါ်လည်း စိတ်တိုနေပြီဆိုတာ အော်လိုက်သည့်လေသံအရ တွက်မိသည်။ ဒါပေမယ့် ဘာမှလည်းသေချာမကြားရ..။

"ဒေါ်ဒေါ်.."

"ခရီးသွားဖို့ပြောနေတာ..အမြန်သွားရမှာမို့လို့၊ ဒီနေ့ပဲခွင့်တိုင်ခဲ့လို့.."

"ဇီးသီးစားမသွားတော့ ဘာဖြစ်သွားမှာမို့လို့လဲ..ဘယ်သူလာပေးထားတာလဲ...၊ ဇီးသီး ဒီမှာလည်း ဝယ်စားရင်ရနေတာကို.."

"မပြောတော့ဘူးဟေ့.."

"စကားပြန်ပြောနေတာပဲဒေါ်ဒေါ်ကလည်း.."

မကြားရလို့ ဟိုဘက်တိုး ဒီဘက်တိုး လုပ်နေမိရင်း မှတ်တိုင်အမိုးရဲ့ဘေးကို ရောက်လာသည်။ ထိုနေရာမှာ ဖုန်းပြောနေသူတစ်ယောက်ကလည်း ဖုန်းကိုလက်ပြောင်းကိုင်လိုက်ရင်း စကားကိုလှည့်ကြည့်သည်။

ပြီးတော့ မှတ်တိုင်အမိုးနောက်ရောက်အောင် လျှောက်သွား၏။ စကား ဘာမှ သတိမထားမိဘဲ..၊

"အင်း..ကြားရပြီ..ပြန်ပြောလေဒေါ်ဒေါ်.."

"ငါ့အသက်ထွက်တော့မယ်စကားရယ်..ရုံးရောက်မှပဲ ငါ့ကိုပြန်ခေါ်လိုက်တော့.."

"ဟာ..ခုပဲပြောပါ..စကားကပြန်ခေါ်ဖို့မေ့နေရင် ဒေါ်ဒေါ်ပဲပွမ်းဦးမှာ၊ ဘာလုပ်နိုင်းတာလဲ..ရုံးရောက်ရင် ခွင့်တိုင်နိုင်းတာသိပြီ..ဘာအတွက်.."

"ဟေ့.."

"အ.."

ထပ်ရွှေ့လိုက်သည့်ခြေတစ်လှမ်းမှာ တစ်စုံတစ်ယောက်၏ ကျောပြင်ကို ပခုံးနဲ့ အတိအကျတိုက်သွားကာ..၊

"ဆောရီး..ဆောရီး.."

ပြောပုံက..၊ လူကိုသေချာတောင် ကြည့်ဖော်မရသည့်အပြင် ဆောရီးလှည့်ပြော လိုက်ရတာကို တော်တော်ကြီးအပမ်းကြီးသွားသလို ဖုန်းကိုလက်ပြောင်းကိုင်လိုက်ပြီး..၊

"ကျွတ်..မကြားရပြန်ဘူး.."

"ဟေ့..ဒီမှာ.."

ရှေ့မှာလာပိတ်ရပ်ပြီး မျက်နှာကိုတည့်တည့်ကြည့်ခေါ်မှ နောက်မှာကျန်ရစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည့် ပြဿနာအစမသတ်ခဲ့ခြင်းကို သတိရသည်။ ဖုန်းကလည်းစိတ်ပျက်ဖွယ်ဖြစ်နေသောအခါ ဒေါသကအခြေအနေအချိန်အခါမရွေး အင်တိုက်အားတိုက် ထဖြစ်လာကာ..၊

"ဘာလဲ..ရှင့်ကို မတော်တဆတိုက်လိုက်မိလို့လား.."

"အဲ့ဒါ မဟုတ်.."

"ရှင့်ကိုတမင်တကာ တိုက်ချလိုက်တယ်များ ထင်နေလို့လား.."

"ဟ..မင်း.."

"ကိုယ့်ပုံကိုယ် မှန်ထဲပြေးကြည့်လိုက်ဦး.."

သူ့ကိုယ်သူမှန်ထဲပြေးမကြည့်ရခင် စကားကခြေဆုံးခေါင်းဆုံးကြည့်ကာ.. ၊

"ရုတ်တရက်ကြည့်ရင် နောက်စေ့လားမျက်နှာလားတောင် ခွဲမရဘူး..ထူပြောလိုက်တဲ့အမွေးတွေ၊ ရှင်ကပဲလူကိုလက်တို့ပြီး ပြဿနာရှာသေးတယ်..ရှင့်ကိုမမြင်လို့ တိုက်လိုက်မိတာ.."

"မင်းပြောလို့ပြီးပြီလား.."

"ပြောချင်လို့ပြောတာမဟုတ်ဘူး..ရှင်ပဲ.."

"မင်းဖုန်းပြောတာ သူများအနှောင့်အယှက်ဖြစ်အောင် ပြောနေလို့..အဲ့ဒါကို.."

"အဲ့ဒါကိုဘာဖြစ်လဲ..၊ ဖုန်းပြောခါနီး ဘယ်ကြည့်ညာကြည့် ဘယ်ညာကြည့်လို့ ပြဌာန်းထားတာရှိလား.."

"ဟိုရှေ့မှာ ကားတွေလူတွေ ဆူညံနေလို့...ဒီမှာပြောလို့မရတာကျတော့..."

"အဲ့ဒီကားတွေလူတွေကို ဘာသွားလုပ်လို့ရလဲ..အလကား ပြဿနာလာရှာနေတယ်"

ပြောပုံက ခေါင်းခါလက်ခါရှုံ့မဲ့နေလျက်..၊

"ကိုယ်လုပ်ချင်တာကိုယ်လုပ်..မကျေနပ်ရင်ထွက်သွားလိုက်..ရှင်းရှင်းလေး.."

တစ်ယောက်တည်းကရားရေလွှတ်ပြောပြီး လှည့်ထွက်သွားသည်။

သူ ဘာမှမပြောနိုင်ဘဲ ငေးငိုင်ကျန်ခဲ့တာကိုလည်း နောက်ထပ်ပြန်ငဲ့ကြည့်ပြီး မျက်စောင်းထိုးလိုက်သေးသည်။

သို့သော် ကားမှတ်တိုင်ဘေးက အမှိုက်ပုံးကြီးနားမှာ အဘွားအိုတစ်ယောက် တောင်ဝှေးနဲ့ တုံချိချိသွားနေသည့်ကြားကနေ ချိုင့်ခွက်ထဲခြေချော်ပြီး ခေါက်ခနဲပုံလဲသွား၏။

"ဟယ်.."



www.burmeseclassic.com

www.burmeseclassic.com



စကား ပျာပျာသလဲဖြစ်သွားပြီး အနားကိုအပြေးတပိုင်းသွားမိသည်။

"အဘွားဘာဖြစ်သွားတာလဲဟင်..ထနိုင်ရဲ့လား.."

ပန်းပေါ်ကဘေးလွယ်အိတ်ကို ပန်းပေါ်ထပ်ဆွဲတင်၍ အဘွားအိုဘေးမှာ ဂုတ်တုတ်ထိုင်ချတော့မလို ဖြစ်သွား၏။ သို့သော် အမှိုက်တစ်ချို့ပြန့်ကျဲ စိုထိုင်းနေသောလမ်းကို ကြည့်ပြီးမထိုင်ဖြစ်..။

"အဘွားထ..ထကြည့်ပါဦး.."

"အား..မရတော့ဘူးသမီးရယ်၊ အဘွားအစတည်းက ဒူးနာနေတာ.."

"ဟုတ်လား.."

သူမ တောင်ဝှေးကိုကောက်မည်ပြင်ပြီးမှ အမှိုက်တွေကြောင့် လက်တွန့်သွားသည်။

"အဘွားကိုထူပေးမယ်နော်..ခဏလေး.."

နောက်တစ်ခါလွယ်ထားသည့်အိတ်ကြိုးကို ထပ်ဆွဲတင်လိုက်ရင်း အဘွားအိုကို ထူဖို့လက်ဆန့်ထုတ်မိသည်။ သို့သော် အဘွားအိုကမ်းပေးလာသည့်လက်က ပေကျံနေသည်များကိုကြည့်ပြီး တွန့်ဆုတ်သွားပြန်သည်။

သူမ ဖျတ်ခနဲသတိရလိုက်သည်က စောစောကလူ..။

နောက်လှည့်ကြည့်လိုက်ကာမှ ထိုလူကလည်းလှည့်ထွက်သွားသည်။ အစကရပ်ကြည့်နေပြီး ခုမှတမင်ရှောင်ထွက်သွားတာလား..၊ မြင်ကိုမမြင်တာလား..၊

ဘာဖြစ်ဖြစ် ကြာကြာတွေးချိန်မရဘဲ..၊

"ဒီမှာ..ဒီမှာလို့.."

တမင်အကျယ်ကြီးခေါ်ပစ်လိုက်တော့ လှည့်ကြည့်သည်။

မုတ်ဆိတ်ငုတ်တိုတွေနှင့် ရွံစရာကောင်းလိုက်သည့်မျက်နှာ..၊

"ဒီမှာ..ဒီကိုခဏလောက်.."

"ဘာလုပ်မလို့လဲ.."

"အဘွားကို လာထူပေးလိုက်စမ်းပါ.."

အဘွားအိုခမျာ လက်လေးကမ်းလိုက်ပြီးမှ ဘယ်သူလာဆွဲမည်မသိဘဲ သူတို့နှစ်ယောက်ကိုဟိုကြည့်ဒီကြည့် ဖြစ်နေရှာ၏။ သူကခြေဦးလှည့်လိုက်ပြီးမှ ပြန်ရပ်ပစ်ကာ..၊

"မင်းအမြင်မတော်ရင် မင်းထူလိုက်ပေါ့၊ ဘာလဲ..မင်းကလက်ဗွားနဲ့လား.."

"ရှင်ကအားကောင်းမောင်းသန်နဲ့ ယောကျ်ားတစ်ယောက်ဖြစ်နေပြီး.."



www.burmeseclassic.com

ww.burmeseclassic.com



"အားမကောင်းဘူး..အားကောင်းလည်း မထူပေးနိုင်ဘူး.."

ပြောတဲ့အတိုင်း ယောက်ျားဘေးလွယ်အိတ်ကြီးတရမ်းရမ်းနှင့် မှတ်တိုင်ရှေ့ထွက်သွား၏။

"တောက်..ယောက်ျားကြီးဖြစ်ပြီး မိန်းမလိုမိန်းမရနဲ့ မပြောလိုက်ချင်ဘူး.."

"ရပါတယ်သမီးရယ်..အဘွားကို တုတ်လေးပဲကောက်ပေးပါကွယ်.."

"ဟုတ်..အဲ.."

တုတ်ကိုငုံ့ကြည့်ပြီး ခေါင်းညိတ်ပြီးမှ ခေါင်းခါမိကာ..၊

"ရပါတယ်အဘွားရဲ့..စကားထူပေးပါမယ်၊ ထူပေးမယ်နော်..အဲ..အဲ..ရတယ်၊ စကားကိုမကိုင်နဲ့တော့..ထ..ဖြည်းဖြည်းထအဘွား.."

အဘွားအိုရဲ့ယောဂီရောင်အင်္ကျီနှင့် လက်မောင်းကိုအသာလေးမ၍ တွဲထူပေးလိုက်မိသည်။ အဘွားအိုခမျာ ပိုက်ဆံအတန်သေးသေးလေးတွေ ဖြစ်သလိုစုထည့်ထားသည့် ကျွတ်ကျွတ်အိတ်လေးကို မလွှတ်တမ်းဆုပ်ကိုင်ထားသဖြင့် ထိုလက်နဲ့ထောက်လိုက်မိတော့ လက်ဆစ်လေးတွေ ပွန်းရှသွေးစို့နေရှာ၏။

စကားအသန့်အပြန့်ကြိုက်လွန်းသည့်အကျင့်နှင့် တစ်ခါတစ်လေတစ် ဖက်သားအပေါ် မညှာတာသလိုပြုမူပြောဆိုမိတာ ရှိခဲ့သော်လည်း တကယ့်စိတ်ရင်းကတော့ ဤသို့မဟုတ်ပေ..၊

ထို့ကြောင့် အဘွားအိုရဲ့လက်ဆစ်တွေ ပေါက်ပြဲနေတာမြင်လိုက်တော့ ချက်ချင်းထူမပေးမိသည့်ကိုယ့်အပြစ်အတွက် နောက်တရသွားမိသည်။ ရင်ထဲမှာလည်း နင့်သွားမိကာ..၊

"အဘွားက ခြေမနိုင်ဘဲ ဘာဖြစ်လို့လျှောက်သွားနေတာလဲအဘွားရယ်.."

"အဘွားမသွားလို့မှမဖြစ်တာ ကလေးရယ်.."

အဘွားအိုက မတ်တတ်ရပ်နိုင်သည်နှင့် စကားကိုသေချာမော့ကြည့်လိုက်ရင်း..၊

"ငါ့သမီးလေးက လှလိုက်တာ..ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ..အနာမျိုးကိုးဆယ့်ခြောက်ပါး အပြားပြား။သောရောဂါများမှ ကင်းဝေးကျန်းမာပါစေကွယ်၊ သာဓု..သာဓု..သာဓု.."

ကိုယ်ကတော့မတူတန်သလို မကိုင်ချင်မတွယ်ချင်ဖြစ်နေခဲ့သေးသည်မို့ အဘွားအိုကဆုတွေပေးနေတော့ စိတ်မကောင်းဖြစ်သွားမိသည်။ ပြီးတော့ ရှက်လည်းရှက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အဘွားအိုအတွက် ပိုက်ဆံထုတ်လှူလိုက်ပြီး ကားမှတ်တိုင်ကခုံမှာ သေချာထိုင်ဖြစ်တဲ့အထိ တွဲခေါ်ပေးခဲ့၏။

ဒီဘက်လှည့်လိုက်တော့ နှုတ်ခမ်းတွေကိုဖိစေ့ထားလျက် ကွမ်းယာငုံထားသလား ပီကေဝါးတာလားမသိသောထိုမျက်နှာ မလှမ်းမကမ်းမှာ ရပ်နေလျက် လူကို လက်ပိုက်ကြည့်နေတာအေးဆေး..၊

ဘယ်အကြောင်းသုံးပါးမှမရွေးသော စကားရဲ့မျက်စောင်းကလည်း တန်းခနဲပစ်ဝင်သွားပြီဖြစ်ကာ..၊

"ဟား..ကားကလည်းခုမှလာတယ်၊ စောင့်လိုက်ရတာနာရီဝက်လောက်ရှိပြီ.."

ထိုင်နေသည့်တစ်စုံတစ်ယောက်ထံမှ ထရပ်လိုက်ရင်းပြောသံကြားလိုက်ရ၏။

"ချောင်သားပဲ.."

နောက်ထပ်ပြောသံကြောင့် လှည့်ကြည့်လိုက်မိကာ၊ ကိုယ်စီးရမယ့်ကားမို့ စကားဝမ်းသာသွားသည်။ သူများထက်ဦးအောင် နေရာဦးဖို့အရှိန်ယူလိုက်ကာမှ...၊

"ဒေါက်.."

"ဩော်..ကျွတ်.."

အဘွားအိုကိုပိုက်ဆံပေးဖို့ ထုတ်ကိုင်ထားသည့်အိတ်ကို မပိတ်ရသေးတာ မေ့သွား၏။ ထို့ကြောင့် ထွက်ကျသွားသည့် မန်မိုရီစတစ်လေးကို စိတ်ပျက်စွာ ပြန်လှည့်ကောက်နေရကာ...၊

သွားပါပြီ..၊

ကားဆီပြန်ပြေးတော့ သူမရှေ့မှာစီနီယာတွေ တော်တော်များနေပြီဖြစ်ကာ မြင်နေရသည့်ခုံအလွတ်တွေနဲ့ အပေါ်ရောက်နေပြီဖြစ်သည့် ပါစင်ဂျာကို မျက်လုံးနဲ့ လှမ်းတွက်မိ၏။

ဘာပဲဖြစ်ဖြစ် နေရာတစ်နေရာရမှဖြစ်မှာမို့ စကားအတင်းပြေးတက်လိုက်သည်။ ကိုယ့်လိုပဲ ကမန်းကတန်းတက်လိုက်သူနှင့် ပခုံးချင်းတိုက်မိပြီး နှစ်ယောက်စလုံး ဝင်လို့မရ။

ထိုအခါ ပြိုင်တူလှည့်ကြည့်လိုက်မိလျှင်..၊

"ရှင်.."

"ဩော.."

သူ့မျက်နှာက ပုံမှန်အတိုင်းပေမယ့် စကားမျက်နှာလေးတင်းသွားသည်။ တဆက်



www.burmeseclassic.com

ww.burmeseclassic.com



တည်းမှာ မရမကအနိုင်တက်ဖို့ ဆုံးဖြတ်ချက်တွေ တပြိုင်တည်းဖြစ်လာခဲ့လျက်..။

"ဟ.."

"ရှင် ဘယ်လိုဖြစ်နေတာလဲ.."

နောက်ထပ် ဘေးချင်းယှဉ်လျက်သားနှင့် ကျပ်သပ်ကာ ခြေနင်းခုံပေါ်မှာပဲ တစ်နေကြလေသည်။

"ရှင် မိန်းကလေးတစ်ယောက်နဲ့ ပြိုင်ဆိုင်နေရာလုနေရလား.."

"မင်းပဲလုနေတာ..မင်းငါ့နောက်ကမဟုတ်ဘူးလား။ ငါတက်ပြီးမှတက်ပေါ့.."

"မလိုဘူး...ဒါကဘားမားစစ်စတန်.."

"အား.."

သူ့ခြေထောက်တစ်ဖက်ပေါ် တမင်ဖိနင်း၍ တက်ပစ်လိုက်သည်။

မှတ်ထား.. ၊ သူ့လိုလူနဲ့များ ဘယ်သူကအမိုက်ခံပြီး ရန်ဖြစ်နေမှာလဲ..ဟွန်း..၊

"ကဲဗျာ..မြန်မြန်တက်ပါ၊ အရေးထဲမှာ မိန်းမနဲ့ရန်ပြိုင်ဖြစ်နေသေးတယ်.."

"အောင်မလေး...ခုမှမြင်ဖူးတာလား၊ ယောကျ်ားတွေက ပိုတောင်ရန်တွေ့ကောင်းသေး.."

"ဒီမှာဒေါ်ကြီး..အဲ့တစ်ယောက်ကိုပြောရင် တစ်ယောက်ပဲပြော၊ သိမ်းကျုံးမပြောနဲ့.."

နောက်ကလူတွေ တစ်ယောက်တစ်ခွန်းပြောကုန်ကြ၏။ ပြောသမျှ စကားတိုင်းက မျက်နှာကိုလာမှန်နေသလိုရှိကာ သူ့မျက်နှာကြီးတင်းလာ၏။

ကားပေါ်ရောက်လာသည့်မျက်နှာသည် ကွမ်းယာကို ကျောက်ခဲအမှတ်နဲ့ ဖိကြိတ်နေသလိုမျိုး၊ မေးရိုးကြီးတစ်ဖက်ဖောင်းတင်းနေလျက်၊ ဘေးကိုလည်း ကားထွက်နေသေးသည်။

သေပေါ့...၊ အဲ့ဒါ အဘွားအိုကို မထူဘဲပစ်ထားခဲ့ဦး...၊

လူကိုလက်ပိုက်ပြီး ဆရာကျကျကြည့်နေဦး...၊

သူများရှေ့က အရင်ဝင်ချင်ဦး...၊

ဒီတစ်ခါ ကားစီးရတာပျော်လိုက်ဘိခြင်း...၊

ဖ ဝါး ကျော် နု



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆)

"တီ..တီ..တီ.."

"ဟွန်းတွေစွတ်တီးမနေစမ်းပါနဲ့လတ်ရယ်..ပွဲဈေးတန်းက မျက်စိရှုပ်ရတဲ့အထဲ.."

"ရှေ့ကားတွေရွှေ့မှမရွှေ့တာမာမီရဲ့..မိုးကချုပ်တော့မယ်၊ ဖုန်းဆက်ကြည့်ပါဦး.. အလိုလိုကာမှ ရှေ့နေက လတ်တို့ကို သိပ်တွေ့ချင်တာမဟုတ်ဘူး၊ နောက်ကျတဲ့ပြစ်ချက်ရှာပြီး ဒီနေ့မတွေ့တော့ဘူးဆိုရင်ဒုက္ခ.."

ကားတန်းကြီးက ဘေးမှာကပ်ခုတ်သွားသည့် ရထားတွဲတွေထက်တောင် သာသေးသည်။ မီးပွိုင့်မှာတန်းစီနေတာပေမယ့် မီးပွိုင့်စိမ်းနေတာ ဘယ်နှစ်ခါတောင် ပြောင်းလဲနေပြီမသိ၊ ပွဲဈေးတန်းကိုဖြတ်နေရသဖြင့် ကားကရှေ့မတိုးနိုင်ဘဲ ဖြစ်နေခဲ့သည်။

"တောက်.."

"တီ..တီ..တီ.."

"ဩော်..ထားလိုက်ပါတော့အေ၊ ကိုယ်တောင်ရှေ့တိုးမရတာ..သူတို့လည်း သူတို့ရှေ့ကကားတွေ မလှုပ်လို့ပေါ့.."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး..ထိပ်ကျမှဖြတ်ဝင်နေကြတာ၊ အဲ့ဒီကားတွေကို ထိုင်ပေးနေသမျှ ဒီကားတန်း ရှေ့ဘယ်လိုမှ တိုးနိုင်မှာမဟုတ်ဘူး..တကယ်ပဲ နောက်လည်းဆုတ်လို့မရ၊ ဘေးဖဲ့ထွက်စရာလည်းလမ်းမရှိ.."

"မာမီပြောသားပဲ..ဒီမီးပွိုင့် အစတည်းက ကားအရမ်းကျပ်ပါတယ်လို့.."

"ဘာတဲ့လဲမာမီ.."

ဒေါ်စန္ဒာက ဖုန်းကိုကိုင်လျက် ခေါင်းခါပြရင်း...၊

"ခေါ်လို့ကိုမရဘူး..ဖုန်းမအားဘူးချည်းပဲ၊ နည်းနည်းလောက်စောင့်ပါဦး ပြောမလို့ဟာ.."

"လတ်သိသားပဲ..အဲ့ရှေ့နေက ဘဘရဲ့လူယုံပါဆိုမှ.."

"ဘယ်သူ့လူဖြစ်ဖြစ် ရှေ့နေဆိုတာ ဥပဒေဘောင်ထဲကပဲလုပ်ရတာ.. မာမီလည်း ကိုကြီးရဲ့ညီမအရင်း၊ အမွေကိစ္စကိုပြောပိုင်ခွင့်ရှိတယ်..ဒီသတင်း တကယ်ဟုတ်နေရင် ပြောခွင့်ရှိတာကို ပြောကိုပြောရမှာပဲ.."

"ခုထိအမှန်ဆိုရင် လုပ်နေသေးတယ်မာမီကလည်း ဖေဖေက ကိုယ့်စီးပွားထိ နိုက်မယ့်ကိစ္စကို မသေချာသေးဘဲ သွေးကြောင်နေပုံမလား..ဖေဖေရတဲ့သတင်းက အတိအကျပဲ.."

လတ်က ဦးစိုးကျော်ရဲ့သမီးဖြစ်ကာ ဒေါ်စန္ဒာနဲ့ဆို တူမဝမ်းကွဲတော်သူဖြစ်၏။ လတ်ရဲ့အမေရှိနေစဉ်တည်းက ဒေါ်စန္ဒာ အပျိုကြီးပီပီ တူမလေးကို သူမပဲ ခေါ်ယူစောင့်ရှောက်ထားခဲ့သည်။

ခင်လတ်မြတ်ဆိုသည့်တူမလေးကို ဘယ်လောက်ထိချစ်သလဲဆိုလျှင် သူမရမည့်အမွေကို ညီအစ်မဝမ်းကွဲတော်သော လတ်ရဲ့အမေနဲ့ခင်ပွန်းဖြစ်သူတို့လက်ထဲ ယုံယုံကြည်ကြည် ထည့်ထားပေးခဲ့တဲ့အထိ...၊

ခုတော့ ကိုယ်ပိုင်စီးပွားရေးဆိုတာလည်း ရှိသေးသလား၊ မရှိတော့ဘူးလားမသိ၊ အစ်ကိုကြီးဖြစ်သော ဦးမြသာရဲ့သင်္ဘောကျင်းလုပ်ငန်းတွေနဲ့ ရောနှောဆက်ယှက်နေတာမို့ ခုချိန်ထိ ဦးစိုးကျော်ကကုမ္ပဏီပိုင်ရှင် ဖြစ်နေသေးသော်လည်း..၊

"စိုးကျော် ခြေလှမ်းတွေပျက်နေတယ်နော်စန္ဒာ..နင်ကိုယ်တိုင် ဘာမှမသိတဲ့ အလုပ်တွေကို ဘာအတွက်ဆက်လုပ်နေတာလဲ..လုပ်ငန်းထဲကငွေကို ပြန်စုစည်းပြီး ငွေပုံပေါ်မှာ ထိုင်စားနေလိုက်တော့.."



www.burmeseclassic.com

ww.burmeseclassic.com



လို့ ဦးမြသာက အမြင်မတော်ဖြစ်လာတိုင်း သတိပေးခဲ့သည်။ ခု နောက်ဆုံးမှာတော့...၊

"ငါ နင့်ကိုမညှာနိုင်တော့ဘူးစန္ဒာ..ငါ့အလုပ်တွေကို ပြန်သိမ်းမယ်၊ ပိုနေရင် အားလုံးယူ..ပျက်ယွင်းပျောက်ရှနေတာတွေရှိရင် နင်နဲ့စိုးကျော် တာဝန်ယူရမယ်.."ဟု ပြောလာခဲ့၏။

တကယ်တမ်းကျတော့ သဘော်ကျင်းလုပ်ငန်းကြီးရှိခဲ့ပေမယ့် မိဘတွေ မဆုံးပါးခင်တည်းက လုပ်ငန်းက အနုတ်လက္ခဏာပြနေခဲ့တာဖြစ်သည်။

မိဘတွေခမျာ သမီးကလည်းနုံနုံအအ ဖြစ်နေသည့်အပြင် ဦးစီးဦးဆောင်ပြုနိုင်မည့်သူနဲ့ လက်ထပ်ပေးမယ်ဆိုတော့လည်း ဘယ်လိုမှနားချလို့မရ..၊

သားဖြစ်သူကလည်း မဆိုးပေမယ့်မလိမ္မာ၊ အိမ်ထောင်ပြုပါလား တိုက်တွန်းတော့လည်း ခေါင်းခါ၏။ ထိုအခြေအနေမှာပဲ မိဘတွေကကွယ်လွန်ကုန်ကြ၏။

ဦးမြသာ လုပ်ငန်းတွေဘက်ပြန်လှည့်လာတော့ ဆွေမျိုးနီးစပ်တွေ ဝါးမျိုထားကြသော လုပ်ငန်းကြီးက အထက်ကျီးစား အောက်ခွေးစားဆိုတာလိုမျိုး...၊

ထိုရှုပ်ထွေးမှုတွေထဲမှာ ညီမဖြစ်သည့်ဒေါ်စန္ဒာကို ပြန်ဆွဲထုတ်လို့မရတာ အဆိုးဆုံးဖြစ်သည်။

"ကိုကြီးက သွားချင်ရာသွားနေတာ..ဒီစီးပွားတွေ အခြေမပျက်အောင် သူတို့ပိုင်းထိန်းပေးထားလို့လေ၊ ဆွေမျိုးချင်းမို့လို့ပေါ့..မဟုတ်ရင် ကိုကြီးညီမကိုတောင် ဒီတိုင်းလေးမြင်ရမှာမဟုတ်ဘူး..."

ဒေါ်စန္ဒာက ဆွေမျိုးစုဘက်က ရပ်တည်သည်။ ခင်လတ်မြတ်လေးကို ကိုယ့်တူမလေးပဲမို့ အမွေစားအမွေခံသမီးအဖြစ် မွေးစားခဲ့သည်။ ထိုအချိန်မှစ၍ မောင်နှမနှစ်ယောက် ခြားနားခြင်းက ပို၍ဝေးကွာသွားသည့်အဖြစ်ကို ရောက်သွားခဲ့ကြသည်။

ဒေါ်စန္ဒာ၏စိတ်တွေ ကားထဲထိုင်နေရင်း အိမ်ရောက်သွားလိုက် အတိတ်ကိုရောက်သွားလိုက်..၊

"မမစံ..အဲ့ဒါသည်းမခံနဲ့လေ၊ နှစ်ယောက်စလုံးမှာ အိမ်ထောင်ရှိကြတာ မဟုတ်ဘူး..ဒါ မိဘလက်ထပ်ပွားတွေပဲ၊ သူထင်သလိုလုပ်နေလို့ရမလား.."

"မစံက အရမ်းနံတာပဲ..ပြောရခက်လောက်အောင် မစံတို့မောင်နှမက နွေးထွေးကြင်နာခဲ့ကြတာလည်း မဟုတ်ဘဲနဲ့..သူတောင် ဒီလိုခြေလှမ်းရင် ကိုယ်လည်းပြောစရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာပြောပေါ့.."

ဆွေးမျိုးတွေ အိမ်မှာအတူနေကြတာရှိသည်။ ခြံထဲမှာ အိမ်လုံးလေးတွေခွဲပြီး နေကြတာလည်းရှိ၏။ အားလုံးသည် သူမနဲ့သာပတ်သက်နေကြပြီး ကိုကြီးနဲ့တော့ ဘာမှ မတော်စပ်ကြသလိုလို မရင်းနှီးဘူးတဲ့လူတွေလိုလို...၊

"မာမီ.."

"ဟင်.."

"လတ်ပြောတာကြားရဲ့လား.."

"မကြားလိုက်ဘူး..ဘာလဲ.."

"ဖုန်းထပ်ခေါ်ကြည့်ပါဦးလို့.."

"အေး..အေး.."

ရှေ့နေဆီ ဖုန်းခေါ်ပေမယ့်အလကား...၊

"မကိုင်ဘူးလား.."

"မအားဘူးပဲ.."

"အဲ့ဒါတမင်လုပ်ထားတာ..လုံးဝမရှိးသားဘူး၊ ဟွန်း..ရှေ့နေအစုတ်ပလုတ်က များ.."

လတ်ဒေါသတွေထွက်ကာ ကားကိုတရွေ့ရွေ့တိုးတက်ရင်း...၊

"ဘာဘလည်း ကွက်ကျော်ရိုက်တာပဲ..အမွေပေးစရာ ကိုယ့်ဆွေမျိုးသားချင်းတွေ အိမ်မှာခေါင်းခေါက်ရွေးလို့ရတယ်..လတ်ကိုမဟုတ်ရင်တောင် အေမီတို့..သီရိသန္တာတို့.. အာကာတို့.."

"တော်ပါတော့လတ်ရယ်..သူနဲ့မာမီမောင်နှမရင်းနှစ်ယောက်ပဲရှိတာ၊ မာမီမွေး ထားတဲ့ကလေးက အရင်းဆုံးပေါ့..သမီးကိုတော့ ထည့်တွက်သင့်တာကို.."

သူမတို့ကလွဲရင် အားလုံးကဝမ်းကွဲတူတူမတွေ မြေးတွေပဲဖြစ်လျက် အရင်းချာ မရှိပေ၊ ထို့ကြောင့်လည်း အဖိုးကြီးလူဖိုးကြီးမောင်နှမနှစ်ယောက်တည်း အရိပ်အောက်မှာ မျှော်လင့်ချက်တွေနဲ့ ဝိုင်းဝန်းကပ်တွယ်နေကြတာဖြစ်သည်။

ဒေါ်စန္ဒာကတော့ ဆွေမျိုးတွေနဲ့အတူနေထိုင်ရခြင်းကို စည်းလုံးခိုင်မြဲသည့် အေး ချမ်းမှုတစ်ခုလို့ မြင်ပေမယ့် ဦးမြဲသာက သူနဲ့ဆန့်ကျင်ဘက်...၊

"အစတည်းက သူက ဆွေမျိုးတွေဆိုရင် မျက်လုံးစိမ်းနဲ့ကြည့်တတ်တာကိုး.."



www.burmeseclassic.com

www.burmeseclassic.com



"မာမီ.."

"ဟင်.."

"ဘဘမှာ စမောတွေဘာတွေရှိ..အဲလေ..အိမ်ထောင်သည်မှမဟုတ်တာ အဲ့လို ပြောလို့လည်း ဘယ်လိုရမှာလဲ.."

ကားကိုလွတ်လပ်စွာမောင်းထွက်ခွင့်ရတာနှင့် လတ်ရဲ့ဒေါသတွေလည်း လေပြေညှင်းလိုဖြစ်သွားခဲ့လျက်..။

"သူ့အမွေပေးဖို့စီစဉ်ခဲ့တဲ့နစ်ယောက်က သူနဲ့ဘာမှမတော်စပ်ဘူးဆိုတာ ဖြစ်မှမဖြစ်နိုင်တာ.."

"လူတိုင်းဒီလိုတွေးကြမှာပဲ..သူ့ရဲ့လှူဒါန်းမှုပိုင်ဆိုင်မှုတွေက နည်းတာမှမဟုတ်တာ.."

"ဒါဆို ဘိုးဘိုးကြီးတို့မဆုံးခင်က ဘဘကျောက်တွင်းလုပ်ငန်းသွားလုပ်တာ တစ်ချီတည်းပွပေါက်တိုးလာတယ်ဆိုတာ တကယ်ပေါ့နော်..အဲ့လိုရတတ်တာတွေက ကျောက်တူးသမားတွေမဟုတ်ဘူးလား.."

"ကိုကြီးလည်း ကျောက်တူးသမားလုပ်ရင်လုပ်ခဲ့မှာပေါ့လတ်ရယ်.. အဲ့ဒီတုန်းက 'အဏ္ဏဝါသခင်'တစ်ခုလုံး ဆုံးရှုံးရတော့မတတ် အရှုံးပေါ်နေတဲ့အချိန်လေ..။ ကိုကြီးထွက်သွားတော့ ဖေဖေလည်းစိတ်ဓာတ်တွေပြိုဆင်းပြီး လူလည်းလဲတော့တာပဲ..ဖေဖေပြီးတော့ မေမေ၊ မိဘတွေမရှိတော့ဘူးဆိုမှ ဒါတွေအားလုံးကို ကိုကြီးပြန်ထူထောင်ခဲ့တာ..သူ့ရဲ့လှူဒါန်းမှုတွေလည်း အဲ့ဒီမှာစခဲ့တာပဲ.."

"ဘိုးဘိုးကြီးတို့ကို ဘဘကစိတ်နာခဲ့တာတွေဘာတွေ ရှိခဲ့ဖူးလားဟင်..ထွက်သွားတာ အဲ့ဒါကြောင့်လား၊ အိမ်စီးပွားရေးကြောင့် အလုပ်လုပ်ဖို့သက်သက် ထွက်သွားတာလား.."

ကားမောင်းနေရင်း ထောင့်စွေအောင်မေးနေသည့်လတ်ကို ဒေါ်စန္ဒာက ငဲ့ကြည့်သည်။ လတ်ကလည်း လှည့်ကြည့်လိုက်တာနှင့်ဆုံကာ...။

"ဪ..ဟို လတ်ကလူကြီးတွေပြောကြတာ နားစွန်နားဖျားကြားဖူးလို့မေးကြည့်တာပါ။ ဘဘက အစတည်းက ရက်စက်တတ်တယ်..ခက်ထန်တယ်..နောက်ပြီး.."

"အဲ့လိုမဟုတ်ပါဘူး.."

"သူများပြောတာ ပြောတာပါ.."



www.burmeseclassic.com

www.burmeseclassic.com


"အေး..သူကိုမုန်းကြတာတော့ ဆွေမျိုးအားလုံးပါပဲ၊ ကိုကြီးကလည်း ဆွေမျိုးတွေကိုပဲ ကွက်ပြီးဥပေက္ခာထားတာကိုး.."

မောင်နမချင်း ပြဿနာတက်ရပြီဆို ဒီဆွေမျိုးတွေကြောင့်...၊

"နင်ကိုယ့်အားကိုယ်ကိုးတော့စန္ဒာ..ဆွေမျိုးဆိုတာ ရှေ့ရှိမှမျိုးတော်တာ၊ နင့်နားမှာ ဝိုင်းဝန်းကပ်တွယ်နေကြတာတွေ နင့်ကိုချစ်လွန်းလို့ ခင်လွန်းလို့ထင်နေသလား.."တဲ့..၊

ဒီစကားတွေပြောခဲ့တာလည်း ခဏခဏ...၊

"ကိုကြီးကကိုကြီးရဲ့အလုပ်သမားကျတော့ သေလောက်အောင်ဖြစ်တာလည်း မဟုတ်ဘဲနဲ့ ဟိုဘက်ကလူကို စိုက်လျှော်ပေးတယ်..အလုပ်သမားအတွက် ကုန်ကျစရိတ်တွေခံတယ်၊ အဲ့ဒါတွေအတွက် ကုန်တာနည်းသလား..မမကြည်က စန္ဒာတို့ရဲ့အဒေါ်တော်ပါတယ်.."

"အဒေါ်က ငါ့ကိုကောင်းကျိုးပေးတာမဟုတ်ဘူး..ငါ့အလုပ်သမားက ငါ့လက်တစ်ဖက်.."တဲ့..၊

ပြောရင်ပြတ်သည်။ လုပ်ပြီဆို လုံးဝအရှင်း...၊

"ကိုယ်ကကျူး ကိုယ်ဒူးတောင် မယုံနဲ့တဲ့..၊ ဆွေမျိုးတွေကို နင်ယုံကြည်ပေမယ့် ငါမယုံဘူး၊ အဲ့ဒီလို အမှီရှိမှရပ်တည်နိုင်တယ်လို့ ထင်နေတဲ့နင့်ကိုလည်း မယုံကြည်တော့ဘူး..ဒါကြောင့် နင့်ရဲ့ရှေ့ရေးနောက်ရေး ငါကတွေးမပေးဘူးဆိုရင် နားလည်နိုင်အောင်ကြိုးစား.."

လို့လည်း ပြောရက်ခဲ့သည်။ လတ်အတွက် ပြောတုန်းကဆို ဒေါသတွေလည်းကြီးလျက်...၊

"ဝမ်းနဲ့မလွယ် သားမမယ်တဲ့၊ ကိုယ့်ဝမ်းနဲ့လွယ်မွေးတဲ့ သားသမီးတွေတောင် မိဘကိုစော်ကားသွားတာတွေ ရှိသေးတယ်..၊ ဘယ်လိုသတ္တိနဲ့ သူများသားသမီးကို မွေးစားခဲ့တာလဲ၊ အစတည်းက ကိုယ့်ကိုယ်ကိုမေးမိခဲ့လား.."

"ကိုကြီးကျတော့ ညီမအရင်းထက် အလုပ်သမားသူစိမ်းကို ထောက်ပံ့နေတာပဲ..ခင်ရာဆွေမျိုးဆို သူစိမ်းကောင်းရင် ဆွေမျိုးမမီဘူးဆိုတာတွေကရော.."

"ဟုတ်တယ်..အဲ့ဒီသူစိမ်းတွေက မကောင်းခဲ့ရင် သူစိမ်းမို့ပဲ..'ငါလူကဲခတ်ညံ့ခဲ့တယ်' ဒါပဲ.."

"စန္ဒာလည်း ကိုယ့်တူမလေးမို့ မွေးစားခဲ့တာပါ.."


www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာမိဘတွေရှိတယ်..မချို့တဲ့ဘူး၊ နင်မွေးစားထားဖို့ လိုသလား.. မမွေးစားဘဲ တစ်မျိုးလုံးထောက်ပံ့နေတာ မပြီးဘူးလား၊ အခု အမွေစကားပြောလာတော့ နင်ဘာလုပ်မှာလဲ..နင့်မှာဘာရှိသလဲ၊ အေး..နင်မွေးထားတာကျားလား..နွားလား နင်စောင့်ကြည့်နေလိုက်.."တဲ့..၊

တကယ်လည်း ဒေါ်စန္ဒာမှာ ကိုယ်ပိုင်ဆိုင်ထားတဲ့ မိဘအမွေဆိုတာ မရှိတော့ပေ။ လတ်ရဲ့မိဘတွေကို ယုံကြည်စွာအပ်နှံခဲ့ပေမယ့် နှစ်တွေကြာလာတာနဲ့အမျှ လုံးပါးပါးခဲ့တာ ကုန်ပြီဖြစ်၏။

ခုနေ ကိုကြီးရဲ့ရှေ့နေတွေက လုပ်ငန်းစီစစ်တော့မယ်ဆိုရင် ဘာလုပ်ရမှာလဲ..၊

"ကိုယ့်မှာတောင့်တင်းမှ လက်အောက်ငယ်သားရှိသေတာ.."ဆိုသည့် ကိုကြီးရဲ့ အယူသည်းမှုကို သတိရလာမိသည်။ ထို့ကြောင့် စိုးရိမ်စိတ်တွေလည်း ဝင်လာမိပြီဖြစ်သည်။

"တောင်းပါလား..ပြောပါလား..ကိုယ်လည်းရသင့်တာပဲ.."လို့ တိုက်တွန်းနေသည့် ဆွေမျိုးစုတွေရဲ့ အသံတွေထဲမှာ သူမမှာတောင့်တင်းမှ သူတို့တွေ အရိပ်ကောင်းရမှာလို့ သိနေကြလို့ဖြစ်သည်။

အကယ်၍ ကိုကြီးသာပြောတဲ့အတိုင်း ပြတ်ပြတ်သားသားလုပ်သွားခဲ့ရင် သူမမှာ ဘာကျန်ခဲ့မလဲ၊ ခြံထဲမှာ အတူနေနေကြသည့် ဆွေမျိုးတွေဘာ ပြောကြမလဲ...၊

ရွှေမရှိ ငွေမရှိ အထီးကျန်အဖော်မဲ့စွာ ကျန်ခဲ့မည့်ကိုယ့်အဖြစ်ကို တွေးတောင် မတွေးရဲပေ၊ တွေးကြည့်နေရင်း လည်ချောင်းတွေခြောက်သွေ့လာတာက ရင်ထဲကအပူ ကြောင့်လား..၊ ငိုချင်လာတာလား..၊

ရှေ့နေတွေနဲ့ဆုံဖြစ်ခဲ့ရင်ရော သူမမှာဘာလုပ်ခွင့်ရှိသလဲ..၊

"ကျွိ.."

"ဟဲ့..ဟဲ့.."

ကားက ရုတ်တရက်ထိုးရပ်သွားသဖြင့် ဒေါ်စန္ဒာကိုယ်လည်း ရှေ့ကိုငိုက်ကျသွားတာ ခါးပတ်ပတ်ထားလို့ တော်သေးသည်။

"ဘာဖြစ်တာလဲသမီး.."

"လတ်ဘာမှမဖြစ်ဘူး..သူ့ဟာသူအတင်းကျော်တက်လာတာ၊ တောက်..ကား မောင်းရတာ လူသတ်ချင်စိတ်ပါပေါက်လာပြီ တကယ်ပဲ၊ ဖြစ်လာရင် ကားမောင်းတဲ့လူက



www.burmeseclassic.com

www.burmeseclassic.com

လွန်တယ်..သူတို့တွေ ကားလမ်းပေါ်တက်ပြီး ဆိုင်ကယ်လ်တစီစီ လုပ်နေကြတာကျတော့ ဖမ်းမယ့်သူမရှိဘူး.."

"ဆိုင်ကယ်တွေ တရားဝင်မောင်းခွင့်ရလို့နေမှာပေါ့..ဘယ်သူ့ဘက်ကမှားမှား ဒေါ်သရေ့မထားနဲ့သမီး၊ လမ်းပေါ်မှာဖြစ်လာပြီဆို သေရင်သေ..မသေရင် ဒုက္ခိတတော့ဖြစ်သွားမှာပဲ၊ သတိနဲ့မောင်း.."

"အဲ့ဒါ မာမီ့ကိုလှည့်ကြည့်လိုက်လို့ဖြစ်တာ.."

"ဘယ်လို.."

"ဟုတ်တယ်..မာမီဘာတွေငိုင်နေမှန်း မသိဘူး၊ ရွှေ့နေမတွေ့လိုက်မှာစိုးလို့ ဒီကစိတ်တွေစော အာရုံတွေများနဲ့..မာမီ့ကြည့်လိုက်ရင် ငေါင်နေတာချည်းပဲ.."

ကလေးတစ်ယောက်ကို ဆူသလို မျက်နှာလေးစူပုတ်ပုတ်နှင့် ဒေါ်သဲက ဒေါ်စန္ဒာ့အတွေးတွေကို အမှတ်ဖြည့်ပေးသလို ဖြစ်သွားစေလျက်..၊

"လူကြီးတစ်ယောက်အတွက်က တွေးစရာစဉ်းစားစရာတွေချည်းပဲလတ်..ငေါင်နေတာမဟုတ်ဘူး၊ အခုကိစ္စက စဉ်းစားဖို့ပိုပြီးလိုအပ်တယ်..ကိုကြီးက စကားမေးမရတော့ဘူး၊ ရွှေ့နေကလည်း တစ်ယောက်တည်းမဟုတ်ဘူး..ဟိုကလေးတွေကို ဆက်သွယ်ပေးနေတဲ့ ရွှေ့နေဘယ်သူလဲဆိုတာ.."

"အဲ့ဒါသိရအောင်ကြိုးစားဖို့ လတ်တို့အစောတည်းက ပြောနေကြတာလေ..မာမီကိုက အေးတိအေးစက်လုပ်နေတာ၊ ဖေဖေကလည်းပြောတယ်..မာမီ့ပုံစံနဲ့ ဘာမှရလိုက်မှာမဟုတ်ဘူးတဲ့၊ ဘဘဆုံးသွားတာနဲ့ ခါလီကျန်ခဲ့ကြမှာတဲ့.."

"သူ့ဒီလိုတွေ စီစဉ်နေတယ်ဆိုတာ ဘယ်သူမှမသိတာ.."

"ဘဘစကားပြောနိုင်သေးတယ်..အဲ့ဒီတည်းကမေးလိုက်ရင် ဆွေးနွေးကြည့်လို့ရသေးတာပေါ့၊ ခုတော့ ရွှေ့နေအစုတ်ပလုတ်တွေရဲ့အောက်ကို လိုက်ကျရတော့မယ်..၊ ဘယ်သူ့အမြီးလိုက်ဆွဲရမှန်းမသိ၊ ဘယ်လိုချော့မော့မေးရမယ်မှန်းမသိ.."

လတ်ရဲ့နှုတ်ဖျားမှ ရက်စက်ကြမ်းတမ်းသည့်စကားတွေ ထွက်လာခဲ့သည်။ ဒေါ်သတွေ မပြီးနိုင်မပျောက်နိုင် ပြန်ပေါ်လာခဲ့၏။ ပြီးတော့ မကျေမနပ် အကြည့်တစ်ချက်နှင့် ငဲ့ကြည့်ကာ..၊

"အခု သွားတွေ့မယ့်ရွှေ့နေကိုတော့ မာမီနာမည်သိပါတယ်နော်.."

ဒေါ်စန္ဒာ ခေါင်းညိတ်လိုက်ရင်း..၊


www.burmeseclassic.com

ww.burmeseclassic.com



"ဦးသက်ဇော်.."

"နောက်နှစ်ယောက်ကရော.."

"တစ်ယောက်ကိုတော့မြင်ပဲမြင်ဖူးတာ..တစ်ယောက်က ဒေါ်နန္ဒာမိုး.."

"မာမီ အဲ့ဒါပဲ..တိုက်ကြီးပေါ်မှာ မောင်နှမနှစ်ယောက်တည်းနေတာ၊ ဘဘကို လည်း မာမီပဲပြုစုပေးနေတာ..ဒါတောင်မှ.."

"သမီးဘာဖြစ်လို့ မာမီ့ကိုပဲ စိတ်တွေတိုနေတာလဲ..အခု သူမပေးချင်လို့ မသိ အောင်လုပ်သွားတာလေ.."

"သူမပေးချင်တိုင်းရမလား မာမီရဲ့..မောင်နှမနှစ်ယောက်ပဲရှိတာ.."

လောဘတွေထွက်လာတာကိုကြည့်ရင်း ဒေါ်စန္ဒာမျက်နှာမှာ အိပ်မက်ထဲကလန့် နိုးလာသူကဲ့သို့ ပစ္စုပ္ပန်ကို မယုံနိုင်စွာ..။

"ဟော..ဖုန်းလာနေတယ်၊ ဖုန်း..ဖုန်း..ရှေ့နေထင်တယ်..ကိုင်လိုက်လေ မာမီရဲ့.."

လှည့်ပြောနေရင်း ကားမောင်းနေသည့်သူကပဲ လှမ်းကောက်ပြီး ပေါင်ပေါ်ပြန် တင်ပေးကာ..။

"ဟဲ့..ဟဲ့.."

ကားက ဝေါခနဲဝိုက်ဆင်းသွားလျှင် ဒေါ်စန္ဒာရင်ဘတ်ဖိရင်း ဘုရား,တ၏။

"ဘုရားတမနေပါနဲ့..ဖုန်းလာတာကို ကိုင်ရမှန်းမသိဘဲနဲ့၊ လတ်တို့က မချမ်းသာ သေးဘဲနဲ့ မသေသေးဘူး.."

ဖ ဿ ဿ ဏ



www.burmeseclassic.com

ww.burmeseclassic.com


# အခန်း(၇)

“ဦးခဏလေးစောင့်နော်..”ဆိုပြီး အကြော်ဆိုင်ရှေ့ရောက်သွားသည်။ ဦးထွန်းထွန်း အစကတော့ လှမ်းလှမ်းကြည့်မိသေးသည်။ ပြီးတော့မှ ခေါင်းခါလိုက်မိ၏။

ဒီကောင်မလေး ဗန်းထဲမှာဖြန့်ချထားသည့် အကြော်တွေကိုယူမှာမဟုတ်တာ သိလိုက်ကာ ကားဆိုဖာပေါ်လှဲလိုက်ပြီး အေးဆေးအိပ်ရင်းစောင့်နေဖို့ ဆုံးဖြတ်လိုက်၏။

အကြော်ဆိုင်မှာ စကားဝင်သွားကာစက ဝယ်သူတစ်ယောက်ပဲရှိသည်။ ဆီအိုးထဲက အကြော်ကိုယူဖို့ပြောပြီး ရပ်စောင့်နေကာမှ..၊

“ဒီမှာဝယ်မယ်..အကြော်လေးတွေ ရဲနေတာပဲ..”

အမျိုးသမီးကြီးနှစ်ယောက် အရင်ဝင်လာသည်။ ပြီးတော့ စုံတွဲတစ်တွဲ..၊

“အကြော်ကရဲနေပေမယ့် အလယ်တွေနည်းနည်းပျော့ချင်နေပြီ..”

“အေးဟဲ့..အိမ်ရောက်ရင် ရေစိုအဝတ်ဖြစ်သွားမလားပဲ..”

တစ်ယောက်က ကြက်သွန်ကြော်ကိုကိုင်လိုက် ဖိလိုက် ချထားလိုက်၊ ပြီးတော့ နောက်တစ်ခုကိုင်..၊


www.burmeseclassic.com

www.burmeseclassic.com



"ဘူးသီးကြော်တွေပဲကျွတ်တာ မစု.."

တစ်ယောက်ကလည်း ဗန်းထဲမှာရှိသမျှ အကြော်လေးမျိုးလောက်ကို စုံအောင်ကိုင်နေသည်။ နောက်ဝင်လာသည့် စုံတွဲထဲကမိန်းကလေးက လက်တပြင်ပြင်ဖြစ်နေပေမယ့် အမျိုးသမီးကြီးနှစ်ယောက်ရဲ့လက်ကို ရောင်မလွှတ်ဖြစ်နေ၏။

"အန်တီ ကျွတ်ကျွတ်လိုချင်ရင် ဆီထဲပြန်ထည့်ပေးမယ်လေ..ဘယ်နှစ်ခုယူမှာလဲ.."

"အေး..ကောင်းသားပဲ.."

ဈေးသည်နဲ့သူမတို့ သဘောတူညီမှုရသွားကြ၏။ သို့သော်..၊

"ခဏနေပါဦး..ဒီက ပုစွန်ကြော်တွေ ဆယ်ပြီးမှထည့်ပါ.."

စကားကပြောလိုက်ပြီး အကြော်တွေဆီလှမ်းလိုက်သော ဈေးသည်ရဲ့ လက်ကို ဘေးဖယ်ပစ်လိုက်၏။

"အိုးအကြီးကြီး အချောင်ကြီးကို ထည့်တာဘာဖြစ်မှာမို့လို့လဲ..ငါတို့မှာ သွားစရာရှိတယ်.."

"သူများတွေလည်း သွားစရာရှိလို့ လမ်းပေါ်ရောက်လာကြတာပဲလေ..အကြော်တွေကို ဒီလောက်မွစာတက်အောင် ကိုင်ပြီးမှ ဆီအိုးထဲပစ်ထည့်ဦးမယ်၊ တခြားဝယ်သူတွေကိုလည်း အားမနာဘူး.."

"အံမာ..ရုပ်ကလေးသနားကမားနဲ့ စွာလိုက်တာကြည့်စမ်း..အကြော်ပဲအေ့..ရွေးယူရတဲ့ပစ္စည်း ရွေးရမှာပေါ့။ ညည်းရော မရွေးဘဲဝယ်သလား.."

"ဘယ်ဟာမှ လက်နဲ့မထိဘူး..အဲ့ဒါကြောင့်ဆီအိုးထဲက ဆယ်မှာကို စောင့်နေတာ.."

"ညီမအကြော်က ရနေပါပြီ..ဆီထဲထည့်လိုက်ရင်လည်း ဘယ်ရောဂါပိုးမှ မခံနိုင်ပါဘူး။ သူတို့စောင့်နေရမှာစိုးလို့ပါ.."

ဈေးသည်ကလည်း ငြိုငြင်လာသည့်အသံနှင့်...၊

စကားကလည်း ဂရုမစိုက်...၊

"မရဘူး..ဆီအိုးကြီးက ပိုးသတ်ဆေးကန်ကြီးလည်း မဟုတ်ဘူး။ သူတို့ကိုင်ထားတာတွေကို ရွံတယ်..မထည့်ပါနဲ့.."

"ညီမ..အစ်မတို့က လမ်းဘေးဈေးသည်တွေပါ.."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုပြီးတာပဲ..အဲ့ဒီအကြော်တွေ စကားမယူတော့ဘူး.."

"ဒီလိုတော့ မလုပ်နဲ့လေ.."

"မလုပ်စေချင်ရင် အဲ့အကြော်တွေချတဲ့အထိစောင့်ပေး..ရောထည့်လိုက်ရင်တော့ မယူနိုင်ဘူး.."

"အံမာ..လူပါးဝလိုက်တဲ့ကောင်မလေး၊ သူမဝင်လာခင်က ဘယ်သူတွေဘယ်လောက်ကိုင်တွယ်ပစ်ချသွားသလဲ..သင်းမြင်တာကျလို့.."

"မသိဘူး..မြင်နေရတာကို ရွံတယ်.."

"ဒီမှာ..အဲ့ဒီငါးခုထည့်ပေးပါ.."

နောက်ဝင်လာသည့် စုံတွဲကတော့ ရန်ပွဲကိုခဏကြည့်နေပြီးမှ မြန်မြန်ဆန်ဆန်ဝယ်ပြီးပြန်ထွက်သွား၏။

"ဟော့..ငါတို့ဟာတွေ မထည့်ဘူးလား၊ ငါတို့လည်းမယူတော့ဘူး.."

ဈေးသည်ဘာလုပ်ရမှန်း မသိဘူးဖြစ်သွားသည်။ သို့သော် စကားမယူဘဲထွက်သွားလျှင် ပုဇွန်ကြော်ကြီးတွေ ကျန်ခဲ့မှာမို့..အကြော်တန်ဖိုးချင်းက ကွာလွန်းနေသည်။

"ဘာဖြစ်နေကြတာတုံး.."

ဦးထွန်းထွန်းလိုက်ထလာသည်။ ထိုအချိန်မှာ အကြော်တွေလည်း ကျက်နေပြီဖြစ်ကာ...၊

"ကျက်ပါပြီ ဆယ်လိုက်ပါဗျာ..ကဲ အစ်မကြီးတို့ ဝယ်ထားတာတွေ ထည့်လို့ရပါပြီ"

သူပဲတောင်းပန်ပြီး အကြော်ကတစ်ဖက် စကားရဲ့လက်လေးကိုတစ်ဖက် ဆွဲထွက်ခဲ့ရင်း..၊

"ညည်းထွက်သွားရင် ရင်တုန်နေရပါလားစကား..ငါထင်လို့ တမင်လာကြည့်တာ.."

"ဘာလို့လာကြည့်လဲ..စကားက ကလေးမှမဟုတ်တာ.."

"ကလေးမဟုတ်တဲ့အရွယ်ပါပဲ..ညည်းဘယ်အရွယ်ဖြစ်ဖြစ် အကြောင်းသုံးပါးမရွေး စွတ်ရွတ်ပြောတတ်တာတွေ.."

"စွတ်ရွတ်ပြောတာမဟုတ်ပါဘူးဦးရာ..မိန်းမကြီးတွေက အကြော်ကို ထင်သလိုလိုက်ဖိ၊ ပြီးတော့ အပုံလိုက်ချထားတဲ့ အဝတ်စုတ်ကြီးနဲ့လက်လှမ်းသုတ် သုတ်ပြီးလည်းမပြီးသေးဘူး..ပြန်ကိုင်ပြန်ချ.."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုင်တွေမှာ ပရိုက်ဗိတ်ဆန်ချင်လို့မရဘူး..ဈေးဗန်းကိုက လမ်းဘေးမှာ ဖြန့်ခင်းထားတာလေ.."

"ဈေးသည်က ဒီလိုရောင်းရပေမယ့် ဝယ်တဲ့သူက..အ.."

"ဘုတ်.."

စကားပြောရင်း ပလက်ဖောင်းပေါ်က ဆင်းလိုက်လျှင် လမ်းဘေးထိုး ကပ်လာသည့်ကားရှေ့ကို ပြေးဝင်လိုက်သလိုဖြစ်သွားခဲ့၏။ ကားက သိမ့်ခနဲထိုးရပ်သွားသလို စကားလည်းလန့်ဖျန့်ပြီး ပြန်ဆုတ်လိုက်သဖြင့် ဘာမှမဖြစ်လိုက်ပေ..။

သို့သော်..။

"သွားပြီ..ပေကုန်ပြီ ငါ့ကား.."

လတ်ဒေါသတွေ ဖိသိပ်ထွက်လာလျက် ကားထဲကနေဝုန်းဒိုင်းကျဲဆင်း၏။ အရင်ဆုံး မျက်လုံးရောက်သွားသည်က..ဘောနက်ပေါ်မှာ ပေကျံနေသည့် အချဉ်ရည်နီရဲရဲ ပျစ်ပျစ်တွေ..။

ပြီးမှ ကျူးလွန်သူထံကြည့်မိသည်။ ဘောင်းဘီရှည်အနီရဲရဲ ကိုယ်ကျပ်လည်ဟိုက် အနီရောင်ရင့်ရင့်နှင့် ဖွေးနသွယ်လျသောမျက်နှာကို ဝေးစိုက်သွားခဲ့သည်။

ထို့ပြင် အဝါနုနုခုံမြင့်နှင့်ရွှေရောင်ကြိုးသိုင်းပါသော ဖိနပ်အမြင့်က လေးလက်မထုလောက်ရှိမည်။ ·ဖိနပ်နဲ့လည်ပင်းမှာ ပတ်သိုင်းထားသည့် ရွှေခြည်ထိုးပဝါပါးလေးကြောင့် သူမတစ်ကိုယ်လုံးက အနီနဲ့ရွှေရောင်တွေ ယှက်ဖြာနေ၏။

ဆံပင်တွေကို သိမ်းလုန်ထားသဖြင့် ကကြိုးပုံနဖူးလေးက ထင်းနေသည်။ အလှအပအတွက် ဘယ်လောက်ထိ အကုန်ခံပြီး ဘယ်လောက်တောင် ဂရုစိုက်ထားသည်တော့ မသိ..။

မိန်းကလေးချင်းမနာလိုချင်အောင် လှနေသည်။ ကြည့်နေရင်း အဲ့ဒီမျက်နှာကို ဒဏ်ရာတစ်ခုခုဖြစ်အောင် ကောက်ခြစ်ပစ်ချင်မိတဲ့အထိ သဘာဝမကျအောင် လှနေသည်။

လတ်ရဲ့မျက်လုံးတွေ တဖြည်းဖြည်း စူးရဲကျဉ်းမြောင်းသွားကာ...။

"နင့်လက်တွေ ပိုလီယိုစွဲနေတာလား..နူနာစွဲနေလို့လား.."

လူကို စူးစူးဝါးဝါးကြည့်နေတည်းက ပြင်ဆင်ထားခဲ့သည့်ဒေါသတွေနှင့် စကားကမဲ့လိုက်သည်။

"နင့်ရှေ့မှာ ရပ်နေတာတောင် နူနေလားမနူနေဘူးလား မသိဘူးဆိုတော့ နင်



www.burmeseclassic.com

www.burmeseclassic.com



လည်းကန်းနေတာပဲ.."

"ငါ့ကိုပြိုင်မပြောနဲ့..ဒီကားမှာပေကုန်တာတွေ ခုချက်ချင်းသုတ်လိုက်စမ်း.."

"ကလေးမနေဦး..ဒါ ကားရပ်လို့ရတဲ့နေရာမဟုတ်ဘူး၊ မင်းကားက ရုတ်တရက် ထိုးဝင်လာတာ.."

"မိန်းမသားချင်းရန်ဖြစ်နေတာ ဦးလေးဝင်ပါစရာမလိုပါဘူး.."

"ဟဲ့..ဒီမှာ ငါ့ကိုကြည့်.."

သူမက ပါးစပ်ကပြောရုံရှိသေးသည်။ စကားက လတ်ရဲ့လက်တစ်ဖက်ကို ဆွဲလှည့်၍ မျက်နှာချင်းဆိုင်ကြည့်လိုက်ကာ..၊

"ငါနဲ့ပဲပြောချင်..ငါ့ကိုပဲကြည့်လေ.."

"နင် ငါ့ကိုထိစရာမလိုဘူး.."

လတ်က စကားကိုင်ထားသည့်လက်ကို အားနဲ့ရိုက်ချလိုက်၏။ စကားက ပြန်ရုတ်လိုက်တော့ အရှိန်လွန်ပြီး ဇိုက်ခနဲယိုင်သွားသည်။ ဒေါ်စန္ဒာ ကားပေါ်ကဆင်း၍ အပြေးတပိုင်းရောက်လာကာ...၊

"သမီး..သမီးတော်တော့၊ ကားပေါ်တက်.."

"အို မတက်ပါဘူး..ကားမှာပေကျံနေတာတွေ သူ့ကြောင့်.."

"မတော်တဆပဲ သမီးရယ်.."

"မတော်တဆဆို သူတောင်းပန်ပါလား.."

ဆွဲနေမှ ရှန်းကန်အော်ဟစ်နေတော့သည်။ စကားက အေးဆေးစိုက် ကြည့်နေကာ...၊

"နင့်ကားသာ လူကိုဝင်တိုက်မိရင် ခုလောက်ဆို ငါသေနေပြီ.."

"ဟုတ်တယ်..တိုက်သတ်လိုက်ရမှာ၊ မတိုက်လိုက်မိတာ ငါ့အမှား.."

"မတိုက်မိတာမဟုတ်ဘူး..ငါကလွတ်အောင် ရှောင်လိုက်တာ၊ လူရှိန်အောင် အော်မနေနဲ့.."

ထိုစဉ် ယာဉ်ထိန်းရဲတွေရောက်လာကာ...၊

"ဒီနေရာ ကားရပ်လို့မရဘူး..လိုင်စင်လေးပြပါ.."

"မရပ်ပါဘူး..ဒီမှာပြဿနာဖြစ်နေလို့ပါ.."

ရန်တွေ့သံပါနေသော ရှင်းပြချက်ကအရာမထင်ဘဲ..၊



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့က ပြဿနာကိုရှင်းပေးဖို့လာတာမဟုတ်ဘူး..ယာဥ်စည်း ကမ်းအရ တာဝန်ရှိလို့ပါ.."

"လာ..သမီး.."

ဦးထွန်းထွန်းက သူတို့ပြဿနာတက်နေတာမြင်သည်နှင့် စကားကို လက်ဆွဲခေါ်သွားခဲ့၏။ လမ်းတစ်ဖက်မှာ သူတို့ကားရှိနေပေမယ့် ကားနားရောက်သည်နှင့် ရွှေနေဦးမောင်ကိုက အသင့်စောင့်နေကာ..၊

"ကျွန်တော် ကားကိုမှတ်မိနေလို့ ရပ်စောင့်နေတာ.."

"ဟာ..အားနာစရာကြီးရွှေနေကြီးရယ်၊ ဘာကိစ္စထူးလို့လဲ..ဖုန်းဆက်ပြီး တစ်နေရာရာမှာ စကားပြောဖို့ချိန်းလိုက်ရင် ရတာကို.."

"ကလေးမ ခရီးသွားဖို့အတွက် လိုအပ်တာလေးတွေ ပြောပြချင်လို့ပါ.."

"ဩော်..ဟုတ်ကဲ့ပါ၊ လာပါ ကားပေါ်တက်ပါခင်ဗျာ..အေးအေးဆေးဆေးပြောလို့ရတဲ့ တစ်နေရာသွားကြတာပေါ့.."

သူတို့သုံးယောက်ထံ လတ်ကလှမ်းကြည့်ပြီး တက်ခေါက်၏။ ဒေါ်စန္ဒာကပါ လှမ်းကြည့်လျှင်...၊

ဟင်..ဒါ..၊

မှောင်ရီပျိုးစမို့ သေချာမသဲကွဲပေမယ့် အမြဲတမ်းတိုက်ပုံအင်္ကျီအနက် ဝတ်ထားတတ်သည့်ပုံစံကို ရင်းနှီးနေသဖြင့် သေချာကြည့်လိုက်မိသည်။ ဘိုကေဆံပင်ပုံ ခပ်တိုတိုကို သေသပ်စွာ ဖြီးထားသည့်ခပ်ပြားပြားမျက်နှာနှင့်..၊

"ရွှေနေ..ရွှေနေ.."

"ဟင်..ဘယ်မှာလဲ.."

လတ်ရဲ့ဒေါ်သမျက်နှာက အားရဝမ်းသာကြီးချက်ချင်းဖြစ်သွားပြီး ဟိုဒီလိုက်ပတ်ရှာ၏။

"ဟိုရွှေနေလေသမီး..ကိုကြီးနဲ့ အနီးကပ်အတွဲဆုံးရွှေနေ၊ မာမီနာမည်မမှတ်မိတဲ့တစ်ယောက်.."

"ဘယ်မှာလဲလို့.."

"သွားပြီ.."

"ဟင်.."



www.burmeseclassic.com

www.burmeseclassic.com



"ခုန သမီးနဲ့ရန်ဖြစ်တဲ့မိန်းကလေးလေ..သူတို့နဲ့စကားပြောနေတာ အခုပါသွားပြီ"

"ဟာ..အဲ့ဒါချက်ချင်းပြောပါလားမာမီရာ.."

ကားထဲပြေးဝင်မလို တံခါးကိုတောင် ကိုင်ထားပြီးဖြစ်ကာ..၊

"ဘာဖြစ်ဖြစ် မာမီ့ကြောင့်ကျန်ခဲ့ရတာချည်းပဲ..တကယ်ဆိုးတယ်သိလား.."

"မာမီလည်း မှောင်ရိပ်သမ်းလာတော့ သေချာအောင်ကြည့်နေရလို့ပါ...ပြီးတော့ အဲ့ဒီကားနဲ့ပဲ တန်းပါသွားမယ်လည်း.."

"တောက်.."

လူကြီးကိုရှေ့မှာထားပြီး တက်ခေါက်ပြလိုက်တာ ရိုင်းစိုင်းစွာ၊ စကားတောင် မဆုံးလိုက်ဘဲ ဒေါ်စန္ဒာအံ့သြပ်မ်းနည်းသွားကာ..၊

"အားလုံးက ကိုကြီးဖြစ်စေချင်တဲ့အတိုင်း ကာကွယ်နေကြမှာပဲလတ်ရယ်..သူတို့နဲ့တွေ့ရင်လည်း ဘာမှထူးမလာနိုင်ဘူးထင်လို့ မာမီအားမရှိဖြစ်နေတာပါ.."

"မာမီအားရှိဖို့မလိုပါဘူး..မာမီ့အနေနဲ့ ကြိုးစားသင့်တာတွေမို့လို့ မာမီ့ကိုရပ်တည်စေချင်တာ၊ ဘာလုပ်ရမယ်ဆိုတာ မာမီ့ထက် လတ်တို့ပိုသိတယ်.."

"ဘယ်လို.."

"အဲ့ဒီရှေ့နေတွေလည်း ငွေရလို့အနိုင်ခံနေတာပဲ..ငွေပေးနိုင်ရင် ဘာဖြစ်ဖြစ် အောင်မြင်တယ်၊ မာမီ့ရင်ထဲက တိုးမပေါက်နိုင်တဲ့အတွေးတွေ ခဏထားပြီး လတ်ပြောသလိုပဲလုပ်စမ်းပါမာမီရယ်..၊ မာမီတွေးလို့ ဘာမှအကြံကောင်းတွေ ထွက်မှာမဟုတ်ဘူး၊ အဲ့ဒါကိုနားလည်ပါတော့..တကယ်စိတ်ညစ်တယ်.."

လတ်က ကားထဲဝင်ထိုင်ပြီး ပြောလို့မပြီးနိုင်..၊

ထို့ပြင် ခံစားချက်တွေနဲ့နင့်နေသည့် ဒေါ်စန္ဒာ့ကို စိတ်မရှည်စွာကြည့်ရင်း..၊

"တံခါးမကျသေးဘူးမာမီ..ဘာတွေတွေးနေတာလဲ၊ မြန်မြန်လုပ်ပါ..ဒီတစ်ခါ လာမိရင် လူပါလိုက်ရတော့မှာ.."

ကားသည် ဒေါသမကင်းစွာ ဆောင့်ထွက်သွားခဲ့လျက်..၊

"အဲ့ဒီကောင်မနဲ့ရှေ့နေက ဘာအကြောင်းတွေရှိကြလို့ ပြောဆိုနေရတာလဲ..သူတို့က.."

ပြောနေရင်း တစ်စုံတစ်ခုကို တွေးမိသွားကာ..၊

"ဘဘအမွေပေးမယ့်လူက အဲ့တစ်ယောက်များ ဖြစ်နေမလားမသိဘူး.."



www.burmeseclassic.com

ww.burmeseclassic.com



ပြောနေရင်း ဒေါ်စန္ဒာ့ကို လှည့်ကြည့်သည်။

"ဟင်..အဲ့ဒါဖြစ်နိုင်လားမာမီ.."

"ဖြစ်နိုင်တယ်.."

တိုင်ပင်လာတော့လည်း နာကျင်မိတာတွေကို ဖုံးဖိပြီးပြန်ပြောရသည်။ ကိုယ့်မှာ ဒီမိသားစုတွေပဲ အသိုင်းအဝိုင်းရှိတော့တာမို့ တော်ရုံဆို ထားလိုက်တော့ဖို့ဆုံးဖြတ်ရင်း..၊

"ဒါပေမယ့် မာမီထင်တာက ကိုကြီးရဲ့သားရှိနေတယ်လို့.."

"ဒါနဲ့ မာမီတို့ပြောတော့.."

"ဘာမှတော့ မသေချာဘူး..ဒါပေမယ့် ကြားတာက သူ့သားကိုပေးမှာလို့လေ.."

"ဟုတ်တယ်..ဘဘက ငယ်ရွယ်တုန်းက အိမ်မှာသိပ်နေတာမဟုတ်ဘူးဆိုတော့ အပြင်မှာဇာတ်လမ်းတွေရှိမှာပဲ၊ သူတစ်ရွာတစ်ကျီဆောက်ခဲ့လို့ အခုအမွေပေးမယ့်ကိစ္စက တခြားကိုထွက်ပေါက်ဖြစ်လာတာပေါ့.."

"အင်း..ဒါပေမယ့်.."

အစ်ကိုဖြစ်သူကို တစ်ရွာတစ်ကျီဆောက်သည်လို့ ငယ်တဲ့သူကပြောလိုက်တော့ ရင်ထဲမှာမကောင်းနိုင်...၊ သို့သော်..၊

"မဖြစ်ဘူး..အဲ့ဒီကားကိုအမီလိုက်ရမယ်၊ ဘာကားလဲ မာမီမှတ်မိလိုက်လား.."

"ကားကတော့အနက်ပဲ..မက်ခ်တူးလေးထင်တယ်.."

"တက္ကစီက မက်ခ်တူးအနက်လား.."

"တက္ကစီမဟုတ်ဘူး..ဘာစာမှမတွေ့လိုက်ဘူး.."

ဒီလူတွေက ကိုယ်ပိုင်ကားနဲ့တဲ့လား...၊

ရန်တွေ့သွားသည့် သူမရဲ့ပုံစံကိုမြင်ယောင်လာကာ လတ်အသံတိတ်သွားမိသည်။ ပြီးတော့ ဟွန့်ခနဲမဲ့ကာ..၊

"ဘဘက ဘယ်လိုစိတ်ကူးတွေနဲ့ ဒီလိုမိန်းမမျိုးကို အမွေပေးဖို့စိတ်ကူးတာလဲ မသိဘူး.."

"ဘာမှလည်း သေချာမသိသေးဘဲနဲ့လတ်ရယ်.."

"အေးလေ..မသေချာဘူးဆိုတော့ အများကြီးဖြစ်နိုင်တာပဲ၊ ဘဘ ကိုယ်တိုင်က အစတည်းက ထင်သလိုနေလာတဲ့သူဥစ္စာ..."

"လူကြီးတွေကိုမစော်ဖက်နဲ့သမီး..သမီးဘဘက အနေတည်တယ်၊ သို့သန့်ဆန်



www.burmeseclassic.com

www.burmeseclassic.com



တယ်..သူ့အပြင်မှာပဲ အနေများတာက..”

“မာမီရယ်..သီးသန့်ဆန်တယ်ဆိုတာ ချစ်ဖို့ကောင်းတဲ့ကာရိုက်တာတစ်ခုပါ၊ ဘဘက သီးသန့်ဆန်တာမဟုတ်ဘူး..မောက်မာတာ၊ ဆွေမျိုးတွေထဲမှာ ငါအချမ်းသာဆုံးဆိုတဲ့ မာန်တက်ပြီး အားလုံးပေါ်မှာ..”

စကားမဆုံးသေးခင် ဖုန်းသံကြောင့် လတ်ကကောက်ယူလိုက်ကာ..၊

“ဟလို..”

“..............”

“ဟင်..ဘယ်လို ဖေဖေဘယ်လိုပြောလိုက်တာလဲ..”

“............ ............”

“ဟာ..အဲ့လိုလုပ်လို့ရမလား၊ မရပါဘူး..အဓိပ္ပါယ်မရှိ..”

“ဘာလဲသမီး..ဘာဖြစ်လို့လဲ၊ ကိုကြီးအခြေအနေ ဖောက်လာလို့လားဟင်..”

“မာမီက သူ့ကိုပူနေတယ်..ဟုတ်လား..”

လတ်က လှည့်အော်လိုက်သဖြင့် ဒေါ်စန္ဒာတွန့်ခနဲဖြစ်သွားသည်။ ကားကို ရပ်လို့ရသည့် လမ်းဘေးနေရာတစ်ခုမှာ ဖြစ်သလိုထိုးရပ်ပစ်လိုက်ကာ...၊

“အခု ရှေ့နေတွေက ရုံးအမိန့်နဲ့အိမ်ခါနေပြီတဲ့..”

“ဘယ်လို..”

“ဘဘက မာမီ့ကိုရော အဲ့မှာနေတဲ့လူတွေအကုန်လုံးကိုရော တစ်လအတွင်း ဆင်းပေးရမယ်လို့ ကြေညာလိုက်ပြီ..”

“ဘုရား..ဘုရား..”

“အခု မာမီဘာမှမပိုင်တော့ဘူးဆိုတာ သိပြီလား...ဘဘ ဘာကြောင့် မာန်တက်နေလဲဆိုတာ လတ်ကပြောတော့ မာမီနာတယ်၊ အဲ့ဒီလိုတွေ သူလုပ်ခွင့်ရှိနေလို့ မာန်တက်နေတာ..ဘဘအရမ်းရက်စက်တယ်၊ ဆွေမျိုးသံယောဇဉ်လေးတောင် မထောက်ဘူး.. ဖေဖေက ကုမ္ပဏီလုပ်ငန်းအတွက် အများကြီးအပင်ပန်းခံထားရတာ..”

လတ်ရဲ့စကားသံတွေ ရှိုက်သံပါလာခဲ့လျက် ခဏအတွင်းမှာပဲ ချုံးပွဲချငိုလေသည်။ ဒေါ်စန္ဒာ ငေးငိုင်ကြေကွဲနေဆဲ..၊

ဖ ဆ ဆ ဖ



www.burmeseclassic.com

ww.burmeseclassic.com



# အခန်း(၈)

ဝယ်တာတွေလည်း တော်တော်များနေပြီဖြစ်ကာ ပါလာသည့်ပိုက်ဆံတွေလည်း ခြေဘယ်နှစ်ချောင်းနဲ့ ခုန်ထွက်နေကြသည်မသိ။ အိတ်ကိုတစ်ခါစမ်းလိုက်တိုင်း ပိုပိုပြား နေပြီဖြစ်ကာ..၊

"မတော်သေးဘူးလားစကားရယ်..ခရီးလေး နှစ်ရက်သုံးရက်သွားမှာ မိသားစု လိုက် ကမ္ဘာလှည့်ခရီးထွက်ကြမှာကျနေတာပဲ.."

"အဟွန်း.."

စကားက ရယ်ကာ...၊

"ရပါပြီ..နည်းနည်းပဲ.."

နည်းနည်းပဲပြောနေရင်း ဒေါ်ယုမေဆွဲထားရတာတွေလည်း တစ်ပုံတစ်ပင်၊ သူမ လက်ထဲမှာလည်း တစ်နင့်တစ်ပိုး..၊

"ဒီဘာရန်းက ဘရန်းမှန်မမှန်တော့မသိဘူး..တစ်ခါတစ်ခါ သုံးနေကျနဲ့ ပိုးဝမတူ တော့ဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား..အစ်မတို့တော့ လုံးဝအတူမတင်ဘူးညီမလေး၊ ပြီးတော့ ကုမ္ပဏီတစ်ခုတည်းကိုပဲ ကိုယ်စားလှယ်ယူထားတာ၊ စိတ်ချသုံးပါ..ကတ်စတန်မာဆီက အကြံပြုချက်ကိုလည်း ကုမ္ပဏီကိုအကြောင်းကြားပေးပါ့မယ်၊ နောက်ထပ်ဖြစ်ရင် ပြောပါနော်.."

cosmetic ပစ္စည်းတွေချည်းပဲ ဘယ်လောက်တောင်ရှင်းနေရပြီလဲ...၊

ဒေါ်ယုမေ ရှေ့တိုးကြည့်မိသည်။ ပိုက်ဆံကမ်းပေးလိုက်တာကို လိုက်ကြည့်မိတော့ တံတွေးတောင်မျိုချမိ၏။ ဘယ်နှစ်အုပ်တောင် ပေးလိုက်တာလဲ၊ ရှိတာလေးတော့ ကုန်ပါပြီ မယ်စကားချို...၊

ပစ္စည်းမသန့်ဘူးပြောနေလို့ မဝယ်တော့ဘူးထင်ခဲ့သည်။ အရောင်းဝန်ထမ်း မိန်းကလေးတွေကလည်း အပြောကောင်းလိုက်ပါဘိ...၊

"အား..လက်တွေနာလိုက်တာ.."

"ဘယ်လို..ဘယ်လို.."

"အဟွန်း.."

ဒေါ်ဒေါ်ပြောတော့မည်ဆိုတာ သိလိုက်သဖြင့် စကားရှုံ့မဲ့မဲ့လေးရယ်သည်။ ကိုင်ထားတာချင်း ယှဉ်လိုက်တော့ ဒေါ်ဒေါ့်လက်ထဲမှာ ဝယ်သမျှတွေ စုပြုံခဲလျက် သူမကိုင်ထားတာ ဖိနပ်အိတ်နှစ်လုံးတည်းရယ်...၊

"ဒေါ်ဒေါ်ကလည်း...ဒါလေးပဲပေမယ့် စကား နာလို့ပေါ့.."

"နာမှာပေါ့..ဖိနပ်တစ်ရံတစ်ရံကလည်း ငါးပိဿာလောက်ရှိတာကိုး၊ အလကား လျှောက်ဝယ်နေတယ်..ခရီးသွားတာ ပေါ့ပေါ့ပါးပါးဝတ်ရတယ်၊ ဖိနပ်ပါးပါးလျားလျားစီးရတယ်..နယ်ကိုသွားမှာဆို ပိုဆိုး.."

"ဒေါ်ဒေါ်ကလည်း ပွစိပွစိနဲ့ဂယ်ပါပဲ.."

ပြောလိုက်တိုင်း 'ဂယ်ပါပဲ'က မပါမပြီး..၊

"နယ်ဖြစ်ဖြစ် တောဖြစ်ဖြစ် သူတို့ဒေသကို တွက်ပြီးပြင်ဆင်သွားစရာလား.. စကားက ရုပ်ရှင်သွားရိုက်မှာလည်း မဟုတ်ဘူး.."

"အောင်မလေး..ရုပ်ရှင်မင်းသမီးလည်း ညည်းလောက်မဆိုးပါဘူး စကားရယ်၊ အမွေကဘယ်လောက်ရမယ်မသိဘူး..ငါ့ပိုက်ဆံလေးတွေ ကုန်ပါပြီ.."

"အမွေဘယ်လောက်ရရ စကားကဒေါ်ဒေါ့်လက်ထဲအကုန်ထည့်မှာနော်..လိုတိုးပိုလျှော့ မရှိဘူး၊ မြင်ယောင်သေးတယ်..ရလာကာမှ ဒေါ်ဒေါ့်နှုတ်ခမ်းလေး ပြဲမလိုစိမခို



www.burmeseclassic.com

www.burmeseclassic.com



မနေတတ်မထိုင်တတ်နဲ့.."

သူမက မြင်ယောင်နေတုန်း ဒေါ်ယုမေနုတ်ခမ်းတွေ ပြောနေတဲ့အတိုင်း ဟိုမရောက် ဒီမရောက် ပွင့်တော့မလိုပိတ်တော့မလို ဖြစ်နေခဲ့လျက်..၊

"တယ်..ဒီကောင်မလေး.."

ကယောင်ကတမ်းတွေဖြစ်သွားခဲ့ပြီး စကားကို ရိုက်မလိုလက်ရွယ်ရင်း ရယ်လည်း ရယ်နေကာ...၊

"တော်တော်အပြောကောင်းတယ်ဟုတ်လား..ကိုယ့်စရိတ်အတွက်ပဲ လောက်ငအောင်ရှာပါဦး၊ ကျုပ်အိတ်ထဲကမစိုက်ရရင်ပဲ ကျေးဇူးတင်လှပြီ.."

"အပိုတွေအဲ့ဒါ.."

"ဘာရယ်.."

"ခုန ပေးမယ်ပြောလိုက်တုန်းက မျက်လုံးထဲမှာ မီးစုံထလင်းသွားတာ ဒီက အတိအကျမြင်တယ်..မညာကြေး.."

"ဒါကတော့..ရှင်လေးလိမ္မာရင်.."

"ဟားဟားဟား..ပြီးတော့လည်း ဒါပဲကို..ဂယ်ပါပဲ.."

ရှက်ပြုံးကြီးပြုံးနေသည့် ဒေါ်ယုမေခါးကိုဖက်ထားရင်း ကားပါကင်ကိုရောက်လာခဲ့ကြ၏။

"ဦးမလာသေးဘူး တွေ့လား..စကားပြောသားပဲ၊ ဒီလောက်လေးနဲ့ ရောက်မနေနိုင်ပါဘူးဆိုတာ..၊ လာ..အထဲမှာတစ်ပတ်ပြန်ပတ်ပြီး စောင့်ရအောင်.."

"အမလေး..မလုပ်ပါနဲ့ မလုပ်ပါနဲ့၊ တော်ပါတော့မင်းသမီးရယ်..ဒီမှာ အိတ်ကိုကြည့်ပါဦး.."

"ဘာဖြစ်လို့လဲ..မဝယ်တော့ပါဘူး၊ ဒီတိုင်းပတ်နေလည်းရတယ်..ထိုင်နေလို့လည်းရတယ်၊ ဒီမှာပျင်းစရာကြီး.."

"မပျင်းဘူးရတယ်..ရှင့်ကိုကြောက်လွန်းလို့.."

"တွေ့လား..ပိုက်ဆံမရှိတော့ဘူးဆိုပြီး.."

"ဟင်.."

"ရှိသေးလို့ စကားသုံးမှာကြောက်နေတာ..၊ ပြ..ဘယ်မှာကုန်တာလဲ.."

"ဩော်..ကုန်ပါပြီဆိုမှ.."



www.burmeseclassic.com

www.burmeseclassic.com



"အာ့ဆိုပြလေ.."

စကားက ပိုက်ဆံအိတ်ကိုဆွဲယူသည်။ ဒေါ်ယုမေက ပြန်လု၏။

"ဒေါ်ဒေါ်ညာတာ တွေ့လား"

"ညာစရာလား..ညည်း နှုတ်ခမ်းနီဘူးတစ်ဘူးဖိုးတောင် ရှိမှာမဟုတ်တော့ဘူး.."

"ဟယ်..ခုမှသတိရတယ်၊ နှုတ်ခမ်းနီတစ်ရောင် ဝယ်ဖို့ကျန်သေးတာ..ပြ..ပြ.. ဘယ်လောက်ကျန်သေးလဲ.."

"သေပါတော့နော်..ငါ့နယ်.."

ပိုက်ဆံအိတ်ကို ယူဖွင့်လိုက်ပြီး စကား နှစ်ချက်လောက်မြှောက်ကြွသွားကာ..၊

"ပွတာပဲ..အများကြီးကျန်သေးတယ်၊ ဒါဆို အေးဆေးဝင်ပတ်လို့ရသေးတယ်.. လာပါ ဒေါ်ဒေါ်ကလည်း.."

ဆွဲခေါ်တော့လည်း ပါလာခဲ့ရကာ..၊

"လုပ်ပါအေ..ညည်းမှမဖြုန်းရင် ကုန်မှာမဟုတ်တော့.."

"ဒေါ်ဒေါ်ကလည်း ဝယ်ပါပဲ..စကားကချစ်လို့စတာပါ၊ ဘာမှထပ်မဝယ်တော့ဘူး အထဲမှာတစ်ခုခုဝင်စားရင်း ဦးကိုစောင့်မယ်လို့ပဲ စိတ်ကူးထားတာ.."

"တကယ်ဟုတ်ရဲ့လား" ဆိုသည့် မျက်လုံးတွေနှင့် ဒေါ်ယုမေ ကြည့်နေဆဲပင်၊ ပြန်ဝင်ခဲ့တော့လည်း လှမ်းမြင်နေရသည့်ဆိုင်တွေမှာ မထိုင်...၊

"ဟိုမှာ ကြက်ကြော်နဲ့ထမင်းဆီဆမ်းနဲ့မှ ထောင့်ငါးရာတဲ့..ဘယ်ကိုသွားမလို့တုံး"

"အဲ့ဆိုင်မှာလူတွေကြပ်နေတာ မမြင်ဘူးလား..လူတိုင်းစားနိုင်တဲ့ဈေးနဲ့ဆိုတော့ စားနေကြတာ လူပေါင်းစုံပဲ၊ စကား အဲ့လိုဆိုင်မှာမစားဘူး.."

"ဘာလို့လဲ စကားရယ်..ငါတို့ကရော ဘယ်လိုလူတွေမို့လို့လဲ.."

"ဘယ်လိုလူဖြစ်ဖြစ်..လူတွေနဲ့တိုးကြိတ်ဝယ်ရတာ တိုးကြိတ်စားသောက်ရတာ ဘယ်လောက်စိတ်ပျက်ဖို့ကောင်းလဲ.."

"ဒါဆို ဟိုဆိုင်လေးရော..လူလည်းရှင်းတယ်လေ.."

"တစ်ယောက်မှကိုမရှိတဲ့ဟာ မကောင်းလို့ပေါ့ဒေါ်ဒေါ်ရဲ့..၊ အဲ့ဆိုင်က ဝိတ်တာတွေ ဆက်ဆံရေးကျဲတယ်..ဈေးကြီးပြီး မကောင်းဘူး.."

ဖြတ်ကျော်သွားတာ တစ်ဆိုင်ပြီးတစ်ဆိုင်၊ နောက်ဆုံး အပေါ်ထပ်ပြန်တက်ခဲ့ပြီး အမေရိကန်ထမင်းကြော်တစ်ပွဲနဲ့ ကြင်ပေါင်းခေါက်ဆွဲတစ်ပွဲရယ်၊ ဂျူစ်နှစ်ခွက်ရယ် တစ်



www.burmeseclassic.com

www.burmeseclassic.com



သောင်းနှစ်ထောင် ရှင်းရလေသည်။

"ကဲ..မကောင်းဘူးလားပြော.."

"ကောင်းတော့ကောင်းပါတယ်..ငါဖြင့် မျိုမကျလိုက်တာအေ၊ ပန်းကန်ပေါ်မှာ အရောင်စုံအောင် လှတပတလေးတွေ လှီးခြမ်းတင်ပြီး..ခုနှစ်ထောင် ရှစ်ထောင်တောင်းနေတာ အံ့သြပါဘိ.."

"ကဲပါ..စားကောင်းတာလေးပဲတွေးပြီး အရသာခံစားပါ ဂယ်ပါပဲ..၊ စကားက ဒေါ်ဒေါ်ရယ်၊ ဦးရယ် သုံးယောက်ဆုံပြီး အဲ့လိုစားကောင်းတဲ့ဆိုင်တွေမှာ ခုလိုပရိုက်ဗိတ်ဆန်ဆန် အေးအေးဆေးဆေးလေး စားသောက်ဖို့စိတ်ကူးနေတာ ကြာပေါ့..အမွေတွေရမှ ထင်တိုင်းဝယ်ပြီးစားချင်တာစားပစ်လိုက်မယ်.."

"ကဲ..သွားမယ်လေ.."

"နေပါဦးဒေါ်ဒေါ်ကလည်း..ဦးကိုမက်ဆေ့ချ်ပို့ထားတယ်၊ ရောက်ရင် ဖုန်းဆက်လို့..ဦးမှမလာသေးတာ.."

စားသောက်ပွဲတွေသိမ်းသွားပြီမို့လို့ ဒေါ်ယုမေကပြန်ဖို့ဖင်တကြွကြွ ဖြစ်နေလျက်၊

"ငါပြောတယ်..ကားကိုတက္ကစီလုပ်ပစ်ပြီး အေးဆေးမောင်းပါလို့.."

အရင်တက္ကစီဆွဲနေတုန်းက အဖြူရောင်ဗန်လေးနဲ့ပါ၊ ဒီကားလေးနဲ့ ကားချင်းချိန်းလိုက်ပြီးမှ တူမဖြစ်သူက တက္ကစီမလုပ်ပါနဲ့လို့ တစ်ခါပဲပြောရသည်။ ဒီနေ့ထိ တက္ကစီလုပ်မယ့်အကြောင်း မပြောတော့ပေ..။

ဒါပေမယ့် တစ်ဦးတစ်ယောက်တည်းကို ရက်ချုပ်လချုပ်နဲ့ ငှားထားတာတွေကြောင့် ကားတော့အလုမပျက်ပေမယ့် ခုလိုမိသားစုအရေးကိစ္စတွေအတွက် ဒီကားကို အသုံးပြုခွင့်တွေ ဆုံးရှုံးလာခဲ့ရ၏။

သူများအသုံးမပြုသည့်အချိန်မှသာ မိသားစုဆီပြေးလာလို့ရကာ..၊

"အခုလိုခရီးသွားလာဖို့ဖြစ်လာတော့ အိမ်သားတွေပဲဒုက္ခများရတာ.."

ဟု ဒေါ်ယုမေက ဆက်လက်ညည်းတွား၏။

"စဉ်းစားကြည့်ဦးလေ..ညည်းတစ်ယောက်တည်း ခရီးသွားဖို့ဖြစ်ပါ့မလား.."

"ဖြစ်ပါတယ်ဆို ဒေါ်ဒေါ်ကလည်း.."

"ဟိုရောက်သွားတဲ့အထိတော့ နင့်ဦးလေးကိုလိုက်ပို့ပေးစေချင်တာ.."

"ကားချည်းပဲ သူများလက်ထဲထည့်ပေးထားလို့လည်း ဖြစ်မှမဖြစ်တော့ထားလိုက်



www.burmeseclassic.com

ww.burmeseclassic.com


ပါတော့..နောက်ပြီး ဟိုရောက်ရင်စကားလိုပဲ တစ်ယောက်ရှိနေမှာပဲ.."

"အဲ့ဒါကလည်း ယောကျ်ားလေးလို့ပြောတယ်လေ..ဟိုမှာနေမှုထိုင်မှုအတွက် သူတို့ဘယ်လိုစီစဉ်ပေးမှာလဲ မသိဘဲနဲ့..ပြောတာတခြား လုပ်တော့တစ်မျိုးဆို လူကြီးတွေကွယ်ရာမှာ ညည်းဒုက္ခရောက်မှာ.."

"စကားက ကလေးမှမဟုတ်တာ..ရှေ့နေကြီးကိုယ်တိုင်ကလည်း အာမခံနေတာပဲ၊ အဟွန်း..စကားက အဲ့ဒါကိုပူတာမဟုတ်ဘူး.."

အကောင်းပြောနေတုန်း ပြုံးစိစိမျက်နှာလေးဖြစ်သွားလျက်..၊

"ဘာလဲ..ဘာကိုပူတာလဲ.."

"စကားနဲ့အမွေခွဲရမယ့်လူက အသက်ကြီးကြီးလား၊ ငယ်ငယ်လား..ရုပ်ကြမ်းကြမ်းကြီးလား၊ ချောချောလေးလား..နောက်ပြီး.."

"စကားရယ်..အခု မြေပုံအညွှန်းလေးယူပြီး ပြန်လာရုံပဲလေ၊ အဲ့ဒီ ကောင်လေးမင်းသားလေးလိုချောနေလည်း အဲ့ဒီမှာညည်းတို့ရင်းနှီးလောက်အောင် အကြာကြီးနေလို့မရဘူး..ငါစိတ်ပူတယ်.."

ဒေါ်ယုမေကပြောလေ စကားကရယ်နေလေ..၊

သူမကတော့ ချမ်းသာချင်နေတဲ့လူမို့ ဒီကိစ္စသိပြီးတည်းက နေ့နေ့ညည ဒါကိုပဲတွေးနေခဲ့တာပါ၊ ဗေဒင်တွေကလည်း ဒီနှစ်ထဲမှာအိမ်ထောင်ကျမည်။ ကြီးပွားချမ်းသာမည်လို့ ဟောထား၏။

ဟိုးငယ်ငယ်တည်းက "ငါကချမ်းသာရမည့်ကံနဲ့ မွေးလာခဲ့တာ"လို့ စကားက ကြွေးကြော်ခဲ့တာဖြစ်သည်။

"ခုတော့ နင်ထင်သလိုဝတ်စားနေရတာပဲဟယ်..ဆင်းရဲတာကျနေတာပဲ"လို့ သူငယ်ချင်းတွေက ပြောလာတိုင်း..၊

"ပြည့်စုံရုံပဲရှိသေးတာဟ..ပြည့်စုံရုံလောက်နဲ့ မပြီးနိုင်ဘူး၊ ငါက ကျိုကျိုတက် ချမ်းသာမယ့်သူ.."လို့ သူမပြန်ပြောခဲ့သည်။

ထို့ကြောင့် လှနေသည့်ကိုယ့်ကိုယ်ကို ပိုလှအောင်ပြင်သည်။ စမတ်ကျကျနေထိုင်တတ်ဖို့ ကြိုးစားခဲ့သည်။ အတော်သင့်ပြည့်စုံရုံလောက်နဲ့တော့ ဘုံးဘုံးလဲသေလောက်အောင် ချောနေတဲ့ယောကျ်ားဖြစ်ပါစေ စကားတို့က တစ်ချက်မှဂရုမစိုက်ခဲ့ပေ..၊

"ငါ့ဘဝအတွက် ငါဆုံးဖြတ်မည်"


www.burmeseclassic.com

www.burmeseclassic.com



"ငါဖြစ်ချင်တာ ဖြစ်ကိုဖြစ်ရမည်"

စာသဖြင့်သော ကပ်စာတွေလည်း နံရံတွေမှာအပြည့်။ ဘာဖြစ်ချင်တာလဲဆိုတာကိုတော့ ရင်ထဲမှာပဲဝှက်ထားခဲ့၏။ ဆင်းရဲခြင်းကို သူမမုန်းသည်။ ဆင်းရဲခြင်းနှင့် သိပ်မခြားနားသော ပြည့်စုံသည့်ဘဝမှာလည်း ရောင့်ရဲလို့မရ။

ကြွယ်ဝချမ်းသာသည့် သီးသန့်အလွှာတစ်ဖက်မှာ သူမ ရှိချင်သည်။ ရှိဖို့လည်း နေ့စဉ်တွေးနေမိခဲ့၏။ ဒီနေ့ သူမရလာတဲ့ အခွင့်အရေးက ကိုယ်လိုချင်ခဲ့တဲ့ ဘဝတစ်ခုလုံးလား။ တစ်ချို့တစ်ဝက်လား..।

အဖြေကတော့ ပြေးကြည့်မှပဲ သိရမှာပါ..။

ၸ ၿ ၶ ၷ



www.burmeseclassic.com

ww.burmeseclassic.com



# အခန်း(၉)

"ဒီအိတ်လေးက ဘာတွေလဲ.."

"မုန့်တွေနဲ့ ရေဘူးနဲ့ အအေးဘူးတွေ.."

"ဒီအိတ်အဖြူကရော.."

"မျက်နှာသုတ်ပဝါလေး..လမ်းမှာအလွယ်သုတ်လို့ရအောင်.."

"မဟုတ်သေးပါဘူး...ဒီထဲမှာ.."

"ဩော်..မျက်နှာသစ်ခရင်မ်ရယ်၊ ဒေးခရင်မ်ရယ်၊ နိုက်ခရင်မ်ရယ်၊ ဘော်ဒီလိုးရှင်းရယ်၊ ပြီးတော့.."

"တဲကွာ..ကလေးခရီးသွားခါနီးကို မင်းကလည်း အာရုံများနေပြန်ပြီ၊ သူ့အတွက်လိုအပ်တာတွေ သူသိပါတယ်.."

ကားဂိတ်ထဲမှာ လူတွေကျပ်နေသည်။ စကားက အပြင်မှာပဲနေမည် ပြောသဖြင့်ကားနားမှာပဲရပ်နေမိကြရင်း...၊

"နေဦး..ပစ္စည်းတွေတင်နေပြီထင်တယ် ငါသွားကြည့်လိုက်ဦးမယ်..၊ မင်းနဲ့သမီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆိုင်ဆိုင်မှာ ဝင်နေပါလား.."
"အေး..ကောင်းသား.."
"မကောင်းဘူး..မကောင်းဘူး၊ စကားဘယ်ဆိုင်မှမထိုင်ချင်ဘူး.."
"တွေ့လား..ရှင့်သမီး.."
ဦးထွန်းထွန်းက စားသောက်ဆိုင်တွေဘက်ကိုတစ်ချက်လှမ်းကြည့်ပြီးမှ သက်ပြင်းချကာ..၊
"မစားချင်လည်း စားရတယ်သမီး..ခရီးသွားတယ်ဆိုတာ ဗိုက်ဝအောင်လည်းစားရတယ်၊ ကျန်းမာရေးအပေါ့အပါးအလေးအပင်လည်း ပြီးအောင်လုပ်ထားရတယ်.."
"ကျွန်မအဲ့ဒါပြောတာပေါ့..စားသောက်ဆိုင်ဆိုလည်း စိတ်တိုင်းမကျ အပေါ့အပါးသွားပါလားဆိုလည်း အိမ်သာကဘာဖြစ်လို့ ညာဖြစ်လို့..ညည်းကြောင့်တော့ ခက်ပါတယ် စကားရယ်၊ ခရီးဝေးလွှတ်ရတာ စိတ်မဖြောင့်လိုက်တာအေ.."
"ဖြောင့်ဖြောင့်နေပါဒေါ်ဒေါ်ရယ်..ဂယ်ပါပဲ၊ ဒီကလည်း သွားချင်လွန်းလို့လား..ကိုယ့်ရဲ့ရေ့ရေးနောက်ရေးအလယ်ရေးတွေသာမဟုတ်ရင် ခရီးသွားရတာ အသားအရေတွေ ဘယ်လောက်ပျက်စီးတယ်မှတ်လို့လဲ.."
လှုရှပ်ရှပ်ထဲမှာ ပန်းနရောင်အနားစပ်ပန်းလေးတွေပါသော စကပ်ရှည်အဖြူပွပွလေးနှင့် အင်္ကျီက အဖြူရောင်ဆွဲသားလက်ရှည် ခါးကျလေးက အဖြူတွေချည်းမို့ ထင်းနေသည်။
အမြဲတမ်းဖြန့်ချထားသည့်ဆံပင်တွေက ပွယောင်းနေတာလည်းမဟုတ်၊ ကပ်နေတာလည်းမဟုတ်၊ ဒီဆံပင်တွေက နဂိုကောက်တွေမို့ အမြဲတမ်းလှိုင်းထနေပေမယ့် ဆံပင်အရောင်ကတော့ လိမ္မော်ရောင်နနဖြစ်သွားလိုက် ကော်ဖီရောင်ဖြစ်လိုက်...၊
တစ်ခါတလေ ဟိုက်လိုက်ဖောက်ထားတာ စိမ်းပြာရောင်၊ ဆံပင်ကို ဖြတ်ခွင့်ပေးခဲ့ပေမယ့် လှအောင်ခြယ်မှုန်းနေတာကိုတော့ ဒေါ်ယုမေတို့မတားခဲ့ကြပါ..၊
"ခဏလေး..စကားပန်းသီးသွားဝယ်လိုက်ဦးမယ်.."
"မဝယ်နဲ့..ဦးဝယ်ပေးမယ်.."
"ဟာ..ပန်းသီးလည်းမရွေးတတ်ဘဲနဲ့၊ ဦးမဝယ်ပါနဲ့.."
ဦးထွန်းထွန်း လက်ခံမလိုတစ်ချက်တွေသွားပြီးမှ..၊
"မရဘူး..ငါပဲဝယ်မယ်.."

www.burmeseclassic.com

www.burmeseclassic.com


"ကဲ..ကိုထွန်းရယ်၊ သူ့ဟာသူဝယ်ခြမ်းရမှ အားရတာကို ဝယ်ပါစေ.."

"မင်းဘာသိလို့လဲ..ဈေးသည်ရှေ့ရောက်သွားရင် ဘေးကဝယ်သူကို ပြဿနာရှာ၊ ဈေးသည်နဲ့အဆင်မပြေနဲ့.."

"အယ်..မဟုတ်ဘဲနဲ့ ဦးနော်၊ တစ်ခါတစ်လေဖြစ်တာကို.."

"အေး..အခုဖြစ်ရင် ညည်းဘာမှမဝယ်ရဘဲနဲ့ ကားပေါ်ရောက်သွားလိမ့်မယ်.."

ဦးထွန်းထွန်းထွက်သွားတော့ စကားရှို့မဲ့ကျန်ရစ်၏။ ဒေါ်ယုမေကတော့ အုတ်ခုံပေါ်မှာတင်ထားသည့် စကားရဲ့အိတ်သေးသေးလေးတွေကိုပဲ ငုံ့ကြည့်နေမိကာ..၊

"ဒီအိတ်တွေ သုံးလေးလုံးတောင် တာဝန်ကြီးလိုက်တာသမီးရယ်.. မျက်နှာသစ်ဆပ်ပြာလေး ပဝါလေးပဲ အနားမှာထားပါလား၊ ကျန်တာတွေတစ်အိတ်တည်းစုထည့်ပြီး တန်ဆာအပ်လိုက်ရင် ပြီးတာပဲ.."

"ဟာ..မရဘူး၊ ဒါတွေက စကားနဲ့ဝေးဝေးထားလို့ မရတာတွေချည်းပဲ.."

"မဟုတ်ဘူးလေ..ဒါကြီးကတော့.."

"ဒါကြီးမဟုတ်ဘူးဒေါ်ဒေါ်ရဲ့..အဲ့ဒါက လေကြမ်းကြမ်းတိုးရင်လိမ်းဖို့၊ နေရောင်ထိရင်လိမ်းဖို့..အဲ့ဒါကြောင့် အနားမှာပဲထားရမှာ.."

"ဒီအိတ်ထဲက မုန့်ပဲသွားရည်စာတွေကတော့ ထားပါတော့..ဒါပေမယ့် တစ်ရှူးထုတ်ကြီးက နစ်လိပ်တောင်.."

"အဲ့ဒါကအနစား အကောင်းစားတစ်ရှူးလေ..သွားရင်းလာရင်း စားရမှာဆိုတော့ ဆိုင်တိုင်းပဲတစ်ရှူးကောင်းကောင်းချပေးတာမှမဟုတ်တာ၊ တစ်ထုတ်တစ်ရာတန်လေးလည်း မသုံးချင်လို့.."

"စကားချိုရယ်..ညည်းတော့.."

"မမေးတော့နဲ့ဒေါ်ဒေါ်ရာ..ဂယ်ပါပဲ၊ မေးပြီး သူများကိုပဲကဲ့ရဲ့နေတာ.."

"ဟုတ်တယ်..ဒီမှာကဲ့ရဲ့ဖို့ကျန်သေးတယ်၊ ဒီအိတ်က ဖိနပ်အိတ်ကြီးလား.. အထဲမှာ ဘူးတွေနဲ့.."

"နစ်ရံတည်းပါ.."

"ကားပေါ်ကဆင်း ဟိုရောက်မှာကို.."

"မရောက်ခင်ဒီကားက ခဏခဏရပ်မှာလေ..ကိုယ်ဆင်းရမယ့်နေရာဒေသကို ကြကဲခတ်ပြီး အဆင်ပြေမယ့်ဖိနပ် ထုတ်စီးရမှာ.."


www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးဟဲ့..မိစကားချိုရယ်"လို့ပဲ သက်ပြင်းရှည်ကြီးချပြီး အော်ချင်တော့သည်။ ဒါပေမယ့်စိတ်က ချက်ချင်းပဲသတိရသွားကာ...၊

"ညည်းသောက်နေကျဆေးတွေ ပါရဲ့လား.."

"ဆေးထုပ်.."

"ကြည့်စမ်း..အရေးကြီးတာကျတော့ စဉ်းစားနေရတယ်ဟုတ်လား၊ ပါရောပါရဲ့လား..ငါ ညည်းကို အရင်ဆုံး အိတ်ကြီးပေါ်မှာ တင်ပေးထားတယ်လေ..ဒါအရင်ထည့်ထားဆိုပြီး.."

"အင်း..ဒါဆိုထည့်လိုက်ပြီနေမှာပါ.."

"ဘာ..မသေချာဘူးဟုတ်လား.."

ဆေးပါမပါမသေချာခြင်းသည် ဦးထွန်းထွန်းပြန်ရောက်လာတော့ ပို၍ကြီးကျယ်ပြန်ကားသွားခဲ့လျက်..၊

"ကားထွက်ဖို့က နာရီဝက်လောက်လိုသေးတယ်ထင်တယ်..ငါဂိတ်မှူးကို သွားပြောလိုက်မယ်.."

"ရှင်ပြန်ယူမလို့လား..မမီဘူးထင်တယ်နော်.."

"ဘာလုပ်မလို့လဲဦး..မလိုပါဘူး၊ စကားက ရောဂါသည်ကြီးလည်းမဟုတ်ဘဲနဲ့..တစ်ခါတစ်လေပဲ အောင့်တတ်တာကို.."

"အဲ့ဒီတစ်ခါတစ်လေက တစ်ယောက်တည်း ဆေးမလွယ်တဲ့နေရာဖြစ်နေရင် ဘယ်လိုလုပ်မလဲ.."

ထိုအချိန်လေးမှာပဲ ကားပေါ်ကိုခရီးသည်တွေ တင်နေပြီဖြစ်ကာ..၊

"စကားရေ..သမီး လမ်းမှာအစပ်တွေ အချဉ်တွေဝယ်မစားနဲ့နော်၊ ပေါင်မုန့်ကြော်လေး နို့လေးပဲသောက် သိလား.."

"သမီး ရေတွေသိပ်မသောက်နဲ့..အပေါ့အပါးသွားချင်ရင် လွယ်တာမဟုတ်ဘူး.."

"အို..ဘာလို့မလွယ်ရမှာလဲ၊ သမီး အဲ့လိုဖြစ်လာရင် ကားရပ်ခိုင်းနော် သိလား.."

"ဟုတ်ကဲ့ပါ..ကားမှာလည်း တွိုင်းလက်ပါတယ်လို့ပြောတာပဲ.."

"အမလေး..ပါတယ်ပြောတာပဲ၊ ဘယ်သူမှလည်းမသွားပါဘူး..သွားလည်း မသွားရဲကြပါဘူး၊ ရေလျှော့သောက်..အဲ့ရုံကွန်းအရမ်းမအေးစေနဲ့၊ အဲ့ဒါလည်း မကောင်းဘူး.."

"ဟုတ်ကဲ့ပါ.."



www.burmeseclassic.com

www.burmeseclassic.com



ကားကိုကြည့်ပြီး စကားကိုမတက်နိုင်းသေးဘဲ မှာနေကြတာ မပြီးတော့ပေ..၊

"ဟို ညီမကာဒီကားနဲ့လိုက်မှာလား..ကားပေါ်တက်ပါ.."

"လိုက်မှာ..လိုက်မှာ ဒါပေမယ့် နေပါဦးသားရယ်၊ မင်းတို့ကားကြီးက ပြတင်းပေါက်မှန်တွေလည်း ဖွင့်လို့မရဘဲနဲ့..မှာချင်တာလေးတွေ မှာရဦးမှာ.."

"လမ်းမှာအကင်တွေ အချဉ်ရည်တွေ ဘာမှမစားမိစေနဲ့.."

"အိမ်သာတွေဘာတွေသွားရင် မိန်းမဖော်မပါဘဲမသွားနဲ့နော်..ကိုယ့်နားကလူနဲ့ မိတ်ဖွဲ့ထား.."

"သမီး အိမ်မှာလိုမနေနဲ့နော်..လမ်းမှာအိပ်မပျော်ရင် ဖုန်းဆက်၊ ဟိုရောက်တာနဲ့ဆက်.."

စသဖြင့်သော စကားတွေမှာနေရင်း ကားကြီးသိမ့်ခနဲခါသွားပြီး ထွက်ဖို့ပြင်နေမှ စကားတက်ခွင့်ရလေသည်။ သူမရဲ့ထိုင်ခုံကလည်း ယာဉ်မောင်းရဲ့ကပ်လျက်မှာ 1AB မို့ အလွယ်တကူ တက်ထိုင်လိုက်ရုံပဲဖြစ်ကာ..၊

"ဒေါ်ဒေါ်ပြန်တော့လေ.."

အောက်ကနေခြေဖျားထောက်လက်ပြနေကြသဖြင့် ပြန်ဖို့ပြောရင်း စကား မျက်ရည်ကျလာခဲ့၏။ ဒေါ်ယုမေလည်း မျက်ရည်သုတ်နေတာ မြင်နေရလျက်..၊

"ဂျိမ်း.."

အတက်အဆင်းတံခါးပိတ်လိုက်ကာမှ...၊

ဖ ဿ ဿ ဖ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၀)

ကားရပ်သွားတာသိပေမယ့် မျက်လုံးဖွင့်မကြည့်ဘဲ နေလိုက်မိသည်။ စကားပြော သံတွေ ဒရိုင်ဘာနဲ့ယာဉ်မောင်းတွေ ဆင်းကြတက်ကြသံတွေ ကြား နေရပြီး သိပ်မကြာ..၊

"ကြည့်ဗျာ..အစ်မကြီးဘယ်လိုထိုင်မလဲ၊ ကျွန်တော်တို့ကားတွေက ကြားခုံထိုးပြီး လူတင်တဲ့ကားတွေမဟုတ်ဘူး.."

"ဒါဆိုလည်းရပါတယ်ငါ့မောင်ရယ်..အစ်မဒီတိုင်းပဲ ထိုင်လိုက်ပါ့မယ်.."

"လူသွားလမ်းကြီးမှာဗျာ.."

"ရပါတယ်..အစ်မခင်ပွန်း ဆေးရုံတင်ထားရတယ်ဆိုလို့ပါ၊ ဘယ်လိုမှ မဖြစ်လို့ပါ လိုက်ပါရစေနော်.."

ကားထဲမှာ လူအပြည့်ခုံအပြည့်ဖြစ်နေကာ တစ်ယောက်တည်း နှစ်ခုံယူထားတာ စကားပဲရှိသည်။ အနားမှာကပ်ပြောနေကြတာမို့ စကား မျက်လုံးဖွင့်ကြည့်လိုက်မိ၏။ ထိုအချိန်မှာပဲ အနီးအနားကမျက်လုံးတွေ သူမနဲ့ခုံကို ကြည့်နေကြတာနှင့် ပက်ပင်း တိုးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီခုံကလူမလာဘူးမို့လား..မိန်းကလေးကကိုယ်ဝန်အရင့်အမာနဲ့ကွယ်..လူမလာခင်တော့ ထိုင်နိုင်းလိုက်ပါ.."

ကိုယ့်ခုံကိုပြောတာလား..၊

ကျောနောက်က အသံကြောင့်စကားမျက်ခုံတန်းလေးတွေ ပင့်တက်သွားသည်။ အားလုံး၏အကြည့်တွေ ဘေးကအိတ်တွေချထားသည့် ခုံနေရာဆီ ရောက်လာကြလျှင်..၊

"ဒါစကား..ကျွန်မဝယ်ထားတဲ့ခုံပါ၊ လူမလာတဲ့ခုံမဟုတ်ဘူး.."

"ဟုတ်တယ်..ဒီအစ်မက နှစ်လုံးတွဲယူထားတာ.."

"သြော်ကွယ်..ဘာပဲဖြစ်ဖြစ် ခမျာဒုက္ခရောက်နေရှာတာ.."

"အေးလေ..ကိုယ်ဝန်နဲ့စေလစေ့ကြီးနဲ့ သနားပါတယ်..လှေကားထစ်ကြီးမှာ.."

ကိုယ်ဝန်သည်အမျိုးသမီးက မလိုက်ရမှာစိုးပြီး ကားခအတင်းလိုက်ပေး၏။ လူကဝရတဲ့အထဲ ဗိုက်ကကော့လန်နေအောင် ပူနေသည်။ အသားဖြူပေမယ့် မျက်နှာမှာ အဖုအပိန့်တွေလည်းရှိကာ ပါးပြင်တွေက ရဲတွတ်နေ၏။

အဆီပြန်နေတာ ဆီလူးထားသလားထင်ရလျက် မျက်နှာသာမကဘဲ လည်ပင်းကနေ လက်မောင်းလက်ဖျံတွေအကုန်၊ ကားကပြန်လည်ထွက်ခွာပြီဖြစ်ကာ ကိုယ်ဝန်သည်အမျိုးသမီးက ကြမ်းခင်းပေါ်မှာထိုင်လျက် ဒုတိယခြေနင်းခုံမှာ ခြေချထား၏။

စကား ဟိုလူတွေ မဆီမဆိုင်ဝင်ပြောကြသဖြင့် တမင်တကာဂရုမစိုက်သလိုနေခဲ့တာဖြစ်သည်။ တကယ်တန်းကျတော့ ကိုယ့်ဘေးနားမှာ ကိုယ့်ထက်လည်း အသက်ကြီးသော ကိုယ်ဝန်ဆောင်တစ်ယောက် ခုလိုထိုင်နေသည့်အတွက် ဘယ်လိုမှ ဥပေက္ခာထားကြည့်လို့မရဘဲဖြစ်နေ၏။

ခုံပေါ်ခေါ်တင်ရမှာလည်း သူမတစ်ကိုယ်လုံး အဆီတပြန်ပြန်တွေကို ငုံ့ကြည့်ပြီး ခေါင်းခါမိ၏။ ရှိုးရှိုးရှန်သားအဝါရောင် လက်ပြတ်လေးနှင့် ပါတိတ်ခပ်လတ်လတ်ကို တ်ထားသည့်ပုံပန်းအရ ကိုယ်နှုပြင်းမှာလည်း သေချာနေရာ..၊

မှားပြီ..၊

"ဒီခရီးကို ကားနဲ့ထွက်ခဲ့မိတာကိုက မှားခဲ့တာ" ဟုစိတ်ထဲမှာ ရေရွတ်နေမိ၏။ တိုင်းနေကြည့်ဖို့ မျက်လုံးပြန်မှိတ်လိုက်သည်။ ဘယ်လိုမှမရဘဲ ပြန်ဖွင့်လိုက်မိသည်။

ထို့ကြောင့် ဆုံးဖြတ်ချက်ချလိုက်ကာ ဂျာကင်တစ်ထည် ထပ်ဝတ်လိုက်သည်။ းတော့ ဒီခုံမှာ သူမ မထိုင်ခင် လူမသိအောင် လုပ်ခဲ့သည့်အတိုင်း ကိုယ့်ရဲ့လက်တစ်ဖက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လွတ်သွားတော့မည့် ခုံနေရာဘက်ကို ပိုသတ်ဆေးဘူးလေးထုတ်ယူပြီး အသံမထွက် လူမသိအောင် ဖျန်းလိုက်သည်။

ဆေးက ရေမွှေးနံ့လေးပဲမို့ ရုတ်တရက် လူသတိထားမိမှာမဟုတ်၊ ပြီးမှ..၊

"ဒီမှာအစ်မ.."

"ဟင်.."

"လာ..ဒီမှာလာထိုင်လေ.."

"ဟင်..ထိုင်ရမှာလား၊ ကျေးဇူးတင်လိုက်တာညီမလေးရယ်.."

ဝမ်းသာအားရပြုံးပြပေမယ့် အမျိုးသမီးမျက်ရည်သုတ်လိုက်တာ မြင်လိုက်သဖြင့် သူမထိုင်ဖို့နေတာမှန်း သိလိုက်သည်။

မျက်ရည်ကိုလက်ခုံနဲ့သုတ်၍ လက်ခုံကိုတင်ပါးနဲ့ပွတ်သည်။ နောက်ထပ် နှပ်ညှစ်လိုက်ပြီး တင်ပါးဆီပို့မည့်အရေးကြောင့်..၊

"အစ်မ..အစ်မဒီမှာ.."

တစ်ရှူးတစ်ထုပ်လုံးကို ဖွင့်ချိန်မရတော့ဘဲ "တိုင်းပဲပေးလိုက်မိကာ၊

"အစ်မ..ဟိုဘက်တော့ နည်းနည်းကပ်ထိုင်နော်.."

"အေးပါ ညီမလေးရယ်..အစ်မ မထိအောင် ကပ်ထားပေးပါ့မယ်.."

ကိုယ်လုံးကြီးကဝတော့ သူမကလည်း စကားနဲ့မထိအောင် ဘေးကပ်ဖို့ အကြိတ်အနယ်ကြိုးစားသည့်တိုင်..၊

"ရလားညီမလေးနဲ့ထိ..အဲ ကျပ်နေလားဟင်.."

စကားစိတ်မကောင်းဖြစ်သွားမိသည်။ သူမခမျာ အလိုက်လည်းသိရှာသည်။

သောကတစ်ဖက်ရှိနေပေမယ့် ပြုံးရယ်ချိုသာဖို့လည်း ကြိုးစားနေသည်မို့..၊

"ရပါပြီ..အစ်မ လွတ်လွတ်လပ်လပ်ပဲနေပါ.."

ကားထဲက အဲရ်ကွန်းကြောင့် သူမကိုယ်မှာအဆီပြန်တာတွေ သက် သာနေသလိုရှိပေမယ့် လက်မောင်းတုတ်တုတ်ကြီးနဲ့ ထိကပ်လိုက်မိတိုင်း စကားအသည်းတွေ ယားနေမိကာ၊ ချွေးနံ့လားဘာလား ညှီစို့စို့နဲ့..၊

"မအေးဘူးလားအစ်မ..ဒါလေးထပ်ဝတ်ထားလိုက်ပါလား.."

"အနွေးထည်လေးလား..အကောင်းစားလေးညီမရယ်၊ အစ်မနဲ့လည်းတော်မှာမဟုတ်ပါဘူး..နေပါစေ.."



www.burmeseclassic.com

ww.burmeseclassic.com



"ချိုင်းမှာနည်းနည်းလေးပဲ တွဲထားတာအစ်မ..စောင်ခြုံထားသလိုလေးပဲ၊ ရော့ပါ တော်ကြာ အစ်မအေးလာမှာ.."

ကားပေါ်မှာစောင်တွေ ချပေးထားပါတယ်လို့ သူမဘယ်လိုပြောပြော စကား အင်္ကျီတစ်ထည် အဆုံးခံလိုက်သည်။ ရှားသွေးရောင်ပေါ်မှာ အနီနဲ့မိတ်ကပ်ရောင် ကန့် လန့်စင်းလေးတွေပါကာ လက်နဲ့အင်္ကျီအောက်စပ်ဖျားတွေမှာ မွေးဖွားလေးတွေ ထုတ် ထားသေးသည်။

ဒီအင်္ကျီရဲ့တန်ဖိုးကို ပြန်တွေးမနေတော့ဘဲ ကိုယ့်ကိုလာကပ်မိတော့မည့် သူမ ရဲ့လက်မောင်းအနာရာယ်ကြောင့် ပြတ်သားစွာစတေးလိုက်သည်။

"အား..ကျွတ် ကျွတ်.."

"အ.."

သူမရဲ့ညည်းသံကြားလိုက်ရပြီး တစ်ဆက်တည်းမေးဖျားကို လက်ပြန်ရိုက်လိုက် သလို နာကျင်သွားခဲ့၏။

"အယ်..ကန်တော့ ကန်တော့နော် ညီမလေး၊ အစ်မ ခါးတွေကိုက်လာလို့ နေရာ ပြင်လိုက်မိတာ.."

တော်တော်တော့ နာသွားသည်။ ဒါပေမယ့် တောင်းပန်နေတော့ မတတ်နိုင်..၊

"အစ်မက မွေးရက်ထဲရောက်နေပြီသိလား..မန္တလေးမှာလေ ယောက်ျားက နေ့ လားညလားဖြစ်နေလို့.."

"ဟင်..အစ်မယောက်ျားကလည်း ကလေးမွေးမှာ.."

"ဟင့်အင်း..မဟုတ်ဘူး၊ နေ့လား ညလားဆိုတာ ဟိုလေ..အချိန်မရွေးဆုံးသွား နိုင်တာကို ပြောတာ.."

ရှင်းပြရင်း သူမငိုသံပါလာတော့မှ အားနာသွားမိသည်။ ပြီးတော့ နပ်ညှစ်လိုက် မှာကို ချက်ချင်းသတိရသွားကာ..၊

"အစ်မ တွေးပြီး ငိုချင်နေရင် တစ်ရှူးလေးတော့ကိုင်ထားနော်.."

"ရှိတယ်..ညီမလေး.."

ပြောပြီး ပေါင်ကြားထဲမှာနှိုက်ထည့်လိုက်တာ ထဲထဲဝင်ဝင်၊ ပြန်ထုတ်လိုက်တော့ လက်ထဲမှာ စကားပေးထားသည့် တစ်ရှူးလိပ်နှင့်..၊

သူမမှာလည်း ကလေးကိုင်ချည်လွယ်အိတ်လေးတစ်လုံးပဲပါကာ၊ အိတ်လေး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ပိုက်ဆံလောက်ပဲထည့်လို့ရမယ့် အရွယ်လေးဖြစ်သည်။

"အစ်မက ကိုယ့်အခြေအနေကလည်း လမ်းခရီးမှာမွေးသွားနိုင်တဲ့ အခြေအနေကို ဘာဖြစ်လို့.."

"ညီမလေးရယ်.."

ပြောရက်ပါပေ့ဆိုသည့် ကြေကွဲသံနှင့် သူမငိုပါလေသည်။

ဘုရား..၊

ဒီလိုကြီးဆို နပ်တွေအသေထွက်တော့မည်။

"မဟုတ်ပါဘူး..စကားကမေးတာဒီလိုပါ၊ အစ်မကို စိုးရိမ်လို့ပါ..အစ်မပုံစံက အရမ်း ပင်ပန်းတဲ့ပုံလည်း ပေါက်နေလို့လေ..ဒီမှာ ဒီမှာကိတ်မုန့်တွေ ကားက ပေးထားတာ၊ အစ်မစားလိုက်ပါလား..စားမလားဟင်.."

"စားပြီးပြီ.."

ဩော်.. ဗိုက်ကိုအရင်ဖြည့်တင်းပြီးမှ ငိုတာ..၊

"ဒါပေမယ့် အခုထပ်စားရင်ရတယ်မို့လား..ကိုယ်ဝန်သည်ဆိုတော့ များများစားရတယ်တဲ့၊ အင့်..စကားဖွင့်ပေးမယ် မွှေးနေတာပဲနော်..အင့်..စားကြည့်၊ မုန့်ဘူးတွေက အတူတူတွေမဟုတ်ဘူး.."

မျက်ရည်တွေ နပ်တွေကိုတားဆီးဖို့အတွက် မုန့်ကျွေး၍အာရုံပြောင်းဖို့ အသေအလဲကြိုးစားနေမိသည်။

"ဟုတ်တယ်နော်..ကားထွက်ကာစက အစ်မစားလိုက်တဲ့မုန့်က ဒါနဲ့မတူဘူး.."

အမျိုးသမီးက ချက်ချင်းယူစားသည်။ စကားရေသနံ့ဘူး ဖွင့်ပေးလိုက်တော့လည်း သောက်တာပဲဖြစ်ကာ..၊

"အစ်မနာမည်က ဝင်းဝင်းမာပါ..အလွယ်တကူ အဝင်းလို့ပဲခေါ်ကြတယ်.."

ကားထွက်လာတာကြာပြီမို့ တစ်ကားလုံးတိတ်ဆိတ်နေပြီဖြစ်သည်။ သူမတို့ပဲ ခပ်တိုးတိုးပြောနေမိကြရင်း.. ၊

"သူက ကျောက်တူးမယ်ဆိုပြီးထွက်သွားတာလေ..မိုးကုတ်မှာလိုလို မိုးကောင်းမှာလိုလို ဖားကန့်မှာလား..ဘယ်မှာမှန်းကိုမသိဘဲ သတင်းတောင်မရခဲ့တာ ဒီဗိုက် သက်တမ်းပါပဲညီမရယ်..၊ အစ်မမှာ ကိုယ်ဝန်ကျန်ခဲ့တာသူမသိဘူး။ အခု သူ့သတင်းလည်း ရရော မန္တလေးမှာတဲ့.."



www.burmeseclassic.com

www.burmeseclassic.com



"ဆက်သွယ်လို့ရတဲ့နည်းတွေ အများကြီးပဲကို.."

"သူက ရောဂါရပြီး ပြန်လာတာပါ..မနက္ကလေးလည်းရောက်လာရော အစ်မဆီကို ပြန်မရောက်နိုင်တော့ဘူးဆိုတာ သူကိုယ်သူသိလို့.."

"ဟုတ်ပါပြီ..စိတ်မကောင်းစရာတွေအစ်မရယ်၊ မငိုပါနဲ့နော်..အဲ့ဒါလေးကုန်အောင် စားလိုက်ပါဦး.."

"သူ့ကိုက လောဘကြီးတာညီမရဲ့..အစ်မသူ့ကို ကြက်သားရောင်းကျွေးတာ မငတ်ပါဘူး..""

"ဟင်..အစ်မကကြက်သားရောင်းတာ.."

"ဟုတ်တယ်..အစ်မမိဘတွေက ကြက်မွေးမြူရေးခြံကြီး ရှိတယ်လေ၊ အစ်မက ကိုယ့်ခြံကကိုယ်တိုင်သတ်ပြီး ရောင်းတာ.."

ဖြစ်ရလေလို့ စိတ်ထဲကညည်းတွားမိရင်း ပန်းလေးပိုပြီးကျုံ့သွားမိသည်။

"သူ့သတင်းကြားတော့ ဈေးရောင်းပြီး ဆိုင်တောင်မသိမ်းရသေးဘူး..အဲ့ဒါ အိမ်ကပြန်ပြီး တန်းထွက်လာခဲ့တာ.."

သေစမ်း..၊ ဒါကြောင့် ဘာနံ့ကြီးမှန်းမသိ ညှီစို့စို့နဲ့..၊

မသိခင်က ရေမွှေးဆွတ်ထားသည့် လက်ကိုင်ပဝါလေးကို နှာခေါင်းနဲ့ ဖိပွတ်ထားလိုက်ရုံနဲ့ ပျောက်သွားသည်ထင်ခဲ့ပေမယ့် သိလိုက်ရသည့်အချိန်မှာ ကြက်သားညှီနံ့ကြီးကို သေချာရနေသလို ခံစားမိလာ၏။

စကား အော်ဂလီဆန်လာသည့် စိတ်ကြောင့် အန်ချင်လာသည်။မျက်နှာလွှဲပြီး စိတ်ကိုထိန်းနေရင်း ခေါင်းတွေမူးနောက်ရီဝေလာ၏။ ထိုအခါ သတိရလိုက်သည်က ဒေါ်ဒေါ်ယုနဲ့ဦး..၊

ဘယ်သူဘာပြောလိုက်သလဲ..ဘယ်စကားကြောင့် စကားဘယ်လိုဖြစ်သွားနိုင်လဲဆိုတာ စကားရဲ့မျက်နှာတစ်ချက်ပျက်သွားတာနဲ့ ဒေါ်ဒေါ်သိသည်။

ဒါပေမယ့် ခုတော့..၊

"ဝေါ့.."

အန်ချလိုက်တာ လေတွေအရင်ထွက်လာသည်။ နောက်ထပ်မလွန်ခင် ရှေ့မှာ ...နေသည့် အိတ်လေးယူဖွင့်လိုက်ပြီး..၊

"ဝေါ့..အင့်.."



www.burmeseclassic.com

ww.burmeseclassic.com



"ညီမ..ညီမလေး ကားမူးတာလား၊ အန်လိုက်..အန်လိုက်.."

အဝင်းကပျာပျာသလဲထပြီး စကားရဲ့ ကျောပြင်လေးကို ဖိထောက်ပေး၏။

"ဟင့်အင်း.."

သူမကကူညီပေးနေတာပေမယ့် ဖိနှိပ်ပေးနေသည့် လက်တို့ကို စကား ရှောင်ဖယ်ပြင်း၍ ခေါင်းခါရင်း..၊

"ရပါတယ်..နေပေ့စေ.."

"အေးပါ..နှိပ်တာမကြိုက်ရင် နှိပ်မပေးတော့ဘူး၊ ရင်ထဲပေါ့သွားအောင် အန်ချလိုက်ညီမလေး..ဒီမှာအိတ်ရှိသေးတယ်.."

သူမ ရှေ့ကအိတ်ကိုလည်း ထပ်ယူပေးသေးသည်။ ပြီးတော့ စကား အန်ထားသည့်အိတ်ကို အတင်းဆွဲယူကာ..၊

"ဒီမှာကောင်လေးရေ..ဒါလေးလွှတ်ပစ်ချင်လို့ တံခါးဖွင့်ပေးပါလား.."

သူမပဲ မရွံမရှာကူညီပေးရာကာ၊ ငိုနေတဲ့မျက်ရည်လက်စတွေပါ ခြောက်ကုန်ပြီလားမသိ၊ စကား ကားမှန်ဘက်မှာမှီနေရင်း စိတ်မကောင်းဖြစ်သွားမိ၏။

ဒါပေမယ့် အဲ့လိုမကောင်းသည့်အနံ့အသက်တွေ မသတီစရာမြင်ကွင်းတွေကို သူမဘယ်လိုမှ လက်ခံလို့မရသည့်အကျင့်က ဖျောက်ဖို့မလွယ် ဖြစ်နေခဲ့သည်။

တစ်ခါတစ်လေ ကိုယ့်ကိုယ်ကို စိတ်ပျက်မိတာလည်း အဲ့ဒီလို ဇီဇာကြောင်တတ်သည့် အကျင့်ရှိနေလို့ပါ..၊

ခုထိကိုအန်ချင်နေတုန်း..၊

ဖ ဃ ဿ ဏ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

မိုးကောင်းကိုရောက်နေကာမှ ရွာဘက်ကို ငါးမိုင်လောက် ဆက်ဝင်သွားရသေးသည်။ လမ်းကအစကတော့ ကျယ်ပြီးချောမွေ့နေပေမယ့် ရွာနားနီးတော့ ချိုင့်တွေခွက်တွေကြောင့် ဆိုင်ကယ်လိုက်စီးရတာ တစ်ကိုယ်လုံးနာကျင်နေတော့သည်။

"ခရီးပမ်းလာတယ် နားလိုက်ဦးပေါ့..အပေါ်မှာ အိပ်ရာပြင်ပေးထားတယ်.."

"ဘဘဦးဆိုင်းမွန်းအောင်က.."

"ငါတို့မဟုတ်ဘူး..ငါက ကရင်၊ ဆိုင်းအယ်က ကချင်..သူက သူ့ဒွေးသားကို သွားကြိုနေတယ်.."

ဟင်..၊ မောရတဲ့ကြားထဲ ဒီစကားကြောင့် အောင့်သီးအောင့်သက်ဖြစ်သွားမိသည်။ ဟိုကယောက်ျားလေး၊ ဒီကမိန်းကလေးတစ်ယောက်တည်းလာတာကိုကျတော့ ကယ်ရီသမားနဲ့ လာကြိုခိုင်းခဲ့သည်။ သူ့ဒွေးသားဆိုတာက သူ့ဒွေးသားဖြစ်နေလို့လား..၊

"ဟော..ပြောရင်းဆိုရင်း လာကြပြီ.."

ဝင်လာလိုက်တာ ဆိုင်ကယ်လိုက်ကနစ်စီး နောက်မှာက ကြိုးတွေတပ်ဆင်ထားသည့် ကျောကုန်းဘိုကြီးတွေလည်း တလှုပ်လှုပ်ထောင်နေသော နွားနစ်ကောင်ဆွဲသော



www.burmeseclassic.com

www.burmeseclassic.com



နွားလှည်းနှင့်..၊

ဒါကတော့ သည်းခံစရာမဟုတ်တော့ဘူးထင်သည်။ ဒေါ်ဒေါ်မှာလိုက်သော "သူများရွာမှာ ကြက်မ"ဆိုတာကိုလည်း သတိမရတော့ဘဲ သူတို့လာနေတဲ့ဘက်ကို သေချာလှည့်၍ ရပ်စောင့်နေလိုက်၏။

"အေး..ကောင်မလေးရောက်နေပြီရော..ဘယ်လိုလွဲကုန်တာလဲဟ.."

"သူက ဆိုင်းကြီးတို့ထမင်းဆိုင်ဂိတ်မှာ ဆင်းခဲ့တာအနူး.."

"ဟေ..ငါတို့ကဂိတ်ကြီးထဲမှာ သွားစောင့်နေတာ.."

တော်သေးသည်။ ကိုယ်က တစ်ခုခု မချေမငံမပြောရသေးမီ၊ သူတို့ချင်းမေးကြတဲ့ စကားတွေကြားလိုက်ရလို့၊ ဒေါသနှင့်တောင့်မတ်ထားခဲ့သည့် ကိုယ်ကို သက်ပြင်းတစ်ရှိုက်နှင့်အတူ လျှော့ချမိရင်း..၊

"စကားက မှားဆင်းလိုက်တာထင်တယ်.."

ဟုပြောလိုက်မိ၏။

"ဟုတ်လား..စကားချိုဆိုတာ ခင်ဗျားလား.."

လှည်းပေါ်ကနေ လွှားခနဲခုန်ချလာပြီး လက်ထဲမှာလည်း ဆွဲသာလွယ်သာ အရွယ် ခရီးဆောင်အိတ်တစ်လုံးပါလာကာ..၊

"လှတယ်ဗျာ..မထင်ရဘူး.."

ကြည့်စမ်း..ရုပ်ကစပ်ဖြဲဖြဲနဲ့..၊

သိလည်းမသိဘဲ လူကိုနှုတ်ဆက်ပြီး မျက်နှာရှေ့ရောက်လာတာ စကားရဲ့မျက်ခုံး တန်းနှစ်ဖက်က အော်တိုမစ်တစ်ကုတ်သွားခဲ့၏။ သို့သော်..၊

"ကိုယ်က ဦးမြသာရဲ့တစ်ဦးတည်းသောသား..လင်းသာယာ.."

အခြောက်နာမည်ကြီး..၊

"သာယာလို့ပဲခေါ်ပေါ့..အဆင်ပြေပါတယ်.."

မပြောဘူးလို့ မဲ့ရွဲ့ပြောမိတာ ရင်ထဲမှာ..၊

"အဟွန်း..ရှင်က ဒီကနာမည်ကိုဘယ်လိုသိနေတာလဲ.."

"မေးထားလို့ပေါ့.."

စကားပြောတိုင်း မျက်ခုံးပင့်၍ သို့မဟုတ် ပခုံးတွန့်၍ပြောတတ်ကာ၊ ဖြူ၍ သွယ်သောမျက်နှာက မေးဖျားချွန်နေသဖြင့် မျက်နှာရှည်ချင်ပုံ ဖြစ်နေ၏။ အရုပ်အနေ



www.burmeseclassic.com

www.burmeseclassic.com



တော်ပေမယ့် လူကဖိုင့်သည့်ပုံပေါက်နေသည်။ ဆံပင်ဆံရှည်ထားရသည့် အကြောင်းကလည်း အတော်ပါးလွန်းလို့ပဲဖြစ်နိုင်သည်။

သူဌေးသားဆိုသည့်အမှတ်နှင့် သူမရဲ့ကြည့်မရဖွယ်အားလုံးကို ပြင်ဆင်ဖြည့်စွက်ကြည့်ဖို့ ကြိုးစားရင်း မပြုံးချင်ဘဲပြုံးလိုက်ရလျက်..၊

"ကိုသာယာက ဘယ်ကနေလာတာလဲ.."

"ဟာ..သာယာပဲခေါ်ပါ၊ ခုမှသိကြပေမယ့် ခုပဲဖရန့်ဖြစ်လို့ရနေပြီဟာ..အသက်လည်း ကွာမှမဟုတ်တာ.."

"အင်း.."

"ကဲ..အထဲဝင်လာကြဟေး.."

"ကောင်လေး..အိတ်ထားခဲ့လေ.."

"ကောင်မလေး ပစ္စည်းတွေက များလှချေလား.."

"ကဲပါ..မိန်းကလေးက များတာပေါ့ဟ၊ သယ်မှာသယ်စမ်းပါ.."

အိမ်ကခြေတံရှည်ကြီးကာ အောက်ပိုင်းကိုတော့ နောက်ဖေးနဲ့ခေါင်းရင်းပဲ ကာထားပြီး ရှေ့မျက်နှာစာဖွင့်ထားသည်။ အိမ်ကြီးတွေကြီးပေမယ့် တခမ်းတနား ဆောက်ထားကြတာမရှိဘဲ ခြံဝင်းတွေကိုတော့ သေချာနိုင်ခံအောင် ကာရံထားကြသည်။

"ဒီရွာမှာတော့ မြန်မာနဲ့ကချင်လူမျိုးတွေ များတယ်ကွ..ဟိုးဘက်ရွာတွေ ဆက်သွားရင်တော့ ရွာသေးလေးတွေမှာ အများကြီးပဲပေါ့.."

"မြို့နဲ့တောရွာရဲ့မြင်ကွင်းက ကွာတယ်နော်..ဒီမှာအေးချမ်းလိုက်တာ.."

မြို့ကလူငယ်တွေလို အင်္ကျီတွေနစ်ထပ်သုံးထပ် ဖိနပ်မြင့်မြင့်နှင့် ဘောင်းဘီအင်္ကျီမှာ ကြိုးတွေကွင်းတွေတို့လို့တွဲလောင်း ဆင်မြန်းထားသူက ဒီစကားပြောလိုက်တော့ စကားအမြင်ကတ်သွားမိသည်။ စိတ်ကူးကြည့်မိတုန်းက သူဌေးသားဆိုတော့ ဖြူဖြူချောချော စမတ်ဖြစ်ပြီး ကိုယ်ကဝင်ရောဖို့တောင် တော်တော်ကြိုးစားရမည်လို့..၊

ခုတော့ ဖြူတော့ဖြူပါရဲ့၊ မျက်နှာကအချိန်ပြည့်သွားအဖြီးသား..၊ ကိုယ်လိုချင်သော အိမ်ထောင်ဘက်အဖြစ် အမှတ်မပြည့်တာက လုံးဝသေချာပါသည်။

ဒါပေမယ့် သူက သူဌေးသား..၊



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

"ရှင်..ဘယ်လို.."

"ဟုတ်တယ်..ဒီကနေ နေ့တစ်ဝက်လောက်ဆက်သွားရမယ်၊ ဆိုင်ကယ်လ်နဲ့ တစ်ဝက်သာသာလောက်ပဲ သွားလို့ရမှာ.."

"ကျန်တာက.."

"ကျန်တဲ့ခရီးကတော့ လမ်းလျှောက်ရမှာပဲ.."

စကား စိတ်ပျက်ခြင်းကို ဘယ်လိုစာဖွဲ့ရမှန်းပင် မသိတော့ပေ..၊

"ဆိုင်ကယ်လ်ဘီးလေးတောင် သွားလို့မရတဲ့လမ်းက လူဘယ်လို လျှောက်ရမှာလဲ.."

"လယ်ကန်သင်းတွေပေါ်က သွားရမယ်..ချောင်းစွယ်လေးကူးရမယ်၊ ချောင်းမှာရေများနေရင်တော့ တံတားပေါ်ကဖြတ်ရလိမ့်မယ်၊ တံတားက လူသွားတံတားလေးရယ်.."

"ဟုတ်တယ်..နင်တို့အဲ့လိုမှ မသွားချင်ရင် ပိုဆိုးမှာနော်၊ လမ်းမကြီးပေါ် ပြန်တက်ပြီး ငါးမိုင်ကျော်လောက်လျှောက်ရမယ်.."



www.burmeseclassic.com

www.burmeseclassic.com



"ရောက်သွားမှာလားဟင်.."

စကားကမေးတော့ ပြုံးပြုံးကြီးခေါင်းခါ၍..။

"အတွင်းထဲပြန်ဝင်ရမှာပဲ..လမ်းတော့ ချောသွားမယ်၊ ဒါပေမယ့် ရွာဆက်မရှိတော့ ဆိုင်ကယ်လ်လည်းမရှိဘူး..လှည်းလည်းမရှိဘူး.."

"ဆိုင်ကယ်လ် "ကခေါ်သွားမှာပေါ့.."

"ဘယ်သူမှလိုက်မှာမဟုတ်ဘူး.."

"ဘာဖြစ်လို့လဲ.."

"အဲ့ဒီကနေ ဘာပစ္စည်းမှသယ်မသွားရဲကြဘူး..ဘာဖြစ်လို့လဲဆိုတော့ မသွားရဲလို့ပဲ.."

"မေးမနေနဲ့ကောင်မလေး..နင်တို့က ဒီဘက်တွေဘာမှလည်း သိတာမဟုတ်တဲ့နဲ့.."

လာမိတာမှားပြီလား..။

မဟုတ်ဘူး..၊ အမွေရမှာ မမှားဘူးစကားချို..၊ တောင့်ထား..။

ကိုယ့်ဘာသာ သက်ပြင်းတွေချ တံတွေးမျိုချနှင့် အမျိုးမျိုးကြိုးစား ဖြေသိမ့်နေရချက်..။

"ဒါနဲ့ဘဘဆိုင်းမွန်းက ဒီမှာဆိုပြီး.."

"ဘာဖြစ်လဲကွာ..ကိုယ်တို့ အပျော်ခရီး ထွက်လာတယ်လို့သဘောထားရင် ရတာ.."

"ဘာ.."

ဒေါသက ထောင်းခနဲဖြစ်သွားသည်။ သို့သော်..။

ဒီလူက သူဌေးသား..။

စကားမျက်နှာကို ပြန်လျှော့၍..။

"အဲ့လိုသဘောထားလို့ ဘယ်ရမလဲ..စကားမှာအလုပ်တစ်ဖက်နဲ့.."

"အလုပ်ကိုဘာလို့စိတ်ပူနေသေးတာလဲ..ကိုယ့်လိုပဲမင်းလည်းရမှာပဲ၊ ကိုယ်ပိုင်လုပ်ငန်း တစ်ခုခုလုပ်မှာပေါ့..မဟုတ်ဘူးလား.."

စကားကုမ္ပဏီအလုပ်လုပ်နေတာ သူဘယ်လိုသိနေတာလဲ၊ ရမ်းသမ်းပြောနေတာလား..။



www.burmeseclassic.com

ww.burmeseclassic.com



မေးဖို့စိတ်မကူးပေမယ့် သာယာ့မျက်နှာကို သူမစိုက်ကြည့်နေမိသည်။ ကိုယ်မှန်း
ထားသလို ချောမောတင့်တယ်သော ရုပ်ဆင်းအင်္ဂါတော့ မဟုတ်ပေမယ့် ခေတ်မီမီနေထိုင်
တတ်သည့် လူငယ်တစ်ယောက်အနေနဲ့တော့ ကြည့်ကောင်းသည့်သူပင်..၊

ထို့ကြောင့် ရေ့လျှောက်သူမအချိုးကိုပြင်ရမည်။ ကိုယ်ဘယ်လောက် ရမှာလဲ
ဆိုတာ သိရလျှင် သူ့သားကိုတော့ပိုပေးမှာပဲဆိုတာ တွက်လို့ရပြီဖြစ်၏။ မက်လောက်စရာ
မရှိရင်တော့ ဖြုတ်ချလိုက်ရုံ..၊

"နင်တို့လာတာအချိန်ကိုက်ပဲ..မိုးကျလာရင် ချောင်းရေတွေကျလာမှာ၊ အ
နစ်တိုင်းရေလျှံတာ ဘာမှလုပ်ဖို့မရဘူး.."

"ဘဘက ဘာလို့တာပေါင်ကို ရောက်သွားတာလဲဟင်.."

စကားကတော့ ဦးဆိုင်းမွန်းအောင်ရှိမနေသည့်အဖြစ်ကိုပဲ ရင်ခံနေမိကာ..၊

"မိုးတွင်းရောက်ရင် ရေကြီးတယ်ဆိုလို့မေးကြည့်တာပါ..မိုးကရာသီ မဟုတ်
လည်း ရွာနေတာပဲလေ၊ အခု မိုးနားနီးပြီဆိုတော့.."

"ကြောက်လို့လား..ဘာမှကြောက်စရာမလိုဘူး၊ လယ်ကွင်းတွေကို ဖြတ်သွား
ချောင်းကိုမကူးနဲ့ တံတားပေါ်ကဖြတ်လိုက်.."

"ချောင်းကူးရင်ဘာဖြစ်လို့လဲဟင်.."

"ချောင်းစွယ်ကသေးသေးလေးပေမယ့် နဂိုတိုင်းကရေစီးသန်တာ..ကူးနေတုန်း
ရေကျရင် နင်တို့လွတ်မှာမဟုတ်ဘူး.."

"အဲ့လိုဖြစ်တတ်လို့လား.."

သာယာက ကြောက်လန့်သွားသလို ပခုံးတွန့်မေး၏။ စကားဝိုင်းမှာ ဘယ်သူက
အိမ်ရှင် ဘယ်သူတွေက အိမ်နီးချင်းဆိုတာ ခွဲခြားမသိလောက်အောင် လူတွေများ
သည်။ ထို့ပြင် မျက်နှာပုံတွေကလည်း ခပ်ဆင်ဆင်တွေဖြစ်နေလျက် မြန်မာတွေကအ
စကားသံခပ်ဝဲဝဲတွေ..၊

"တို့ကတော့ပျော်တယ်..ချောင်းရေလျှံရင် ငါးတွေတအားပေါတာ၊ တောကြွ
ကြီးတွေလည်း ထွက်လာတယ်..ဟင်းစားအတွက် တောထဲကိုဝင်ဖို့ မရှိဘူး.."

"အေး..နင်ကတော့ပျော်တယ်၊ ရွာထဲမှာဝမ်းတွေကျ..နေမကောင်းဖြစ်.."

"အေး..ငါတို့လယ်တွေရေမြုပ်ပြီး ရှုံးပါရော.."

"ဝါးဘောက်နော်..နင့်အသက်နင်မကြည့်ဘူး.."



www.burmeseclassic.com

www.burmeseclassic.com



ကချင်အကျီကြီးဖားဖားနှင့် လူတစ်ယောက်က အပေါ်ပိုင်းကိုယ်ဗလာနဲ့လူကြီးကို ဘယ်လိုတွေ ပြောနေသည်မသိ၊ ကရင်တွေရော ကချင်တွေရော မြန်မာစကားပြောလိုက် သူတို့ဘာသာစကားပြောလိုက်နှင့် မြန်မာစကားပြောပေမယ့်လည်း တော်တော်ကြီးဝဲနေလျှင် နားမလည်..၊

သာယာက မျက်နှာတွေစုံအောင် လိုက်ကြည့်ပြီး ရယ်နေပေမယ့် စကားမရယ်နိုင်၊ တစ်လမ်းလုံးမစားမသောက်ခဲ့ရသမျှ ဒီရောက်မှငတ်သည်။ တောအိမ်တစ်အိမ်ရဲ့နေထိုင်ခင်းကျင်းပုံတွေမှာ သူမဘယ်လိုမှ အဆင်ပြေနိုင်ဖို့ မလွယ်ပေ..၊

ဒီဆိုင်မှာမကြိုက်လို့ ဟိုဆိုင်ပြောင်းစားကြည့်ရအောင် မြို့ပေါ်ကဈေးဆိုင်တန်းလည်းမဟုတ်၊ ဦးဆိုင်းမွန်းအောင်နဲ့တွေ့ပြီး နားထောင်စရာရှိတာထောင်၊ ယူစရာရှိတာယူပြီး ပြန်ရမယ့်အစီအစဉ်က ခုတော့..၊

"ဒါဖြင့် စကားတို့ ဒီနေ့ပဲသွားလိုက်မယ်လေ.."

"ဟင်.."

"အေး..နင်ကသွားနိုင်လို့လား.."

"ခရီးပန်းလာတာဖြစ်ပါ့မလား.."

"ဟုတ်သားပဲစကားချို..မင်းပုံစံနဲ့.."

"ဖြစ်ပါတယ်..ခရီးသွားတာပဲဟာ.."

သူတို့တွေ အံ့ဩဟန်နှင့်တိတ်ကျသွားကြသည်။ သို့သော် အိမ်ရှင်ဖြစ်သည့်လူကြီးက.. ၊

"ငါသိတယ်..မိန်းကလေးဒီမှာမနေတတ်ဘူးဖြစ်နေတာ.."

"ဒါဆိုလည်း လူကြီးတူနဲ့ထည့်ပေးလိုက်ပါလား..ကြိုးလည်းရှိတာပဲ.."

"ကြိုးက အဲ့ဒီဘက်သွားမယ် ပြောလိုလား..သူက ခိုင်းချင်တိုင်း ခိုင်းလို့ရတာမဟုတ်ဘူး.."

"ဩော်..သူတောထဲဆင်းရင်လည်း အဲ့ဒီကသွားနေကျပဲဟာ.."

ကြိုးဆိုတာ လူတစ်ယောက်၏နာမည်မှန်းသိလိုက်တော့ ယောကျ်ားတစ်ယောက်ကို ဒီနာမည်ပေးထားတာ အံ့ဩသွားမိသည်။ တိုင်းရင်းသားတစ် ယောက်ယောက်မို့လို့လား.. ၊

"ကဲ..ကဲ..အချိန်ရှိတုန်း ကြိုးဆီတစ်ယောက်သွားလိုက်စမ်း၊ အခြေအနေကြည့်

ww.burmeseclassic.com



ပြောနော်..ဒီကောင်လေးက လူတစ်မျိုး.."

လူတစ်မျိုးဖြစ်ဖြစ် နှစ်မျိုးသုံးမျိုးဖြစ်ဖြစ် စကားကတော့ ဝမ်းသာအားရ ပြင်ဆင်လေသည်။

"ဘာတွေခွဲခြမ်းထည့်နေတာလဲအစ်မ..ဒီကိုပြန်လာပြီးမှ ပြန်ရမှာလေ.."

နန်ဆိုင်းမွှန်ဆိုသည့် ကချင်နာမည်နှင့်မြန်မာမလေးက စကားလည်း မဝဲပေ။ အိမ်ရှင်လည်းဖြစ်သောကြောင့် စကားရဲ့ဘေးမှာ ဝင်ထိုင်လိုက်ပြီး..၊

"အစ်မကအရမ်းလှတာပဲ..ညီမလေးက အခုကျောင်းပြီးမှ ရွာပြန်လာတာ.. တက္ကသိုလ်မှာတောင် အစ်မလောက်လှတဲ့သူ မတွေ့ခဲ့ဘူး.."

"ဟုတ်လား..ကျေးဇူးပဲ.."

ဒီလိုစကားတွေက နားရည်ဝနေပါပြီ၊ ဘယ်လူစိမ်းနဲ့ပဲ စကားပြောဖို့ ကြုံလာလာ "အရမ်းလှတယ်"ဆိုတဲ့ စကားကိုသာကြားရမြဲဖြစ်ကာ၊ တစ်ကိုယ်လုံး အံ့သြငေးမောပြီး ကြည့်ကြမည်။ ဒါပဲဖြစ်၏။

"အစ်မခါးလေးကသေးပြီး ကိုယ်လုံးပြည့်တော့ ရောက်လာကာစက ဂါဝန်လေး ဝတ်ထားတာ တကယ့်ဘာဘီရုပ်လေးပဲ..အသားရောင်လေးက ကြည်ပြီး ဝင်းထိန်နေတာ"

"ဟုတ်ပါပြီ..ဒီတစ်ခါရန်ကုန်ရောက်လာရင် ဝင်ခဲ့လေ၊ နာမည်ကြီး ဆိုင်တစ်ဆိုင်မှာ အဝလိုက်ကျွေးမယ်.."

"ဟား..ဟား..တကယ်နော်၊ အစ်မက အမွေရတော့မှာဆိုတော့ တကယ်ကျွေးဖို့ ပြင်ထား..နှစ်ရက်လောက်ဝမ်းနှုတ်ပြီးမှ လာခဲ့မယ်.."

အမွေကိစ္စကို ဒီကိုလာသမျှလူတွေ အားလုံးသိနေကြတာလား၊ မြို့မှာ ဆိုရင် အမွေမဟုတ်ဘဲနဲ့တောင် တစ်ယောက်အပေါ်တစ်ယောက် ဖြတ်စားကြိတ်ကြံပြီး လူတွေ သတ်ကြ ထောင်ကျကြနှင့်..၊

ဒီမှာတော့ သူမတို့ကိုကြို့ဆိုတဲ့ လှိုက်လှဲမှုတွေက ရိုးစင်းတဲ့နွေးထွေးမှုတွေနဲ့ပါ၊ ဒါဆို အမွေဆိုတာ ဒီလိုလူတွေတောင် စိတ်ဝင်စားဖို့မရှိတဲ့ မြေတစ်ကွက် ယာတစ်ခင်း လောက်လား..၊

ချမ်းသာချင်လို့ အပင်ပန်းခံစွန့်စားလာခဲ့ရတာတွေ အလကားဖြစ်ကုန်ပြီဆိုလျှင်..

"အစ်မတို့နဲ့လွဲသွားတာသိလား..ဆိုင်းကြီးက အမြဲတမ်းဒီမှာပဲနေတာ ခုမှ ကျန်းမာရေးမကောင်းတာနဲ့ တောင်ပေါ်ရွာမှာ သွားနေတာ.."



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာဘာဖြစ်လို့လဲဟင်.."

"မိုးတွင်းဆို ကျန်းမာရေးကောင်းနေတဲ့လူတွေတောင် ဖျားနာကြတာလေ.. ဆိုင်းကြီးက လေးဘက်နာဖြစ်နေတာ.."

"ဪ.."

"သူ့မှာလည်း လူကြုံရောက်လာပြီးတည်းက တာဝန်ကြီးနေပြီဆိုတဲ့အကြောင်းပဲ ပြောနေတာ..ပြီးတော့ စည့်သည်မျှော်တယ်.."

"လူကြုံဆိုတာက.."

"မြို့ကသူဌေးတစ်ယောက် အမွေကိစ္စအတွက် တာဝန်ပေးတာတဲ့..အဲ့ဒါကြောင့် အနူးတို့သိနေတာပေါ့.."

"ညီမက မြန်မာစစ်စစ်ဖြစ်ပြီး ကချင်နာမည်ယူထားတယ်နော်..ခေါ်တော့လည်း အနူးတဲ့.."

"ဒီရွာခံတွေက ကချင်တွေပဲများတယ်..အဲ့ဒါကြောင့်မြန်မာတစ်ချို့ဆိုလည်း တိုင်းရင်းသားနာမည်တွေ တပ်ပြီးနေကြတာရှိတယ်..နေရာက ခေါင်ပေမယ့် မြို့မှာစီးပွားရေး လုပ်နေကြတဲ့လူတွေရှိတယ်.."

"ဟုတ်လား.."

"မြို့ကလူတွေလည်း လာကြတာပဲ..အဲ့ဒါကြောင့် ခုနောက်ပိုင်းမှာတော့ တိုင်းရင်းသားရောနေတာပဲ၊ မြန်မာတွေလည်း စကားဝဲတာရှိသလို တိုင်းရင်းသားတွေလည်း မြို့မှာအနေကြာတဲ့လူတွေဆို မြန်မာသံအတိုင်းပဲ.."

ပြောပြနေရင်း ရယ်ကာ..၊

"ဆိုင်းကြီးကနေတော့ ကချင်စပ်တယ်..ဒါပေမယ့် မြို့မှာအလုပ်လုပ်ဖူးတယ် အစ်မရဲ့.."

"စကားလို့ပဲ ခေါ်လို့ရပါတယ်..တရင်းတနှီးပေါ့.."

သူမကလည်း အမွှန်လို့ပဲပြောပြီး ရင်းနှီးသွားခဲ့၏။ အပြင်ကိုထွက်လာကြတော့ စကားရဲ့အိတ်ကို သူမကဆွဲထားခဲ့လျက်..၊

"အိတ်ကတော်တော်လေးတာပဲ..စကားအဝေးကြီးလမ်းလျှောက်ရဦးမှာနော်.."

"ဟုတ်သားနော်..ဒီမိန်းကလေး ဘာတွေသယ်လာတာတုံး၊ ဒီလောက်တောင်.."

လူကြီးတွေက ထွက်လိုက်လာကြပြီး အိတ်ကိုစိတ်ဝင်စားနေကြ၏။ စကားက



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကိုဆွဲယူပြီး ပခုံးတစ်ဖက်မှာ ချိတ်လိုက်ကာ..။

"ရပါတယ်..ဒါတွေက စကားသွားလေရာ မပါမပြီးတဲ့ ပစ္စည်းတွေမို့လို့.."

စကားသံတွေပါ တိတ်ကျသွားတဲ့အထိ ဘာဖြစ်လို့အံ့ဩကုန်ကြတာလဲဆိုတာ နားမလည်နိုင်၊ ဒါပေမယ့် စကားကတော့ ဒီအိတ်ကိုပြန်ထားခဲ့ဖို့ စိတ်ကူးမှာမဟုတ်ပေ..။

"ဖိနပ်ကလည်း အမြင့်ကြီးပဲ..သူ့ကိုကြည့်စမ်းဝေ့.."

"ကလေးမ နင်ဖြစ်မှလုပ်ပေါ့..ဖွေးဖွေးနုနုလေးနဲ့ နင်တကယ်ရော သွားနိုင်မလား.."

"ဖြစ်ပါတယ်..စကားဘာမှမဖြစ်ဘူး.."

"ဟား ဟား ဟား..စကားရယ်..မင်းပုံစံကိုကြည့်ပြီး သူတို့စိုးရိမ်ကုန်ကြပြီ၊ ကိုယ်ကအေးဆေးနော်..မင်းတစ်ရက်နားချင်နား၊ သွားမှာပဲဆိုလည်း ဖြစ်တယ်.."

သွားမည်လို့ ပြောပြီးသားကို အပြင်တောင်ထွက်လာကာမှ ဘာဖြစ်လို့ ပဏ္ဏာယူပြီးပြောနေတာလဲ..။

"သွားမှာမဟုတ်ဘူးလား.."

စကား စိတ်မရှည်စွာ ခြေလှမ်းပြင်လိုက်ရင်း မေးမိသည်။

"အေး..သွားတာပေါ့၊ ကြိုးကိုစောင့်နေတာ..သူထွက်လာပါပြီ.."

"အဝါးရေ..ကြိုးကရွာပြင်ကုန်းထိပ်မှာတဲ့.."

ချာတိတ်လေးတစ်ယောက်က ပြေးလာပေမယ့် ခြံအဝင်ဝကနေပဲ လှမ်းအော်ပြောကာ..။

"ကုန်းထိပ်က သူရဲ့သစ်လုံးတဲမှာ.."

"ငါတို့ခေါ်ထားတယ်လေ.."

"အဲ့ဒါ အဝါးတို့ထွက်လာခဲ့တဲ့..သူပြင်ဆင်ပြီးစောင့်နေမယ်တဲ့.."

"အေး..ကောင်းတယ်၊ သူလိုက်မှာသေချာရင် စိတ်ချရတာပေါ့.."

အားလုံးပဲ စကားတို့နှစ်ယောက်အတွက် ပြေးလွှားလှုပ်ရှားနေကြသည်။ အမွှန်ကလည်း ငှက်ပျောဖက်နဲ့ထုပ်ထားသော စားစရာတွေကို ဖျင်လွယ်အိတ်နဲ့ထည့်ကာ..။

"ဒါတော့ ကိုသာယာကိုင်လိုက်တော့နော်..လမ်းမှာစားလို့ရအောင်၊ ရေလည်းပါတယ်.."

"စကားကနေနိုင်တယ်..လမ်းခရီးမှာ မစားတတ်လို့မယူဘူးနော်.."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..ဒီကလေးမ မြို့သားတွေကို ထမင်းထုပ်ပြင်ပေးနေပြန်ပြီ၊ မြို့သူမြို့သားတွေက အလွယ်ကြိုက်တဲ့လူတွေဟ.."

တစ်ယောက်ကပြောချလိုက်တာ ဝွမ်းခနဲ၊ ဒါပေမယ့် မျက်နှာကတော့ ခင်မင်ဖွယ်ဖော်ရွေသော အပြုံးနှင့်..၊

"လက်သုပ်ဆိုင်တွေဆိုလည်း တစ်ခါတည်းနယ်ခိုင်းတာ..ငါးတွေဝယ် ရင်လည်း အကြေးထိုးပြီးမှ.."

"ကဲ..ဆွတ်ရိန်ကြီးကတော့ ရှည်ရောဝေ့..ကောင်လေးတွေသွားကြပါစေ.."

"ဟိုမှာတော့ အဘဆိုင်းမွန်းရှိတာ သေချာပါတယ်နော်.."

"ရှိတယ်..ရှိတယ်၊ နင်တို့သိချင်တာတွေ သူပဲပြောပြနိုင်မှာ ကြိုးကတော့ ပလန်အင်းမှာ ကျန်ခဲ့လိမ့်မယ်..ဒါပေမယ့်ဟိုဘက်ဆိုနီးပါပြီ၊ တစ်ပြသာသာပဲ..ဘာအန္တရာယ်မှလည်း မရှိတော့ပါဘူး.."

ကြိုးဆိုတာ ဘာသတ္တဝါလဲ ၊ခုလည်းမတွေ့ရသေး၊ ခရီးဆုံးတဲ့ထိလည်းမဟုတ်..၊

"ကျွန်တော်တို့ကို လမ်းပြထည့်ပေးလိုက်ပါလားအန်ကယ်လ်.."

သာယာကတော့ ရွာသားတွေဘာပြောနေနေ မြို့မှာလိုပဲပြောကာ..၊

"ကြိုးဆိုတဲ့လူကြီးက သူ့ကိစ္စနဲ့သူသွားမှာဆိုရင် ကျွန်တော်တို့က ဟိုမေးဒီမေးတွေ လျှောက်ဖြစ်နေမှာစိုးလို့.."

"ဟုတ်တယ်.."

ဒီတစ်ခါသာယာပြောတာကို စကားကစိတ်လိုလက်ရ ထောက်ခံ၏။

"စကားလည်း အဲ့ဒါပြောတာလေ..နောက်ပြီး.."

"စကားတို့အဲ့ဒါကိုမပူပါနဲ့..လမ်းပြနဲ့သွားရလောက်အောင် တောနက်ထဲဝင်ရမှာလည်း မဟုတ်ပါဘူး..ကြိုးကလည်း သူ့မိဘတွေလက်ထက်တုန်းကဆို ရိုးမတောကြီးတွေထဲမှာတောင် လမ်းပြလုပ်နေကြတာပါ..သူလည်းတော်တာပဲ.."

"ဘယ်လိုတော်တာလဲအန်တီ..ကျွန်တော်တွက်မိတာတော့ ဒီလူက မာနကြီးတဲ့ပုံပဲ.."

ဒေါ်အယ်ဇီလီက ခေါင်းခါပြရင်းရယ်ကာ..၊

"အဲ့လိုမဟုတ်ဘူးလူလေး..ကြိုးကဒီလိုပဲနေတတ်လို့ပါ၊ သူများကိုလည်း မစပ်စုဘူး..သူ့ကိုစပ်စုတာလည်း မကြိုက်ဘူး၊ ရွာမှာနေလိုက် မြို့မှာနေလိုက်ပေါ့..ဒါပေမယ့်



www.burmeseclassic.com

ww.burmeseclassic.com



အကူအညီတောင်းရင်တော့ စေတနာပါပါ ကူညီတတ်တဲ့သူပါ.."

သာယာကလည်း ထမင်းထုပ်ကို မယူခဲ့ပေ၊ တစ်ယောက်ရေတစ်ဘူးစီနှင့် ရွာထဲကနေလိုက်ပို့သော လူကြီးတစ်ယောက်က ဦးဆောင်ကာ ကြိုးဆိုသည့် ပုဂ္ဂိုလ်ထံ ဦးတည်သွားခဲ့ကြ၏။

"ရွာကသန့်တယ်နော်..ကျောက်ဘုကျောက်သားတွေဆိုတော့ ရွှံ့ပျော့ပျော့ကြီးလို မညစ်ပတ်တော့ဘူး.."

သာယာက မြေနီတစ်ချို့ရောနေပြီး ကျောက်မှုန်အစတွေဖြစ်နေသည့် လမ်းကိုငုံ့ကြည့်ရင်း ပြောသည်။ ပြီးတော့ စကားရဲ့ခြေထောက်ဖြူနုနုလေးနဲ့ ခုံမြင့်ဖိနပ် အညိုရောင်လေးကို ငုံ့ကြည့်ကာ..၊

"မင်းက ခေါင်းကနေခြေဖျားထိ အံ့သြလောက်အောင်လှတာနော်.. ရန်ကုန်မှာကိုယ်နေခဲ့တာအကြာကြီးပဲ၊ ဘာလို့များ မင်းနဲ့မဆုံဖြစ်ပါလိမ့်.."

"ရှင်ကဘယ်မှာနေတာလဲ.."

"နေတာက မြစ်ကြီးနားမှာလေ..အစတုန်းက ဖေကြီးတို့နဲ့ ဖားကန့်မှာပေါ့၊ ပြီးတော့ မြစ်ကြီးနားမှာ ဘွားတို့နဲ့နေတယ်..ရန်ကုန်ကိုအလည်သွားရင်းနဲ့ မပြန်ချင်တာနဲ့ လုပ်ငန်းတစ်ခုခုသူငယ်ချင်းတွေနဲ့ စပ်တူလုပ်မလားစဉ်းစားပြီး ဖေကြီးတို့ဆီ ပိုက်ဆံလှမ်းတောင်းတာ.."

"လုပ်ဖြစ်လား.."

"ဖေကြီးကပေးမလို့ပဲထင်တယ်..ဒါပေမယ့် ရုတ်တရက်ဆုံးသွားတော့ ဘာမှမလုပ်ဖြစ်လိုက်ဘူး အဲ့ဒါနဲ့.."

"ပြန်လာရတယ်ပေါ့..အခု မြစ်ကြီးနားကနေလာတာလား.."

"ဒါပေါ့.."

သူတို့နှစ်ယောက်နားလည်းနဲ့ တကူးတကသွားကြပြီး ခေါ်လာသည့်အဖြစ်ကို စကားခုထိရင်ခံနေတုန်း..၊

"ကြိုးရေ..အေး..ကြိုး.."

စကားပြောရင် အေးလို့အစပြုပြီး ပြောတတ်သည်ကလည်း နား ထောင်လို့တော့ကောင်းသား..၊

"အေး..ကြိုး.."



www.burmeseclassic.com

www.burmeseclassic.com



လူကြီးက ခေါ်နေရင်းသူမတို့ကိုလှည့်ကြည့်ကာ..။

"ခဏနေကြဦး.."

လို့ပြောခဲ့ပြီး ခပ်မြင့်မြင့်ကမူလေးပေါ်က သစ်လုံးအိမ်လေးဆီ လှေကားထစ်လမ်းလေးအတိုင်း တက်သွား၏။

"ကိုယ်ထင်သားပဲ..ဒီလူ ဘဝင်မြင့်ပါတယ်လို့.."

"ဒီလူလို့ပြောရအောင် ဘယ်အရွယ်လဲရှင်သိလို့လား.."

"ဘာလို့မသိရမှာလဲ..အဝါးပြောပြတယ်၊ အသက်သုံးဆယ်ကျော်တဲ့..သူ့မိသားစုက လမ်းပြလုပ်စားလာတာတဲ့၊ သူ့ကျမှ မြို့ရောက်ပြီး မျက်စိပွင့် နားပွင့်လေးဖြစ်လာတာနဲ့ ရှာမှာ.."

"အေး..နင်တို့တက်ခဲ့ကြ.."

"ဟော.."

စကားကတော့ ကြိုးထက် တောင်ကုန်းပေါ်က အိမ်လုံးလေးကိုပို စိတ်ဝင်စားနေတာမို့ ဝမ်းသာအားရတက်ဖို့ပြင်၏။

"တွေ့လား..သူဆင်းမလာဘဲနဲ့၊ ငါတို့ကသွားပင့်ရတဲ့အဖြစ်ကို လိုချင်နေတာ.."

"ဒါကတော့.."

ခုံမြင့်ဖိနပ်က ချော်ထွက်သွားကာ စကားဘေးတိုက်ပြိုလဲသွား၏။ သို့သော် သာယာ့ဘက်ကိုမှီချလိုက်သလို ဖြစ်သွားသဖြင့် သာယာကပဲ သူမ ကိုယ်လေးကို ကမန်းကတန်းထိန်းဖက်ထားလိုက်ပြီး..။

"ဖိနပ်ကအမြင့်ကြီးကိုး..ဘယ်နာသွားသေးလဲ.."

"ရ..အား ခြေထောက်.."

"တို့ကိုအိတ်ပေးလေ.."

အစတည်းက သိတတ်ဖို့ကောင်းတာ၊ အိတ်ကိုပြောင်းယူလိုက်တဲ့အထိ လက်ကိုကိုင်ထားသဖြင့် စကားရုန်းထွက်လိုက်သည်။ သာယာက စကားကို ကိုင်ထားသည့်ပုံစံအတိုင်း လက်ကားကားနှင့်ကျန်ခဲ့လျက် ပြီးတော့မှ ရယ်ကာ ဆံပင်သပ်လိုက်ရင်း..။

"အရမ်းနတာပဲကွာ..ထိလိုက်ရမှန်းတောင် မသိဘူး၊ အမေက ဘာတွေစားပြီး မွေးထားသလားပဲ.."

ပြောရင်း နောက်ကျကျန်ရစ်လေသည်။ ကြားနေကျတွေပဲမို့ ဘယ်ကိုမှ မထိ



www.burmeseclassic.com

www.burmeseclassic.com



သော စကားလုံးတွေအဖြစ် သူမကကျောခိုင်းသည်။ ဦးစောစံက တဲပေါက်ဝကနေ သူတို့ကိုကြိုပြီး အထဲခေါ်သွားကာ..။

"ခဏထိုင်ကြဦး..သူတောထဲ ဝင်သွားတယ်ထင်တယ်.."

"ဟင်..အိမ်ဒီတိုင်းထားခဲ့ပြီး ထွက်သွားတာလား.."

စကားမေးလိုက်တော့ လူကြီးကပြုံးကာ..။

"ငါတို့ဆီမှာ သူခိုးမရှိဘူး..ခွေးတွေတောင် ခိုးမစားတတ်ဘူး၊ ကြောက်ရတာ တောကောင်တွေပဲ..ရာသီဥတု တစ်ခါတစ်လေဖောက်ပြန်သွားတာမျိုးရှိတယ်၊ အဲ့အခါ တောကောင်တွေ မျက်စိလည်ပြီးဒီဘက်ရောက်တယ်..ဒဏ်ရာတွေနဲ့ ဒီနားဝန်းကျင်မှာ လဲနေကြတာမြင်တယ်.."

"ဘာကောင်တွေလဲဟင်.."

"တောင်ကျရေကြီးပြီး ရေလျှံသွားရင်တော့ မိကျောင်းကြီးတွေ ပါလာတာပေါ့.."

"ဟယ်.."

"မုန်တိုင်းကြီးရင်တော့ ကျားသစ်တို့ ကျားတို့.."

"ဟင်..အဲ့ဒါမျိုးတွေ ခဏခဏလားဟင်.."

"မုန်တိုင်းကြီးရင်လေ.."

"အဲ့လိုဖြစ်ရင် လူတွေစားရောလားဟင်..""

"ပက်ပင်းတိုးရင် စားခံရတာပဲ..တို့လက်ထက်မှာတော့ ရွာထဲကတိရစ္ဆာန်တွေ ဆွဲခံရတာပဲများပါတယ်..သူတို့က မျက်စိလည်ပြီးရောက်လာပေမယ့် လူတွေပတ်ဝန်းကျင်မှာ သူတို့အစာတွေရနေရင် မပြန်ကြတော့ဘူး..ဒီနားမှာပဲလှည့်ပတ်ချောင်းနေတော့တာ.."

ပတ်ဝန်းကျင်မှာ တောချည်းပဲဝိုင်းရံနေတာတော့ မဟုတ်ပါ၊ ဒါပေမယ့် ရွာတောင်ခြမ်းတစ်ခုလုံးက စိမ်းညို့ပိတ်သိပ်နေသည်။

"ထိုင်ကြ..ငါကလည်းအိမ်ရှင်မဟုတ်တော့ ဘာမှယူကျွေးလို့မရဘူး၊ သူလာတော့မှာပါ.."

အထဲမှာ ပျဉ်ခင်းထားသည့် ကုတင်ပုံစံအကြီးတစ်လုံးရှိသည်။ ခြေရင်းပိုင်းမှာ မီးဖိုချောင်လား ဘာလားမသိသော အခန်းကန့်ထားတာရှိသည်။ လူက လမ်းပြလိုလို တာဝန်လိုလိုနေပေမယ့် အထဲမှာတော့ သမင်ချိုကြီးတစ်ခု ချိတ်ထားတာပဲရှိကာ၊ သားရဲအရေခွံတွေ အစွယ်တွေ ဘာမှချိတ်ထားတာမမြင်..



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင်လူနေထိုင်ထားခြင်းနှင့်တူသော အဝတ်အထည်အိပ်ရာခေါင်းအုံးကအစ စားသောက်စရာပန်းကန်ဆိုတာတောင် ဘာမှရှိမနေပေ..၊

"သူကတစ်ယောက်တည်းနေပေမယ့် စည်းကမ်းရှိတယ်..ငါတို့လာတိုင်းဒီလိုပဲတွေ့တယ်.."

သာယာကလည်း စကားလိုပဲလှည့်ပတ်ကြည့်နေတာမို့ ဦးစောစံက ရှင်းပြနေသည်။

"နောက်ခန်းထဲမှာတော့ ထင်သလို ထားသိုနေလို့ ကာထားတာနေမှာပေါ့..၊ ယောကျ်ားလေးမှန်ရင် ယောကျ်ားလေးလိုနေကြတာပဲ.."

"ဒါဖြင့် ယောကျ်ားမှန်ရင် စည်းကမ်းမရှိရဘူးပေါ့.."

"ဟား ဟား ဟား.."

စကားခပ်ငေါ့ငေါ့မေးတော့ သာယာကရယ်လိုက်၏။

"အဲ့ဒါ စကားက လိုသလိုဆွဲပြောတာပဲ..တို့ပြောတာက ယောကျ်ား လေးတွေက လွတ်လပ်မှုကိုကြိုက်တယ်၊ နေရာတကာ ထိန်းချုပ်မနေဘူးလေ.."

"စကားတော့မထင်ပါဘူး..တစ်ချို့ယောကျ်ားတွေ ဈေးဝယ်တာခြမ်းတာ ချက်ပြုတ်တတ်တာ အိမ်မှုကိစ္စကအစ မိန်းမတွေထက်တောင် ဖိုင်းကောင်းကျောက်ဖိရှိသေးတယ်..မိဘစကား မြေဝယ်မကျနာခံတဲ့သားတွေများ မိန်းကလေးတွေထက် ဆယ်ဆ.."

လက်ချောင်းသွယ်သွယ်လေးတွေ ထောင်ပြပြီးမဲ့ရွဲ့နေတော့ ဦးစောစံကလည်း ရယ်နေ၏။ သာယာက အုံ့ဩသလို ပခုံးတွန့်ရယ်ရင်း ရယ်မောမပျက်နှင့်..၊

"ဘာလဲ..အဲ့လိုလူတွေကို ချီးမွမ်းနေတာလား..ကဲ့ရယ်နေတာလား.."

"အဲ့လိုလူက ကိုယ့်အစ်ကိုတွေမောင်တွေဆို အရမ်းချစ်ဖို့ကောင်းတာပေါ့၊ ချစ်သူဆိုရင်တော့ စိတ်ပျက်စရာကြီး.."

"တော်သေးတယ်..တို့ကအဲ့လိုကောင်မဟုတ်ဘူး.."

"ဘယ်လိုလူဖြစ်ဖြစ် ကဲ့ရယ်ဖို့အဆင်သင့် ဖြစ်နေတာလည်းမကောင်းဘူး.."

"ဟား ဟား ဟား..ဟင် ကိုယ့်ကိုလား.."

ရယ်ခြင်းက တိခနဲပြတ်သွားပြီး မျက်လုံးပြူးနှင့်မေးတော့ စကားက ရယ်လိုက်၏။ ဦးစောစံရယ်သံကြီးလည်း ပိုကျယ်လာလျက် သာယာသူ့နဖူး သူရိုက်ပြီးမဲ့သွားလျက်..၊

"သေကွာ..ကိုယ့်ကိုပြောလို့ ပြောမှန်းမသိ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟား..ဟား ဟား ဟား.."

သာယာနဲ့ရင်းနှီးနေပြီမို့ စကားကျေနပ်သွားသည်။ အမွေကိစ္စ ဘယ်လိုရမှာလဲ၊ ဘယ်လောက်လဲဆိုတာသိရဖို့သာ..၊

"ဟေး..မသွားရသေးဘူးကြားလို့ လာကြည့်တာ၊ ဘာလုပ်နေကြတာတုန်း.. နောက်ကျဦးမယ်.."

ဦးဆိုင်းအယ်က ခေါင်းပေါင်းကြီးတကားကားနှင့် ကုန်းမြင့်အောက်ကနေ လှမ်းအော်မေးရင်း မကြာခင် တဲတံခါးမှာပေါ်လာသည်။ သူတို့တွေလည်း မိုးတိုးမတ်တပ်တွေ ဖြစ်ကုန်ကာ၊ ဦးစောစံက ရှေ့ကထွက်ကြိုရင်း..၊

"ကြိုး ပြန်မလာသေးလို့.."

"ငါတို့ နော်ဖောနဲ့ပြောခိုင်းထားတယ်လေ.."

"အေးလေ..သူခေါ်သွားမယ်ပြောထားတာ ဖျက်မယ့်လူမဟုတ်ပါဘူး၊ ငါတို့ခဏ တော့ စောင့်ရအောင်ပါ.."

ဦးဆိုင်းအယ် ခေါင်းညိတ်လိုက်ရင်း အထဲမှာဝင်ထိုင်လိုက်ကာ..၊

"သူပါရင်တော့ နောက်ကျနေလည်း သိပ်စိတ်မပူရပါဘူး.."

"အန်ကယ်လ်တို့ပြောနေတာနဲ့တင် ဒီလူက တော်တော်စိတ်ဝင်စားစရာ ကောင်းနေပြီ..အဲ့လိုဖြစ်အောင်များ တမင်လုပ်နေတာလား.."

"ဟာ..မဟုတ်ပါဘူး၊ ကြိုးမှာအဲ့ဒါမျိုးမရှိဘူး..သူက ရှိတာတောင် မရှိသလိုနေတဲ့ သူ.."

"ဟုတ်တယ်..အခု သူလည်းလမ်းကြုံနေလို့ စိတ်လိုလက်ရ ခေါင်းညိတ်ထားတာ.."

"သူကဘာလုပ်တာလဲအန်ကယ်လ်..ကျွန်တော်တို့က အမွေကိစ္စနဲ့ သွားလာနေရတာဆိုတော့ သူကလည်းမြို့မှာသွားလာနေထိုင်ဖူးတယ်ဆိုရင်.."

"ဟေ.."

"အေး..နင်တို့က ကြိုးရဲ့စိတ်ကိုမသိတာ.."

လူကြီးတွေကတော့ စိတ်ဆိုးပုံမပြပေမယ့် သာယာ့မေးခွန်းတွေက ဘောင်ကျော်နေပြီဆိုတာ စကားတွေးမိနေသည်။ အကယ်၍သာ ကြိုးဆိုတဲ့လူ ဒီစကားတွေကို ကြား သွားရင် ကိုယ်သွားလာဖို့ရှိနေတာတောင် အခက်အခဲ ဖြစ်သွားနိုင်တာ..၊



www.burmeseclassic.com

ww.burmeseclassic.com



တွေးမိလေ ဒေါသဖြစ်လေမို့ မပြောဘဲနေလို့မရတော့သည့်စိတ်နှင့် ပါးစပ်ပြင်မိလျှင်..။

"ကြိုးလည်းမလာသေးဘူးဆိုတော့ သူ့အကြောင်းခဏထားပြီး ပြောပြချင်တာလေးတွေရှိတယ်.."

ဦးဆိုင်းအယ်က ရှိနေသည့်လူတွေကို တစ်ယောက်ချင်းကြည့်လိုက်ပြီးမှ..၊

"အိမ်မှာတုန်းက ဧည့်သည်တွေကလည်း ချက်ချင်းပြန်ထွက်ဖို့ပြင်နေကြတယ်.. လူတွေကလည်းများတော့ သေချာပြောပြလို့ မကောင်းတာနဲ့ မပြောဖြစ်ခဲ့ဘူး.."

"ပြောပြပါအန်ကယ်လ်..ကျွန်တော်တို့လည်း လာသာလာရတာ မမြင်မစမ်း လမ်းလျှောက်နေရသလိုပဲ.."

"အေး.."

ဦးဆိုင်းအယ်က ခေါင်းညိတ်လိုက်ပြီး စကားကိုဘာဖြစ်လို့ကြည့်လိုက်မှန်းမသိ၊ မျက်ဝန်းတို့သည် သာယာ့ကိုကျွမ်းဝင်နေပေမယ့် စကားကို အံ့ဩနေတာလိုလို သနားတာလိုလို..၊

"ဘာဖြစ်လို့လဲဘဘ..ပြောပါ စကားလည်းသိချင်ပါတယ်.."

"အေး..ပြောရရင်တော့ မထင်မှတ်ဘဲတည်ဆောက်ခဲ့ပြီး သိပ်မကြာဘဲ ပြိုကွဲခဲ့ရတဲ့ မေတ္တာဇာတ်လမ်းတစ်ပုဒ်ပေါ့..အဲ့ဒီတုန်းက ကျောက်တူးသမားတွေထဲမှာ သူရောက်လာတာဆိုတော့ သူ့ကို သူဌေးမျိုးရိုးမှန်းလည်း မသိခဲ့ကြပါဘူး..ကျောက်တူးသမားပဲထင်ပြီး ကလျာနင်းက မေတ္တာရှိခဲ့တာ.."

ရှင်ဘုရင်တွေ တိုင်းခန်းလှည့်လည်ရင်း ဖူးစာဖက်တွေ့ပြီး ကြင်ရာကောက်သလိုမျိုး ဦးမြဲသာပြန်သွားတော့ ကလျာနင်းက ပြန်လာနိုးနှင့်မျှော်ခဲ့သည်။

ပြန်ရောက်မလာတော့ အချစ်ကအမုန်းစိတ်တွေဖြစ်ခဲ့ရပြီး ကိုယ်ဝန်ရင့်လာကာ ကလျာနင်းက ပျောက်ကွယ်သွားခဲ့၏။ ဦးမြဲသာပြန်ရောက်လာသည့်အချိန်မှာ ကလျာနင်းမရှိတော့ပေ..၊

"လင်းသာယာရဲ့အမေကို ရှာပေးပါလို့ ဆိုင်းမွန်းကို သူအကူအညီတောင်းခဲ့တယ်..အမြဲတမ်းလည်း ဆက်သွယ်ခဲ့တယ်၊ ဆိုင်းမွန်းနဲ့ငါတို့တွေ ဖားကန့်မှာ ကိုမြဲနဲ့တူတူရှိနေခဲ့ဖူးပေမယ့် ဆိုင်းမွန်းကပဲ သူနဲ့ရင်းနှီးတာ..ကလျာနင်းကို ရှာပေးတဲ့အလုပ်နဲ့ ဆိုင်းမွန်းလည်းအနားမနေရပါဘူး.."



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာမှာပြန်တွေ့ပြီလို့ အကြောင်းကြားလိုက်သဖြင့် ဦးမြသာ ကိုယ်တိုင်ရောက်လာခဲ့သည်။ ဒါပေမယ့် ကလျာနှင်းတို့သားအမိက ဦးမြသာ သတင်းရသွားတာသိသည်နှင့် ပြောင်းရွှေ့သွားခဲ့လေသည်။

"နောက်ပိုင်းတော့ ကိုမြတို့နဲ့အဆက်အသွယ်ရှိနေတာပဲ ငါသိတယ်.. ဆိုင်းမွှန်းကလည်း ဘာမှမပြောကြတော့ဘူး.."

"ကျွန်တော်တစ်ခုလောက် မေးပါရစေ.."

သာယာကပြောလိုက်ပြီးမှ စကားကိုဖျတ်ခနဲငုံ့ကြည့်သည်။ ပြီးမှ..၊

"သူ့ဒွေးက မေမေ့ကိုမြို့ခေါ်မသွားတာ ဘာဖြစ်လို့လဲ..သားမယား ရှိရက်နဲ့မေမေ့ကို.."

"အဲ့လိုမဟုတ်နိုင်ပါဘူး.."

ဦးဆိုင်းအယ်ကလည်း စကားကိုပဲကြည့်ကာ..၊

"ဒီမိန်းကလေးနဲ့ပတ်သက်တာ ငါတို့မသိပေမယ့် မင်းအဖေက သူ နာမကျန်းဖြစ်တဲ့အချိန်ထိ လက်ထပ်ခဲ့တာမရှိဘူး.."

စကားကလည်း တရားဝင်ဇနီးတစ်ယောက်ရဲ့ သမီးမဖြစ်နိုင်ဘူးဆိုတာ သူတို့ထည့်တွေးနေကြတာဖြစ်မည်။ ထို့ကြောင့် စကားမျက်နှာလေးတင်းသွားကာ..၊

"အမွေပေးမယ့် ကိစ္စဖြစ်လာတာ သဘာဝတော့မကျပေမယ့် ရှေ့နေတွေက စာရွက်စာတမ်းနဲ့တကွ လာအကြောင်းကြားလို့ စကားကလိုက်လာတာပါ.."

"ဟုတ်ပါတယ်..ငါတို့တွေ အခုပြောတာကလည်း.."

"စကားဆိုလိုချင်တာကလည်း သူ့ဒွေးဦးမြသာနဲ့ စကားတို့ရဲ့ပတ်သက်မှုက သူ့ဒွေးနဲ့ သူ့ရဲ့ဝန်ထမ်းအဆင့်အပြင် ဘာမှမပိုဘူးဆိုတာပါ..ဖေဖေနဲ့မေမေက သိပ်ချစ်ကြတဲ့ဇနီးမောင်နှံတွေဖြစ်သလို ဖေဖေကလည်း သူ့ရဲ့သူ့ဒွေးကို ချစ်ခင်လေးစားခဲ့တယ်.. အဖေမရှိတော့တဲ့နောက်ပိုင်းမှာ ဒီအမွေကိစ္စ ဖြစ်လာတာကတော့.."

"ဟုတ်ပါပြီ..ဒါက သူ့အတွက် မမေ့အပ်နိုင်တဲ့ကျေးဇူးတစ်စုံတစ်ရာ ဒါမှမဟုတ် သူဆုံးဖြတ်သင့်လို့ ဒီလိုဆုံးဖြတ်ခဲ့တယ်ဆိုတာ ရှင်းနေပါပြီ..ငါ တို့ကိုယ်တိုင် နားမလည်ပေမယ့် မိန်းကလေးတို့ကမေးလာရင်တော့ ပြောပြနိုင်ချင်တာ..ဘယ်လိုပြောပြရမှန်းမသိလို့ တွေးနေတဲ့အပိုင်းပါပဲ၊ တခြားဘာမှ မရှိဘူး.."

စကားမျက်နှာလေးက မာကျောနေဆဲဖြစ်သည်။ သာယာရဲ့ တည်တံ့နေသည့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက ခဏအတွင်းမှာ ပြုံးပြုံးရယ်ရယ်ဖြစ်သွားခဲ့လျက်..၊

"ကိုယ် ခဏတစ်ဖြုတ်အထင်လွဲသွားတာက ဒီလိုပါ.."

"ရှင်းမပြပါနဲ့တော့..ဒါကတွေးချင်စရာပဲဟာ.."

"ဒေါ်သမျက်နှာကြီးနဲ့ကွာ..ဆောရီးပါ၊ ဘယ်လိုပုံစံပဲဖြစ်ဖြစ် မင်းနဲ့ကိုယ် တစ်ဝက်စီရကြမှာပဲ.."

"ဟုတ်တယ်..ဟုတ်တယ်၊ အမွေတွေက အခုလက်ရှိလည်ပတ်နေတဲ့ လုပ်ငန်းတွေအပြင် ဘဏ်မှာရှိသမျှငွေတွေနဲ့..အခုလို့ဝှက်သိမ်းဆည်းထားတယ်ဆိုတဲ့ ရတနာတွေရော.."

ရတနာတွေ..၊

စကားမျက်ဝန်းလေးတွေ ပြုံးပြက်လက်သွားသည်။ သူမအိမ်မက် မက်နေတာလား..၊ ဒေါ်ဒေါ်တို့မှန်းတာကတော့ကိုယ့်လိုပဲ ကျေးဖူးတင်ထိုက်တဲ့ မိတ်ဆွေသို့မဟုတ် ဝန်ထမ်းတစ်ယောက်ယောက်ရဲ့ကလေးတဲ့..၊

တကယ်တမ်းကျတော့ လင်းသာယာက သူဌေးရဲ့သား..၊

ဘာဖြစ်လို့ ကိုယ့်ကိုမဆီမဆိုင် တစ်ဝက်ခံစားခွင့်ခွဲပေးတာလဲ..၊

ဆောက်ဖြစ်မှကျောင်းဒကာဆိုပြီး ဝမ်းမသာနိုင်သေးဘဲ စောင့်ကြည့်ရဦးမှာလား၊ ရလာမှာပဲဆိုပြီး ယုံယုံကြည်ကြည်နဲ့မျှော်လင့်နေလိုက်ရမှာလား..၊

"ဆိုင်းမွှန်းနဲ့တွေ့ရင်တော့ မင်းတို့နှစ်ယောက်ပိုပြီး စုံစုံလင်လင်သိရမယ်ထင်တယ်..နောက်ပိုင်းကိစ္စတွေကို ငါကဆိုင်းမွှန်းပြန်ပြောမှ သိရတာလေ.."

"ဟော..ကြိုးလာနေပြီ.."

ဦးစောစံက လည်ပင်းရှည်ကြည့်ရင်းပြောလိုက်တော့ အားလုံးနားစွင့်ထားမိကြသည်။ မကြာခင် လူရိပ်ပေါ်လာ၏။

"ဒေါ်သဲဖော့ရဲ့နွားပိုက်လေး လှုနာခွာနာဖြစ်နေလို့ ဝင်ကြည့်ပေးနေတာ.."

သူနောက်ကျရသည့်အကြောင်းကို ပြောတာဖြစ်မည်။ စကားသံက ကရုဏာသံလည်းပါသည်။ ပြတ်သားခြင်းလည်းရှိသည်။ ဝင်လာသည့်လူပုံစံနှင့် စကားသံကတော့၊

ဟင်..၊

စကား ချက်ချင်းမှတ်မိလိုက်သည်။ သူကတော့ မတည်မပြုံးမျက်နှာနှင့် အားလုံးကိုငေးခနဲကြည့်၍ အထဲဆက်ဝင်သွားသည်။ ပြီးမှ တုံ့ခနဲရပ်သွားပြီး စကားကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ငဲ့ကြည့်၏။ ပြီးတော့ ခြေဖျားထိအကြည့်ရောက်သွားသည်။ ပြီးတော့မှ အထဲဆက်ဝင်သွားကာ..၊

"သွားလို့ရပြီဆိုင်းကြီး..ခုထွက်လာမယ်.."

မြင်လိုက်ရရင် ဒီလူ့ကို ဒီပုံစံအတိုင်းနဲ့..၊

ဘောင်းဘီရှည်ပွပွ ကုတ်အင်္ကျီအပေါင်းအရောင်မွဲမွဲ အရှည်ကြီးနှင့်၊ အရပ်ကြီးလည်းမြင့်သည်မို့ ဝတ်စားထားပုံက ကြည့်ပျော်ရှုပျော်တော့ ရှိနေသင့်၏။ ဒါပေမယ့် နှုတ်ခမ်းမွှေးမုတ်ဆိတ်မွှေးတွေနှင့် မြင်တဲ့အတိုင်း ဝေဖန်လိုက်ရလျှင် ဝင်္ဂလိုက်သွားနိုင်သည်။

ဒီလောက်တောင် စုတ်စုတ်ပြတ်ပြတ်နေစရာလား..၊

သာယာကတော့ မျက်ခုံးနှစ်ဖက်မြင့်တက်သွားသည့်ပြင် လှောင်ပြုံးတစ်ချက်ထင်လျက်..၊

"အကွက်ရွှေ့နေတာကြမ်းတော့ နာမည်ကကြိုးဖြစ်နေတာနဲ့ အဟွန်း..ဒီထက်မက ထင်ထားတာ.."

တိုက်ရိုက်စော်ကားသည့်စကားမို့ အတွင်းဝင်ခါနီးမှာ သူ့ခြေလှမ်းတုံ့သွားတာမြင်လိုက်သည်။ သို့သော် ဒီတိုင်းဆက်ဝင်သွားခဲ့၏။

"တွေ့လား..ဘယ်လိုလူဖြစ်ဖြစ် မင်းကိုမြင်ရင် နှစ်ခါပြန်မကြည့်တဲ့သူမရှိဘူး.."

တွေ့ဖူးနေတာကိုး လို့ပြောချင်ပေမယ့် မပြောဖြစ်..၊

စကားစိတ်တွေလည်း တိုနေမိသည်။ သူမနဲ့ဒီလူ ဒီလောက်ထိ ရှော့ခ်ရှိခဲ့တာတောင် လူကိုမြင်မြင်ချင်းတန်းမမှတ်မိတာ ခံပြင်းစရာ၊ ငါကရော ဘာလို့ မှတ်မိနေတာမို့ လို့လဲ..၊

အဲ့ဒီမုတ်ဆိတ်တွေ ရှုံ့စရာပွထနေတာ ဘယ်နှစ်ယောက်တောင်ရှိနေနိုင်သလဲ..၊

မှတ်မိချင်စရာရုပ်ကြီးမို့လို့ မှတ်မိနေခဲ့တာ..၊

စိတ်ထဲမှာ ရန့်ရင်းကြမ်းတမ်းစွာ ဝေဖန်နေမိရင်း၊ ဒီတစ်ခါ သိနေတဲ့မျက်လုံးနဲ့ မကြည့်မိဖို့ တင်းထားလိုက်သည်။

ဇ ဆ ဆ ဇ



www.burmeseclassic.com

ww.burmeseclassic.com



# အခန်း(၁၃)

"အ.."

လမ်းက ကုန်းလျှောသေးသေးလေးတောင်မှ ခဲလုံးသေးသေးလေးတွေနှင့်.. တယ်လိုမှ ထိန်းဆင်းလို့မရ၊ ဘေးမှာကိုင်စရာလည်းမရှိ၊ တွယ်လို့လည်းမရ..।

ခုမှ ရွာကထွက်လာတုန်းပဲရှိသေးသည်။ စကားဆိုက "အ"ခနဲ "အင့်"ခနဲ သံစုံ မြည်နေခဲ့၏။

"လာလေစကား..ကိုယ့်ကိုတွဲ.."

သာယာက လက်ကမ်းပေးသည်။ စိတ်တိုနေပေမယ့် ဝမ်းသာအားရ လှမ်းကိုင် လိုက်မိကာ..।

"ရှင်တော်တော်မသိတတ်တဲ့လူ.."

"ဟား..ဟား ဟား.."

"ထစ်ခနဲရှိ လူကိုလှောင်ဖို့ပဲ.."

"လှောင်တာမဟုတ်ပါဘူးကွာ..မင်းပဲ ရွာမှာတုန်းကတော့ ထိတာမကြိုက် ကိုင်



www.burmeseclassic.com

www.burmeseclassic.com



တာမကြိုက်.."

ခုမကြိုက်လို့မရလို့လို့ စိတ်ထဲကပြောလိုက်မိသည်။ အခြေအနေက ကိုယ်က မဆိုင်သည့်ဘက်ကနေ ဝင်ရောက်လက်လျှိုနေရသလိုဖြစ်နေမှန်း သိလာခဲ့သည်။ တဲလုံး ထဲမှာ စကားပြောစဉ် ဦးဆိုင်းအယ်၏အကြည့်တွေကို မေ့မရနိုင်..၊

ဦးဆိုင်းမွန်းအောင်ဆီရောက်သွားရင်လည်း ဘယ်လိုအခြေအနေတွေ ပြောင်း လဲသွားနိုင်သည်ကိုမသိ၊ ထို့ကြောင့် လင်းသာယာက သူမလက်လွှတ်ခံလို့ မဖြစ်သည့် အမွေဆက်ခံရမည့် သူဌေးသားဖြစ်လေသည်။

"စကားလက်ကိုမလွှတ်လိုက်နဲ့နော်..လမ်းကအရမ်းချော်တာ.."

"အိုခေ..အိုခေ.."

ကြိုးဆိုသည့်လူက သူတို့နှစ်ယောက်နှင့်ဝါးတစ်ပြန်သာသာလောက်ကနေ သွား နေ၏။ ပခုံးတစ်ဖက်မှာ ကြိုးဆွဲရှုံ့အိတ်လေးတစ်လုံးကို လွယ်ထားကာ၊ လက်တစ်ဖက် ထဲမှာ အဝတ်လိပ်လား စက္ကူလိပ်လားတစ်ခုကို ကိုင်ထားသည်။

ပါးစောင်တစ်ဖက်မှာ ကွမ်းယာငုံထားပေမယ့် ခဏခဏကွမ်းတံတွေးထွေး တာတော့မမြင်၊ ဘယ်သူ့ကိုမှလည်း စကားလှည့်မပြော. .၊

"အား..နာတယ်.."

ဒီတစ်ခါ စကားစူးစူးဝါးဝါးအော်လိုက်တော့ ကြိုးကခြေလှမ်းရပ်ပြီး လှည့်ကြည့် ၏။ စကားအဖြစ်က လမ်းပြောင်ပြောင်မှာပဲ ဖိနပ်တခြားလူတခြားနှင့် ကုန်းကုန်းကွကွ..၊

"ဘာဖြစ်ရတာလဲ.."

"ဖိနပ်..ဖိနပ်လိမ့်သွားတာ.."

"အဲ့ဒီဖိနပ်တစ်တောင်လောက်ကြီးစီးတော့ မင်းကိုဒီမှာဘယ်သူက ဆုချမှာမို့ လဲ.."

"အဲ့လိုဖိနပ်တွေပဲပါတာ ဘယ်လိုလုပ်ရမှာလဲ.."

"ရွာမှာတည်းက မင်းပြင်ဆင်လာလို့ရတယ်.."

"သူများဖိနပ်မပြောနဲ့..သူများထိုင်ပြီးသားနေရာတောင် ပိုးသတ်ဆေး မဖြန်းဘဲ စကားမထိုင်ဘူး.."

"အခုဖိနပ်မရှိတော့ဘူးဆိုတော့ ပိုးသတ်ဆေးဘူးကိုင်ပြီးလိုက်ခဲ့.."

ပြောပြီးတာနှင့် ကြိုးကလှည့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ.."

စကားရဲ့ဘေးမှာတွဲထူနေရင်း သာယာစိတ်မရှည်စွာ လှမ်းအော်ခေါ်မိကာ..၊

"ခင်ဗျားကလည်း ပြောချင်တိုင်းပြောပြီး ဘာမှလည်းမကူညီဘဲနဲ့.."

ကြိုးခြေလှမ်းတုံ့သွားသည်။ ပြီးမှ ပြန်လှည့်ကြည့်လိုက်ပြီး..၊

"ဘာကိုကူညီစေချင်တာလဲ..မင်းတို့ကို ဆိုင်းမွန်းကြီးဆီရောက်အောင် ပို့ပေးဖို့ လူကြီးတွေကို ကတိပေးခဲ့တယ်၊ အဲ့ဒါကြောင့် အခုသွားနေတယ်..နေညိုလာရင် မိုးရိပ်ဆင်လာတတ်တယ်၊ မှောင်သွားရင် မြွေပါးကင်းပါးရှိတယ်.."

ပြောလက်စကိုရပ်လိုက်ပြီး စကားဖိနပ်စီးနေတာကိုကြည့်သည်။ ပြီးမှ..၊

"ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက်ပဲ..မသယ်နိုင်တာ လွှင့်ပစ်ခဲ့.."

"ဟာ..ကြည့်စမ်း.."

"ရှင် သူ့ကိုရန်လိုနေတာနဲ့ စကားရဲ့ခြေထောက်က ကောင်းသွားမှာ မဟုတ်ဘူး.. လုပ်ပါဦး အရမ်းနာနေပြီ.."

ငုံ့ကြည့်လိုက်တော့ ခြေထောက်လေးတစ်ဖက်မှာ နီရဲနေကာ မှင်နီ စွန်းထားသလား ထင်ရသည်။ ဖိနပ်ကို စွပ်ကြည့်ခိုင်းတော့လည်း ဖိနပ်က ဘာမှမဖြစ်ပေမယ့် ခြေထောက်ကနာနေသဖြင့် ကောင်းကောင်းမထောက်နိုင်တော့ပေ..၊

"ခြေဆစ်လွဲသွားတာထင်တယ်.."

"ဟုတ်မယ်..ရှင်လုပ်တတ်လားဟင်.."

"ကိုယ်ကဆေးဆရာမှမဟုတ်တာ..ဘယ်လိုလုပ်တတ်မှာလဲ..လာပါ ကိုယ်ဖက်ထားမယ်.."

"အို..အဲ့လောက်မလိုပါဘူး.."

လက်ကို သူ့ပခုံးပေါ်ထမ်းတင်၍ ခါးကိုသိမ်းဖက်ထားလိုက်လျှင် တစ်ကိုယ်လုံး ပစ်ကပ် မှီလိုက်ရသလို ဖြစ်ကာ..၊

"လွှတ်ပါဆိုမှ.."

"ဟား ဟား ဟား ဟား.."

စကားအတင်းရုန်းနေတာ ကလေးဆန်နေသဖြင့် သာယာစိတ်ရှုပ်နေသည့်ကြား က ရယ်လိုက်မိ၏။ ဒေါသထွက်စရာပေမယ့် ဒေါသဖြစ်လို့မရအောင် သူ့မမျက်နှာလေးက ချစ်စရာကောင်းနေရာ..၊



www.burmeseclassic.com

www.burmeseclassic.com



"စကားရယ်..မင်းကိုလက်လေးတွဲထားရုံနဲ့ လျှောက်နိုင်မှာကျနေတာပဲ..ကဲ လျှောက်ကြည့်စမ်းပါ.."

"ရှင့်..အား.."

သူမပြောချိန်မရလိုက်ခင် လုံးဝလွှတ်ပေးလိုက်သဖြင့် စကားမြေပြင်ပေါ် ပုံခနဲ ခွေကျသွားလေသည်။ ထိုအခါ ခြေထောက်တင်မကဘဲ ခါးတွေရင်တွေပါ ကြိမ်းအောင့်ကုန်လျက်..၊

"သာယာ..ရှင်..ရှင်ဘယ်လိုလုပ်လိုက်တာလဲ.."

"ဆောရီး..ဆောရီး မင်းအဲ့လောက်ဖြစ်သွားမယ်မှန်းမသိလို့..ဆောရီး.."

ပျာပျာသလဲဖြစ်သွားပြီး ဘေးမှာထိုင်ချလိုက်ရင်း တောင်းပန်သည်။ သို့သော် ရယ်ချင်ပက်ကျိမျက်နှာက ပါးဆယ်ချက်လောက် ရိုက်ပစ်ဖို့ကောင်းနေ၏။

"လာမကိုင်နဲ့..သွား.."

ထူပေးဖို့ကိုင်လာသည့် လက်ကိုပုတ်ထုတ်ပစ်မိကာ၊ ကိုယ့်ဘာသာရပ်နိုင်ဖို့ ကြိုးစားသည်။ သာယာက ဖွတ်တရွတ် ဆွဲကိုင်ထားလိုက်ပြီး နားနားကပ်၍..၊

"မာနတွေကြီးမနေပါနဲ့..ကိုယ့်ဘာသာလည်း မပတ်နိုင်ဘဲနဲ့.."

"ရှင်နော်.."

"မင်းအရမ်းလှတာပဲစကားရယ်.."

"ဖယ်ပေးပါ.."

ခြေထောက်ကနာပေမယ့် ဖွတ်မိုတ်လျှောက်လိုက်သည်။ သူ့ဗွေးသားကို အထင်တကြီးဖြစ်မိပေမယ့် ဘာမှသက်ဆိုင်မှုမရှိဘဲ လူကိုထိကပါးရိကပါး လုပ်နေတာတော့ မနစ်မြို့နိုင်..၊

သူမမက်မောတာ ချမ်းသာကြွယ်ဝခြင်းတစ်ခုတည်း..၊

ဖ ဆ ဆ ဖ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၄)

"မရဘူး...စကားအရမ်းနာနေပြီ.."

"သိသားပဲ..မင်းကမာနကြီးနေတာကို.."

ခြေဆယ်လှမ်းတောင် မပြည့်သေးဘဲ ဆက်မလှမ်းနိုင်တော့သဖြင့် စကားရောက်သည့်နေရာမှာပဲ ရပ်နေလိုက်ရသည်။ အချိန်က နေမွန်းတည့်နေပြီဖြစ်သည်။ သို့သော်မိုးတိမ်တို့ကြောင့် အပူရှိန်က ခပ်ပျော့ပျော့ဖြစ်နေ၏။

တော်သေးသည်လို့ သူမတွေးလိုက်မိစဉ်..၊

"ဒီနေ့မိုးရိပ်ဆင်နေတယ်..မင်းတို့အဲဒီနေရာက ရှေ့ဆက်ဖို့စိတ်ကူးရှိသေးလား.."

"ခင်ဗျားကလည်း တော်ရာကနေလှမ်းပြောပြီး ဆရာကျနေတာပဲ.."

"မင်းလည်းအပိုစကားတွေပြောတာ ဝါသနာပါပုံရတယ်.."

"ခင်ဗျားက အိုဗာတင်းနေတော့ ကျွန်တော်ကအပိုတွေပြောနေရတာပေါ့..ဒီမှာဘာဖြစ်နေလဲ တစ်ချက်လောက်ကြည့်ဖို့ စိတ်ကူးရှိလား.."

"မရှိဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား..ခင်ဗျားမှာ ဘာတာဝန်မှမရှိဘူးလား.."

"မရှိဘူး.."

ပြတ်ပြတ်ပဲပြောပြီး ဒီဘက်ကိုခြေနစ်လှမ်းလောက် ပြန်လျှောက်လာသည်။ ပြီးမှ ရပ်ပစ်လိုက်ရင်း..၊

"အကူအညီတောင်းလို့ ငါလက်ခံခဲ့တာ..ငါ့မှာလည်း လုပ်စရာအလုပ် ရှိသေး တယ်၊ အဲ့ဒီတော့ ဒီကနေလှည့်ပြန်သွားမလား..လိုက်မှာလား.."

"ရှင် သူများဒုက္ခရောက်နေတာကို တော်တော်အသားယူပြောတတ်တာပဲ.."

မပြောမိဘဲနေနေတာ လွှန်လွှန်းလာသည်။ လူချင်းမနီးပေမယ့် အကြည့်ချင်း ဆုံသွားခဲ့လျှင် ကြိုးရဲ့မျက်ဝန်းတွေကလည်း သူမနဲ့မပြောဖြစ်ဖို့ ရှောင်လွှဲနေခဲ့မှန်း သိသာ နေခဲ့၏။

ပြောဖို့ရှိလာသော်လည်း ခပ်ချဉ်ချဉ်အကြည့်တို့နှင့်သာ..၊

"အဲ့ဒီဒုက္ခကို ဘယ်သူသယ်လာတာလဲ.."

"ဒုက္ခကိုသယ်လာတာမဟုတ်ဘူး..ဖိနပ်စီးလာတာ၊ ရှင်ရောဖိနပ်မပါဘဲ သွားလာ နိုင်သလား.."

"အဲ့ဒါ မင်းနားမှာရှိနေတဲ့လူကို မေးကြည့်ပါလား.."

"ကဲဗျာ..ခင်ဗျားလည်း သူများအပြစ်ထောက်ရတာ ဝါသနာကြီးတာပဲ၊ သူဒီ ဖိနပ်စီးလာတယ်..ခုလိုဖြစ်တယ် အဲ့ဒါအပြစ်တင်နေလို့ ပြီးမယ့်ကိစ္စလား.."

သာယာက အစတည်းက မကျေနပ်ချက်နှင့် ထအော်သည်။ မွန်းတည့်ချိန်မှာ နေဝင်သွားခြင်းနှင့်ပတ်သက်၍ ရာသီဥတုကိုသူသတိထားမိနေသည်။

ကြိုးဆိုတဲ့လူ မိုးရိပ်ဆင်တတ်တဲ့အကြောင်းပြောနေတာ ဒါပဲထင်သည်။ မိုးရိပ် ဆင်တာက မိုးအုံ့ရုံနဲ့ပြီးသွားတာ မဟုတ်၍သာ အရေးကြီးကြောင်း ထည့်ပြောနေတာဖြစ် မည်။

တောတန်းတောင်တန်းတို့နှင့် နီးကပ်နေသဖြင့် မိုးအုံ့သွားတာနှင့် ပတ်ဝန်း ကျင်က လေတဖြူးဖြူးဖြစ်လာခဲ့၏။

"ခင်ဗျား အဲ့ဒီတစ်မိုင်လောက်ကနေ ပြောမနေဘဲ သူ့ခြေထောက်ကို တစ်ချက် လောက် လာကြည့်ပေးပါလား..လမ်းခရီးမှာကြန့်ကြာရင် ခင်ဗျားမှာလည်း အကျိုးမရှိ ပါဘူး.."



www.burmeseclassic.com

ww.burmeseclassic.com



"ဟုတ်တယ်..အဲ့ဒါကြောင့် မင်းတို့ဒီကနေလှည့်ပြန်သွားဖို့ ငါပြောချင်တာ.."

ကြိုးကပြောလိုက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကာ..၊

"ခုမှထွက်လာတာ ဒီလိုဖြစ်သွားတယ်ဆိုတော့ ဒီ့ထက်ဆိုးတဲ့လမ်းကို ဘယ်လို
သွားမှာလဲ..အဲ့ဒီတော့ နောက်ပြန်လှည့်လို့ရတဲ့အခြေအနေမှာ ပြန်လိုက်တာ အကောင်း
ဆုံး.."

"ပြန်မယ်..ရှင် ဆိုင်ကယ်လ်ခေါ်ပေးလေ.."

"ဒီမှာ ဖုန်းလိုင်းမမိဘူး.."

လာတုန်းကလည်း ဆိုင်ကယ်လ်ခဏပဲစီးပြီး လမ်းလျှောက်ခဲ့ရတာ မနည်းမနော၊
ခုအဲ့ဒီလမ်းကိုပဲ ပြန်လျှောက်ရဦးမည်။ ဆိုင်ကယ်လ်လမ်းကို ရောက်ရင်လည်း ခြေ
ထောက်နဲ့ပဲ ဆက်လျှောက်ရမည်ဆိုလျှင်..၊

မဖြစ်ဘူး..၊ စကား ကိုယ့်ခြေထောက်ကိုငုံ့ကြည့်ပြီး ခေါင်းခါလိုက်မိသည်။ ဒီနေ့ပဲ
ဆိုင်းမွန်းအောင်ဆီ သွားချင်ပါသည်ဆိုတာလည်းကိုယ်ပဲ..၊

ကိုယ့်ကြောင့်ပဲမသွားနိုင်ခဲ့ပါဘူးဆိုလျှင် ရွာကလူတွေ ဘယ်လိုပြောကြမလဲ၊
သူတို့ကိုယ်တိုင် ကြိုးဆိုတဲ့လူနဲ့စိတ်ချရသည်ဆိုပြီး ဒုက္ခခံ၍ဆက်သွယ်အပ်နှံပေးခဲ့ကြ
သည်။

ဒီနေ့မသွားဖြစ်လို့ နောက်တစ်ခါသွားဖို့ဖြစ်လာခဲ့ရင် လိုက်ပို့ဖို့အတွက် နောက်
ထပ်စီစဉ်ကြရဦးမှာကို ကြည်ဖြူနိုင်တော့မလား၊ အတွေးတွေ ယောက်ယက်ခတ်ကုန်ကာ
အကောင်းခြင်းအဖြာဖြာတွေသာ အဖြေထွက်နေခဲ့သဖြင့်..၊

"နောက်တော့ပြန်မလှည့်ချင်ဘူး..ရှင် ခဏပဲစောင့်ပေး.."

ဆုံးဖြတ်ချက်တစ်ရပ်နှင့်အတူ ကြိုးကိုလှမ်းပြောလိုက်မိသည်။ သာယာက
အံ့သြသွားကာ..၊

"မင်းရမှာမို့လို့လား.."

"ရပါတယ်..ခဏလောက်တော့ နားရမှာပဲ.."

သာယာက ကြိုးကိုလှမ်းကြည့်လိုက်ပြီး..၊

"သူ့မျက်နှာရှုံ့မဲ့နေတာပဲ..ကျေနပ်ပုံမပေါ်ဘူး.."

"ကျေနပ်နပ်မနပ်နပ်..အား.."

ပြောရင်းခြေထောက်ကို ကိုယ့်ဘာသာနှိပ်ကြည့်မိတော့ အဆမတန် နာကျင်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။

"ရှေ့ဆက်ရမှာနဲ့ နောက်ပြန်လှည့်ရမှာနဲ့ မင်းတွက်ကြည့်သင့်တယ်.."

စကားက သူ့ကိုလှမ်းကြည့်ကာ..။

"ဘာကိုတွက်ရမှာလဲ..ဒီနေ့သွားမယ်ဆိုပြီး စကားပဲထွက်လာတာ.."

"အခြေအနေကဒီလိုဖြစ်သွားအောင် မင်းကိုယ့်ခြေထောက်ကို ကျောက်တုံးနဲ့ ကောက်ထုတာမှမဟုတ်ဘဲ.."

စကားသူများအပြစ်တင်တာ မခံချင်လို့ ဖွတ်တိုးကြိုးစားနေတာမှန်း ကြိုးက သိသည်။ ထို့ကြောင့်..။

"ဒီမှာ..မင်းသူ့ကိုပြန်တွဲခေါ်သွားပါ၊ အဲ့ဒါက အေးဆေးပြီးသွားလို့ရတယ်.. ရှေ့ဆက်မယ်ဆို အေးဆေးသွားနေလို့မရဘူး.."

သာယာက ဒေါသထွက်သွားသည်။

"ခင်ဗျားက တာဝန်ယူလာပြီးမှ တာဝန်မဲ့စကားပြောတာပဲ..အစတည်းက ခင်ဗျား ကိုယ့်ခရီးကိုယ် ဖြောင့်ဖြောင့်သွားချင်ရင် ကျွန်တော်တို့ကို ဘာလို့တာဝန်ယူသလဲ.."

ကြိုးမျက်လုံးတွေ စူးရဲသွားသည်။ ပြီးတော့ ရှေ့ကိုပိုတိုးလာကာ..။

"မင်းက ရန်လိုလှချေလား..ငါ့ခရီး ငါဖြောင့်ဖြောင့်သွားချင်တာ ကောက်ကွေ့ သွားချင်တာ မင်းဝေဖန်ဖို့မလိုဘူး..အခုမင်းတို့ပြန်မယ်ဆိုရင်လည်း ငါပဲပြန်ပို့မှာ အဲ့ဒါ တာဝန်မဟုတ်ဘူး..စောင့်ရှောက်ခေါ်သွားဖို့ ပေးထားတဲ့ကတိအတွက်.."

"အဲ့ဒါတွေထားလိုက်ပါ..အခု စကားခဏနားရင် ရပြီလို့ပြောနေတာ မရဘူး လား.."

သူမဝင်ပြောလိုက်တော့ ကြိုးကငဲ့ကြည့်သည်။ ပြီးတော့ ခြေထောက်ကို မျက် တောင်ဖျားတို့ စိုက်ချကြည့်ရင်း..။

"တစ်ညနေလုံးထိုင်နားနေတောင် မင်းလျှောက်နိုင်မှာမဟုတ်ဘူး..အဲ့ဒါ ခြေဆစ် လွဲနေတာ.."

ဟင်..၊ စကားလန့်သွားသည်။ ပြီးတော့ ဝမ်းသာသွား၏။

သူ့ကိုအားတက်သရော မော့ကြည့်လိုက်မိကာ...၊

"ရှင်သိတယ်ပေါ့..အဲ့ဒါနှိပ်လိုက်လို့ရတယ်မို့လားဟင်.."

"ဟုတ်တယ်..ကြားဖူးတယ် နှိပ်တတ်ရင် တစ်ချက်ပဲတဲ့..လုပ်ပါ ခင်ဗျားနှိပ်



www.burmeseclassic.com

www.burmeseclassic.com


တတ်ရင် နှိပ်ပေးစမ်းပါ.."

"မနှိပ်တတ်ဘူး.."

တမင်ပြောတာဆိုသည့်အကြည့်တွေ စကားနဲ့သာယာ့ မျက်ဝန်းတွေမှာ ပေါ်သွားခဲ့၏။ သာယာက မျက်မှောင်ကုတ်နှင့်မော့ကြည့်ကာ..၊

"တစ်ခရီးတည်းသွားကြတဲ့လူချင်း အထာကြီးမနေစမ်းပါနဲ့ဗျာ..ခင်ဗျားလိုလူမျိုးတွေ ဒါတွေလုပ်တတ်မှာပါ.."

"ခင်ဗျားလို့လူဆိုတာက.."

"နေရာတစ်ခုခုမှာ ဆရာလိုလို သဘာလိုလိုဘာမှလည်းမဟုတ်တဲ့လူမျိုးပေါ့.. ဆောရီး ဘာမှမဟုတ်ဘူးဆိုတာ ဘာတစ်ခုမှကျွမ်းကျင်တာမရှိဘူး ပဲပြောတာပါ..ဟိုစပ်စပ် ဒီစပ်စပ်တော့ သိနေတာမျိုးပေါ့.."

သာယာ့မျက်နှာပေါ်က လှောင်ပြုံးကိုကြည့်နေရင်း ကြိုးက နှုတ်ခမ်းတွန့်ရုံ ပြုံးသည်။ ပြီးတော့ ရှေ့ကိုလျှောက်လာကာ စကားရှေ့မှာ ဒူးတစ်ဖက်ချနှင့် ခြေဖျားထောက်လိုက်၍..၊

"နောက်နည်းနည်းဆုတ်ပြီး ကျောက်ဘုပေါ်မှာထိုင်လိုက်.."

နောက်က ကျောက်ဘုကြီးထွက်နေသည့်ပေါ် စကားကကမန်းက တန်းတိုးတက်လိုက်ရင်း..၊

"ဖြည်းဖြည်းတော့လုပ်နော်.."

"ငါကဆေးဆရာမဟုတ်တော့..မင်းနာတော့နာမှာပဲ.."

"ဟင်.."

"ဒီလိုပဲ စမ်းနှိပ်ကြည့်ရမှာ.."

"ကြိုး..စကား စကားအဲ့လောက်မခံနိုင်ဘူးနော် အရမ်းနာနေတာ.."

သူ့အပေါ်မှာ ရှိခဲ့သမျှမကျေနပ်ချက်တွေအားလုံးက ဘာမှမရှိခဲ့ဘူးသလို ဖြစ်လာခဲ့လျက် ကိုယ့်ကိုကူညီမည့်သူ အဖြစ်သာ..၊

"မရဘဲ အတင်းလျှောက်ထားလို့ ပိုဆိုးသွားတာ..ငါနင်ပါတ်စဉ်ရေမယ် ငါးထိ..မင်း အသက်အောင့်ထား.."

ခြေချင်းဝတ်လေးက တင်းပြောင်းနေသည်။ မကြာခင် ဒီထက်ယောင်ကိုင်းတက်လာတော့မှာဖြစ်သည်။ ကြိုးကခြေကျင်းဝတ်နဲ့ ဖြေဖဝါးလေးကို လက်နှစ်ဖက်နဲ့ စမ်း


www.burmeseclassic.com

www.burmeseclassic.com



ကိုင်နေရင်း သူမကိုမော့ကြည့်သည်။

စကားကလည်း မျက်လုံးဝိုင်းလေးနှင့် ငုံ့ကြည့်နေကာ..။

"အား..နာတယ်.."

"နာမယ်လို့ပြောသားပဲ..အဲ့ဒါ ဘာမှမလုပ်ရသေးဘူး.."

"အင်း..လုပ်မယ်ဆိုကြိုပြောနော်.."

မျက်ရည်လေးတွေဝေ့တက်လာကာ သူ့လက်ကိုဆွဲဖယ်ပစ်တော့မလို တဝဲဝဲဖြစ်နေရှာရင်း..။

"နံပါတ်စဥ်ခေါ်မယ်ဆိုလည်း မြန်မြန်လုပ်ပါ..တစ်ခါတည်းသက်သာအောင် လုပ်ပေးနော်..ခဏခဏလုပ်နေရင်..အား.."

စကား စူးစူးဝါးဝါးအော်လိုက်မိကာ သူ့လက်ကိုအတင်းဖိဆုပ်ထားလိုက်မိ၏။

"ရှင်..ရှင်.."

"ပြီးပြီ.."

"အား..သေပါပြီ၊ အား.."

သူ့လက်ကိုမလွှတ်မိဘဲအော်နေရင်း မျက်ရည်တွေဖိုးဖိုးပေါက်ပေါက် ကျလာခဲ့၏။

"ဟော့လူ..ခင်ဗျားဆေးကုတာလား ပိုဆိုးအောင်လုပ်လိုက်တာလား.."

"ပိုဆိုးသွားပြီထင်တာပဲ.."

"ဘာ.."

သာယာက မျက်လုံးပြူးနှင့်အော်ကာ စကားရဲ့ရှေ့မှာ ဒူးထောက် ထိုင်ချလိုက်ပြီး၊

"စကား..စကား ကိုယ့်ကိုကြည့်၊ ဘယ်လိုဖြစ်သွားပြီလဲ.."

"နာတယ်.."

"ဟော့လူ.."

ကြိုးက လွယ်အိတ်ပြန်လွယ်ပြီး အထဲကဆေးဘူးလေးတစ်ဗူး ထုတ်ယူလိုက်ကာ..။

"အဲ့ဒါလေး နည်းနည်းပွတ်ထားလိုက်.."

သာယာ့ကို ရှိသည်လို့တောင်မထင်သည့် မျက်နှာက လှည့်လည်းမကြည့်၊ ဂရုလည်းမစိုက်၊ စကားက ဆေးဘူးကိုယူလိုက်ကာ..။



www.burmeseclassic.com

ww.burmeseclassic.com



"ဒါကြီးကပူတယ်မလား..စကားအဲ့ဒါတွေ မလိမ်းဖူးဘူး.."

"ခြေထောက်လည်းခုမှ ကျိုးဖူးတာမို့လား.."

"စကားရဲ့အသားအရေတွေ ပျက်စီးကုန်မှာပေါ့.."

ကြိုးက ဘာမှမပြောတော့ဘဲ လှည့်ထွက်သွားသည်။ ဒေါ်သထွက်နေသည့် သာယာတောင်မှ စကားကိုကြည့်၍ ခေါင်းတစ်ချက်ပွတ်ရင်း..၊

"အခု သူနှိပ်လိုက်တာဘယ်လိုနေလဲ.."

"နာတာပေါ့.."

"နာပေမယ့် မင်းမျက်နှာကတော့ ကြည်လို့ပါလား.."

ဟင်..၊

ကိုယ့်ကိုယ်ကိုတောင် သတိမထားမိဘဲ စကားဝမ်းသာသွားသည်။ ခြေထောက်ကို ပြန်ငုံ့ကြည့်မိပြီး အားစိုက်ဖိကြည့်လိုက်သည်။ ပြီးတော့ မတ်တပ်ထရပ်လိုက်ပြီး ခြေလှမ်းကြည့်လိုက်၏။

"ကျွတ်..ကျွတ်.."

နည်းနည်းတော့ ထော့သွားပေမယ့် ဆက်လျှောက်တော့အဆင်ပြေသွားသည်။

"စကား သက်သာသွားပြီသိလား.."

သာယာက သက်ပြင်းချလိုက်ပြီး ခေါင်းလည်းခါ၏။ သူမအော်လွန်းလို့ သူ့မှာတော့ လူကြမ်းကြီးကိုဖြစ်လို့ပါ...၊

"သူစကားကို စိတ်ပြောင်းအောင်လုပ်ပြီး ရုတ်တရက်ဆွဲနှိပ်ပစ်လိုက်တာနော်.. မထင်မှတ်ဘဲခံလိုက်ရတာ ခံရဖို့အံကြိတ်စောင့်နေရတာထက် သက်သာတယ်၊ ဒီလူကြီးတော်သားပဲ.."

"မင်းက အဆင်ပြေသွားပေမယ့် တို့ကတော့ မျက်နှာပူစရာဖြစ်နေပြီ.."

"ပူမနေပါနဲ့..သူကအဲ့လိုတွေတေးမှတ်ထားတတ်တဲ့ ပုံလည်းမရှိပါဘူး.."

ပြောနေရင်းခြေထောက်ကို ပြန်ငုံ့ကြည့်မိက ကိုယ့်ဖိနင်းပစ်ခဲ့တဲ့ သူ့ခြေထောက်ကို သတိရသွားမိသည်။ အဲ့ဒီတုန်းက စကားတမင်တက်နင်းပစ် ခဲ့တာကို သူ မသိတာလား။ အငြိုးတေးမထားတတ်တာလား..၊ တွေးမိတော့လည်း မျက်နှာပူမိလေသည်။

ဖ ဆ ဆ ဖ



www.burmeseclassic.com

ww.burmeseclassic.com



# အခန်း(၁၅)

လှမ်းကြည့်လိုက်တော့ တစ်မျှော်တစ်ခေါ်ကြီးထိ ကုန်းမြင့်လေးတွေ ချိုင့်ဝှမ်းတွေပဲမြင်သည်။ ပြီးတော့ လယ်ကွင်းတွေတစ်ချို့နှင့်..၊

"စကားတို့သွားရမယ့်ရွာက ဒီဘက်မဟုတ်ဘူးလားဟင်.."

"မဟုတ်ဘူး.."

"ရှင်ကလည်း တစ်ခွန်းမေးမှတစ်ခွန်းဖြေတယ်.."

"တစ်ခွန်းမေးမှ တစ်ခွန်းမဖြေဘဲ လက်ညှိုးထိုးရှင်းပြနေရအောင် ငါက မင်းတို့ငှားထားတဲ့ဂိုက်ဒ်မှမဟုတ်ဘဲ.."

"ခင်ဗျားဒီလိုချည်းပဲပြောမနေစမ်းပါနဲ့..ကတိကဝတ်ကြောင့်ဖြစ်ဖြစ် ငွေအတွက်ပဲဖြစ်ဖြစ် ခင်ဗျားဒီလူတွေအတွက် လုပ်ပေးရမှာတာဝန်ပဲမဟုတ်ဘူးလား.."

"အဲ့ဒီတော့.."

"ပြေပြေလည်လည်ဆက်ဆံဖို့ပါ..အဟွန်း ကျွန်တော်တို့ကလည်း ကိုယ့်အတွက်အဆင်ပြေနေရင် ကျေးဇူးသိပါတယ်.."



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကပြုံးလိုက်သည်။ ပြီးတော့ သွားတွေပေါ်အောင် ရယ်၏။

"တကယ်သိတတ်ရင် မင်းတို့ကိုအမွေပေးမယ့် လူကြီးသူမကိုပဲ ကျေးဇူးဆပ်လိုက်ပါ..အလကားရတာပဲဆိုပြီး ဝေငှမုံးကြဲမပစ်နဲ့၊ မိဘအမွေဆိုတာ တန်ဖိုးထားရတယ်.."

ပြုံးနေသည့် သာယာ့မျက်နှာ ရဲခနဲဖြစ်သွားသည်။ "အလကားရတဲ့ပိုက်ဆံနဲ့ လာမကြွားနဲ့" လို့ တမင်နှိပ်ကွပ်လိုက်တာမှန်းသိလိုက်သဖြင့် ရှက်လည်းရှက်မိ၏။ ထိုစဉ်..၊

"အ.."

နောက်မှာကျန်ရစ်သည့် စကားရဲ့ညည်းသံလေးကြောင့် နှစ်ယောက်စလုံး လှည့်ကြည့်လိုက်ကြရင်း..၊

"ဘာဖြစ်သွားတာလဲ.."

ကြိုးက ရှေ့ဆက်လျှောက်သွားလျက် သာယာကပျာပျာသလဲ ပြန်လှည့်လာသည်။

"ခြေချော်သွားတာလား.."

"ချော်သွားလို့လန့်သွားတာ..ဒုက္ခပါပဲ သတိကိုမလစ်ရဲတော့ဘူး၊ လမ်းကလည်းဆိုးလိုက်တာ.."

"ရှေ့မှာပိုဆိုးဦးမှာ..လယ်ကန်သင်းပေါ်မှာ လျှောက်ရရင်.."

ကြိုးက လှည့်မကြည့်ဘဲခေါင်းခါသည်။

"ပတ်သွားရင် လမ်းပိုရှည်တယ်..အန္တရာယ်များတယ်.."

"ဟုတ်လား..ရှိတော့ရှိတယ်ပေါ့.."

"ဟိုဘက်က ညို့နေတာပဲ.."

သာယာနဲ့စကားတို့ လှမ်းကြည့်လိုက်မိသည်။ ဝါးတစ်ပြန်စာနီးပါး ခပ်လျှောလျှောလှသွားလမ်းကလေးကို လှမ်းမြင်နေရသည်။ ထိပ်မှာတော့ ဘယ်ကိုဘယ်လို ကွေ့ဝိုက်သွားသည်မသိ..၊

"မြင်နေရတဲ့လမ်းအတိုင်း အပေါ်တက်ရမှာလား.."

"ဟုတ်တယ်.."

ကြိုးက တစ်ချက်မှလှည့်မကြည့်ဘဲ လမ်းလျှောက်နေရင်း ဖြေနေတာ ဖြစ်သည်။

"လမ်းလေးကောင်းသားပဲ..အဲ့ဒီကသွားမယ်ဗျာ၊ ပိုကြာလည်း လှသက်သာဖို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



တယ်.."

ကြိုးရဲ့ခြေလှမ်းတွေ တုံ့သွားသည်။ ပြီးတော့ နောက်ပြန်လှည့်ကြည့်ကာ..၊

"အဲ့ဒီမှာ တစ်ဖက်ကတောနားနီးတယ်.."

"လမ်းတော့ကောင်းတယ်မို့လား.."

သာယာက စကားရဲ့ခြေထောက်ထပ်ဖြစ်မှာကိုပဲ လန့်နေတာဖြစ်သည်။ ဟိုက်... နောက်ကျမှရောက်တာထက် လမ်းခွက်လပ်မှာ ခုနကလိုထပ်ဖြစ်ခဲ့ရင် ဒီတစ်ခါသူ... ပြန်ထနိုင်ပါ့မလား..၊

ဘာတွေပါမှန်းမသိသော သူမရဲ့အိတ်ကိုလွယ်လိုက် ဆွဲလာလိုက်နှင့် တစ်ဖက်... မှာ ရေဘူးနှစ်ဘူးကရှိသေးသည်။ ယောက်ျားနှစ်ယောက်ပါပေမယ့် သင်းကတော့ သက်... ဆိုင်သူမဟုတ်သလို ဆရာကြီးအထာနှင့် ဝေးဝေးနေနိုင်သည်။ သူ့မှာသာ..၊

"ပြောဦးလေဗျာ..ခင်ဗျားက ဘာဖြစ်ဖြစ်မတုန်မလှုပ်နဲ့ လယ်ကန်သင်းတွေ... လောက်ကြမ်းတာ..ကျဉ်းကလည်းကျဉ်းသေးတယ်..အဲ့ဒီနေရာမှာ ထပ်ချော်လဲသွားရင်... ပြီးပြီ.."

"ဒီဖိနပ်မျိုးနဲ့တော့ ဘယ်လမ်းကသွားသွား အန္တရာယ်ဖြစ်မှာပဲ.."

"ဟာဗျာ.."

"ဖြစ်လည်း ဖိနပ်ချွတ်လျှောက်ဖို့မှမဖြစ်နိုင်တာ..ရှင့်မျက်စိထဲမှာ စကားဖိနပ်... တာကိုပဲ ထော်လော်ကန့်လန့်ဖြစ်နေတာလား.."

"အဲ့လိုမေးရင်တော့ မင်းရဲ့တစ်ကိုယ်လုံးကိုပြောလို့ရတယ်.."

"ဘယ်လို.."

အနက်ရောင်ဂျင်းဘောင်းဘီရှည်ကြီးဝတ်ထားပြီး ပေါင်လောက်ထိ ရှည်သည့်... ဂါဝန်လက်ရှည်မီးခိုးရောင်ပွပွကို ထပ်ဝတ်ထားသည်။ ဆံပင်က ဖားလျားဖြန့်ချထားက... လက်ကောက်ဝတ်တစ်ဖက်မှာ လက်ဖွဲ့ကြိုးလို အနက်ရောင်ကြိုးကွင်းလေးတွေ ရှုပ်ယှက်... ခတ်အောင် ဝတ်ထား၏။

တစ်ကိုယ်လုံးသည် လေတိုက်လိုက်တိုင်း တလွင့်လွင့်တလှုပ်လှုပ်၊ စကားလည်း... ကိုယ့်ကိုယ်ကို ငုံ့ကြည့်မိသလို သာယာကလည်း ခုမှမြင်ဖူးသလို ခြေဆုံးခေါင်းဆုံးကြည့်...

ကြိုးက ပါးစပ်ထဲကကွမ်းယာကို ထွေးထုတ်ပစ်လိုက်ပြီး အိတ်ထဲက ...ထုတ်ယူကာ ကွမ်းတစ်ရာပါးစပ်ထဲထည့်၏။



www.burmeseclassic.com

www.burmeseclassic.com



သူပြောလိုက်တဲ့စကားက သူမပြောခဲ့တဲ့အတိုင်း..။

စကားစိတ်တိုသွားမိကာ..။

"ပြောပါဦး..စကားတစ်ကိုယ်လုံးက ဘာဖြစ်နေလို့လဲ..ဒီလိုဝတ်လာတာ ဘာဖြစ်သွားနိုင်လို့လဲ.."

"ဘာဖြစ်မလဲကြိုပြောနိုင်ရအောင် ငါကအကြားအမြင်ရနေတာမှ မဟုတ်ဘဲ ဒါပေမယ့် သွားမယ့်လမ်းနဲ့ မင်းဝတ်ထားတာတွေက အန္တရာယ်ရှိတယ်.."

"ဖြစ်မလာသေးဘူးဆိုတော့ ဆရာကြီးလုပ်နေတယ်ပြောရင်လည်း ခင်ဗျား ကြိုက်မှာမဟုတ်ဘူး၊ အခုခင်ဗျားကို ဆရာတင်တာက ဟိုဘက်လမ်းက ကွေ့သွားချင်တယ်..အဲ့ဒါဘယ်လိုလဲလို့.."

ကြိုးကသူပြောသမျှကို အတေးမှတ်ထားတဲ့ပုံမရှိဘဲ ခေါင်းညိတ်လိုက်ကာ..။

"သွားလေ..အဲ့ဒါတောင်ပို့လမ်းကြားပဲ၊ တစ်ဖက်မှာ တောကြီးတယ်လို့ မင်းတို့ကို ငါပြောပြီးပြီ.."

"သူ့ဖိနပ်နဲ့သွားလို့ အဆင်ပြေပါ့မလားပဲပြောပါ.."

"မသိဘူး.."

"ခင်ဗျားပဲ.."

"ငါက သူမှမဟုတ်တာ..ဒီဖိနပ်နဲ့သွားလို့ကောင်းမကောင်း မင်းသေချာသိချင်ရင် သူ့ဖိနပ်ယူစီးပြီး မင်းအရင်သွားကြည့်လိုက်.."

"ဘာဗျ.."

သာယာအော်လိုက်တော့ ကြိုးကပြုံးသည်။ ပြီးတော့ သူပဲလမ်းကြောင်းပြောင်း ၍ ခြေဦးလှည့်လိုက်ရင်း..။

"မြင်နေရတဲ့ ကုန်းတက်လမ်းကိုရောက်ဖို့ ကြာဦးမှာ..အဲ့ဒီဖိနပ်နဲ့ မြန်မြန်လျှောက်လို့လည်းမရဘူး၊ မြင်နေရတာပဲဆိုတော့ ငါသွားနှင့်ပြီ.."

"ကြိုး.."

သာယာကခေါ်လိုက်ပြီးမှ..။

"ဆောရီး..ခင်ဗျားနာမည်က ဒီတိုင်းခေါ်မှ အဆင်ပြေလို့ပါ.."

မထီမဲ့မြင်အပြုံးနှင့် ပြော၍..။

"ဒီရေဘူးလေးတော့ ခင်ဗျားကိုင်သွားပေးပါ.."



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကကမ်းပေးလာသည့် ရေဘူးကိုမျက်တောင်ဖျားတွေ စင်းကြည့်ပြီး မတည်မပြုံးမျက်နှာနှင့်..။

"ဝန်စည်စလယ်တွေ သယ်ပိုးသွားဖို့မပြောနဲ့..ငါ့ကိုယ်ငါတောင် သိပ်စိတ်ရှည်တာမဟုတ်ဘူး.."

"ခင်ဗျားလိုလူချည်းပဲလေ..ဒါပေမယ့် ခရီးသွားလမ်းသွားဆိုတာကတော့ ခရီးသွားဖော်ချင်း ကူညီရိုင်းပင်းရတာမျိုး ရှိတာပဲ.."

"မင်းမှာရှိပေမယ့် ငါ့မှာမရှိဘူး.."

သူ့ဒီတိုင်းလှည့်ထွက်သွားတော့ သာယာခပ်ကြိတ်ကြိတ်တက်ခေါက်သည်။

"တော်တော်ရိုင်းတဲ့လူ..မိန်းကလေးက အကူအညီတောင်းတော့ သွားကြီးအဖြီးသားနဲ့.."

"ဘယ်မှာသွားဖြီးလို့လဲ..သူကိုက လူနဲ့သူနဲ့မဆက်ဆံတတ်တာ၊ ဘာလဲ..ရှင်အရမ်းအပန်းကြီးနေလို့လား၊ ပေးပါ စကားပစ္စည်းတွေ.."

စကားက ဟိုကိုလည်းမကျေနပ်၊ သာယာညည်းညူရန်လိုနေတာကိုလည်း စိတ်ပျက်မိကာ ကိုယ့်အိတ်နဲ့ရေဘူးကို ဆွဲယူ၏။ သာယာကလက်ကို လွှဲရှောင်လိုက်ကာ..။

"တော်ပါကွာ..မင်းကိုယ်မင်းပဲ သယ်ပါဦး..ဒါတွေက ဘာတွေလဲ.."

"လာပြန်ပြီ.."

"မေးကြည့်တာလေ..ဘာလဲ မမေးရဘူးလား.."

နှစ်ယောက်အတူယှဉ်လျှောက်လို့ရသည့်နေရာကျတော့ အတူသွားကြကာ လမ်းကောင်းလေးကျဉ်းကျဉ်းကျပ်ကျပ်ဖြစ်သွားလျှင် သာယာက နောက်ဆုတ်ပေး၏။

ကိုယ့်ကိုဦးစားပေးတာပေမယ့် နောက်ရောက်သွားသည်နှင့် သူ့စကားသံတိတ်ကျနေတတ်သောကြောင့် စကားလမ်းသွားရတာ မလုံမခြုံဖြစ်နေမိ၏။

နောက်ကနေ ဘယ်လိုရှုမြင်ခံစားနေသည်မသိ..။

နှစ်ယောက် နီးနီးကပ်ကပ်ဖြစ်သွားတဲ့အခါမှာတောင် သူ့အကြည့်တွေက ဟိုရောက်ဒီရောက်..။

"အ.."

"စကား.."

စိတ်တွေများသွားကာ စကားခလုတ်တိုက်ပြီး ယိမ်းယိုင်သွား၏။ နောက်မှာကပ်



www.burmeseclassic.com

ww.burmeseclassic.com



လျက်ရှိသည့်သာယာက သူမခါးလေးကို သိမ်းဖက်ထားလိုက်ပြီး.. ၊

"အဲ့ဒါကြောင့် စိတ်မချလို့နီးနီးလေးမှာနေတာ.."

"အဲ့ဒါကြောင့်ပဲဖြစ်တာ.."

"ဟား ဟား ဟား.."

"ဖယ်ပါ..လွှတ်ပါလူကို.."

"မတတ်နိုင်ဘူး..မင်းရဲ့အထိအတွေ့ကိုက ဆွဲဆောင်နေတာ.."

"ဘာ.."

"ဟား ဟား ဟား.."

လွှတ်ပေးရင်း ရယ်နေတာအတောမသတ်နိုင်၊ စကားရှက်ရှက်နှင့် ပြောချလိုက်ဖို့ လှည့်ရင်ဆိုင်လိုက်သည်။ သို့သော် သူကသူ့ဒွေးသား.. ၊

မျက်နှာသည် အော်တိုမစ်တစ်ပြေလျော့သွားခဲ့ပြီး.. ၊

"ရှင့်ပုံစံကြည့်ရတာ တော်တော်ပွေရှုပ်မယ့်ပုံပဲ.."

"ဟုတ်လား..ဘယ်လိုနေလို့လဲ ကိုယ်ကချောနေလို့ထင်တယ်.."

"ပွေဖို့ရှုပ်ဖို့ဆိုတာ သိပ်ချောနေဖို့မလိုပါဘူး..ဒါရှာတဲ့လူက ဒါပဲတွေ့တာ.."

"ဒါဆိုတာ ဘာကိုပြောတာလဲ.."

"ရှင့်လိုလေ..ချောတောမောတောလေးမြင်ရင်.."

"ဟာ..ဒါတော့ မင်းလွန်ပြီစကားချို.."

စကားကမဲ့လိုက်ပြီး လမ်းဆက်လျှောက်သည်။ သူကဘေးကနေ ကပ်လိုက်လာ ကာ.. ၊

"ချောတာမောတောလေးပဲမဟုတ်ဘူး..ကိုယ့်နားကိုရောက်နေတာ တကယ့် ရုပ်ပါအချောအလှ.."

"ကြားနေကျစကားတွေပါ.."

"ဟား ဟား ဟား.."

"တိုးတိုးရယ်စမ်းပါသာယာရယ်..ငှက်တွေတောင် လန့်ဖျန့်ကုန်တယ်.."

"ဟား ဟား ဟား.."

သာယာက ရယ်ရှိန်မလျော့ဘဲ စကားရဲ့လက်လေးကို ဆုပ်ကိုင်ထားလိုက်သည်။ စကားကပြန်ရုန်းပေမယ့် လွှတ်မပေးဘဲ.. ၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းတကယ်လှတယ်သိလား..ကိုယ့်ကိုပြန်ချစ်ပါ့လား.."

"စိတ်တော့ကူးထားပါတယ်.."

"ဟင်..တကယ်.."

သာယာက လက်ရဲဇက်ရဲပေမယ့် မထင်မှတ်ခဲ့တာမို့ တအံ့တသြနှင့်..၊

"တကယ်နော်..ကိုယ်တကယ် ရည်စားစကားပြောနေတာ.."

"သိတယ်လေ..ဒါပေမယ့် ဒီနေ့မှတွေ့တာဆိုတော့ ရှင်အထင်သေးစရာ ဖြစ်သွားနိုင်တယ် အဖြေပေးဖို့က ကိစ္စအားလုံးပြီးလို့ပြန်ကြမှပဲ.."

"ဟာကွာ..လမ်းမှာပျင်းစရာကြီး.."

စကားက သူ့မျက်နှာကိုကြည့်လိုက်ပြီး ရယ်ကာ..၊

"ရှင်က အပျင်းပြေရည်စားထားချင်တာလား.."

"အဲ့ဒါပဲ..လူတိုင်းက လိုရင်းကိုအမှန်အတိုင်းပြောရင် မကြိုက်ကြဘူး၊ တကယ်တော့ ရည်စားထားကြတဲ့အဆင့်က အိမ်ထောင်ဘက်ရွေးချယ်တာနဲ့ တစ်ကန့်စီပါ.."

"ရှင်တို့ယောကျ်ားလေးတွေကတော့ ဟုတ်ချင်ဟုတ်မှာပေါ့.."

"ဒါဆို မင်းလည်းခုမှတွေ့ပေမယ့် ကိုယ့်ကိုရင်ခုန်ခဲ့တာပဲလေ.."

"ဟင့်အင်း..မခုန်ပါဘူး.."

"အဖြေပေးမယ်..ပြောပြီးကာမှ မညာပါနဲ့ကွာ.."

ရေဘူးနှစ်ဘူးစလုံးကို အိတ်လွယ်ထားသည့်ဘက်မှာပဲ ပြောင်းကိုင်ကာ အားနေသည့်လက်တစ်ဖက်က စကားရဲ့လက်ဖဝါးလေးကိုလှမ်းဆုပ်လိုက်၏။ ထိုအချိန်မှာ ကြိုးက နောက်ကိုလှည့်ကြည့်လိုက်တာနှင့်တိုးကာ စကားနားကပ်ဖို့ ကြိုးစားနေသည့် သာယာ နောက်ပြန်တွန့်သွားသည်။

ကြိုးရှေ့ကိုပြန်လှည့်သွားမှ ပခုံးချင်းထပ်ကပ်လျှောက်ကာ..၊

"ချစ်တဲ့စိတ်ဆိုတာ မြင်မြင်ချင်းလည်းဖြစ်လို့ရပါတယ်..ကိုယ်ဆိုရင် မင်းကို မြင်မြင်ချင်းရင်ခုန်သွားတာ..ခုလို အေးအေးချမ်းချမ်းသွားလာနေရတုန်း မင်းနဲ့ကိုယ် ချစ်သူတွေဆို ပင်ပန်းတယ်ဆိုတာ ဘာမှမရှိတော့ဘူး..ပျော်စရာ ကြီး.."

"မြင်မြင်ချင်းချစ်တာမျိုး မဟုတ်ပါဘူး..ဒါပေမယ့် ရှင်နဲ့စကားက ကိစ္စတစ်ခုကို အတူလာတဲ့သူတွေဆိုတော့ ကံစပ်ခဲ့ကြတဲ့လူတွေပေါ့.."

"မှန်တာပေါ့.."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့လိုတွေးလိုက်တာ.."

"ကိုယ်တို့ခွဲဝေရကြမယ့် အမွေတွေကို ပေါင်းစည်းရာလည်းရောက်မယ်လေ.."

လိုချင်တာ အဲ့ဒီစကား..။

မျက်နှာကို စကားကလှည့်ကြည့်၏။ သူ့စကားပစ်ချက်မှန်သွားမှန်း သာယာကလည်း သိသည်။

"ကိုယ်ကမင်းလက်ထဲကိုပဲ အားလုံးထည့်ချင်တာ.."

စကား ဘဝင်ခွေသွားမိသည်။ သို့သော် ပန်းကိုသူဖက်လိုက်တော့ မသိမသာဖယ်ချလိုက်သည်။

"ရှင်ယုံလားတော့မသိဘူး..စကားက ရည်းစားတစ်ခါမှ မထားခဲ့ဖူးဘူး.."

"ယုံချင်စရာတော့မရှိဘူး..ဒါပေမယ့် ထားလိုက်ပါ ကိုယ့်မှာလည်း ရည်းစားတွေရှိခဲ့တာပဲ.."

"ရည်းစားတွေ.."

"ဟုတ်တယ်..ခုလက်ရှိတော့ မရှိဘူးပေါ့.."

"အဲ့ဒါလည်း ယုံချင်စရာတော့ မရှိပါဘူး.."

သူ့လိုပြန်ပြောတော့ သာယာကရယ်လိုက်ကာ..။

"ကျွတ်..ကျွတ်.."

အရယ်မျက်နှာက အနည်းငယ်မဲ့သွားပြီး ရေဘူးတွေကိုလက်ပြောင်း ကိုင်သည်။ ဒါတောင်ရေဘူးတွေက သုံးချိုးတစ်ချိုးလောက် လျော့နေလို့သာ..။

"ပြောလေစကား..ကိုယ်တို့ချစ်သူဖြစ်လို့ရတယ်မို့လား.."

"စကားကချစ်သူနဲ့ လက်ထပ်သူတစ်ယောက်တည်းပဲဖြစ်ချင်တာ.."

"ချစ်သူနဲ့လည်း ချစ်တိုင်းမညားဘူး..ညားပြီးမှ ချစ်သွားတာတွေ လည်းရှိတာပဲ ခုတည်းကကိုယ့်ကို သေချာချည်ထားဖို့ စဉ်းစားနော်..ဆိုင်းမွန်းကြီးသီရောက်လို့ အမွေကိစ္စက တစ်မျိုးတစ်ဖုံဖြစ်သွားရင်.."

စကားမျက်နှာပျက်သွားတော့ သာယာကပြုံးကာ..။

"ဖေဖေတို့ကိစ္စတွေ ဆိုင်းမွန်းကြီးက ပိုသိတယ်ဆိုလို့ပါ..ဘာပဲဖြစ်ဖြစ် ကိုယ်က သူ့သားဆိုတော့.."

"ရှင်က စကားကိုအမွေကိစ္စနဲ့ ဖြားယောင်းနေတာလား.."



www.burmeseclassic.com

ww.burmeseclassic.com



"ရှင်ဘာလိုချင်တာလဲ..တည့်တည့်ပြောလေ.."

"မင်းနဲ့ချစ်သူဖြစ်ချင်တာ.."

"ဖြစ်တော့.."

"ဖြစ်တော့ချစ်လို့ရတာပေါ့.."

"အမေ့.."

သာယာက စကားရဲ့ခါးလေးကို ဆတ်ခနဲဆွဲဖက်လိုက်၏။ ဒီလောက် ရဲတင်းမည်မထင်ခဲ့သဖြင့် စကားလန့်ဖျန့်သွားကာ သူ့ရင်ခွင်ထဲမှာပိပြားသွားခဲ့၏။

"သာယာ ရှင်ဘယ်လိုလုပ်..ဟင့်အင်း.."

သူ့ကိုတွန်းပစ်လိုက်တော့ လူချင်းကွာသွားကာ..।

"အား.."

စကား နေရာမှာတင် ပုံခနဲလဲကျသွား၏။

"မင်း.."

သူ့မျက်နှာကို လက်နဲ့ခတ်မိသွားသဖြင့် သာယာနှုတ်ခမ်းထောင့်မှာ တစ်ခုခုဖြစ်သွားတာ သိလိုက်သည်။

"ဆောရီးပါနော်..စကားလန့်သွားလို့ပါ.."

ကိုယ်က ပုံကျလဲသွားခဲ့ပေမယ့် သူ့ကိုပြန်တောင်းပန်မိသည်။ တကယ်ဆို သူက ကိုယ့်ရဲ့ ဝန်စည်စလယ်တွေကိုလည်း တောက်လျှောက်သယ်ပိုး လာပေးသေးသည်။

ပြီးတော့ ဘယ်အခြေအနေမှာဖြစ်ဖြစ် အမွေတွေကိုပိုင်ဆိုင်ရမည့် သူဌေးသား၊ လက်ရှိလုပ်ငန်းတွေနဲ့ အိမ်နဲ့ခြံရော ဘဏ်ကငွေတွေရော..।

ဒါတွေဘယ်လောက်တောင် ရှိသလဲမသိပေမယ့် ကုမ္ပဏီလုပ်ငန်းတွေနဲ့ သူဌေးတွေရဲ့ အရှိန်အဝါကိုတော့ သိဖူးမြင်ဖူးနေတာမို့ ခန့်မှန်းလို့ရနေသည်။ နောက်ထပ် မြေပုံနဲ့စာချုပ်စာတမ်းတွေ ရှေ့နေတွေနဲ့သိမ်းဆည်းအပ်နှံခဲ့တာတွေက ဘယ်လောက်တောင် များပြားနေခဲ့သလဲ..।

ဒီလိုလူကို သူမဘာဖြစ်လို့ ပဋိပက္ခတွေနဲ့ဆန့်ကျင်ခဲ့မိတာလဲ..।

နေရာမှ ပြန်ထရပ်ရင်း ဖုတ်သဲခါ၍ သူ့မျက်နှာရှေ့ကို သွားမိကာ..।

"ရှင် စကားကိုစိတ်ဆိုးသွားလားဟင်.."

"ရပါတယ်.."



www.burmeseclassic.com

ww.burmeseclassic.com



"ရှင်ဘာလိုချင်တာလဲ..တည့်တည့်ပြောလေ.."

"မင်းနဲ့ချစ်သူဖြစ်ချင်တာ.."

"ဖြစ်တော့.."

"ဖြစ်တော့ချစ်လို့ရတာပေါ့.."

"အမေ့.."

သာယာက စကားရဲ့ခါးလေးကို ဆတ်ခနဲဆွဲဖက်လိုက်၏။ ဒီလောက် ရဲတင်းမည်မထင်ခဲ့သဖြင့် စကားလန့်ဖျန့်သွားကာ သူ့ရင်ခွင်ထဲမှာပိပြားသွားခဲ့၏။

"သာယာ ရှင်ဘယ်လိုလုပ်..ဟင့်အင်း.."

သူ့ကိုတွန်းပစ်လိုက်တော့ လူချင်းကွာသွားကာ..၊

"အား.."

စကား နေရာမှာတင် ပုံခနဲလဲကျသွား၏။

"မင်း.."

သူ့မျက်နှာကို လက်နဲ့ခတ်မိသွားသဖြင့် သာယာနှုတ်ခမ်းထောင့်မှာ တစ်ခုခုဖြစ်သွားတာ သိလိုက်သည်။

"ဆောရီးပါနော်..စကားလန့်သွားလို့ပါ.."

ကိုယ်က ပုံကျလဲသွားခဲ့ပေမယ့် သူ့ကိုပြန်တောင်းပန်မိသည်။ တကယ်ဆို သူက ကိုယ့်ရဲ့ ဝန်စည်စလယ်တွေကိုလည်း တောက်လျှောက်သယ်ပိုး လာပေးသေးသည်။

ပြီးတော့ ဘယ်အခြေအနေမှာဖြစ်ဖြစ် အမွေတွေကိုပိုင်ဆိုင်ရမည့် သူဌေးသား၊ လက်ရှိလုပ်ငန်းတွေနဲ့ အိမ်နဲ့ခြံရော ဘဏ်ကငွေတွေရော..၊

ဒါတွေဘယ်လောက်တောင် ရှိသလဲမသိပေမယ့် ကုမ္ပဏီလုပ်ငန်းတွေနဲ့ သူဌေးတွေရဲ့ အရှိန်အဝါကိုတော့ သိဖူးမြင်ဖူးနေတာမို့ ခန့်မှန်းလို့ရနေသည်။ နောက်ထပ် မြေပုံနဲ့စာချုပ်စာတမ်းတွေ ရှေ့နေတွေနဲ့သိမ်းဆည်းအပ်နှံခဲ့တာတွေက ဘယ်လောက်တောင်များပြားနေခဲ့သလဲ..၊

ဒီလိုလူကို သူမဘာဖြစ်လို့ ပဋိပက္ခတွေနဲ့ဆန့်ကျင်ခဲ့မိတာလဲ..၊

နေရာမှ ပြန်ထရပ်ရင်း ဖုတ်သဲခါ၍ သူ့မျက်နှာရှေ့ကို သွားမိကာ..၊

"ရှင် စကားကိုစိတ်ဆိုးသွားလားဟင်.."

"ရပါတယ်.."



www.burmeseclassic.com

ww.burmeseclassic.com



"ရှင်ကလည်း စကားအဖြေမပေးရသေးဘဲနဲ့ဖွတ်.."

"လိုသေးလို့လား စကားရယ်.."

ဟင်..။

သာယာကလည်း သူ့အမိပွါယ်နဲ့သူ ရယ်တော့မလို ပြုံးတော့မလိုမျက်နှာနှင့် ခပ်မဲ့မဲ့ဖြစ်ကာ..။

"မင်းလိုချင်တာကို ကိုယ်ပေးနိုင်တယ်..မင်းကလည်း ဒီအတွက်ကိုယ့်ကို လက်ခံဖို့စဉ်းစားထားတယ်လေ.."

"ဟုတ်တယ်..ဒါပေမယ့်.."

"ကိုယ်လိုချင်တာ မင်းကိုကြင်နာခွင့်ပဲ.."

စကားမျက်နှာလေး မသိမသာမဲ့သွားသည်။ ဒီလူက လူရှုပ်လူပွေလား..။

"ကိုယ်ကလူရှုပ်လူပွေတော့ မဟုတ်ဘူး..ဒါပေမယ့် ရည်းစားထားတယ် ကိုယ့်ဘက်ကိုပြိုလာရင်တော့ ဖြိုတာပဲ.."

"ဘယ်လို.."

"ကိုယ်ကယောကျ်ားလေး.."

"ဒါပေမယ့် ဒါမျိုးတော့ စကားမကြိုက်ပါဘူး.."

"ကိုယ်ပြောပြီးလေ..ပြိုလာမှပါလို့ အဲ့ဒီလိုဖြစ်ကြတယ်ဆိုတာ နှစ်ဖက်ငြိမှ ဖြစ်တာပါ..ယောကျ်ားလေးဘက်က စည်းကျော်ဖို့မကျော်ဖို့က မိန်းကလေးပဲအဓိက.."

သာယာ ဘာကိုပြောနေတာလဲ၊ သူတို့က ရယူဖို့ကြိုးစားတာမဟုတ်ဘဲ မိန်းကလေးတွေက လိုက်လျောလွန်းလို့ပဲ ငြိကြရတာလိုလို..။

"မင်းစဉ်းစားကြည့်လေ..အလိုမတူပဲ ဘယ်လိုငြိမလဲ၊ ချစ်သူချင်းရင်ခုန်သံ ထပ်တူညီမှဖြစ်တာကို ဖွတ်အမွေပြုရအောင် မုဒိန်းသမားတွေမှ မဟုတ်ဘဲ.."

စကားမျက်နှာပူလာကာ ဆက်လက်နားမထောင်ချင်တော့ဘဲ ခြေထောက်ကို ညှာတာဖို့လည်းသတိမေ့ကာ၊ ခပ်သုတ်သုတ်လျှောက်နေမိသည်။

သူက ယှဉ်တွဲလျှောက်နေရင်း..။

"တစ်ခုတော့ပြောဖို့ရှိတယ်..မင်းလို ထိကိုင်နေချင်အောင် ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးကိုတော့.."

"တော်ပါတော့ အဲ့ဒါတွေ.."



www.burmeseclassic.com

ww.burmeseclassic.com



"ကိုယ်ကဝန်ခံမလို့ပါ..မဟုတ်ရင် ကိုယ့်ကိုမင်းက လက်ရဲလိုက်တာ နှာဘူးကျ တာနဲ့ ထင်နေနိုင်လို့.."

သူ့ဘာသာပြောပြီး ရယ်လိုက်သေးသည်။ ပြီးမှ အာခေါင်ခြောက်သွားသလို ရေ မော့သောက်၍..၊

"များများမှိုချထားတာအေးပါတယ်..ဆွဲရသက်သာတာပေါ့.."

ဆီးသွားချင်တဲ့ဒုက္ခလာဦးမှာကိုတော့ မေ့နေသလားမသိ.. ။

"မင်းရော.."

တွေးနေတုန်းမေးလိုက်တော့ ခေါင်းခါမိကာ..၊

"ရှင်လက်နာရင် စကားကိုပေးလေ.."

"နေပါစေကွာ..မင်းလက်လေးတွေ ရဲတွတ်နေတာကို မကြည့်ရက်ပါဘူး.."

"ဟော့.."

စကားသံတွေကြားထဲ ကြိုးရဲ့ခေါ်သံကြီးက အကျယ်ကြီးဟိန်းထွက်လာကာ..၊

"နေလေးအေးတယ်ဆိုပြီး ခြေလှမ်းရေလျှောက်နေတာလား.."

"ဟင်..သူ့အဝေးကြီးရောက်နေပြီမှတ်တာ.."

သာယာက ပြုံးလိုက်ပြီး..၊

"သူ့အဝေးကြီးဘယ်သွားရဲမလဲ..ကိုယ်တို့ကို တာဝန်ခံပြီး ခေါ်လာခဲ့တာကို.."

ကြိုးကတော့ သူတို့ဘာတွေပြောနေတာကို စိတ်ဝင်စားမနေပေ..၊

"မိုးကသဘောကောင်းပြီး အုံ့ပေးနေတာမဟုတ်ဘူး..မြန်မြန်လာခဲ့ကြ.."

နစ်ယောက်သားကိုယ့်လောဘနဲ့ ကိုယ့်အတွေးကိုယ်စီနဲ့ နစ်မွှန်းနေခဲ့ကြတာ ရာသီဥတုကိုမေ့နေခဲ့၏။ ပတ်ဝန်းကျင်မှာ နေရောင်ပျောက်နေတာ ကြာပြီထင်သည်။

နေမွှန်းတိမ်းစကာလကိုတောင် မေ့နေခဲ့မိ၏။ ထို့ပြင်ပတ်ဝန်းကျင် လေနအေးက တသုန်သုန်တိုးဝှေ့နေတာ သာသာယာယာ..၊

"မုန်တိုင်းမကျခင် လေပြည်လေညှင်းရောက်လာသလိုလားမသိဘူး..ဘုရား ဘုရား.."

"ပင်လယ်ထဲမှာ မဟုတ်ပါဘူးစကားရယ်..ဒီလောက်ထိအပြောင်းအလဲ မမြန်နိုင် ပါဘူး၊ ကြောက်မနေပါနဲ့.."

သူတို့နဲ့အတိုက်အခံမပြောချင်ပေမယ့် စကားသွက်သွက်လျှောက်နေမိသည်။



www.burmeseclassic.com

ww.burmeseclassic.com



တစ်ခါတစ်ခါချိုင့်ကျသွားလျှင် ခြေထောက်ကနာပေမယ့် ပိုဝေးသောလမ်းကို ရွေးခဲ့ကြတာကိုယ့်ကြောင့်မို့ ကြိတ်မှိတ်လျှောက်နေမိ၏။

ခုနလှမ်းမြင်နေရသော ကုန်းမြင့်လေးကိုရောက်တော့မှ သက်ပြင်းချနိုင်၏။ သို့သော် လမ်းကသိပ်မပြောင်ဘဲ မြင်ရတာထက်ပို၍ မတ်နေကာ ချိုင့်ခွက်လည်းမရှိ မြက်ခြောက်ခြုံပုတ်လည်းမရှိ..။

"ဖိနပ်ချွတ်တက်မှ ရမယ်ထင်တယ်.."

လို့တီးတိုးရေရွတ်မိ၏။ သာယာကတော့ မျက်နှာမှာဟန်ဆောင်မှုကင်းစွာ မဲ့ရွဲ့နေကာ လွယ်လိုက်ဆွဲလိုက်သယ်လာခဲ့ရသော စကားရဲ့အိတ်ကို မြေပြင်မှာ ဖြုတ်ချပစ်လိုက်ပြီး..။

"တကယ်မစားသာဘူးကွာ..အပေါ်လမ်းရောက်ရင်တော့ ဟော့လူ ခင်ဗျား တစ်လှည့်ဆွဲပေး.."

"နေပါစေတော့..စကားဘာသာဆွဲပါ့မယ်.."

"ဘာလဲကွာ..မင်းဆွဲမှာစိုးလို့ ကိုယ်ချည်းပဲသယ်နေရတယ် သူနဲ့ကိုယ် ယောကျ်ားနှစ်ယောက်ပါတာပဲ..သူလည်း ကူညီသင့်တယ်မဟုတ်ဘူးလား.."

ကြိုးက မျက်လုံးခပ်စူးစူးနှင့် နှစ်ယောက်စလုံးကိုကြည့်ကာ..။

"သူ့အတွက်လိုအပ်မယ်ထင်တာတွေ သယ်လာတာ..ဘယ်သူ့အတွက် လိုလို့လဲ"

"ခင်ဗျား တာဝန်မဲ့စကားတော်တော်ပြောပါလား.."

ကြိုးက သူ့စကားကိုဂရုမစိုက်ဘဲ စကားမျက်နှာကိုအထက်စီးဆန် ဆန် ကြည့်၍ ပြုံးတော့မလို မဲ့တော့မလို..။

"ငါဘာတာဝန်မှမယူခဲ့ဘူး..အထူးသဖြင့် မလိုအပ်တာတွေအတွက် အပင်ပန်းမခံဘူး.."

"သိပါတယ်..ရှင်ဘယ်လိုလူဆိုတာ ဟိုအရင်တည်းကသိတယ်၊ ရှင့် ရှေ့မှာဘာဖြစ်နေနေ လူမှုကျင့်ဝတ်လေးတောင် မထားတတ်တာ.."

သူတို့ချင်းသိနေကြတာလားလို့ တွေးမိကာ သာယာကအံ့ဩနေ၏။ တွေ့လိုက်ကာစက ဒါကြောင့်တစ်ယောက်ကိုတစ်ယောက် ထူးခြားစွာကြည့်နေကြတာဟု တွေးရင်း..။

"ခင်ဗျားက သူ့ကိုသိနေတာပဲ.."



www.burmeseclassic.com

www.burmeseclassic.com


"ဟွန့်.."

ကြိုးကပြုံးလိုက်ပြီး ကွမ်းတံတွေးထွေးသည်။ သူ့နှုတ်ခမ်းဖျားပေါ်မှာရော မေးဖျားတစ်လျှောက်မှာရော စိမ်းမှောင်နေသည့် မုတ်ဆိတ်နှုတ်ခမ်းမွှေးတွေရှိသည်။

ဒါနဲ့တောင် ကွမ်းစားနေသည့်နှုတ်ခမ်းတွေက ကြည့်ရဆိုးမသွားခဲ့..၊ တံတွေးထွေးပြီးတိုင်း နှုတ်ခမ်းချင်းဖိကပ်ပစ်တတ်ကာ စကားပြောသည့်အခါ နှုတ်ခမ်းထောင့်ကို လက်မနဲ့ပွတ်ပစ်တာလည်း ရှိသည်။

ထို့ကြောင့်မဲ့တာဖြစ်ဖြစ် ခနဲ့တာဖြစ်ဖြစ် သူပြုံးလိုက်တိုင်းနှုတ်ခမ်းတွေက ကြည့်လို့ကောင်းနေသည်။ သာယာ့မျက်လုံးတွေက ဒီလူ စကားနဲ့သိနေသည် ဆိုတည်းက အထူးတလည် ကြည့်ရှုအကဲခတ်ခြင်းသို့ရောက်ကာ ပြီးမှ စကားကိုပြန်ကြည့်မိ၏။

စကားကတော့ တော်တော်စိတ်တိုနေပုံရှိလျက်..၊

"ဟုတ်တယ်..ဒါတွေကိုယ့်အတွက်လိုအပ်လို့ သယ်လာခဲ့တာ ဘယ်သူမှကူသယ်ပေးဖို့ မလိုဘူး..ပေး.."

"စကား.."

"ရပါတယ်..သိပ်လည်းမလေးပါဘူး.."

"သိပ်မလေးပေမယ့် ရေရှည်ကျတော့ ကိုယ်တောင်နာလာတာ..ပေးပါကွာ.."

သာယာက ဆွဲပေမယ့် စကားကလက်မခံ..၊

"စကား အပေါ်ရောက်မှယူလေ..ပေးပါ.."

"ရပါတယ်ဆိုမှ.."

စကား အိတ်ကိုပခုံးမှာချိတ်လိုက်ပြီး ရေဘူးကိုလည်းယူသည်။ သာယာက ရှုံ့မဲ့နေကာ..၊

"ဆောရီးကွာ..ကိုယ်လည်း လက်အရမ်းနာနေလို့.."

သူ့လက်တွေလည်း ရဲနေပြီဖြစ်သည်။ အပေါ်ရောက်အောင်တော့ သည်းခံယူပေးချင်ပေမယ့် မာနခဲလေးကလည်း လက်မခံသည်ဖြစ်ရာ..၊

"တက်လေ..ရှေ့က.."

"မင်းတက်လေ.."

အလေးအပင်နဲ့တက်နေရပြီဆို ကိုယ်ခန္ဓာက ဘယ်လိုအချိုးအစား တွေ ပြောင်းလဲကုန်မည်မသိ၊ သာယာ့ကိုနောက်ကနေ နေခွင့်ပေးလို့တော့ မဖြစ်နိုင်..၊


www.burmeseclassic.com

ww.burmeseclassic.com



"တက်ပါ..ရှင်ပဲ.."

သာယာက ဒီအချိန်ထိ ပါးစပ်ပိတ်နေသည့်ကြိုးကို မကြည်ကြည့်နဲ့ လှည့်ကြည့်သည်။ ပြီးမှတက်သွား၏။ ကုန်းလျှောလေးပဲမို့ ဘာမှခက်ခဲသည့် အလုပ်လည်း မဟုတ်ပေ..။

သို့သော် စကားကတော့ဖိနပ်အမြင့်နှင့် အလုပြင်ပစ္စည်းတွေ ရေဘူးတွေက ပါသေးရာ..။

"ကျွတ်.."

ခြေထောက်ခိုင်ပုံမလားလည်း တွေးမိကာ ကိုယ့်ကိုယ်ကိုစိတ်တိုမိ၏။ ဒီခရီးစပြီဆိုတည်းက ဒုက္ခရာဒုက္ခချက်တွေနဲ့ ဖြစ်ခဲ့ရတာ ဘယ်လောက်ထိ ဒုက္ခများဦးမလဲဆိုတာမသိ..။

မညည်းနဲ့စကားချို၊ လောကမှာ ကြီးတာရော သေးတာရော ဘာတစ်ခုမှ အလကားမရဘူး၊ နင်မဆီမဆိုင်အမွေတွေရမှာကို ဒီလောက်တော့အနာခံလိုက်..။

စိတ်ကိုတင်း၍ ကုန်းလျှောလမ်းကလေးပေါ် တက်ခဲ့လိုက်သည်။ သာယာကတော့ လမ်းပေါ်မှာထိုင်စောင့်နေတာ သာသာယာယာပါ၊ ကိုယ်လည်း သာသာယာယာတက်နိုင်ရမည်လို့ တက်ခဲ့တာ ရောက်ခါနီးမှ..။

"အား.."

"ဘုတ်.."

"ဟိတ်.."

နောက်ထပ်ဖိနပ်ချော်ထွက်သွားကာ ခြေကားယားလက်ကားယားနှင့် ရေဘူးကိုလွှတ်ပစ်သလိုဖြစ်သွားသည်။ အိတ်က ပခုံးပေါ်ကနေ အလိုအလျှောက် လျှောဆင်းသွားခဲ့ပြီး စကားတစ်ကိုယ်လုံးသည် ကြိုးရဲ့ကိုယ်ပေါ် ပြုတ်ကျ၏။

ထို့နောက် ကြိုးသည်လည်းတောင်ကျရေတိုက်စားသောကြောင့် ကျိုးပြတ်မျောပါသွားခဲ့သော ကမ်းနားသစ်ပင်ကဲ့သို့..။

"စကား.."

သာယာအလန့်တကြားထရပ်လိုက်၏။ စကားကိုယ်ကိုဖက်ထားလျက် နစ်ယောက်စလုံး ဒလိမ့်ခေါက်ကွေးပြိုဆင်းသွားသည့် မြင်ကွင်းမှာ သာယာမျက်လုံးတွေမီးပွင့်သွားသလိုပင်..။

မြေပြင်ညီမှာ ရပ်တန့်သွားတော့ ကြိုးရဲ့ရင်ခွင်ထဲမှာ စကားကပက်လက်လေး။



www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ့်ကိုယ်ကို ထိန်းနေရင်း သူ့ကိုယ်ပေါ်ပြုတ်ကျသွားသည့်အချိန်မှာ မီတွယ်စရာ တစ်ခုအဖြစ် အတင်းအကျပ်ဖက်ထားခဲ့မိ၏။

ကြိုးကလည်း ထိန်းပေးဖို့ကြိုးစားတာပဲဖြစ်သည်။ ဒါပေမယ့် ဘယ်လိုမှ မရလိုက်တဲ့ သူကိုယ်တိုင်ပါသွားခဲ့ရသည့်နောက်..။

"စကား..စကားလေ.."

စကားသူ့ကိုတောင်းပန်မလို့ ကြိုးစားပေမယ့် ထိတ်လန့်တုန်ယင်နေသည့် ရင်ဘက်လေးလှိုင်းထန်နေကာ ဘာမှလည်းပီပြင်အောင်ပြောလို့မရ..။

သူ့မျက်နှာက ကိုယ့်မျက်နှာထက်မှာ စီးမိုးနေခဲ့လျက် သူမကလည်း ဖက်ထားမိဆဲ၊ ကြိုးမျက်နှာလွှဲပစ်လိုက်သည်။ ပြီးတော့..။

"မင်းလက်တွေလွှတ်လိုက်.."

ဟင်..။

စကားကြက်သေသေနေသလို ပြူးတိပြူးကြောင်လေးဖြစ်နေဆဲ..။

"မင်းငါ့အကျႌတွေကို ဆွဲဆုပ်ထားတာ.."

""ဟင်..စကားမဆွဲပါဘူး..""

လက်တွေက အသေဆွဲဖက်ထားပြီး ကိုယ့်ကိုယ်ကိုဘာလုပ်နေမိမှန်း ရုတ်တရပ်မသိသလို ဖြစ်နေ၏။ ပြီးတော့မှ သတိရကာလက်တွေကို လွှတ် လိုက်ပြီး ကမန်းကတန်းရှန်းမိလေသည်။

တကယ်က အင်္ကျီကိုဆွဲထားတာမှမဟုတ်ဘဲ..။

စကား သူ့ကိုအသကုန်အသားခမ်းဖက်ထားခဲ့တာ..။

ဖ ဖ ဖ ဖ



www.burmeseclassic.com

ww.burmeseclassic.com



# အခန်း(၁၆)

တော်သေးသည်။ ခြေမျက်စိနည်းနည်းပွန်းသွားပြီး လက်,တံတောင်တွေ ပွန်းရှ
သွေးစို့သွားရုံ၊ ခြေထောက်သာထပ်ဖြစ်လိုက်ရင် မလွယ်..။

သာယာစိတ်ထဲမှာတော့ တင်းနေမိပေမယ့် သူမခြေထောက်ဖြစ်ရင် ကိုယ်ပဲ
ဒုက္ခများတာမို့ ခြေထောက်ကိုပဲ အလျင်စလိုအဖြေရှာမိ၏။ သူမလေးကတော့ ခြေထောက်
ကိုငုံ့ကြည့်လိုက် လက်တံတောင်နှစ်ဖက်ကို ပင့်ကြည့်လိုက်နှင့် မျက်ရည်အသွယ်သွယ်ကျ
နေခဲ့လျက်..။

"သွားပြီ..စကားလက်တွေခြေထောက်တွေမှာ ဒဏ်ရာတွေဖြစ်ကုန်ပြီ၊ အဲ့ဒါ အမာ
ရွတ်ကြီးတွေထင်ခဲ့မှာ စကားသိတယ်..သေးသေးလေးတွေကို အကဲပါနေတယ်မထင်နဲ့၊
အဲ့ဒီသေးသေးလေးတွေက အနာဖက်ကြီးတွေတက်လာတာပဲ..ပြီးတော့ ကွာလည်းကွာ
သွားရော ဖြူဖြူကြီးတွေထင်ကျန်ခဲ့ရော.."

"စကားချို.."

"ဘာမှလာမရှင်းပြနဲ့.."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူကရှင်းပြနေလို့လဲမင်းကို.."

ကြိုးက စိတ်မရှည်သံနှင့်ပြန်ပြောလိုက်ပြီး အပေါ်ကုတ်အင်္ကျီကြီး ချွတ်ပစ်လိုက်ရင်း တဖြန်းဖြန်းခါ၏။

"မင်းကိုဘယ်သူမှ ဘာမှမလုပ်ဘူး..ဘယ်သူမှဘာမှမဖြစ်ဘဲ မင်းချည်းပဲ ထထဖြစ်နေတာ.."

"ရှင်က ဘာတွေကူညီနေလို့ လူကိုဇိဟောက်နေရတာလဲ.."

"မကူညီပါဘူး ဒီလောက်ပြောနေတာတောင် မင်းကိုပြုစုနေရတာ နှစ်ခါရှိပြီ.."

နှစ်ခါ..ဘယ်မှာနှစ်ခါလဲ..၊

ခြေထောက်ခြေဆစ်လွဲတာနဲ့ ဒီတစ်ခါဖြစ်တာကိုလား..၊

နှစ်ခါဆိုသည့်စကားကို စဉ်းစားရတာ ငိုနေတာတောင် ရပ်သွားရသည့်အဖြစ်၊ ဒီတစ်ခါသူ့ကို ထိခိုက်မိသွားတာမှန်ပေမယ့် စေတနာရှိလွန်းလို့ ဝင်ခံပေးလိုက်တာမို့လို့လား၊ သူ့ကိုယ်ပေါ်ပြုတ်ကျသွားလို့ နှစ်ယောက်စလုံး လဲကျသွားခဲ့တာဘာကို နှစ်ခါလို့ပြောတာလဲ..၊

"ဘာလဲ..ကျေးဇူးတင်ရမှာစိုးလို့ ရှာကြံဖွဲ့ချနေတာလား၊ မင်းကျေးဇူး တင်တာကို လိုချင်လို့ပြောနေတာမဟုတ်ဘူး..အခုအဲ့ဒီဇိနပ်နဲ့ အလှအပပစ္စည်းတွေ ဒီနေရာမှာ သင့်တော်သလား တွေးမိဖို့.."

"စကားကလည်း ဒီနေရာမှပဲ ခနီမိုးထရံကာပြီးနေတော့ဖို့ လာတာမှမဟုတ်ဘဲ..နေပါဦး ရှင်ကဘာဒဏ်ရာမှမဖြစ်ဘဲ အင်္ကျီပေသွားတာလေးကို ကမ္ဘာပျက်နေတာလား.."

ကြိုးမျက်နှာတင်းသွားသည်။

"ဘာလဲ..ဘယ်နေရာမှာ ဘာဖြစ်သွားသလဲ သိချင်လို့လား.."

"ရှင်နော်.."

ကြိုးက ဘောင်းဘီခါးပတ်ဆွဲဖြုတ်လိုက်သည်ထင်ကာ လန့်ဖြန့်အော် ၏။ ကြိုးက ခါးစပ်ထဲက ဓားမြောင်အိတ်လိုဟာလေး ဆွဲထုတ်လိုက်ပြီး ထောင်ပြသည်။

ပြီးတော့ ဓားအိမ်ကိုဆွဲဖြုတ်လိုက်ပြီး..၊

"အဲ့ဒါ ငါ့ခါးကြားထဲမှာ.."

ဓားပါးလေးက လက်တစ်ဝါးနီးပါးလောက်ပဲရှိသည်။ ဒါပေမယ့်ဓား ကိုကြည့်၍ စကားပါးစပ်လေး အပေါင်းသားဖြစ်လျက်..၊



www.burmeseclassic.com

www.burmeseclassic.com



"ဒါ..အဲ့ဒါ ဓား.."

ကိုယ့်ကြောင့် သူပွဲချင်းပြီးသွားနိုင်သည့် ကိစ္စကြီးပါလား..။

တံတွေးမျိုရင်း သာယာ့ကိုလှမ်းကြည့်လိုက်မိသည်။ သာယာကလည်း ထိတ်လ နေသည့် မျက်လုံးတွေနှင့်ရှိနေလျှင် စကားမျက်နှာလေးမော့၍ မျက်ရည်တွေသုတ်လိုက် သည်။

ယောက်ျားနှစ်ယောက်စလုံးက ပြစ်တင်လက်ညှိုးထိုးလာမှာတော့ မခံနိုင်..။

"စကားတမင်လုပ်တာမှ မဟုတ်တာ..အဲ့ဒီဓားက ရှင့်ကိုယ်မှာပေမယ့် လောက်လုံးထွေးကျသွားတာ စကားလည်းသေနိုင်တာပဲ.."

"ဓားက ငါ့ကျောအောက်မှာ.."

စကား ဆွံ့အသွားသည်။ သို့သော်..။

"မိုးပြိုမှာတွေးပြီး ပုံကြီးချဲ့မနေပါနဲ့..အခု ရှင်ဘာမှမဖြစ်ဘူးမှတ်လား.."

စကားက ကြိုးဘာမှဆက်မပြောနိုင်အောင် အသက်မရှူဘဲပြောချသွားကာ..။

"စကားမှာ ဖိနပ်ကိုသယ်ရ..အိတ်ကိုသယ်ရနဲ့ ဒါကြီးကိုရိုးမယ်ဖွဲ့နေလို့ ရှင့်ကို လည်းကူသယ်ပေးပါမပြောရဲဘူး..သာယာကလည်း လက်ပြုတ်တော့မယ် ညည်းနေသေ တယ်၊ ဖြစ်လာတော့ "ငါမပြောခဲ့ဘူးလား.."ဆိုတဲ့အသံ တန်းထွက်လာတာပဲ၊ ရှင်တို့တွေ ရှိနေပြီး စကားဒီလိုဖြစ်ရတာ..ရှင်တို့ကိုယ်ရှင်တို့.."

"ဟော့..ဟော့..တော်တော့.."

"ဘာလဲ..ဒါကြီးတွေဘယ်သူသယ်နိုင်းခဲ့လဲ မေးချင်သေးလို့လား စကားအတွက် လိုအပ်လို့ပါလို့ ပြောနေတာအပ်ကြောင်းထပ်နေပြီ..ဒီသုံးယောက်ထဲမှာ ရှင်ကအကြီးဆုံး တစ်ခုခုဆို ရှင်ချည်းပဲထွက်ထွက်လာတာ.."

"ဘာ.."

"စကားကိုလက်ညှိုးထိုးပြောဖို့လေ.."

"မင်းကိုငါ ဘာများပြောရသေးလို့လဲစကားရဲ့..ငါသေမလိုဖြစ်တာ ကြောက် ပြောနေတာမဟုတ်ဘူး..မင်းရဲ့.."

"လုံးဝမစွန့်လွှတ်နိုင်ဘူး.."

သူ့စကားမဆုံးခင်မှာပဲ ကိုယ့်အထုပ်ကို ရင်ခွင်ထဲထည့်ပိုက်ထားလိုက်သည် ပြီးတော့မျက်နှာမော့၍ ဆံပင်တွေကိုခါထုတ်လိုက်ရင်း အားလုံးကို စိန်ခေါ်သည့်အကြည့်



www.burmeseclassic.com

ww.burmeseclassic.com



နှင့် မျက်လွှာပင့်၏။

"ရှင့်အိတ်ထဲက ကွမ်းယာတွေ အခုလွှင့်ပစ်ဆို..ပစ်မလားပြော.."

"မင်းကိုလည်းအခု.."

"ခုလည်းမပစ်ဘူး...ဘယ်တော့မှလည်း မပစ်ဘူး.."

"ဟား ဟား ဟား ဟား.."

သူမစကားထဲတိုးမပေါက်ဖြစ်နေသော ကြိုးရဲ့မျက်နှာကြီးကိုကြည့်၍ သာယာက တဟားဟားရယ်၏။ ပြီးတော့ နေရာမှထရပ်လိုက်ပြီး စကားကို ဆလ်သသလို ခါးကိုင်းလက်ကာ၍..၊

"တကယ်ပါကွာ..လက်လန်တယ်.."

"ရှင်ကရောဘာလဲ.."

"ဘာမှမလဲဘူး..ကြိုးလိုကိုယ်က လူမိုက်မှမဟုတ်တာ.."

သူကပေါ်တင်ပြောပြီး ပခုံးတွန့်သည်။ ကြိုးက တစ်ဖက်လှည့်၍ ကျွတ်ခနဲဖြစ်ရင်း..၊

"ကဲ..သွားမယ်.."

"ခဏနေပါဦး.."

ဖြုတ်ခနဲငယ်ကျသွားသည့် မျက်နှာက ခနမေးလေးပင့်၍ရန်တွေ့နေတုန်းကနဲ့ တခြားစီ..၊

ဖြစ်ရပြန်ပြီဆိုသည့် အကြည့်နှင့်သာယာကပြုံးသည်။ ကြိုးက နှာခေါင်းတစ်ချက်တွန့်ပါသွားသည်အထိ မဲ့ရင်း ကိုင်ထားသည့် အင်္ကျီကိုထပ်ခါပြီး ပြန်ဝတ်သည်။

ထိုမျက်နှာကို စကားကသေချာမြင်လိုက်သဖြင့် စိတ်တိုသွားကာ..၊

"နာမည်တင်မိန်းမဆန်တာမဟုတ်ဘူး..လူကရော ဘာထူးလဲ.."

နေရာမှထရပ်ရင်း နှုတ်ခမ်းလှုပ်ရုံ ရေရွတ်နေကာ..၊

"စိတ်တိုတတ်တာ နစ်ယောက်မရှိဘူး..သူများကိုအပြစ်ပြောဖို့ဆို ဆီလိုအပေါက်ရှာတာမိန်းမတွေထက်ဆိုး.."

"ဘုန်း.."

"ရှင့်ကိုမပြောဘူး.."

အနားကပ်ပြီး အေးခနဲဖြစ်သွားသည့် သစ်ကိုင်းကျိုးသံကြီးကြောင့် ဒေါသက



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်သူ့ဆီ ခုန်ပေါက်ရောက်သွား၏။ ယောက်ျားနှစ်ယောက်စလုံး သူမမျက်နှာကို လှည့်ကြည့်နေကြတာမြင်မှ ကြောင်အမ်းအမ်းဖြစ်သွားလျက်.. ၊

"သွားမယ်လို့ပြောတာ.."

ကိုယ့်အပြစ်နဲ့ကိုယ် အားလုံးရှေ့ကနေ ထွက်လိုက်တာ ခလုတ်တိုက်မတတ်.. ၊



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၇)

မိုးအုံ့သွားတာ နေရောင်ပြန်မလာတော့ပေ၊ လမ်းကလေးက အင်းယားကန်ဘောင်လို အမြင့်မှာရှိနေတာမျိုးဖြစ်ကာ ကန်ဘောင်လမ်းလေးလို သပ်ရပ်ကျယ်ဝန်းခြင်းမရှိ..၊ ဒါပေမယ့် ကုန်းမြင့်လမ်းလေးမို့ မြက်စိမ်းအုပ်ခဲခဲလေးတွေနှင့် နှစ်ပေနီးပါးလောက်လမ်းလေးကရှင်းနေသည်။ တစ်ဖက်မှာသူတို့ဖြတ်သန်းခဲ့သော အနိမ့်ပိုင်းမြေပက်ကြားတွေရှိနေပြီး ဒီဘက်မှာတော့ စိမ်းညို့နေသည့် တောတန်းနှင့်..၊

"ဒီထဲမှာ ရွာတွေမရှိဘူးလားကြိုး.."

"မရှိဘူး.."

"လူသွားလမ်းရောရှိလား.."

"မသိဘူး.."

သာယာက ကြိုးရဲ့အဖြေကိုနားထောင်ပြီး နောက်လှည့်ကြည်ကာ..၊

"ကျွန်တော်က ကြိုးလို့ခေါ်လို့တင်းနေတာလား..အဟွန်း ဆောရီးပါဗျာ၊ ကိုကြီးကို ဦးကြီးတို့ခေါ်ရင် ခင်ဗျားပုံပျက်သွားမှာစိုးလို့ပါ.."



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကနောက်ဆုံးကနေ ခပ်ခွာခွာလိုက်ရင်း ဘာမှပြန်မပြောဘဲနေလိုက်၏။

"မိုးအုံ့နေလို့လား..ဒီတောကြောင့်လားမသိဘူးနော် ပိုမှောင်နေသလိုပဲ၊ ဒါပေမယ့်လမ်းလျှောက်ရတာ ရေလည်ဝတ်ဒ်တယ်..လေအေးလေးတဖြူးဖြူးနဲ့ တောပန်းနံ့လေးတွေနဲ့၊ ဘယ်လိုလဲစကား အပန်းပြေမသွားဘူးလား.."

"ရှင်ပြေဖို့ပဲ လိုပါတယ်.."

"ဟော..မကြည်မလင်ကြီးပါလား ဘာတွေဖြစ်နေကြတာလဲ.."

စကားကိုပြန်ရပ်စောင့်ရင်း သာယာကပြန်လည်လန်းဆန်းသွားသည့် အရယ်အပြုံးတွေနှင့်..။

"ပေးလေ..ကိုယ်ဆွဲခဲ့ပါ့မယ်.."

"နေပါစေ..ဒီလိုလမ်းကောင်းကောင်းလျှောက်လို့ရနေရင် အပန်းမကြီးပါဘူး.."

"အိုခေ.."

နေသာသလို နေချင်နေတာမသိတာကျလို့..။

စကား သူ့ကိုလည်းမကျေနပ်ချင်၊ ဒါပေမယ့် သူလည်းသူ့ဒွေးသားပဲ၊ နတဲ့လူတွေအတွက်က ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ပျော့နွဲ့သည်လို့ မဆိုနိုင်ပါ..။

နောက်ပြီး သူမလုပ်လာခဲ့တာကလည်း သူများသည်းမခံချင်စရာဖြစ်နေသည်ကို၊ အိတ်ထဲမှာ ဒေးခရင်မ် နိုက်ခရင်မ် အစုံအပြင် မိတ်ကပ်ဆက်တ် ရှိသည်။ သွားတိုက်ဆေး သွားပွတ်တံကအစ အင်္ကျီနှစ်စုံနဲ့ လက်သည်းနီ နှုတ်ခမ်းနီတွေ ဟဲရ်ကုတ်နဲ့ဂျယ်လ်..။

ပြီးတော့ ချယ်ရီသီးတစ်ဘူးနဲ့ ရှောက်ပေါင်းသနပ် ချိုချဉ်ထုပ်တွေ ကွတ်ကီးတွေ၊ နည်းနည်းတော့လွန်နေသည်မှန်း ကိုယ့်ကိုယ်ကိုသိသည်။ ဒါတောင် ဖိနပ်တစ်ရံလောက်တော့ အပိုယူခဲ့ချင်သေးတာ..၊

ဒီအထုပ်ယောက်ျားလေးတွေလက်ထဲ ခဏတစ်ဖြုတ်ရောက်သွားခဲ့ရင် ဖိနပ်ကြီးပါနေလို့ မဖြစ်တာ တွေးမိလို့ ထားခဲ့ရတာဖြစ်သည်။

"စကား.."

သာယာက ပြုံးနေပေမယ့် မကြည်သောမျက်နှာနှင့် အနားကပ်လာကာ..။

"ကိုယ်ကတင်းရမှာလားလို့.."

"ဘယ်လို.."

"မင်းကိုယ့်ကိုတင်းနေရင် နေရာမှားနေပြီလို့ ပြောချင်တာ.."



www.burmeseclassic.com

www.burmeseclassic.com



"စကားက ဘာကိုတင်းရမှာလဲ..ရှင်တင်းအောင်ရော စကားက ဘာတွေလုပ်ထားခဲ့လဲ.."

ဟွန့်ခနဲ မဲ့လိုက်ပြီး သာယာက နောက်ကိုမသိမသာငဲ့ကြည့်သည်။ ပြီးမှပြန်လှည့်၍..၊

"ကိုယ်က မင်းကိုချစ်ပါရစေလို့ ပြောခဲ့တဲ့ကောင်.."

"အဲ့ဒါဘာဖြစ်လို့လဲ.."

"ကိုယ့်ကိုတော့ မင်းကမောင်းထုတ်ပြီး ဟိုတစ်ယောက်ကိုတော့ အခွင့်အရေးပေးတယ်..တကယ်ဆို အဲ့ဒီအခွင့်အရေးမျိုး ကိုယ်ရရမှာ.."

စကားနားမလည်နိုင် ဖြစ်သွားသည်။ ထို့ကြောင့် ခြေလှမ်းနှေးသွားခဲ့လျက်..၊

"ရှင်ဘာပြောနေတာလဲ သာယာ.."

"ပြောမယ်.."

လို့ထပ်ပြောပြီး စကားရဲ့ပခုံးလေးကို ဖက်လိုက်ကာ ခြေလှမ်းမြန်သွားအောင် ဆွဲခေါ်၏။

"သာယာ..ရှင့်..အား..လွှတ်ပါ.."

ခလုတ်တိုက်မတတ် လျှောက်လိုက်မိတာနှင့် ခြေထောက်က နာလာသည်။ ကြားထဲ ခြေခေါက်လဲလိုက်လျှင် သေဦးမည်။

"ဘာလဲ..ဘာပြောမှာမို့လို့လဲ.."

"ငြိမ်ငြိမ်နေပါကွာ..ဒီလောက်တော့ ကိုယ်ရသင့်ပါတယ်.."

"သာယာ.."

လက်ကို ပခုံးပေါ်က ဖြုတ်ချလိုက်ရင်း စိတ်တိုတိုနှင့်အော်ပစ်မိ၏။

"ကိုယ့်ကိုမအော်နဲ့.."

သာယာကလည်း ခပ်ကြိတ်ကြိတ်ပြန်အော်ကာ စကားရဲ့ပခုံးလေးကို ဖိဆုပ်ကိုင်လိုက်ပြီး..၊

"မင်းသူ့ပေါ်ပြုတ်ကျသွားတာ ဇာတ်လမ်းထဲမှာဆိုရင်တော့ မင်းသားနဲ့မင်းသမီးရဲ့ အလှဆုံးလစ်ဆင်းနိပဲ..ဒါပေမယ့် ကိုယ့်ရင်ထဲမှာတော့ မီးပွားတစ်စ တရဲရဲတိုးဝင်သွားသလိုပဲ.."

သူ့ဒါကိုရည်ရွယ်နေမှန်းသိလိုက်တော့ စကားအကြီးကြီး အံ့ဩသွားခဲ့လျက်..၊



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အဲ့ဒါကိုဘယ်လိုအပြစ်မြင်လိုက်တာလဲသာယာ..စကားက သူ့အပေါ် တမင်ခုန်ချလိုက်တာလား.."

"အဲ့ပုံစံဖြစ်သွားတာတော့ သေချာတယ်.."

"ဒီမှာ ဒီလောက်ဒဏ်ရာတွေဖြစ်သွားတာတောင်မှ..ဟိုမှာလည်း.."

"ပြောမနေနဲ့..မင်းငါ့ကိုရှေ့ကသွားပါလို့ နှင်လွှတ်ပြီး သူ့ကိုတော့ နှင်ဖို့မေ့နေတာ လား.."

ရှင်ပဲ လူကိုတစ်ကိုယ်လုံးပိုက်စိပ်တိုက်ကြည့်တတ်တာလို့ စိတ်ထဲက ပြောမိပေ မယ့်..၊

"အဲ့ဒါကို ကိုယ်တင်းတယ်..ဒီမှာစကားချို ဒီလမ်းခရီးစတည်းက မင်းက ကိုယ့် အတွက်..ကိုယ့်ဘဝဖော်က မင်းလို့သတ်မှတ်ခဲ့တာ.."

စိတ်ပျက်စရာသတ္တဝါအဖြစ် ကြည့်နေမိသည့် စကားရဲ့မျက်ဝန်းလေးတွေ ချက် ချင်းဖျော့ကျပြောင်းလဲသွားသည်။

"မင်းလည်းကိုယ့်လိုပဲ စိတ်ကူးသင့်တာမဟုတ်ဘူးလား.."

"အခု စကားက ဟိုလူ့ကို သဘောကျနေတယ်လို့ ရှင်စွပ်စွဲနေတာလား.."

"သူနဲ့အဲ့လောက်ထိ နှစ်ကိုယ့်တစ်စိတ်ပူးကပ်ထပ်အောင် ဖြစ်ခဲ့တဲ့အခြေအနေ မျိုးကို ပြောနေတာ.."

"အဲ့ဒါ.."

"မတော်တဆဖြစ်ဖြစ် ဘာဖြစ်ဖြစ် အကြောင်းရင်းကိုမလိုချင်ဘူး..ဖြစ်လာတဲ့ အကျိုးတရားကို မကျေနပ်တာ..ကိုယ့်ကိုဆိုရင် မင်းသိပ်တွန့်တိုတယ်.."

"ဘာကိုတွန့်တိုတာလဲ..ရှင်နဲ့စကားခုမှတွေ့တာ ရှင်ရည်းစားစကား ပြောတယ် လူကိုပိုင်စိုးပိုင်နင်း ပုတ်ခတ်တယ်..တကယ်ဆို စကားနဲ့ရှင် ဘာမှမဆိုင်သေးတာ.."

"ဒါပေမယ့် မင်းကြည်ဖြူနေတာဘာကြောင့်မို့လို့လဲ.."

စကား ထောင်းခနဲစိတ်တိုသွားသည်။ သာယာက ပြုံးလိုက်ပြီး..၊

"ကိုယ်ဆိုလိုတာ ကိုယ်တို့ကလက်ထပ်ကြဖို့ထိ ဆွေးနွေးဖြစ်ခဲ့တာလေ.. အမေ့ တွေလည်း နှစ်ခြမ်းမကွဲအောင် ကိုယ်ကလည်းမင်းကိုစွဲလမ်းနေတယ်၊ အဲ့ဒါတွေ ကိုယ့် မင်း ပြောခဲ့ပြီးသား..ဒါကြောင့် နားလည်မှုတွေနဲ့ ကြည်ဖြူခဲ့ကြတာ.."

"အလျှောက်ကောင်းတော့ အထောင်းသက်သာ.."



www.burmeseclassic.com

www.burmeseclassic.com



သူဖြေရှင်းချက်ကြောင့် စကားရဲ့တင်းမာသွားသည့်မျက်နှာလေး ပြေလျော့သွားခဲ့သည်။ သာယာက မသိမသာပြုံးရင်းမဲ့လိုက်၏။

မင်းဘာကိုမက်မောပြီး မကြည်ဖြူဘဲလိုက်လျောနေခဲ့တာလဲဆိုတာ ငါသိတာမပါ့ စကားချိုရယ်.. မင်းလောက်မာနကြီးတာမင်းပဲရှိတယ် မင်း လောက်အလှအပကြိုက်ပြီး မင်းလောက်ချမ်းသာချင်တာလည်းမင်းပဲ..။

စိတ်ထဲကကြုံးဝါးရင်း သာယာ့မျက်နှာမှာ မချိုမချဉ်မဲ့ပြုံးတွေ မပြီးဆုံးနိုင် ဖြစ်တည်နေခဲ့၏။ သူမကိုအညှာကိုင်ထားနိုင်တဲ့အချက်က ကိုယ်က သူဌေးသားဖြစ်နေလျက် သူမကတော့ အကြောင်းမဲ့စာရင်းဝင်နေသည်မို့ တစ်ယောက်တစ်ဝက်ဆိုတဲ့ သတ်မှတ်ချက်က အခြေမခိုင်..။

ဦးဆိုင်းမွန်းအောင်ဆီရောက်သွားရင် သူမနဲ့ပတ်သက်သည့်အ ကြောင်းရင်းတစ်ခုခု ထွက်လာမလား၊ ဒါမှမဟုတ် သူဌေးဦးမြဲသာ ခေါ် ကိုယ့်အဖေရဲ့ရှေ့နေတွေဆီ ပြန်ရောက်မှသိရမှာလား..။

ဘာပဲဖြစ်ဖြစ် သူ့အမြင်မှာတော့ စကားကအလွန်ပစ္စည်းမက်သော သနားစရာမိန်းမလှလေး တစ်ယောက်သာဖြစ်လေသည်။ သူ့ရင်ထဲမှာ တကယ်ပဲ သူမကိုလက်ထပ်လိုသည်လား၊ အလှအပကိုယာစ်မူးမိရုံလား၊ ဒါလည်း သူ့ကိုယ်သူ မသေချာသေးပေ..။

သေချာနေတာတစ်ခုက သူမနဲ့ထိတွေ့ခွင့်ကို သူဒီထက်ပိုချင်နေသည်။ ပင်ပန်းငြီးငွေ့စရာ တောလမ်းခရီးမှာ ရင်ခုန်သံချင်း စည်းချက်ညီချင်၏။ ဒါပေမယ့်..။

"ခဏ နားလို့မရဘူးလား..စကားမိုက်ဆာနေပြီ.."

"ဘာစားစရာရှိလို့လဲ..ရေဘူးတွေလည်း ပြုတ်ကျလို့ထားခဲ့ရတယ်.."

"ရေမသောက်ရသေးရင်လည်း ပါလာတာလေးတော့ မျိုချရမှာပဲ.."

"ဘာတွေပါလာလို့လဲ..လုပ်လေ.."

သူကပြောလိုက်ရင်း နောက်လှည့်ကြည့်ကာ..။

"သူမိုက်ဆာနေလို့..ခဏထိုင်မယ်ဗျာ.."

"ခုခဏပဲလျှောက်ရသေးတာ..ဘယ်နှစ်ခါတောင်နားမှာလဲ မိုးချုပ်လာရင် ဒုက္ခရောက်မယ်.."

"ခဏပဲဗျာ..ငါးမိနစ်လောက်.."

ကြီးဘာမှမပြောတော့ဘဲ ရှေ့ဆက်လည်းလျှောက်မလာ..။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီလူ ဘာတွေရှာနေတာလဲမသိဘူး.."

သာယာက တောစပ်အနိမ့်ပိုင်းထဲ ဆင်းသွားပြီးခြုံတွေကို ဆွဲဖွနေသည့် ကြိုးကို သေချာကြည့်ကာ..။

"ခြုံတိုးမလို့ထင်တယ်ကွ.."

"ဘာလုပ်လုပ်ထားလိုက်ပါ..ရော့..ရှင်တစ်ထုပ်စား.."

"မရဘူးထင်တယ်..ကိုယ်ကတစ်ခုခုစားလိုက်ရင် ရေသောက်ရမှ.."

"ဒါဆို ရေဘူးဘာလို့ပြန်မကောက်ခဲ့လဲ.."

"မင်းတောင်မကောက်တာ.."

"စကားက မသတိစိတ်ဝင်သွားရင် မျိုသိပ်လို့မရဘူး..တန်းပျို့လာတာ.."

သာယာက စကားရဲ့မျက်တောင်ကော့လေးတွေ ယှက်ဖြာနေတာကို စီးမိုးကြည့်ရင်း ပြုံးလိုက်သည်။

"မင်းကတော်တော် အသန့်အပြန့်ကြိုက်တဲ့ပုံပဲ.."

"ဟုတ်တယ်..အဲဒါကြီးကျယ်တာမဟုတ်ဘူး မွေးတည်းကပါလာတဲ့အကျင့်.."

"အလှအပကြိုက်တာကရော.."

"အတူတူပဲ.."

"အဟွန်း.."

သူကရယ်လိုက်ပြီး စကားပေးသည့်မုန့်ထုပ်လေးကို မစားဘဲဖိညှစ်နေကာ..။

"ဟိုလူပြန်တက်လာပြီ..မြန်မြန်စား သွားရအောင်.."

"သူ့ကိုမုန့်ပေးချင်ပေမယ့် မုန့်ထုပ်ကနှစ်ထုပ်ပဲပါတာ.."

"ကိုယ်ပေးလိုက်ရမလား.."

"ရှင်မစားချင်ရင်ပေးပေါ့..ပေးလည်းစားမှာမဟုတ်ပါဘူး.."

ခွတ်ကီးထုပ်ကို စကားကပေးစေချင်နေတာလား ဖုံးဖိပြောနေတာလားဆိုတာ သာယာကပိုက်စိပ်တိုက် အကဲခတ်နေ၏။ သူ့စိတ်တွေ ဘာဖြစ်နေမှန်းလည်း မသိတော့ပါ..

ထိရက်ဖွယ်မရှိအောင် အိစက်လှပနေသည့်မိန်းကလေးတစ်ယောက်ကို ရလို့ တွေသာ လွန်ကဲနေပြီး အထင်လည်းမကြီးနိုင်၊ ဒါပေမယ့် ကိုယ့်အတွက် ပြိုင်ဘက်မဖြစ် နိုင်သော အသက်ကြီးကြီးရုပ်ရည်ကြမ်းကြမ်းနှင့် လူတစ်ယောက်နဲ့ပတ်သက်ပြီး သူ့ကို မယုံသင်္ကာဖြစ်နေမိသည့်စိတ်က သဝန်တိုနေမိတာလား..။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သင့် မဖြစ်နိုင်ဘူးလို့တွေးနေရင်း သူမရဲ့အကြည့်တွေအပြောတွေအပေါ်မှာ တာဖြစ်လို့ သံသယစိတ်တွေနဲ့ ကျီးတိကြောင်တိ ဖြစ်နေခဲ့တာလဲ..။

"ရှဲ..ရှဲ..ရှဲ.."

လေဟူးခနဲ ပင့်တိုက်သွားခြင်းနှင့်အတူ သစ်ရွက်ခြောက်လေးတွေ မြေပြင်ပေါ်မှာ လျှောတိုက်ပြေးလွှားသွားကြသည်။ ထို့နောက်တစ်ဆက်တည်း.

"ဂျွတ်.."

အသံကြီးကြားလိုက်ကြကာ ဘယ်ကလာမှန်းမသိ..။

"ဂျွတ်.."

တစ်ခုခုဆိုတာ သိလိုက်ကြပြီး စကားနဲ့သာယာခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားကြ စဉ်..။

"ဟိတ်..နောက်ဆုတ် နောက်ဆုတ်.."

"ဖြောင်း.."

"အား.."

ကမန်းကတန်းဆုတ်ဂိုက်ပေမယ့် ကျိုးကျလာသည့်သစ်ကိုင်းခြောက်က လွတ် ရုံလေးသာ..။

"နောက်ထပ်ဆုတ်လိုက်.."

ကြိုးရဲ့အသံထပ်ကြားဂိုက်တော့ အနားမှာကပ်လျက်ရောက်နေပြီဖြစ်ကာ သူတို့ နှစ်ယောက်စလုံးကို နောက်ဆွဲခေါ်လိုက်ပြီး..။

"ဟိုမှာတွေ့လား.."

လန့်ဖျန့်မိတ်ထားသည့် မျက်လုံးတွေကိုစကားဖွင့်ကြည့်လိုက်လျှင် မြွေတစ် ကောင်သည် သစ်ကိုင်းမှာရစ်ပတ်လျက်..။

"မြွေ..မြွေကြီး.."

"သေးသေးလေးပါကွာ.."

စကားအော်ပစ်လိုက်ရင်း သူ့နောက်ကိုပြေးကွယ်လိုက်သဖြင့် သာယာက သဘောတွေကျသွားပြီရယ်၏။ မြွေက ပဲ့ထွက်သွားသည့် ကိုင်းဖျားတစ် စမှာ ရစ်ပတ်နေ တာ တစ်လက်မလုံးလောက်ရှိပြီး တော်တော်ရှည်ပုံရ၏။

ကြည့်နေတုန်းမှာ ၁သစ်ကိုင်းကလွတ်သွားကာ..။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ.."

"အမလေး.."

မြွေက လူဆီပြေးလာ၏။ မြွေနဲ့အနီးဆုံးရှိနေသည့် သာယာမျက်လုံး ပြူးသွားလျက် နောက်လှည့်ပြေးတာ လှားခနဲခုန်ပျံသွားသည့်နှယ်..။

သူ့အင်္ကျီစကို ဆုပ်ကိုင်ပြီး နောက်မှာကွယ်နေသည့် စကားဒီတိုင်းကျန်ခဲ့လျှင် မြွေကိုကြည့်၍ သတိလစ်သွားသူလိုကြောင်ကြည့်နေခဲ့၏။

"ဘေးဖယ်.."

ကြိုးက စကားကိုတွန်းဖယ်လိုက်ကာ..။

"ရွှစ်..ဘုန်း.."

အဆင်သင့်ဆောင်ထားသည့် ကြိုးတစ်ချောင်းနဲ့လွှဲရိုက်ပစ်လိုက်တာ နစ်ချက်၊ ထွန့်ထွန့်လူးနေသည့်မြွေသည် ရှေ့တိုးမလာနိုင်တော့ပေမယ့် သေလည်းမသေ..။

နောက်ထပ်တစ်ချက်က မြွေကိုရိုက်လိုက်တာမဟုတ်တော့ဘဲ ရိုက်ချက်နဲ့အတူ မြွေပါလွင့်ပါသွားလေသည်။ စကား လွင့်ပါသွားသည့်မြွေကို ပြူးတီပြူးကြောင်လေး လိုက်ကြည့်နေမိရင်း..။

"မြွေဘယ်ရောက်သွားတာလဲဟင်.."

"သိချင်ရင် သွားရှာချေ.."

ဘုဆတ်ဆတ်ပြောပြီး ပြန်ခေါက်သိမ်းနေသည့်ကြိုးက ချည်ကြိုး လည်းမဟုတ်၊ သားရေကြိုးလည်းမဟုတ်သော နွယ်ကြိုးဖြစ်နေသည်။

"လှတယ်ကွာ.."

လက်ခုပ်သံတဖြောက်ဖြောက်နှင့် သာယာကအနားပြန်ရောက်လာပြီး..။

"ဒါပေမယ့် ခင်ဗျားမှာဓားရှိရဲ့သားနဲ့ ဘာလို့ကြိုးနဲ့ရိုက်တာလဲ..ဓားက မပေါက်တတ်ဘဲနဲ့ဆောင်ထားတာလား.."

နွယ်ကြိုးကိုအိတ်ထဲထည့်လိုက်ပြီး ကြိုးက သာယာ့ကို တည်ငြိမ်သည့် မျက်လုံးတွေနှင့် ပြန်ကြည့်၏။ ပြီးတော့ခေါင်းညိတ်လိုက်ပြီး..။

"ဟုတ်တယ်..မင်းပေါက်တတ်ရင်ယူထား.."

ခါးကြားကနေ ဓားထုတ်ယူလိုက်တာမြန်သည်။ သာယာ သူ့လက်ထဲရောက်လာသည့်ဓားကို ကြောင်တောင်တောင် ငုံ့ကြည့်မိစဉ်..။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါ ကဆုန်ပေါက်ပြေးဖို့မလိုအောင်.."

သာယာ့မျက်နှာ နီမြန်းသွားသည်။ ကြိုးက သူပြောလိုက်သည့်စကားမှာ ဘေး ထွက်ဆိုးကျိုးရှိနေတာကို ဂရုမစိုက်မိသော မျက်နှာတည်တည်နှင့်..၊

"မိုးများလိုက် နေပူလိုက်ဖြစ်နေတော့ သစ်ကိုင်းခြောက်တွေက ဆွေးပွနေတာ.. လေပြည်တစ်ချက်လောက် သုတ်လိုက်ရင်လည်း ကျိုးကျတယ်၊ တိရိစ္ဆာန်တစ်ကောင်ကောင် လှုပ်ရှားရင်လည်းမခံနိုင်တော့ဘူး..ဒါကြောင့် သစ်ပင်ကြီးတွေအောက်ကဖြတ်ရင် ရာသီကိုမေ့လို့မရဘူး.."

"မုန်တိုင်းကြီးမှ သစ်ကိုင်းတွေသစ်ပင်တွေကျိုးပြတ်လဲကုန်တာ မဟုတ်ဘူး လား.."

"အဲ့ဒီလိုလည်းဖြစ်တယ်..ပြီးမှ အသားလွတ်ကြီးကျိုးကျသလိုလည်း ဖြစ်တတ် တယ်၊ မုန်တိုင်းဟုတ်ဟုတ်မဟုတ်ဟုတ် မိုးများပြီးနေပူလိုက်ရင်လည်း ဖြစ်တာပဲ.."

"ရှင်ခုန နွယ်ကြိုးက ကိုယ်နဲ့မကွာဆောင်ထားတာလားဟင်.."

"မဟုတ်ပါဘူး..လိုအပ်မယ်ထင်လို့ ခုနမှဆင်းရှာထားတာ.."

ဒီလိုဖြစ်မယ်ဆိုတာ ကြိုသိနေရအောင် သူ့ကိုယ်သူ အကြားအမြင်ရနေတယ် ထင်နေတာလား..၊

သာယာ့မျက်နှာမှုန်ကုတ်နေကာ ကြားရတာနားကြားပြင်းကတ်နေခဲ့၏။ ကိုယ်က မေးရင် ဘာမေးမေး ပြေပြေပြစ်ပြစ် ပြန်ဖြေတယ်ဆိုတာမရှိ..၊

စကားနဲ့ပြောတော့ ချောလို့..၊ ဒါ ဖြစ်သင့်လို့လား..၊

❧ ❧ ❧ ❧



www.burmeseclassic.com

ww.burmeseclassic.com



# အခန်း(၁၈)

မိုးသားတွေမည်းတက်လာသည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးက ညိုမှောင်သွားသည်။ သူတို့တွေ ပတ်သွားနေကြသည့်လမ်းက ခုထိမဆုံးသေးပေ..၊

စကားကအလယ်မှာဖြစ်ကာ သာယာကနောက်ဆုံးက..၊

ခုနကလို အန္တရာယ်နဲ့ကိုယ်အရင်ဆုံးတွေရသည့်အဖြစ်က သခ်ိန်းစာပဲဖြစ်သည်။ ထို့ကြောင့် မသိမသာ နောက်ချန်ရင်း ဆိုးရွားစပြုလာသည့် ရာသီဥတုအခြေအနေကို ကြည့်၍..၊

"ခင်ဗျားရဲ့ပတ်လမ်းက ဟုတ်ရောဟုတ်သေးလို့လား တော်တော်ကြာနေပြီထင်တယ်.."

ပြောရင်းနာရီကြည့်လိုက်မိသည်။ ညနေသုံးနာရီ ထိုးနေပြီဖြစ်၏။

"ခုမှသုံးနာရီပဲရှိသေးတာ မိုးချုပ်တော့မယ့် အတိုင်းပဲ.."

ကိုယ့်ဘာသာပြောနေရင်း ကြိုးကတစ်ခွန်းမှပြန်မဖြေလျှင်..၊

"ကြိုး..ကျွန်တော်ခင်ဗျားကို မေးနေတာ.."



www.burmeseclassic.com

www.burmeseclassic.com



"မင်းမေးတိုင်း ငါဖြေချင်မှဖြေမှာပေါ့ကွ.."

"စကားနဲ့ဆိုရင်တော့ ခင်ဗျားအသံချည်းပါလား.."

"စကားနဲ့ပြောချင်ပေမယ့် မင်းနဲ့မပြောချင်လို့ဖြစ်မှာပေါ့.."

"တောက်.."

သာယာတက်ခေါက်လိုက်ပြီး ရှေ့ကိုကျော်တက်လာလျှင် စကားက သူ့လက်မောင်းစကို ဆွဲထားလိုက်ကာ..၊

"ဘာလုပ်မလို့လဲသာယာ..အခု အရေးကြီးနေတာ ရာသီဥတုဘာဖြစ်လာနိုင်လဲပဲ.."

"ငါကမိုးလေဝသနဲ့ဇလဗေဒဌာနက မဟုတ်ဘူး.."

လက်ကိုဖယ်ချတော့ စကားကလွှတ်မပေးဘဲ ဆွဲထားကာ ခေါင်းလည်းခါပြ၍..၊

"သူကူညီပေးတာတွေလည်း ရှိတယ်မလား..ဘာဖြစ်လို့ ရှင်ရန်လိုနေတာလဲ..ဂယ်ပါပဲ.."

ခပ်ကြိတ်ကြိတ်ကပ်ပြောရင်း မျက်နှာလေးက စိတ်ပျက်စွာရှုံ့မဲ့နေလျှင်..

"မင်းက.."

"ရှင့်ကို စကားတောင်းပန်နေတာသာယာ.."

စကား တိုးတိုးပြောဖို့ သူ့ကိုဆွဲထားရင်း ခြေလှမ်းနှေးလိုက်သဖြင့် ကြိုးက ရှေ့ရောက်ပြီးအလှမ်းကွာသွားခဲ့သည်။

"သူစိတ်ပူနေတာမိုးရွာရင် ဘာဖြစ်လာမယ်ဆိုတာသိနေလို့နေမှာ.. ရှင့်ကို တမင်ဘုပြောနေတာ မဟုတ်ပါဘူး.."

"မင်းနဲ့ပြောနေတာရော.."

"အဲ့ဒါက.."

"ငါနားလည်တယ်စကား..နားမလည်တာကမင်း.."

သာယာ့မျက်လုံးတွေက မီးထိုးထားသည့် စိန်ပွင့်တွေလို တလက် လက်တောက်နေခဲ့လျက်..၊

"ဒီလိုသတ္တဝါကို မင်းငါ့ထက်ပိုပြီး အထင်ကြီးနေတာငါ့သိက္ခာကို ထိခိုက်တယ် ဒီလူကြောင့် ငါဒေါသဖြစ်ရတာ မတန်ဘူး ငါအချိန်ပြည့်စိတ်တိုနေမိတာ မင်းအနေအထိုင်မတတ်တာတွေကြောင့်ဆိုရင်လည်း အဲ့ဒါသဘာဝမကျတာပဲ..ဒီတော့ ငါဘက်က စူပါ



www.burmeseclassic.com

www.burmeseclassic.com



နေထရယ်လီဖြစ်နေတဲ့ ခံစားချက်တွေအတွက် ငါ့မှာပဲတာဝန်ရှိတယ်.."

"ရှင်ဘာတွေပြောနေတာလဲ..ရှင်နဲ့စကားရဲ့ အနေအထားမှာ ဒီစကားပြောဖို့ထိ မလိုပါဘူး.."

"ငါ့အတွက်လိုတယ်..မင်းက ခုမှတွေ့တဲ့ငါ့ကိုမယုံကြည်ပေမယ့် ငါက မင်းကို မြင်မြင်ချင်း ရင်ခုန်ခဲ့တာ..လက်ထပ်ဖို့ထိ စိတ်ကူးယဉ်ခဲ့တာ အဲ့ဒါတွေကို ခုကစပြီး.."

"မဟုတ်ပါဘူး..အဲ့ဒါတွေကို ထည့်ပြောဖို့မလိုပါဘူးသာယာ နောက်ထပ် ယောက်ျားတစ်ယောက်ရှိနေတိုင်း ရှင်စိတ်မချဖြစ်နေရလောက်အောင် စကားရဲ့စာရိတ္တက.."

"စာရိတ္တတွေ ကိုယ်ကျင့်သိက္ခာတွေကို ဒီလူကအနုတောမှာ လူချောလုပ်ပြီး ဖုံးယူနေတာ.."

သာယာ့ ဒေါသတွေက ဘာနဲ့မှချေဖျက်ဖို့ မလွယ်အောင်ဖြစ်နေခဲ့၏။ လမ်းလျှောက်နေရင်း ဆွဲထားရသည့်အိတ်ကြောင့် လက်တွေနာကျင်လာသည်ကိုတောင် ဂရုမထားနိုင်ဘဲ စကားစိတ်တွေ ယောက်ယက်ခတ်နေခဲ့သည်။

ရည်းစားမဖြစ်လိုက်ရဘဲ ရည်းစားကလမ်းခွဲဖို့ ပြောလာသလို ရင်ထဲမှာ ပူလောင်လာ၏။ သာယာဘာကိုပြောချင်နေသည်ကို သိသည်။ ဘာမှလည်း မဆိုင်ကြဘဲ လူကို အနိုင်ကျင့်သလို ဒေါသတွေချည်းထွက်နေတာက သဘာဝမကျပေ..၊

ဒါပေမယ့် သူမမာနနဲ့မတုံ့ပြန်ဘဲ သည်းခံဖို့ချည်းပဲ ဘာဖြစ်လို့အ ဆင်သင့်ဖြစ်နေရတာလဲ၊ ဖြစ်နိုင်တာက သာယာစိတ်ဆိုးကျောခိုင်းသွားမှာကို လက်မခံနိုင်တာ ဖြစ်သည်။

"စကား.."

"ဟင်.."

"ရာသီဥတုမကလို့ မိုးကြိုးဆယ်စင်းလောက် တစ်ပြိုင်တည်းပစ်ပါ စေ..မင်းငါ့ကို ချစ်တယ်လို့မပြောဘဲ ငါတို့ဘယ်လိုမှ ပြေလည်မှာမဟုတ်ဘူး အဲ့ဒါ သေချာတယ်.."

"စကား.."

သာယာက လက်ကိုဖိဆွဲလိုက်သဖြင့် စကားကိုယ်လေးနောက်ပြန် ယိုင်သွား၏။

"ကိုယ့်ကိုအဖြေပေး.."

"အဲ့လိုဖွတ်မလုပ်ပါနဲ့..စကား ဒီခရီးပြီးသွားမှ.."

"မစောင့်နိုင်ဘူး..ငါမင်းကို ပိုင်ချင်တယ်၊ ငါ့ချစ်သူအဖြစ် အခွင့်အရေးရချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



မင်းမပေးနိုင်ရင် မင်းနဲ့ငါ..”

“မိုးဖွဲတွေကျလာပြီ..မင်းတို့မြန်မြန်လျှောက်လို့မရဘူးလား..”

ကြိုးလှည့်ကြည့်တော့ စကားသူ့လက်ကို အတင်းဖယ်ချပြီးဆက်သွားဖို့ ကြိုးစား၏။ သာယာကနောက်ထပ်တစ်ဆင့်တက်ကာ ပခုံးနစ်ဖက်ကို မျက်နှာချင်းဆိုင် ဆွဲလှည့်ပစ်လိုက်ပြီး..။

“မသွားရဘူး..ကိုယ်မေးတာကိုဖြေ..”

စကားအကျပ်ရိုက်နေတာကို ကြိုးကစိုက်ကြည့်နေ၏။ စကားကလည်း လှမ်းကြည့်လျှင် သာယာကမဲ့လိုက်ပြီး..။

“ကျွန်တော်တို့အတွက် ပူမနေနဲ့..ကိုယ့်ဘာသာ ဆက်သွားလိုက်..”

ကြိုး မျက်ခုံးတွေတွန့်ကုတ်သွားသည်။ နှုတ်ခမ်းတင်းတင်းစေ့ရင်း နှစ်ယောက်စလုံးကို ကြည့်နေခဲ့၏။ ပြီးမှ..။

“တံတားကိုမြင်နေရပြီ..မြန်မြန်လိုက်ခဲ့..”

လို့ပြောပြီး လှည့်ထွက်သွား၏။ ထိုစဉ်..။

“ဒိန်း..ဒ..လိန်း..”

“ဝေါ..”

မိုးခြိမ်းသံ ခပ်သဲ့သဲ့က အဝေးကနေရထားခုတ်လာသလိုရှိကာ၊ မိုးတွေ သည်းမည်းရွာချလိုက်သည့် အသံကိုလည်းကြားလိုက်ရလေသည်။ သို့သော်..။

တဖွဲဖွဲဆင်းနေခဲ့သော မိုးစက်တွေတောင်မရှိတော့ဘဲ ပတ်ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ်ခြင်းသာ ကြီးစိုးနေခဲ့၏။

ဒါဘာလဲ၊ မိုးခြိမ်းသံမဟုတ်ဘူးလား..။

သစ်ကိုင်းကျိုးခါနီးတုန်းကလို သာယာနဲ့စကား ဟိုဒီလိုက်မော့ကြည့်ရင်း တဝေါဝေါရေဆင်းနေသံကို ရှာနေမိကြသည်။ ကြိုးက သူတို့ရှိရာဘက်ကို ခြေလှမ်းကျဲကြီးများနှင့် ပြန်လျှောက်လာကာ..။

“ချောင်းရေတွေကျလာတာ မြန်မြန်ပြေးခဲ့..”

ချောင်းကဘယ်မှာလဲ၊ ချောင်းစွယ်နဲ့တံတားကို ကူးရမည်ဆိုတာသတိရလိုက်ကြ၏။ ထို့ကြောင့် သာယာနဲ့စကား လက်ချင်းတွဲ၍ အမောတကော ပြေးလိုက်ခဲ့ကြ၏။

သူတို့ရှေ့မှာ လမ်းကလေးမရှိတော့ဘဲ မတ်စောက်သောကုန်းဆင်းတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ကြရ၏။

"မြန်မြန်ဆင်းခဲ့လေ..ဒီအကွေ့မှာ တံတားရောက်နေပြီ.."

ကြိုးက ကုန်းလျှောအောက်မှာ စိတ်လှုပ်ရှားနေပုံနှင့် ရပ်နေလျက်..၊

"မင်းအရင်ဆင်းပြီး သူ့ကိုခေါ်.."

လို့ပြောကာ လှည့်ပြေးသွားပြန်သည်။ သာယာခေါင်းကြီးသွားသည်။

"ဟော့လူ.."

ခုနကပဲ ကိုယ့်ဘာသာဆက်သွားလိုက်လို့ သူပဲပြောခဲ့တာ၊ ဒါပေမယ့် ထိတ်လန့်လာသည့်စိတ်က ကိုယ့်စကားကို တာဝန်ယူဖို့လည်း မေ့၏။

"ကြိုး..ဟော့လူ ခင်ဗျား.."

ပြန်လှည့်လာမှာမဟုတ်မှန်း သိလိုက်သည်နှင့် ကျွတ်ခနဲဖြစ်သွားမိသည်။ ပြန်ကြည့်မိတော့ စကားကသူမရဲ့အဝတ်ထုပ်လေးကို ပိုက်လျက်၊ ပုံစံကြည့်ရတာ ဒီအထုပ်ကိုဘယ်သူခွဲခွဲ တို့မကွဲဆိုသည့် နှလုံးမူပြီး အသေဖက်တွယ်ထားမည့်ပုံပင်..၊

"မိုးရွာတာ ဘာဖြစ်မှာမို့လို့ သူကပြေးလွှားနေတာလဲဟင်.."

မေးတာကလည်း သူ့ဒေါသကိုဆွပေးလိုက်တဲ့အတိုင်း..၊

"အပိုတွေလုပ်ပြီး မင်းအထင်ကြီးအောင် ပြုံးပြုံးပြနေတာ.."

"ဒါဆို စကားတို့မဆင်းဘူးလား.."

မိုးတွေသည်းလာနေသည့်အသံက မြည်ဟီးနေဆဲဖြစ်ကာ ဘာတစ်ခုမှလည်း ဖြစ်မလာသေး၊ ထိုအသံကြီးကိုတော့ နှစ်ယောက်စလုံးထိတ်လန့်နေ ကြည့်မိမို့..၊

"ခဏနေဦး.."

လို့ပြောပြီး လူတစ်ရပ်ကျော်မြင့်သည့် ခပ်စောက်စောက်ကမ်းပါးယံလေးကို ငုံ့ကြည့်မိသည်။ ဒီလူတစ်ခါတည်း ခုန်ချလိုက်တာလား..၊

ဖင်ထိုင်ပြီး တစ်ထစ်ချင်းဆင်းလိုက်တာလား..၊

သူ့အတွက်ခက်ခဲမယ်မှန်းသိလို့ မိန်းကလေးတစ်ယောက်ရှေ့မှာ တမင်ဒေါက်ဖြုတ်တာ၊ တွေးရင်း မကျေနပ်စိတ်တွေသာ အလိပ်လိုက်တက်လာသည်။ လှေကားထစ်လုပ်ထားတာ မရှိ..၊

ဖျတ်ခနဲခုန်ချလိုက်လို့ရသည့် အကွာအဝေးလည်းမဟုတ်ပေ၊ ခုန်ချချင်သည်ထားဦး၊ ကမ်းပါးစောက်ပီပီပြင်ပြင်မဟုတ်ဘဲ ခပ်ပြေပြေကုန်းလျှောလို အနေအထားကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရမလဲ..၊

"ရှင်ဆင်းလေ.."

"သိတယ်..မင်းကိုဘယ်လိုစီရင်ရမလဲ စဉ်းစားနေတာ.."

သာယာ့မျက်နှာပေါ်က မကျေနပ်မှုတွေကိုမြင်ရကာ စကားစိတ်ဆင်း ရဲသွားမိသည်။ ရာသီဥတုကတစ်ဖက် ဒီလူကတစ်မျိုး၊ ပျော်ပျော်နေတတ်သလို ဘာဖြစ်ဖြစ်ပေါ့ပေါ့ပါးပါးတွေးတတ်သလိုနှင့် တကယ်တမ်းကျတော့ သာယာက မာနကြီးနေတာပဲဖြစ်သည်။

ထိုမာနသည် ဒီလူသုံးယောက်ထဲမှာ သူသာလျှင်သူဌေးဆိုသည့် သိက္ခာပုဒ်နှင့် အထင်ကြီးလေးစားခံယူလိုခြင်း.. ၊

"ဖင်ထိုင်မဆင်းနဲ့လေ..ရှင့်ဘောင်းဘီတွေပေကျန်မှာပေါ့.."

"အဲ့ဒါ မင်းပူဖို့မလိုဘူးစကားချို..ခုချိန်မှာ ငါ့ဒေါသကလာနေတဲ့မီးထက် ပိုပြင်းနေတာ.."

"ရှင့်ကိုဘယ်သူက ဘာလုပ်နေလို့ဒေါသထွက်နေတာလဲ.."

"ဘာမှမလုပ်ဘဲ ဒေါသထွက်နေရလို့ခက်တာ..စကားလုံးတွေအမူအရာတွေနဲ့ ငါ့ကိုယှဉ်ပြိုင်နေတာ.."

ပြောနေရင်း လက်တစ်ဖက်ထောက်၍ ခြေထောက်တစ်ဖက်ကွေး တစ်ဖက်ဆန့် လုပ်ကာ ခပ်စမ်းစမ်းဆင်းသည်။ တစ်ဝက်ထိခြေကုတ်မိကာမှ အောက်ကို ခုန်ချပစ်လိုက်ပြီး.. ၊

"လာ..ဆင်းခဲ့.."

စကားက ခေါင်းလေးညိတ်ပြပေမယ့် အထုပ်ကိုပခုံးမှာချိတ်လိုက်၊ ပြန်ဖြုတ်ပြီး လက်တစ်ဖက်မှာချိတ်လိုက်နှင့် ထားစရာမရှိဖြစ်နေ၏။ ပြီးမှ..၊

ဆုံးဖြတ်ချက်ခိုင်မာစွာ ချလိုက်သည့်ဟန်နှင့် ပခုံးမှာပဲ ပြန်ချိတ်၍ သာယာ့လိုဒူးတစ်ဖက်ကွေးပြီး ခြေဆန့်ထိုင်လိုက်၏။ သို့သော် သူမစီးထားသည့် ဖိနပ်အမြင့်ကြီးကြောင့် ကုန်းလျှောကို ခြေထောက်နဲ့မထိဘဲ ကုတ်တွယ်မရဖြစ်နေ၏။

"ဖိနပ်ချွတ်လိုက်လေကွာ.."

"စကားခြေထောက်တွေ ပေကျန်မှာပေါ့.."

"ဟား.."

"ရေညစ်ပတ်ထဲဆင်းမိရင်တောင် ခြေထောက်မှာဝဲတွေတန်းပေါက်လာတာ..



www.burmeseclassic.com

ww.burmeseclassic.com



အာ့ကြောင့် ဖိနပ်ကိုဒုက္ခများခံပြီးစီးလာတာကို.."

"ဒါဆိုလည်း ဖိနပ်အပါးစီးခဲ့ပါလား.."

"ရန်ကုန်ကလာတည်းကိုက ဖိနပ်အပါးပါမလာတာပါဆို..ရှင်ကလည်း ကြိုးလို ဒါပဲလာပြောနေပြန်ပြီ..."

"ကဲ ဆင်းခဲ့ကွာ..ဟိုမှာဟိုသတ္တဝါပြန်လှည့်လာပြန်ပြီ.."

ကြိုးကလည်း လှမ်းမြင်လိုက်တည်းကသိသည်။ အထုပ်နဲ့ဖိနပ်ကြောင့် ပြဿနာ တက်နေပြန်ပြီဆိုတာ..၊

"ချောင်းရေတွေတိုးနေပြီ..ဝါးလုံးထိုးဆင်းလာရင် မလိုလားအပ်တဲ့ ပြဿနာတွေ အများကြီးရင်ဆိုင်ရမှာ..ဟော့ ဘာလုပ်နေတာလဲအဲ့ဒီမှာ.."

"ဆင်းမလို့ပဲ.."

ဆင်းမလို့ပြောနေပေမယ့် ခြေထောက်တစ်ဖက်ဆန့်ချပြီး ကုန်းထိပ်ပေါ်ကနေ ထိုင်နေတာတစ်ချက်မှမရွေ့၊ ကြိုးနှုတ်ခမ်းခပ်ဖိဖိနင့် စိုက်ကြည့်နေရင်း ရုတ်တရက် မျက်လုံးပြူးသွားကာ နောက်ကိုခြေတစ်လှမ်း ကမန်းကတန်း ဆုတ်လိုက်ပြီး..၊

"စကားချို..စကားချို မြန်မြန်ဆင်း မင်းနောက်မှာအကြီးကြီးပဲ.."

"အား.."

"ဟာ.."

အကြီးကြီးပဲစကားမဆုံးခင် စကားလွှားခနဲ ခုန်ပျံဆင်းလာ၏။ အောက်တည့် တည့်မှာရှိနေသည့်သာယာ အသက်ရှူချိန်တောင် မရလိုက်ဘဲ နစ်ယောက်သား လုံးထွေး လဲကျလေသည်။

ကြိုးနှုတ်ခမ်းမှာ အပြုံးတစ်ချက်ဖြစ်သွားခဲ့လျက်..၊

"မြန်မြန်လာကြ.."

လို့ခေါ်ပြီး လှည့်ထွက်သွား၏။ နစ်ယောက်သား လူးလဲထလိုက်ကြသည့်အချိန် မှာ ကြိုးကမရှိတော့..၊

"တောက်.."

"ရှင် စကားကိုတက်ခေါက်တာလား.."

"နစ်ယောက်စလုံးကိုပဲ..အောက်မှာ ငါရှိနေမှန်းသိလို့ သက်သက်ချောင်းပေး သွားတာ.."



www.burmeseclassic.com

ww.burmeseclassic.com



ခါးလည်းအောင့်သွားသည်။ စကားရဲ့အိတ်က ခေါင်းကိုလွှဲရိုက်သလို အရင်ထိ ထားသဖြင့် မူးလည်းမူးနေ၏။ သာယာနည်းနည်းလေးမှ မကျေနပ်နိုင်..။

"သူ့အဲ့လို အလန့်တကြားထလုပ်လိုက်လို့ စကားလည်းဆင်းဖြစ်လာတာပါ.."

ဒေါသထွက်နေတုန်း စကားထံမှ ထပ်ကြားလိုက်ရလျှင်..။

"ဟုတ်တယ်..သူမဟုတ်တရုတ် ထအော်လိုက်တာမှန်တယ် ငါကအပိုဒေါသတွေ ထွက်နေတာ.."

"သာယာ ဟိုဘက်ကုန်းလျှောမှာ စကားသူ့ပေါ်ပြုတ်ကျတုန်းကတော့ အဲ့လို ခွင့်အရေး ရှင်ပဲရသင့်တာဆို.."

"ဘာ.."

"ဟုတ်တယ်လေ..ရှင်ပဲပြောခဲ့တာ.."

သာယာ ဒေါသတကြီးရှေ့ကသွားနေရင်း တက်ခေါက်ကာ..။

"ဒါဆို..မင်းက အခုတစ်ခါ ငါ့ပေါ်ထပ်ခုန်ချပြီး မျှတအောင် လုပ်ပေးတာပေါ့.."

"မြန်မြန်လာ..ရေတွေပြည့်နေပြီ.."

တောအုပ်စပ်စပ်လေးကို ကွေ့လိုက်တာနှင့် ကြိုးကိုမြင်လိုက်ရကာ ရေတွေဖွေး နေသောချောင်းလေးရယ် တံတားလေးတစ်ခုရယ်..။

"ရေတိုးလာတဲ့ပုံစံက မကြာခင်ဝါးလုံးထိုးဆင်းလာတော့မှာ..တံတားကပေါင်း နေပြီ.."

"ဒါလူတိုင်းဖြတ်နေတဲ့တံတား မဟုတ်ဘူးလား.."

သူတို့ခြေလှမ်းတွေ မြန်လာခဲ့ပေမယ့် တံတားဆီရောက်ဖို့ တော်တော်လျှောက် နေရသည်။ ထို့ပြင် မိုးဖွဲတွေပြန်ဆင်းလာကာ တဖြည်းဖြည်းစိပ်လာခဲ့၏။

တဝေါဝေါအသံကြီးကလည်း နားနားကပ်နေသလိုကြားလာရကာ..။

"အဲ့ဒါဘာဖြစ်တော့မှာလဲဟင်..ကြောက်စရာကြီး.."

"ကြောက်ရမှန်းသိသွားရင်လည်း မြန်မြန်ပြေးခဲ့တော့.."

ကြိုးက အရင်စပြေးသည်။ ပြန်လှည့်ကြည့်လိုက်တော့ သာယာက ခါးကိုဖိ၍ ပင်နှဲ့နှဲ့..။

"မင်းဘာဖြစ်တာလဲ.."

"ခင်ဗျားကြောင့်လေ.."



www.burmeseclassic.com

www.burmeseclassic.com



သာယာ့ဒေါသရှိန်က မသေးပေ၊ ဒါပေမယ့် ကြိုးက သူ့မျက်နှာကိုမကြည့်ဘဲ နောက်ကျကျန်ရစ်သည့်စကားကို လှမ်းကြည့်၍..၊

"မင်းဖိနပ်ချွတ်ပြေးမှ ဖြစ်မယ်.."

"ဒီတိုင်းပြေးလို့ရပါတယ်.."

"ဟေ့..ခြေခေါက်လဲရင် မင်းကိုဘယ်သူမှထမ်းခေါ်မှာမဟုတ်ဘူး.. ချောင်းရေထဲမှာ သစ်ပင်တွေသစ်တုံးတွေပါလာရင် ဒီတံတားကျိုးမှာ.."

"ဒါဆိုလည်း ရေပြန်ကျတဲ့အထိ ဒီဘက်မှာပဲနေမယ်ဗျာ.."

"ဟ..မိုးခိုစရာမရှိဘူးလေ..ချောင်းရေလျှံရင် တောထဲထိရေရောက် တာ.."

"တောက်..ဒီလောက်ဆိုးရွားနေတဲ့လမ်းကို တမင်လွှတ်လိုက်တာလား မသိဘူး၊ အစတည်းက အမွေကိစ္စအတွက်လာတာ လူမသိစေနဲ့လို့လူကြီးတွေကတော့ မှာလိုက်သားပဲ..ဒီမှာ အကုန်လုံးသိနေကြတာ ရှင်းရှင်းကြီး.."

"မင်းဘာစကားပြောနေတာလဲသာယာ..ဒါရန်ဖြစ်ရမယ့်အချိန် မဟုတ်ဘူး၊ ပြေးလို့ရသလောက်မြန်မြန်ပြေး.."

ဒေါသထွက်နေပေမယ့် သာယာပြေးတော့ပြေးရသည်သာ၊ ဖိနပ်ကြောင့် မြန်မြန်မပြေးနိုင်သဖြင့် နောက်ဆုံးမှာကျန်ရစ်ခဲ့တာ စကားချို၊ သူ့မခြေထောက်မှာ ဒဏ်ရာတွေလည်း ရထားသဖြင့် ပြေးလို့လည်းမရ..၊

"သာယာ..စကားရဲ့အထုပ်ကို မင်းယူခဲ့ပေးလိုက်ပါလား.."

"ဘယ်သူ့ဘာလုပ်ရမယ် ခင်ဗျားစီမံ ခန့်ခွဲမနေပါနဲ့.."

"ကျွတ်.."

စကားနဲ့အနီးဆုံးကသာယာမို့ အမြင်မတော်ရင် ဆွဲခဲ့ပေးဖို့ပြောမိတာဖြစ်သည်၊ သို့သော် သာယာ့ကိုဥပေက္ခာထားလိုက်ရလျက် သူပဲစကားဆီ ပြေးသွားမိကာ..၊

"ပေး..အထုပ်.."

"အို..ဘာလုပ်မလို့လဲ.."

"ဟ..မင်းကို.."

"ရတယ်..ဟင့်အင်း ရှင်တို့ ဒါကိုလွှတ်ပစ်ခဲ့ဖို့တိုင်ပင်နေကြတာ စကားသိတယ်၊ မလိုဘူး.."

"စကားချို.."



www.burmeseclassic.com

www.burmeseclassic.com



"မပေးဘူးဆိုမှ.."

သူ့ကိုတောင် ရှောင်ထွက်သွားလိုက်သေးသည်။ မိုးစက်တွေကလည်း စိပ်လာ၏။ တံတားလေးက ပေနှစ်ဆယ်ကျော်အစိပ်လောက်ပဲရှိကာ သစ်ဝါးရောပြီး လုပ်ထားတာဖြစ်သည်။

သို့သော်နှစ်ပေလောက်ပဲကျယ်သည့် တံတားက လက်ရမ်းဝါးတန်းလေးတွေလည်း ပြုတ်ကျတွဲလွဲဖြစ်နေလျက် ခင်းထားသည့်ပျဉ်ချောင်းတွေလည်း ကျိုးတိုးကျဲတဲ..၊

တံတားပေါ်တက်လိုက်ပြီးမှ သာယာကငုံ့ကြည့်ကာ..၊

"တိုင်တွေရောခိုင်ရဲ့လားဗျာ..တမင်ထောင်ချောက် ဆင်ထားသလိုပဲ.."

"ဟော့ကောင်..မင်းအခုမြန်မြန်လျှောက်လိုက် မင့်စကားတွေကို ငါသည်းခံနိုင်စွမ်းမရှိတော့ရင် တံတားခိုင်မခိုင်မသိလိုက်ရဘဲ အသက်ထွက်သွားလိမ့်မယ်.."

"ဘာဗျ.."

သာယာက ဆတ်ဆတ်ခါသွားသည်။ သို့သော် ခြေလှမ်းရပ်လိုက်ပြီးမှ ဒုန်းခနဲအသံနှင့်အတူ တံတားတုန်သွားသဖြင့် လန့်သွား၏။ ငုံ့ကြည့်လိုက်တော့ ချောင်းရေတွေက နောက်ကျိနေကာ ရေပြင်ပေါ်မှာပါလာသမျှ သစ်ကိုင်းသစ်ခက်အမှိုက်သရိုက်တွေက ရေစီး၏အရှိန်ကိုပြနေသကဲ့သို့..၊

"ဒုက္ခပါပဲ ငြိနေပြန်ပြီ..ကဲ.."

"ဟော့..အတင်းမဆွဲနဲ့.."

စကားနဲ့ကြိုးရဲ့အသံကြောင့် လှည့်ကြည့်လိုက်မိစဉ် သစ်ပင်တစ်ပင် အရှိန်နဲ့မျောလာပြီး တံတားတိုင်တွေကို ကန့်လန့်ဖြတ်တိုက်၏။

"ဒုန်း.."

"ဟာ.."

သာယာ လန့်ဖျန့်ကာ လက်ရမ်းတန်းကိုလှမ်းဆွဲလိုက်မိ၏။ ထိုအခါ လက်ရမ်းတန်းက ပြုတ်ပါလာခဲ့ပြီး အားပြုဆွဲလိုက်သည့်ကိုယ်က ယိမ်းယိုင်သွား၏။

စကားကလည်း ပိုက်ထားသည့်အိတ်ကြိုးတန်းလန်းက အစွန်ဆုံးတိုင်မကြီးမှာ ငြိနေ၏။ ရှေ့ကိုသွားဖို့ဇောသန်ပြီး မရမကခြေကန်ဆွဲနေသဖြင့် တိုင်နဲ့စကား အကြိတ်အနယ်ဖြစ်နေရာ..၊

"မဆွဲနဲ့..နေဦး.."



www.burmeseclassic.com

www.burmeseclassic.com



ကြိုးမျက်လုံးပြူးသွားသည်။ ရေက တံတားကြမ်းခင်းအောက် တစ်တောင်လောက်ထိ ရောက်နေပြီဖြစ်ကာ စကားကတံတားအစပ်မှာပဲ ရှိသေးသည်။ အတူတူတက်လာကြပြီးမှ အိတ်ငြိပြီးစကားကျန်ခဲ့တာ သူ မလိုက်သည့်အဖြစ်ကြောင့်..။

"ဒုန်း.."

"အမေ့ရေ.."

အောက်ကမျောလာသည့် သစ်တုံးပစ်ဆောင့်လိုက်သဖြင့် တံတားတုန်ခါသွားကာ ကြိုးကလွတ်ထွက်လာသည်။ သို့သော် အိတ်ဖုံးက နိပ်စေ့ပွင့်သွားကာ အထဲက ဘူးတွေထွက်ကျကုန်၏။

ပိုဆိုးသွားတာက သူမဖင်ထိုင်လျက်လဲကျသွားသည့်အရှိန်ကြောင့် တံခါးတစ်ခင်းလုံး တုန်ခါလှုပ်လှဲသွားလျှင်..။

"စကားပြန်ဆင်း..တံတားပေါ်ကဆင်းလိုက်.."

"ဟင်..ခဏလေး.."

ပျာတိပျာယာ ထထိုင်ပြီး ခေါင်းလည်းညိတ်ပြသေးသည်။ သို့သော် ပြန်ဆင်းဖို့မကြိုးစားဘဲ ထွက်ကျကုန်သည့်ဘူးတွေကို အသည်းအသန်လိုက်ဖမ်းနေ၏။

"ဟိတ်..ဆင်းလို့ဟာ.."

စကားကိုပြောနေတုန်း သာယာကပြန်လှည့်ပြေးလာ၏။ အဖြစ်အပျက်အားလုံးသည် ပျက်စီးခြင်းသို့ တစ်ပြိုင်နက် ပို့ဆောင်ပေးလိုက်သလိုရှိခဲ့လျက်..။

"ဝုန်း.."

"အား..လုပ်ပါဦး..ကြိုး.."

"ကျွန်တော့်ကိုဆွဲဦး.."

စကားကို မိမိရရလှမ်းဆွဲမိသည်နှင့် တံတားကတစ်ပိုင်းလုံးပြုတ်ပြတ် ထွက်သွားသည်။ သာယာက ရေလယ်ကျနေသဖြင့် ပို၍မြန်မြန်ဆန်ဆန်မျောပါသွားရာ..။

"ကမ်းကပ်ဖို့မကြိုးစားနဲ့ သစ်လုံးတွေကိုလွတ်အောင်ရှောင်ထား.."

သုံးယောက်စလုံး ရေစီးနဲ့ပါသွားကာ သစ်လုံးကြီးတစ်လုံးကို ရိပ်ခနဲ မြင်လိုက်သည်နှင့် စကားခေါင်းကိုဖက်၍ ကြိုးကရေထဲငုတ်ပစ်လိုက်၏။

အလှမ်းကွာနေသော သာယာ့အခြေအနေကိုကြည့်ကာ စိုးရိမ်ဖွယ်ဖြစ်လာသဖြင့်..။



www.burmeseclassic.com

ww.burmeseclassic.com



"ဟိတ်..ဒါဖမ်းလိုက်.."

သူ့နွယ်ကြိုးတစ်စကို လှမ်းပစ်ပေးလိုက်၏။ စကားကအတင်းဖက်ထားသဖြင့် သာယာ့ကိုကြိုးတစ်စပစ်ပေးရင်း နှစ်ယောက်စလုံးကိုကယ်ဖို့ ကြိုးစားနေရစဉ် သစ်ကိုင်းဖျားတစ်ခု မျက်နှာကိုဖြတ်ရိုက်သွားတာ မရှောင်လိုက်နိုင်..၊

ခေါင်းထဲမှာ မီးပွင့်သွားသည်။ ကမ်းစပ်ကနေ ထိုးဆင်းကျနေသော ကိုင်းဖျားတစ်ခုကို အမိအရဖမ်းဆုပ်ထားလိုက်ပြီး သူ့လက်ကိုမြဲအောင်အားပြုရင်း ရေတစ်ချက်မွန်းသွားပြန်သည်။

ထို့နောက် သတိထားနေရင်း တဝုန်းဝုန်းကြားနေရသည့် ရေသံတွေ လုံးဝတိတ်ကျသွားခဲ့၏။ ဆူညံသည့်အသံတွေ ဆိုးရွားသည့်အဖြစ်အပျက်တွေအားလုံးက ပြီးဆုံးသွားသကဲ့သို့..၊

သို့သော်..၊

ဖွ ဆ ဆ ဖွ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၉)

"ကျွတ်..ကျွတ်.."

ဘာတွေဖြစ်ကုန်တာလဲ..၊

မျက်နှာတစ်ပြင်လုံး နာကျင်နေသည့်အဖြစ်ကြောင့် ကြိုးရှုံ့မဲ့သွားသည်။ မျက်လုံး တွေဖွင့်ရင်း ထထိုင်လိုက်တော့ သူ့ကိုယ်တစ်ပိုင်းက ရေစပ်မှာတင်နေကာ ခြေထောက် တွေက ရေထဲကခြုံတွေပေါ်မှာ..၊

သာယာနဲ့စကားတို့ရော..၊

သတိရလိုက်သည်နှင့် စိတ်ပူသွားကာ ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်လိုက် မိ၏။ ဒါက ချောင်းစွယ်၏အကျဉ်းဆုံးနေရာဖြစ်ကာ တစ်ဆစ်ချိုး ကွေ့နေသောကြောင့် ဒီမှာလာတင်နေခြင်းဖြစ်သည်။

သူ့နောက်မှာ တောကြီးတစ်ခုလုံးက အေးစိမ့်ညိုမှောင်နေ၏။ နေရာမှ ထရပ် လိုက်လျှင် သူနှင့်မလှမ်းမကမ်းခြုံပေါ်မှာ စကားကိုမြင်လိုက်ရသည်။ ပြီးတော့သာယာ..၊

သာယာက ပိုဝေးသောတစ်နေရာမှ သူ့လိုပဲသတိရနေပြီဖြစ်တော..၊



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း…ဖြောင်း…"

သူလက်ခုပ်တီးလိုက်တော့ သာယာလှမ်းမြင်သွားသည်။ ယောင်ချာချာ လှုပ်ရှားနေရာကနေ အားတက်သရောဖြစ်သွားကာ ချက်ချင်းထရပ်လိုက်၏။

အိုခေရဲ့လားလို့မေးပြီး လက်မထောင်ပြတော့ ပြန်ထောင်ပြ၏။ ထိုအခါကျမှ သူစကားဆီပြေးသွား၍ သူမကိုယ်ကိုခြုံတွေပေါ်ကနေ ဆွဲတင်လိုက်သည်။ သေချာစမ်းသပ်ကြည့်ပြီးမှ စိတ်အေးသွားရကာ အသာပွေ့ယူလိုက်လျှင် တစ်စုံတစ်ခုကျကျန်ရစ်ခဲ့တာ သိလိုက်သဖြင့် လှည့်ကြည့်လိုက်တော့ သူမရဲ့အဝတ်အိတ်လေး…၊

လူကိုမြေပြန့်ပြန့်ရှိသော သစ်ရွက်ဆွေးတွေပေါ် ချခဲ့ပြီး အိတ်ကိုသွားကောက်လျှင်…၊

"မကောက်နဲ့ထားလိုက်…"

သာယာက စိတ်လိုက်မာန်ပါလှမ်းအော်လိုက်ပြီး အိတ်နားကို အရင်ရောက်အောင်သွားသည်။ ပြီးတော့ ကောက်ယူပြီးလက်ကို လွှဲမြှောက်လိုက်၏။

"မလုပ်ပါနဲ့…"

ကြိုးကလှန်းတားလိုက်သည်။ သာယာလက်တွန့်သွားပေမယ့် ခေါင်းခါ၏။

"ဘာလို့မလုပ်ရမှာလဲ…ဒါကြောင့် တစ်လမ်းလုံးဒုက္ခရောက်လာတာ အလကားအရှုပ်ထုပ်…"

ပြောရင်း နောက်တစ်ခါလွှတ်ပစ်ဖို့ရွယ်လိုက်တော့ ကြိုးက လက်ကိုဆွဲထားလိုက်ကာ…။

"ဒုက္ခများဖို့ဖြစ်လာတာက မိန်းကလေးတစ်ယောက်နဲ့ဒီလိုခရီးလမ်းကို အတူသွားရတည်းကပဲ…ဒါကို မင်းဒီအထုပ်လွှတ်ပစ်လိုက်ရုံနဲ့တော့ ဒုက္ခငြိမ်းမှာမဟုတ်ဘူး…"

"ဒါဆို အဲ့ဒီဟာလေးကို လည်ပင်းညှစ်သတ်လိုက်ရမှာလား…"

"မင်းလုပ်နိုင်ရင် လုပ်လိုက်လေ…"

"ခင်ဗျားရောလုပ်နိုင်လို့လား…"

ကြိုးက အိတ်ကို စကားဘေးရောက်သွားအောင် လှည့်ပစ်လိုက်ပြီး ပြုံးကာ…၊

"ဒုက္ခကြီးလို့ ဒေါသထွက်နေတာမင်းပဲ…ငါမှမဟုတ်တာ…"

"ဒေါသမဖြစ်သင့်ဘူးလား ခင်ဗျားစဉ်းစားကြည့်လေ…အခု အားလုံး ကံကောင်းလို့ သေမကုန်တာ…"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးသူ့ကြောင့် မင်းပြောချင်တာလား.."

စိုက်ကြည့်နေသည့်မျက်လုံးတွေကြောင့် သာယာကိုယ့်မှာပဲ အပြစ်ရှိနေသလို ခံစားလိုက်ရ၏။ ကြိုးကမျက်လုံးမလွှဲဘဲ ကြည့်နေခဲ့လျက်..။

"ဒုက္ခရောက်လာရင် တရားခံမရှာပါနဲ့..အဲ့ဒီနည်းနဲ့ဒုက္ခကို ဖြေရှင်းလို့မရဘူ၊ နောက်ပြီး သူကမိန်းကလေး..မိန်းကလေးက မိန်းမပီသမှာပဲ.."

ပြောနေရင်း လည်ဂုတ်ပေါ်က သစ်ရွက်ခြွေးဖက်ကို ပုတ်ချပစ်လိုက်သည်။ ပြီ၊ တော့ အင်္ကျီပေါ် ခြေထောက်တွေပေါ်မှာ ကပ်တွယ်ပါလာသည့်အမှိုက်စတွေကို ခါချပစ် နေကာ..။

"အဲ့ဒါတွေခဏထားပြီး မိုးမချုပ်ခင် နေရာထိုင်ခင်းရှာရမယ်.."

"ဘာ..ဒီနေရာမှာပဲ.."

"ဟုတ်တယ်..တောစပ်မှာပဲ ဒီညကိုယ့်ဘာသာဖန်တီးပြီး အဆင်ပြေသလို နေရ တော့မှာ.."

"မိုးရွာထားတာ အပေါ်စိုအောက်စိုနဲ့..ဟာဗျာ မဖြစ်နိုင်တာ ခင်ဗျားက လမ်းပြ လုပ်နေပြီး ဒါဘာနေရာလဲမသိဘူးလား.."

"မသိဘူး.."

သူတို့နှစ်ယောက် သတိလစ်နေသည့် စကားဘေးကိုရောက်လာကြကာ..။

"နံပါတ်တစ်က ချောင်းစွယ်ထဲပါလာတာ ဘယ်ရောက်လာမှန်းမသိဘူး.. နံပါတ် နှစ်က ငါ မင်းတို့ကိုလမ်းပြလုပ်ပေးပြီး ခေါ်လာတာမဟုတ်ဘူး..နံပါတ်သုံးက မင်း ဒီမှာ မအိပ်ချင်ဘူးဆိုရင် ကိုယ့်စိတ်ကူးတည့်တဲ့အတိုင်း သွားလို့ရတယ်.."

သာယာ့မျက်နှာ ရူတင်းနေကာ ရေစစ်နေပြီဖြစ်သည့် ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့် ၏။ ပြီးတော့ စကားရဲ့ဘေးမှာ သွားထိုင်ပြီးမျက်နှာကို သေချာငုံ့ကြည့်ရင်း..။

"သူမေ့နေတာလား..ရေမွန်းပြီး အသက်ပါသွားပြီလား.."

"မသေသေးပါဘူး.."

ကြိုးကိုမော့ကြည့်လိုက်ပြီးမှ စကားရဲ့နှာခေါင်းဝမှာလက်ညှိုးနဲ့ ကပ်ကြည့်မိ သည်။ ပြီးတော့..။

"စကား..စကားချို..ဟေ့.."

ပါးလေးကို လက်ခုံနဲ့ကပ်ပုတ်ရင်း မျက်နှာလေးလည်သွားတော့ ဆံဖျားလေး



www.burmeseclassic.com

www.burmeseclassic.com



ကနေ ကိုင်လှုပ်မိသည်။ သူမကမနီးပေမယ့် ယပ်တောင်ဖြန့်ထားသလို ကော့ထင်းနက်မှောင်နေသော မျက်တောင်ရှည်တွေမှာ သာယာငေးမောသွားမိသည်။

သေသပ်လှပစွာ တန်းစင်းနေသည့်နှာတံလုံးလုံးလေးက သူမရဲ့နှုတ်ခမ်းသားလေးတွေနဲ့ လွန်စွာလိုက်ဖက်လေသည်။ လှုပ်ရှားမှုမရှိသည့် မျက်နှာလေးမှာပဲ သူ့နေရာနဲ့သူ လှပနေသည့် အစိတ်အပိုင်းလေးတွေက ပန်းနုရောင် ဖျော့ဖျော့ကဗျာတစ်ပုဒ်ကို ဖန်ဆင်းနေသည့်နယ်..၊

သူ သတိလက်လွတ်ငေးကြည့်နေတုန်း စကားမျက်နှာပေါ်ကို ရေပေါက်တွေ ကျလာသဖြင့် ဆတ်ခနဲဖြစ်သွားမိသည်။ မော့ကြည့်လိုက်တော့ ကြိုးက သစ်ရွက်ကတော့နှင့် ရေယူလာပြီး မျက်နှာပေါ်ဖွင့်ချနေတာ ဖြစ်သည်။

ထိုအခါကျမှ စကားမျက်ခုံးတန်းလေးတွေ မျက်တောင်ဖျားလေးတွေ စုကျုံလှုပ်ခတ်လာခဲ့လျက်..၊

ဟင်..၊ ခဏအတွင်းမှာ မျက်လုံးတွေဖွင့်လာခဲ့၏။ သူမနဲ့အနီးဆုံးမှာ သာယာကို တွေ့လိုက်လျှင်..၊

"ကြိုးရော.."

အလန့်တကြားကျူးထရင်း အလျင်စလိုမေး၏။ သူမရှေ့မှာ ကြိုးရပ်နေတာ မြင်လိုက်ကာမှ..၊

"စကားတို့အားလုံး ဘာမှမဖြစ်ဘူးနော်..ဝမ်းသာလိုက်တာ.."

"ဝမ်းသာမနေနဲ့ ဒီညဒီတိုင်းနဲ့ ဒီနေရာမှာပဲအိပ်ရတော့မှာ.."

"ဟင်.."

သာယာက အမြင်ကတ်သည့်အသံနှင့်ပြောပြီး နေရာမှထရပ်လိုက်သည်။

ကြိုးက ဘာရှာနေမှန်းမသိဘဲ တောထဲဘက်ဝင်သွား၏။ ပတ်ဝန်းကျင်မှာ သစ်ပင်တွေချည်းဖြစ်နေကာ သူမတို့ရှိနေသည့်နေရာလေးမှာပဲ အောက်ခြေရှင်းသည်။

ဒါတောင် စိုထိုင်းထိုင်းသစ်ရွက်ဆွေးတွေက ဘယ်လိုအနံ့ကြီးမှန်းမသိ၊ လှည့်ပတ်ကြည့်လိုက်ရင်း စကား ကိုယ့်အထုပ်လေးကို ရင်ခွင်ထဲမှာဆွဲသွင်းလိုက်ကာ..၊

"ကြိုးဘယ်သွားတာလဲဟင်.."

"သွားမေးပါလား.."

"သာယာ.."



www.burmeseclassic.com

ww.burmeseclassic.com



စကားနေရာမှ ထလိုက်မိကာ၊ ပထမဆုံးသတိထားလိုက်မိတာက သူမမှာ ဖိနပ်မရှိတော့၊ ထို့ပြင် ခြေဖမိုးပေါ်မှာ မည်းမည်းအဖက်ကြီးကပ်နေသဖြင့် လန့်ဖျန့်ခါချ လိုက်ရင်း..၊

"ဘာကြီးတွေလဲ..ရွံ့လိုက်တာ၊ စကားဖိနပ်ရေထဲပါသွားပြီပေါ့နော်..စကား ဖိနပ် စီးစရာမရှိတော့ဘူး.."

"အဲ့လိုပဲ ရာသီဥတုက မကောင်းမှုတွေကိုထောက်ပြနိုင်တယ်လေ.."

သာယာက ကျောခိုင်းရပ်လိုက်ရင်း ပြောကာ..၊

"လူကြီးတွေကတော့ မကောင်းမှုကိုဆေးကြောတယ်လို့ ခေါ်ကြတာပဲ..အထူး သဖြင့် မိုးကြီးရေကြီးတာမျိုးပေါ့.."

"စကားရဲ့ဖိနပ်ကြောင့် ရာသီဥတုက ဖောက်ပြန်ပေးရတာပေါ့.."

"ကြားဖူးတာပြောတာပါ..နောက်ထပ်အထုပ်တစ်ထုပ်ကျန်နေသေးတော့ မိုး ကလည်းပြီးမှာမဟုတ်ဘူး ရေလည်းထပ်ကြီးနိုင်သေးတယ်..ရာသီက စကားပြောနေပေ မယ့် လူတွေကနားမလည်တော့.."

"သာယာ.."

"ဘာလဲ.."

"ရှင်ဘယ်တုန်းကစပြီး စကားကိုငြိုးသွားတာလဲ.."

စကားလည်းပြောချင်နေသည်။ နင်းထားရသည့်မြေပြင်ကိုလည်း ရွံ့နေမိကာ ဘေးမှာရှိသည့် သစ်တုံးပေါ်တက်လိုက်ပြီးမှ..၊

"ရှင်ပြောနေတာ စကားကိုအတော်ငြိုးနေသလိုပဲ.."

"ငြိုးတာမဟုတ်ဘူးလေ..မင်း.."

ပြောတာဆိုဘယ်တုန်းက နားထောင်ခဲ့သလဲ၊ သူတတွတ်တွတ် တောင်းခံနေ သည့်အဖြေကို ပေးဖို့တွန့်ဆုတ်နေတာကရော ဘာလို့လဲ၊ အခု သတိရတာနဲ့ ကြိုးကိုခေါ် ပြီး အလန့်တကြားထရာတာက ဘာလဲ..၊

သူမနဲ့ပတ်သက်သမျှ ဒီအထုပ်ကိုဆွဲ၊ ဒီလူကိုတွဲပြီး စထွက်လာတည်းက ဒုက္ခ ခံခဲ့ရတာကိုယ်၊ သူမဘက်က ပြန်ပေးခဲ့တာ ဒါပဲလား..၊

ဒါပေမယ့် ပြောပြန်ရင်လည်း ကိုယ်သာသဘောထားသေးသိမ်ရာကျမှာမို့..၊

"တော်ပြီစကားချို့..မင်းနဲ့ငါ နေတတ်သလိုနေကြတာပဲ ကောင်းပါတယ်.."



www.burmeseclassic.com

www.burmeseclassic.com



"သာယာ.."

စကား သူ့နားသွားဖို့ သစ်တုံးပေါ်ကဆင်းလိုက်သည်။ ခြေထောက်နားမှာ အေး
ကိစကက်ပျော့စိစိမြေဆွေးတွေနဲ့ ထိတွေ့မိတာနှင့် သစ်တုံးပေါ်ပြန်တက်၏။ တလှုပ်လှုပ်
စ်နေသည့် သစ်တုံးပေါ်မှာ ပြုတ်မကျအောင်ထိန်းရင်း..

"မကျေနပ်တာလည်း ပြောမှသိမှာပေါ့..လမ်းတုန်းကတော့ ရှင်ပဲ.."

"အဲ့ဒါတွေမေ့လိုက်တော့.."

"ဘယ်လို.."

ထိုစဉ် ကြိုးကသူတို့ဘက်ကို ပြန်လျှောက်လာရာ စကားရဲ့ခြေထောက်အောက်
ကို ကြည့်လိုက်မိလျှင်..၊

"မြွေ.."

သူမကဘာမှမသိဘဲ သာယာ့ဆီက စကားတစ်ခုခုကိုပဲ မျှော်လင့်နေခဲ့လျက်..၊

"ရှင်အဲ့လိုလွယ်တယ်ဟုတ်လား.."

"ဟုတ်တယ်..မင်းလည်း လွယ်လွယ်နဲ့လိုက်လျောခဲ့တာပဲ.."

"ဘာပြောလိုက်တယ်.."

သစ်တုံးကလှုပ်သွားသဖြင့် ယိုင်ခနဲဖြစ်သွားသည်။ ဒါပေမယ့်စကားရဲ့အာရုံက
အောက်မှာမရှိ၊ ကြိုးက သစ်ကိုင်းအစိုတစ်ချောင်းကို အပေါ်ခွံတွေ ဓားနဲ့ခွာချနေရင်း
ဖူးလိုက်ကာ..၊

"ခုတော့လည်း မင်းကသတ္တိတွေကောင်းလို့ပါလား.."

စကားရဲ့မျက်နှာလေး သူ့ဘက်ဆတ်ခနဲလှည့်၏။

"သတ္တိကောင်းတာမဟုတ်ဘူးလေ..သူပြောတာ ရှင်မကြားဘူးလား.."

"သူပြောတာကိုမကြားပါဘူး..မြွေလည်ပင်းပေါ်မတ်တပ်ရပ်ပြောနေတဲ့ မင်းကိုပဲ
ကြိုးကျူးနေတာ.."

ဟင်..၊ စကား မျက်လုံးပြူးခနဲဖြစ်သွားကာ..၊

"အား.."

နေရာကနေ ကဆုန်ပေါက်ဆင်းလေသည်။

"ကြိုး.."

သူမ ကြိုးဆီကိုပဲတည့်တည့်ပြေးကာ၊ အင်္ကျီရင်ဘက်စကို ကတုန်ကယင်ဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်၍..။

"ရှင် ဟိုနေရာမှာလိုပဲ စကားကိုညာတာမလား.."

"ညာစရာလားကွ..မင်းမယုံရင် လှည့်ကြည့်လိုက်ပါလား.."

"ဟာ ကြည့်စမ်း..ပေါင်လုံးလောက်ကြီးရှိတယ်မြွေကြီး အဲ့ဒါ ကျွန်တော်လည်း မမြင်ဘူး.."

သူမလှည့်မကြည့်ရဲပေမယ့် သာယာ့စကားသံကို ကြားလိုက်ရကာ..။

"ရှင်..ရှင်..အဲ့ဒါကြီးမြင်ရက်သားနဲ့ ပြုံးနေတယ်..သူများသေ..သေနိုင်တာကို.. ရှင့်.."

ချမ်းတုန်နေသလို အသံလေးဖြစ်လာကာ မျက်တောင်ဖျားတို့ ဖြည်းဖြည်းချင်း ပိတ်ကျသွားခဲ့ပြီး..။

"ဟာ..ဟိတ်.."

"ဟား ဟား ဟား ဟား.."

ဒီတစ်ခါ သာယာ့မျက်နှာကြီး ဟိုးအစကအတိုင်းစပ်ဖြဲဖြဲဖြစ်လာကာ တဟား ဟား ရယ်ခြင်းသို့ ရောက်လျက်..။

"သွားပြီ ဟားဟားဟား..မြွေက သူတက်ဖို့လှျှာထွက်နေပြီလား မသိဘူး.. ရယ်ရတယ်ကွာ.."

ကြိုးက စကားရဲ့ကိုယ်လေးကို အသာထိန်းကိုင်ထားရင်း ပွေ့ယူလိုက်သည်။ ပြီးတော့ ဒီထက်ပိုမြင့်သော နေရာလေးမှာသွားချထားလိုက်ကာ..။

"တက်နင်းလို့ဒဏ်ရာရနေတာ မဟုတ်ဘူး..အစာမျိုထားကာစ ခုနမုန်တိုင်းထိ လိုက်လို့.."

နဂိုတည်းက ဒဏ်ရာရှိနေသည့်မြွေက မလှုပ်နိုင်ဖြစ်နေသည်။ သစ်ကိုင်းခြောက် က အခေါက်ကွာကျပြီး မြေပေါ်မှာအံ့ဝင်ပွင်ကျအုပ်နေသဖြင့် မြွေလုံးက သစ်တုံးကြီးလို ဖြစ်နေခဲ့သည်။ စကားက သစ်တုံးမှတ်ပြီးတက်ခုန်နေတာ အားပါးတရ..။

"ဟား ဟား ဟား ဟား.."

စဉ်စားရင်း ရယ်ရင်းဖြင့် သာယာပစ္စုပ္ပန်ဒုက္ခတွေကို မေ့နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၀)

"သတင်းကောင်းက ဒီညဒီမှာအိပ်ဖို့ မဖြစ်နိုင်ဘူး.."

"ဟင်.."

"သတင်းဆိုးက ဒီကနေသွားဖို့ တောရှင်းရမယ်..မဟုတ်ရင် ချောင်းကို ဆန်တက်ရမယ်.."

မိုးပြတ်သွားသည်နှင့် ပတ်ဝန်းကျင်မှအလင်းရောင်လေး ပြန်ရလာသည်။ ဒါပေမယ့် အချိန်က ညနေငါးနာရီထိုးတော့မည်ဖြစ်သည်။

"ဒါက မိုးအုံ့နေတာ မဟုတ်ဘူး..မကြာခင်မှောင်တော့မှာကို ပြနေတာ.."

"ကြိုး.."

"ပြော.."

"ခင်ဗျားပြောတာ တစ်ခုမှလည်းစိတ်ချမ်းသာဖွယ်မရှိပါလား.."

"စိတ်ချမ်းသာစရာပြောဖို့မှ မရှိတာ.."

"မဟုတ်ဘူးလေ..သတင်းကောင်းဆိုတာက.."



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဒီလိုနေရာမှာ မအိပ်နိုင်ဘူးမို့လား..မအိပ်ရဘူးဆိုတာ မင်းတို့အတွက် သတင်းကောင်းပဲလေ.."

"ကောင်းစရာလားကြိုးရာ..ကျွတ်.."

သာယာ့မျက်နှာ ရှုံ့တွတွကြီးဖြစ်သွားသည်။ အခြေအနေကလည်း ဟုတ်နေ၏။ မီးမွှေးဖို့သစ်ကိုင်းခြောက်ရှာတာတောင် အားလုံးက ရေတွေနစ်နေသည်။

သစ်ပင်ကြီးတွေက အောက်ခြေရှင်းနေပေမယ့် မြေပြင်တစ်ခုလုံး နေ့လည်ကမှ ရေလျှံထားသဖြင့် သစ်ရွက်ဆွေးတွေက ရေစိုလက်စတွေပြန်ဖြစ်ကုန်သည်။

ရေနူးပြီးသားသစ်ကိုင်းခြောက်တွေက ရေတွေထပ်နစ်နေ၏။ သစ်မြစ်ကြီးတွေ သစ်တုံးတွေပေါ်ကလွဲလျှင် လမ်းလျှောက်တာတောင်ခြေချလိုက်တာနှင့် ရေထွက်နေသည့် အဖြစ်..।

"ဒီနားပတ်လည်မှာ ငါ၀င်နိုင်သမျှ၀င်ကြည့်ပြီးပြီ..ကျောချလို့ရတဲ့နေရာ ဘယ်နေရာမှမရှိဘူး မီးမွှေးဖို့လည်းမလွယ်ဘူး.."

"ကြိုး.."

သူတို့စကားပြောနေတုန်း တိတ်ဆိတ်စွာထိုင်နေသည့်စကားက ကိုယ့်ဒူးနှစ်ဖက်ကို ပြန်ဖက်ထားလျက်..।

"စကား အရမ်းချမ်းနေပြီ.."

"အဆင်မပြေတာတွေ ပြောနေကြတာကြားသားနဲ့စကားရာ..ကိုယ်တို့လည်း ရေစိုအင်္ကျီတွေနဲ့ နေကြရတာပဲ.."

"မဟုတ်ဘူး..စကား.."

သူမမျက်ရည်တွေ၀ေ့လာကာ ဘာမှမပြောတော့ဘဲ မျက်နှာလေးကို ဒူးပေါ် မှောက်ချပစ်လိုက်၏။ ဒီတစ်ခါ၀မ်းနည်းခြင်းက ဘယ်တုန်းကနဲ့မှမတူ၊ ရင်ထဲက လှိုက်ခါပြီးချမ်းနေသည်။

ဒီလိုနေရာမှာ ဖျားလိုက်ရင်တော့ သေမှာပဲဆိုသည့် အတွေးကနှိပ်စက်၏။

ဥပေက္ခာစကားများကိုလည်း ဒီအချိန်မှာအနာကျင်ဆုံး..।

ကြိုးက ဘာမှမပြောပေမယ့် စကားမျက်နှာမှောက်ချလိုက်တော့ မျက်မှောင် ကုတ်သွားသည်။ သူမပခုံးလေးတုန်နေတာ ငိုနေတာလား၊ ချမ်းလို့လား..।

"မင်းသူ့ကို နှစ်သိမ့်ပေးလိုက်ပါ.."



www.burmeseclassic.com

www.burmeseclassic.com



သာယာနားကပ်ပြီး ပြောလိုက်ရင်း..။

"ဘယ်လိုဒုက္ခပဲတွေ့နေနေ ငါတို့လည်းဖြစ်နေတာပဲတွေးလို့မရဘူး..သူက မိန်းကလေး။ ပြီးတော့ စကားကအရမ်းနုလွန်းတယ်.."

သာယာဘာမှပြန်မပြောဘဲ စကားကိုလှည့်ကြည့်သည်။ သူမ မြေပြင်ပေါ် ခြေတစ်ဖဝါးမှမချဘဲ ဟိုပေါ်တက်ရပ် ဒီပေါ်တက်ရပ်လုပ်နေသောကြောင့် ကြိုးက သစ်တုံးတွေစုပြီးအပေါ်ခွံတွေကို ဓားနဲ့ကော်ထုတ်ပေးထားခဲ့သည်။

ထိုအပေါ်မှာ ထိုင်လိုက်ပြီဆိုတည်းက သူမ နေရာမရွေ့တော့ပေ၊ သာယာ သူမကိုကြည့်ရင်း စိတ်မကောင်းဖြစ်သွားမိကာ..။

"စကား.."

သူမဘေးမှာ သွားထိုင်လိုက်ရင်း သစ်တုံးပေါ်မှာတင်ထားသည့် ခြေထောက်လေးနှစ်ဖက်ကိုပါ ကြည့်မိသည်။ ဖဝါးစောင်းလေးတွေ အမြဲတမ်းနီရဲနေတတ်သော ခြေထောက်လေးက ခြေဖဝါးလေးတွေပါ ရဲနေခဲ့သည်။

ပြီးတော့ ခြေချောင်းလုံးသွယ်သွယ်လေးတွေမှာ ပွန်းရာရှရာလေးတွေ ထင်နေကာ ဒဏ်ရာဖြစ်ခဲ့သော ခြေမျက်စိဖက်ကသွေးစလေးတွေ ပြန်ထွက်ပြီး ယောင်နေ၏။

သူမရဲ့ခြေလက်အသားအရေကို နေလောင်တောင်မခံရဲအောင် အလှအပမက်လွန်းသည့် စကားချို..။

"ကိုယ်စိတ်ညစ်နေလို့ အော်လိုက်မိတာပါ ဆောရီးပါ.."

ဒူးကိုပြန်ဖက်ထားသည့် လက်လေးတစ်ဖက်ကို ကိုင်လိုက်မိလျှင် နွေး နေတာကို သတိထားမိကာ..။

"စကား မင်းဖျားနေတာလား.."

"ဟင့်အင်း ရေစိုအဝတ်တွေဝတ်ထားခဲ့လို့ပါ.."

ဟင့်အင်းဆိုပြီး စကားပြောသံက တုန်ယင်နေသည်။ ဒူးကိုပဲ ပို၍တင်းအောင် ဖက်ထားခဲ့သဖြင့် ဒူးနှစ်ဖက်စလုံးရင်ဘက်ထဲကို နစ်ဝင်တော့မလား ထင်ရ၏။

"မင်း အရမ်းချမ်းနေရင် ကိုယ်ဖက်ထားပေးမယ်လေ..စေတနာနဲ့ပါ.."

"ဟင့်အင်း.."

"လာပါကွာ.."

"ရတယ်.."

www.burmeseclassic.com



စကားက သူဖက်လိုက်သည့်လက်ကို ဖယ်ချလိုက်ပြီး ူးကိုပြန်ဖက် ထား၏။

“ဘယ်လိုဖြစ်ရတာလဲကွာ..မင်းအအေးပတ်သွားလိမ့်မယ် ကိုယ်ဒေါသထွက်လို့ အော်ငေါက်ခဲ့တာတွေအတွက် စိတ်ဆိုးနေတာလား..”

မေးလိုက်ကာမှ ငိုချင်ရက်လက်တို့ဖြစ်သွားသည်။ စကားပခုံးလေးတွေ တုန်ခါ ဖြစ်အောင် ရှိုက်လေသည်။

“စကားရယ်..ကိုယ်..”

“ရတယ်ဆိုမှ..”

သူဖွတ်ဖက်မလို့ပြင်ပြီးမှ ပြန်လှည့်ကြည့်လိုက်တော့ ကြိုးလည်းမရှိတော့ပေ၊ သူဒီလိုပဲ မကြခဏပျောက်သွားတတ်ပေမယ့် ဒီတစ်ခါတော့ တမင်ရှောင်ပေးသွားတာလို့ သတ်မှတ်လိုက်၏။

“စကား မင်းနဲ့ကိုယ်ကလက်ထပ်ဖို့ ပြောထားပြီးသားပါကွာ..”

“အဲ့ဒါကို ဖက်ထားပေးဖို့လိုအပ်နေမှပဲ ရှင်သတိရတာလားသာယာ..”

“အဲ့ဒါ..”

“ရှင်မှန်ပါတယ်..စကားက သူဌေးသားဆိုပြီးငွေမက်ခဲ့မိတာကိုး မိန်းမသိက္ခာ တောင်မငဲ့ဘဲ ရှင့်နောက်တကောက်ကောက်လိုက်ပြီး..”

“စိတ်အခန့်မသင့်တဲ့အချိန်ဆိုတာ ရှိကြတာပဲစကားရာ..မင်းကိုကိုယ် လုံးဝအ ထင်မသေးဘူး..မင်းရဲ့ချစ်စရာကောင်းသမျှထဲမှာ လိုချင်တာကို ဒါမှဒါ ဖွတ်ဖြစ်နေတာလေး တွေကို အစွဲဆုံးပဲ..”

ချော့မော့ပြောရင်း သူမပခုံးလေးကို ဖက်ထားလိုက်တော့ဒီတစ်ခါ ငြိမ်သက်နေ ခဲ့၏။

“အခု ကိုယ့်ကိုပြန်ချစ်လိုက်တော့နော်..”

သူမရဲ့မျက်နှာလေးမှာ ပါးချင်းထပ်ကပ်ထားလိုက်ပြီး နောက်ထပ်ခရီးဆက်ဖို့ ဟန်ပြင်လိုက်လျှင်..၊

“ဟင့်အင်း မလုပ်နဲ့..”

စကားက သူ့ကိုတွန်းပစ်လိုက်မိသည်။ သာယာဘေးကို တစ်ချက်ယိုင်သွားကာ..၊

“စကား..”

“စကား အဲ့လိုမိန်းမ မဟုတ်ဘူး..”



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေပြောနေတာလဲ..ကိုယ်က မင်းကိုဘယ်လိုမိန်းမလို့ သတ်မှတ်နေလို့လဲ.."

ဒေါ်သမကင်းခြင်းသည် သူမရဲ့ဥပေက္ခာကြောင့် စိတ်ရှိင်းတွေဖြစ်လာခဲ့ရလျက်..၊

"ချစ်သူချင်း ချစ်လို့နမ်းတာ ဘယ်လိုသဘောတွေသက်ရောက်သွားနိုင်သလဲ.."

"သာယာနော်..ဟင့်အင်း.."

"ဝုန်း.."

အရှိင်းဆန်လာသည့်စိတ်တွေက ဝုန်းခနဲအသံကြောင့် ရပ်တန့်သွားခဲ့သည်။ လှည့်ကြည့်လိုက်တော့ ကြိုးက စုစည်းလာသည့် သစ်ကိုင်းခြောက်သေး သေးလေးတွေကို ပစ်ချလိုက်တာဖြစ်ကာ..၊

"မီးမွှေးမယ်.."

ပြောပုံက သူတို့ဖြစ်ပျက်နေတာတွေကို မမြင်လိုက်သလိုလို မထူးဆန်းတာလိုလို၊ သာယာ မချင့်မရဲစိတ်နှင့် နေရာမှထရပ်လိုက်ကာ..၊

"ခင်ဗျားပဲ ဘာမှလုပ်မရလို့ ဒီမှာနေလို့မရဘူးဆို.."

"ဖြစ်မလာသေးတာကို ခဏထားပြီး ဖြစ်နေတဲ့ပြဿနာကိုရှင်းရမယ်.."

ပြောပြီး သူ့လွယ်အိတ်ကိုကိုင်၍ ထင်းပုံဘေးမှာထိုင်လိုက်သည်။

"ဒီလောက်စိုစွတ်နေတာတွေကို ဘယ်လိုမီးရှို့မှာလဲ..ကျောက်ခေတ်ကလို မီးရအောင်လုပ်ရင်တောင် မီးပွင့်မယ့်ကျောက်တုံးမရှိဘူး.."

"မေးခွန်းတွေခဏမျိုသိပ်ပြီး မင်းတိတ်တိတ်နေရင် ပိုအဆင်ပြေတယ်.."

သာယာ ဆံပင်တစ်ချက်သပ်ပြီး တစ်ဖက်လှည့်သွားသည်။ ထိုအခါ မျက်လုံးက စကားဆီရောက်သွား၏။ ပါးမို့လေးတွေ ရဲတွတ်နေလျက် နှုတ်ခမ်းသားလေးတွေ နီးမြန်းနေတာကအစ သူမရဲ့အလှအပအားလုံးက စေ့စေ့မကြည့်ရဲအောင် ရှန်းကြွပေါ်လွင်နေ၏။

သူမဘက်က ဥပေက္ခာကိုမြင်လိုက်ရပြီဆိုမှ မချင့်မရဲဖြစ်ရသည့်စိတ်က မရမက လိုချင်လာသည်။ သူမရဲ့ဟန်ဆောင်တတ်မှုတွေကို ငွေမက်တဲ့မိန်းကလေးလို့ပဲ သူဘာဖြစ်လို့မြင်နေခဲ့တာလဲ..၊

အထင်မြင်သေးစွာ ထားခဲ့မိသည့်ဥပေက္ခာတွေအတွက် ဘယ်လိုပြင်ဆင်ဖာထေးရမလဲ၊ ပိုဆိုးသည်က ကြိုးဆိုသည့်လူနဲ့နှိုင်းယှဉ်ပြီး ကိုယ်ကျန်ခဲ့ရမှာကို မာနက လက်မခံနိုင်..၊



www.burmeseclassic.com

ww.burmeseclassic.com



ဒါပေမယ့် ကြိုးမှာမာယာမရှိဘူးဆိုတာလည်း စိတ်ကအလိုလိုခံစားမိနေသည်။ ဒါဆိုအခြေအနေဒီလိုဖြစ်ခဲ့ရတာ ဘာကြောင့်လဲ၊ ဖျတ်ခနဲ မီးရောင်လင်းသွားသဖြင့် သူ့အတွေးတွေ ရုတ်တရက်ပြတ်တောက်ကုန်၏။ ကြည့်လိုက်တော့ ကြိုးမီးမွှေးနေခြင်းဖြစ်သည်။ အိတ်ထဲက အဝတ်တစ်စကို မီးရှို့နေတာဖြစ်ကာ၊ အနားပြန်လှည့်သွားပြီး ကြည့်လိုက်တော့ အဝတ်စလည်းမဟုတ်ပေ..၊

"အဲ့ဒီဘက်က အကျိုးအစလေးတွေ ကောက်ထည့်လိုက်စမ်းပါ.."

မီးပုံဘေးမှာ ထိုင်လိုက်ပြီး သူကောက်ထည့်ပေးလိုက်ကာ..၊

"အဲ့ဒါ ဘာစကြီးလဲ.."

"ငါ့အိတ်ထဲက ဆီစိမ်စက္ကူတွေပါ.."

"အိတ်ထဲမှာ အဲ့ဒါတွေကိုဆောင်ထားတာလား.."

"အမှတ်တမဲ့ပြဿနာကြုံလာရင် ရေစိုလို့မရတဲ့ပစ္စည်းတွေ မစိုအောင် ဖော့နဲ့အတွင်းအပြင် အိတ်လုပ်ပြီး ထည့်ချုပ်ထားတာ.."

မေးသမျှပြန်ဖြေနေပေမယ့် သာယာနားမလည်ပေ၊ မီးကတော့ ဆီလိုစိုနေသဖြင့် တဖြည်းဖြည်းမီးညွန့်တက်လာခဲ့၏။ သိပ်မကြာခင် သစ်ကိုင်းခြောက်လေးတွေကို မီးစွဲလေသည်။

"ခင်ဗျားပြောတော့ လမ်းပြလုပ်စားနေတာမဟုတ်ဘူးဆို.."

"အဲ့ဒီတော့ ဘာဖြစ်လဲ.."

"ခင်ဗျားအိတ်ထဲမှာ အဆဲဆရီတွေ အကုန်ရှိနေတာက.."

"ငါ့အတွက်လိုအပ်မယ်ထင်တာတွေ ထည့်ထားတာလေ..လမ်းပြတစ်ယောက်က ဘာတွေဆောင်ထားကြသလဲ မင်းကသိနေလို့လား.."

သာယာကပြုံးလိုက်ပြီး စကားကိုလှမ်းကြည့်ကာ..၊

"စကား ဒီမှာ မီးလာလှုံလေ.."

မီးပုံနဲ့သူမက ဆယ်ပေကျော်ကျော်လောက်ကွာသည်။ ခြေထောက်မှာ ဖိနပ်ကမရှိ သူမဒီလောက်ချမ်းနေတာကို ထမလာတည်းက ကြိုးကသိသည်။ သာယာက ထသွား ကာ..၊

"လာလေ..ကိုယ်ပွေ့ခေါ်သွားပေးမယ်.."

"ဟင့်အင်း..ဒီကလည်း နွေးပါတယ်.."



www.burmeseclassic.com

"လာပါကွာ..ကိုယ်တို့လည်း ဖိနပ်တွေရေစိုတော့နဲ့မနေရတာပဲ.."

"နေပါစေတော့.."

"မင်းခရီးလမ်းသွားတာ အဲ့လောက်ဇီဇာကြောင်နေရင် ဘယ်လိုလုပ်မလဲ.. မနက်ကလည်း ဘာမှဟုတ်တိပတ်တိမစားခဲ့ဘူးမို့လား.."

"စကား နေနေကျ.."

ရပါတယ်ပဲပြောနေပေမယ့် သူမဆာလောင်မှုကို ကြံ့ကြံ့ခံနေရတာ ကိုယ့်ဘာသာပဲသိသည်။ ဗိုက်ထဲက တကျုတ်ကျုတ်မြည်နေခဲ့လျက် လက်ဖျားတွေတောင် မဆုပ်ချင်တော့ပေ.. ၊

ထို့ပြင် ချမ်းတုန်နေသေးသည်။ ပတ်ဝန်းကျင်ကို မသတီစွာထိုင်နေရသည့်အဖြစ်ကြောင့် လူကဟာပ်ထိုးလဲချင်နေ၏။

"ခင်ဗျားကဘယ်ကိုလဲဗျ..မိုးချုပ်နေပြီ.."

"တောထဲမှာမှောင်နေတာပါ..ခြောက်နာရီခွဲမှ မိုးချုပ်မှာ.."

ပြောပြီး အိတ်ကိုကောက်လွယ်လိုက်ကာ.. ၊

"ဘယ်မှမသွားဘူး..တစ်ခါတည်းမနိုင်လို့ သစ်သားစတွေကို ဟိုဘက်မှာ ချထားခဲ့တာ.."

သစ်သားစတွေတဲ့.. ၊ သစ်သားစလောက် မီးရှို့လို့ကောင်းတာရှိမလား.. ၊

ပြန်ရောက်လာတော့ မီးရှို့ဖို့မဟုတ်မှန်းသိလိုက်ရ၏။ လက်တစ်လုံးလောက် သစ်သားပြားလေးနစ်ချပ်မှာ အတိုအရှည်မတူကြပေ၊ ကြိုးက အိတ်ထဲက သံဖြတ်လွှလေးထုတ်ယူပြီး ရေနူးနေသည့်သစ်သားပြားလေးတွေကို ဟိုဘက်ကလှီး ဒီဘက်လှီးနဲ့ ပန်းပုဆရာတစ်ယောက်လို ကျွမ်းကျင်စွာလုပ်နေ၏။

"အဲ့ဒါလေးတွေ တောထဲကရလာတာလား.."

"ကမ်းစပ်မှာ သွားရှာလာတာ ရေကျတော့ပါလာတာတွေ.."

"ကျွန်တော်တို့က ကမ်းစပ်နဲ့တော်တော်ဝေးလာပြီထင်တယ်..ဟုတ်လား.."

"မဝေးပါဘူး..ဒါပေမယ့် ဒီလောက်တော့ဝေးထားမှ မဟုတ်ရင် ရေအစိုဓာတ်က မလွယ်ဘူး.."

သူကနွယ်ကြိုးကို ဆွဲထုတ်ပြီးသစ်သားပြားနဲ့ တိုင်းကာအနေတော်လေးတွေဖြတ်ထုတ်နေ၏။ ကြိုးဘာလုပ်နေမှန်းသိလိုက်သည်နှင့် သာယာ့ရင်ထဲမှာ ဘောင်ဘင်ခတ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

လှည့်ကြည့်မိတော့ စကားက ခုနကအတိုင်း မူးကိုဖက်၍ကုပ်ကုပ်လေး နေနေ ဆဲရှိကာ ဓီကိုလည်းကြည့်မနေပေ..။

"ခင်ဗျား စကားအတွက်ဖိနပ်လုပ်ပေးမလို့လား.."

"အင်း.."

ကြိုးက နွယ်ကိုအလယ်ကနေ ပါးအောင်ရှပ်ထုတ်ပစ်ကာ ခေါင်းချုပ်သလို ခေါက် သွင်းလိုက်သည်။ သာယာမျက်နှာတင်းနေကာ သူလုပ်နေတာ စောင့်ကြည့်ရင်း..။

"ဓီကြိုးကြီးနဲ့ သူ့ခြေထောက် ဘယ်လိုလုပ်ဖြစ်မှာလဲ..ခြေထောက်ကနုနုလေး.."

ကြိုးက ဘာမှမပြောဘဲ ကွမ်းငုံထားသည့်နှုတ်ခမ်းတို့ကို ဖိပိတ်၍ လုပ်စရာရှိတဲ့ အတိုင်း ဆက်လုပ်နေသည်။ သစ်သားထဲကို အပေါက်ဖောက်ဖို့အတွက်လည်း ဝက်အူ လှည့်လို အဖျားချွန်နေသည့် သံချောင်းလေး သူ့အိတ်ထဲမှာပါနေပြန်၏။

ဆရာဝန်တစ်ယောက်က လိုအပ်သည့်ပစ္စည်းတွေကို ဆေးသေတ္တာထဲက ထုတ် ယူနေတဲ့အတိုင်း၊ မသိရင် စကားလိုနုနုနယ်နယ်မိန်းကလေးကိုမြင်ပြီး ဒီလမ်းသွားရင် ဒီလိုဖြစ်မှာတွေကို ကြိုသိနေလို့ ပြင်ဆင်ထည့်လျှိုယူခဲ့တာနဲ့ တူနေသည်။

"ခင်ဗျားပုံစံက ဒီလိုတွေဖြစ်မှာကို ကြိုသိပြီးပြင်ဆင်လာသလိုပဲနော်.. ဒီသစ်သား စတွေ ကမ်းစပ်ကကောက်ရလာခဲ့တယ်ဆိုတာတောင် မယုံချင်တော့ဘူး.."

ကြိုးက တစ်ခွန်းမှစကားမပြန်ဘဲ သစ်သားမှာအပေါက်ခြောက်ပေါက်ရဖို့ အ သည်း အသန်ကြိုးစားနေ၏။ ပစ္စည်းနဲ့လက်နက်နဲ့မမျှသောကြောင့် သူဘယ်လောက်ထိ အားစိုက်နေရမှန်းလည်း သိသာသည်။

နောက်တစ်ခါ သာယာလှည့်ကြည့်လိုက်မိလျှင် စကားကဖိနပ်လုပ်နေသည်ကို လှမ်းကြည့်နေလျက် မျက်နှာလေးကကြည်နေသည်။ ပြီးတော့ ကျေးဇူးတင်ဝမ်းမြောက် သော မျက်ဝန်းလေးတွေနှင့်..။

သာယာ့မျက်နှာ ဖြူလိုက်နီလိုက် ဖြစ်နေခဲ့လျက် မီးဖိုကိုမီးထည့်ဖို့လည်း သတိ မရ၊ စည်းကမ်းဆိုတာကိုလည်း ဂရုမထားမိတော့ဘဲ..။

"နောက်ထပ်ဘာတွေဆောင်ထားသေးလဲ စိတ်ဝင်စားတယ်ဗျာ..ကြည့်ရအောင်"

ကြိုးဘေးမှာဖွင့်လျက်ချထားသည့် အိတ်ကိုလှမ်းဆွဲလိုက်သည်။ ကြိုးက သူ့ လက်ကောက်ဝတ်ကို ဖတ်ခနဲကိုင်လိုက်ပြီး..။



www.burmeseclassic.com

www.burmeseclassic.com



"မင်းစည်းကမ်းမရှိတာက ငါနဲ့မဆိုင်ပါဘူး..ဒါပေမယ့် ငါ့စည်းကိုတော့ မင်း ချိုးဖောက်ခွင့်မရှိဘူး.."

"ဘာတွေမို့လို့လဲ..မိန်းကလေးအသုံးအဆောင်တွေ ခုန်ပေါက်ထွက်လာနိုင်တဲ့ ကိရိယာတန်ဆာပလာတွေမို့လို့လား.."

ရယ်ကျဲကျဲမေးသည့် သာယာ့မျက်နှာက မီးပုံရဲ့အလင်းရောင်ကြောင့် အနီရောင် ဟပ်နေပြီး မငြိမ်မသက်လှုပ်ရှားနေခဲ့သည်။

"ဘာပစ္စည်းဆိုတာလည်း မင်းသိဖို့မလိုဘူး..မင်းသိထားဖို့က မင်းတို့နဲ့ပတ် သက်ပြီး ငါ့မှာတာဝန်မရှိဘူး.."

"ဘာလို့မရှိရမှာလဲ..ဦးဆိုင်းအယ်ကြီးတို့ သေချာအပ်လိုက်တာ.."

"ဟွန်း.."

အထင်မြင်သေး၍ အသည်းယားဖွယ်ကောင်းသောမဲ့ပြုံးက အသံကြောင့် ပို၍ ခံရခက်စေ၏။ ဘာမှထပ်မပြောတော့ဘဲ အလုပ်ဆက်လုပ်နေတော့ လူကို အဖက်မတန် သလိုရှိလျက်..၊

"ခင်ဗျားကိုကျွန်တော် မပြောဖြစ်ပေမယ့် ဒီနေ့ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့ အတွက် ကျေးဇူးတင်နေတာပါ..ခင်ဗျားကို ဒီလိုလူမဟုတ်ဘူးဆိုပြီး လေးစားသွားခဲ့ တယ်.."

ဘယ်လိုလူလဲလို့ မေးမည်ထင်ထားပေမယ့် ကြိုးကမမေး..၊

သာယာ ခံရခက်စွာအံကြိတ်လိုက်တာကိုလည်း ဂရုမစိုက်ဘဲ သစ်စအတိုအစ လေးတွေကို မီးဖိုထဲပစ်ထည့်လိုက် ဖိနပ်ကိုမှောက်လိုက်လှန်လိုက်နှင့် သိပ်မကြာ..၊

သူလှမ်းကြည့်လိုက်တော့ စကားကကြည့်နေတာနှင့် မျက်လုံးချင်းဆုံကာ..၊

"ခဏစောင့်.."လို့ပြောပြီး အိတ်ထဲက နောက်တစ်ခုထပ်ထုတ်၏။ ဒီတစ်ခါ လက် ကိုင်ပဝါ ပါလာခဲ့လျက် ပဝါကိုထိုးခွဲပစ်လိုက်၏။ နောက်ထပ်လိုသလောက် ခွဲချနေပြီး ဖိနပ် ရဲ့ခြေညှပ်နားမှာ အဝတ်စနဲ့ရစ်ပတ်ပစ်လိုက်တာ သစ်ကြိုးနှစ်ချောင်းခွဲထွက်တဲ့နေရာထိ..၊

နွယ်ကြိုးနဲ့ဖိနပ်လုပ်ပြီး ခြေထောက်မပေါက်အောင်တောင် ကာကွယ်ပေးထား လိုက်သေးသည်။ ကြည့်တော့ ရုပ်တည်ကြီးနဲ့ ဘာသိဘာသာနေသလိုလိုနဲ့..၊

တကယ့်ခွင်ထဲရောက်မှ ကပ်ပြီးအမှတ်ယူနေသည့် ကြိုးရဲ့နှာတံထင်းထင်း မျက်ခုံးထူထူနှင့် နှုတ်ခမ်းမွှေးပါးသိုင်းမွှေးတွေလည်း ရှိနေသောမျက်နှာကြီးကို ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



သာယာ မခံချိမခံသာဖြစ်နေခြင်းသည် နေရထိုင်ရခက်လာတဲ့အထိပင်.. ၊

ဖိနပ်စီးချင်နေသည့်လူကလည်း ဟန်တပြင်ပြင်နှင့်.. ၊

"ရော့.."

ကြိုးက ဖိနပ်ကိုလှမ်းပစ်ပေးလိုက်သည်။ သူ့မရှေ့မှာ ဖိနပ်တစ်ရံက ခြေချစီး၍ ချိန်သားကိုက်ရောက်သွားခဲ့ပြီး စကားဝမ်းသာအားရ ကောက်စီး၏။

"အတော်ပဲကြည့်စမ်း..သစ်သားတုံးကြီးမို့လို့ လေးမယ်ထင်နေတာ ပေါ့ပေါ့လေး နော်.."

"အဲ့ဒါသစ်သားမဟုတ်ဘူး..ထင်းရှူးသား.."

"ထင်းရှူးသားကို ရှင်ဘယ်လိုရလာတာလဲဟင်.."

"ထင်းရှူးသေတ္တာလေး ကမ်းစပ်မှာတင်နေတာလေ..အကောင်းတော့ မဟုတ်ဘူး၊ ကောင်းတဲ့ဘက်ကခွာယူလာခဲ့တာ.."

"စကားကိုဖိနပ်လုပ်ပေးဖို့လား.."

"ဟုတ်တယ်.."

ခုကျတော့ စကားရဲ့အသံတွေစာလို့ပါလား။ ခုနကချမ်းတုန်ပြီး ပိုက်ထားတဲ့လက်ကို ဖြုတ်ချလို့တောင်မရ..၊

"အဲ့ဒီမီးပုံမှာ စကားအင်္ကျီတွေ လှမ်းလို့ရလားဟင်.."

"ရတယ်.."

စကားက နေရာမှထလာကာ ခုထိအနားမှာပဲထားသည့်အထုပ်ကို ယူလာသည်။ အထဲကနေ ဆွဲထုတ်လိုက်တော့ ခါးပတ်လေး တပြောင်ပြောင်နှင့် စကားဝါရောင် ခါးရှည် လက်ပွအင်္ကျီလေးပါလာသည်။ ပြီးတော့ ကွမ်းသွေးရောင် ဒူးကျဘောင်းဘီလေးနှင့်.. ၊

"တော်ပါပြီ..ဒါလေးပဲလှန်းတော့မယ်.."

ဟုဖြေကာ ဆွဲထုတ်မည်ပြင်ပြီးမှ ပြန်ထိုးထည့်လိုက်သည်။ ကြိုးက တုတ်တွေ စိုက်၍ မီးပုံဘေးမှာ တန်းလုပ်ပေးသည်။ ပြီးတော့..၊

"မင်းအဝတ်အစားတွေကို ပြောင်းပြန်လှန်ပြီးမှတင် သစ်ကိုင်းတွေက မသန့် ဘူး.."

"အင်း.."

စကား ဖိနပ်ရသွားသည့်အတွက် သိန်းတစ်ထောင်ဆုကြီးပေါက်သလောက်



www.burmeseclassic.com

ww.burmeseclassic.com



နပျော်ရွှင်ကြည်နူးနေပုံရကာ..၊

"ဟပ်ချိုး.."

သူမရဲ့ဟပ်ချိုးကို နှစ်ယောက်စလုံးကလှမ်းကြည့်လိုက်လျှင်..၊

"ဘာမှမဖြစ်ဘူး..အဲ့လိုပဲဖြစ်တတ်တာ..ဟ..ဟပ်ချိုး.."

နောက်ထပ် နှာချေပြီးတော့နှာရည်က ကျချင်လာသည်။ စကား ရှီးခနဲ ပြန်ရှိုက်သွင်းသည်။ နောက်ထပ်နှာချေလိုက်တော့ မရတော့ပေ၊ နှာခေါင်းကို လက်နဲ့ဖိကပ်ပိတ်၍ ဟိုကြည့်ဒီကြည့်..၊

"ရော့.."

ခုနဆုတ်ဖြဲထားသည့် လက်ကိုင်ပဝါစတွေကို ကြိုးကလှမ်းပေးတော့ ကမန်းကတန်းယူလိုက်ပြီး ဟိုဘက်လှည့်သုတ်နေရင်း..၊

"ဝေါ့.."

"ဟာဗျာ.."

သာယာကိုယ့်ဒေါသနဲ့ကိုယ် မနေနိုင်တော့ဘဲ တကယ့်ကိုတအံ့တသြကြီး ဖြစ်မိကာ..၊

"ဘာဖြစ်တာလဲအဲ့ဒါ.."

"နှပ်တွေရွှဲစရာကြီး.."

"ဟား..အဲ့ဒါ မင်းကိုယ်ကပစ္စည်းမဟုတ်ဘူးလား.."

စကားက နှာခေါင်းကိုပဲ ထိုအဝတ်နဲ့လုံးထွေးဖိပွတ်နေရင်း ပြန်လှည့်ကြည့်ကာ..၊

"ကိုယ့်ဟာကိုယ်တော့မရွံရတော့ဘူးလား..နှပ်ကနှာခေါင်းထဲမှာမနေဘဲ လက်နှပ်ထဲရောက်လာတာ ရှင်ခံကြည့်လေ..""

"ခံဖူးတယ်လေ..ကိုယ့်ပစ္စည်းနဲ့ကိုယ်ပဲ.."

"ရှင်ခံနိုင်ပေမယ့် စကားမှမခံနိုင်တာ.."

သုံးယောက်သည် တစ်ယောက်နဲ့မဟုတ်တစ်ယောက် လှည့်ပတ်ငြိုငြင်နေကြလျက် စကားအချေအတင်နဲ့ မကြာခဏ စကားများကြတာလည်းရှိသော်ငြား..၊

ပြီးသွားပြီဆို ဘာမှလည်းမဟုတ်..၊



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၁)

"မီးကအရှိန်ရလာတော့ ကောင်းသားပဲနော်.."

"မင်းအချမ်းပြေသွားပြီလား.."

"အင်း.."

စကားမျက်နှာလေးကြည်လာတော့ အားလုံးရယ်နိုင်မောနိုင် ဖြစ်လာကြသည်။ မိုးစုပ်စုပ်ချုပ်သွားတာကိုရော တောထဲတောင်ထဲမှာရှိနေကြသည့်အဖြစ်ကိုပါ မေ့ပါးစွာ ထားလိုက်နိုင်ကြပြီး..။

"ခုနေ မီးပုံမှာတစ်ခုခုကင်စားရရင် အဆာလည်းပြေမယ်..အပျင်းလည်းပြေမယ် ရေလည်ပွတ်ဒ်မှာနော်.."

"ဟင့်အင်း စကားကတော့ မစားချင်ပါဘူး.."

"သိတယ်..မင်းကိုလည်းကိုယ်ထည့်မတွက်ပါဘူး.."

လို့ပြောပြီး ကြိုးကိုမျက်စပစ်၍..။

"ဘယ်လိုလဲကြိုး..ခင်ဗျားက ဆရာကြီးဆိုတော့.."



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကကုတ်အင်္ကျီကို လက်နဲ့ကိုင်ပြီးမီးကင်နေရင်း ပြုံးသည်။ ဘာမှမပြောဘဲ မနေဦးမှာကိုသိကာ သာယာကမဲ့၍..၊

"လုပ်ပါ တစ်ခုခုတော့ ဆန္ဒပြုမှပေါ့..ကျွန်တော့်ဆန္ဒနဲ့ဆင်တူတာလေး.."

"တောထဲက ဖြတ်သွားရင်ဘယ်တော့မှ တောထဲကသတ္တဝါတွေကို သတ်မစားဘူး..ကိုယ့်အသက်အန္တရာယ်ကြောင့် မလွှဲသာလို့သတ်ရရင်လည်း အဲ့ဒီအသားကို ပြန်မစားဘူး.."

"ဒါကမငတ်သေးလို့ ပြောတဲ့စကားဆိုရင် ခင်ဗျားလက်ခံလား.."

"မင်းကငတ်ခဲ့ဖူးလို့လား.."

"ဟား ဟား ဟား.."

သာယာက ဂုဏ်ယူဝံ့ကြွားစွာ မျက်နှာမော့ရယ်၏။

"ကျွန်တော်က မွေးတည်းကဆင်းရဲဖူးခဲ့တာမှ မဟုတ်ဘဲ၊ ဒီလိုပဲလူကြီးသူမပြောကြတာ လူတိုင်းသိကြတာပဲ.."

"ငါက ငတ်ဖူးတယ်.."

သာယာက ပခုံးတွန့်လိုက်ပြီးမဲ့သည်။ ပြီးတော့ ခြေထောက်တွေဆန့်၍ မီးပုံနဲ့ကပ်ထားပြီး ဖိနပ်တွေ ဘောင်းဘီတွေကိုမီးကင်၏။

"ကဲပါ..ခင်ဗျားကိုလည်း အမဲလိုက်ပေးပါလို့မခိုင်းပါဘူး အကြောင်းတွေပြမနေပါနဲ့.."

ပြောပုံက ကြိုးကိုသူနိုင်းခွင့်ရှိတဲ့ သူလိုလို..၊

"ကြိုး..ရှင်က တစ်ယောက်တည်းနေတာလားဟင် မွေးချင်းဆွေမျိုးမရှိတာလား.တမင်တစ်ယောက်တည်းခွဲနေတာလား.."

"ဆယ့်ခြောက်နှစ်ကျော်လာတည်းက တစ်ယောက်တည်းပဲ.."

"မိန်းမနဲ့ကွဲထားတာလား..လက်ထပ်မယူချင်လို့ လက်လီ.."

"သာယာ.."

မီးဖိုအလင်းရောင်အောက်မှာ ကြိုးရဲ့မျက်လုံးအစုံက စူးရဲနေခဲ့လျက်..၊

"ငါတို့ချည်းပဲရှိနေတာမဟုတ်ဘူး.."

"သိပါတယ်ဗျာ..ဒါပေမယ့် ခုခေတ်မိန်းကလေးတွေကို လျှော့မတွက်ပါနဲ့၊ မမြင်ဘူး မကြားဘူးတာမရှိဘူး.."



www.burmeseclassic.com

ww.burmeseclassic.com



ကဗာတာနှင့် မွေးလာခဲ့သည်ဟုယုံကြည်နေခဲ့၏။

ထို့ကြောင့် သူနဲ့တွေ့ဆုံခဲ့ခြင်းမှာ သူမစိတ်ကူးတွေယဉ်နေသည်။ သူ့အပေါ် လိုက်လျောသည့် စကားတွေနဲ့ချိုသာခဲ့၏။ ဒါကြောင့် သူဘဝင်မြင့်သွားခဲ့တာလား။ တစ်ယောက်တည်းမေးခွန်းပေါင်းများစွာဖြစ်နေခဲ့လျက် စကားကို လက်လွှတ်ရမည့်အဖြစ်က တစစကြီးမားလာခဲ့၏။

သူမကိုမရနိုင်လို့ မခံချင်ဖြစ်နေတာလား၊ ဆုံးရှုံးအခံနိုင်အောင် ချစ်မိနေတာလား..၊

ထိုစဉ် ဖုန်းသံကမြည်လာခဲ့၏။

"ဟင်..ဖုန်း.."

"ခင်ဗျားဖုန်းလား.."

"ဒီမှာ ဖုန်းလိုင်းမိတယ်ပေါ့.."

"လွယ်အိတ်ထဲမှာ ရေမစိုဘူးလား.."

အံ့ဩသော စကားသံတွေ သာယာနဲ့စကားထံမှ ဆင့်ကဲထွက်ပေါ်လာခဲ့ကြ၏။ ကြိုးကိုယ်တိုင် အံ့ဩသွားပုံပေါ်ကာ ကမန်းကတန်းထုတ်ယူလိုက်တာ တွေ့ရသည်။

ပစ္စည်းအားလုံးသည် အတွင်းအိတ်ထဲမှာရှိနေကာ အတွင်းအိတ်က ဖော့တွေ ဆီစိမ်စက္ကူတွေနဲ့ ရေလုံအောင်ပတ်ပြီး ပလပ်စတစ်နဲ့ပါ ထပ်အုပ်ထားတာဖြစ်၏။ အိတ်ကို စကားက လည်ပင်းရှည်အောင် လိုက်ငုံ့ကြည့်ကာ..၊

"အိတ်က အထဲမှာရှယ်ပဲသိလား..ဒါကြောင့်ရေမစိုတာ.."

ဖုန်းကလည်း iPhone ဖြစ်နေခြင်းအတွက် သာယာကစိုက်ကြည့်နေကာ၊

"ခင်ဗျား ဒီမှာပဲပြောပါဗျာ..ဒီလောက်မှောင်မည်းနေတာတောင်မှ.."

ပတ်ဝန်းကျင်က စေ့စေ့မကြည့်ရဲအောင် မှောင်မည်းနေသည်။ ချောင်းရေစီးသံက ချောင်းကိုမမြင်ရပေမယ့် ညမှောင်လာတော့ သားရဲတစ်ကောင်၏ အသက်ရှူသံလို တဟဲဟဲကြားနေရ၏။

စကားပြောရယ်မောနေလျှင် အားလုံးကပျောက်ရှနေပေမယ့် တိတ်ကျသွားတိုင်း တိတ်ဆိတ်ခြင်းကြားက သဘာဝကခြောက်ချားဖွယ်ပင်..၊

"ဟလို..အေး..ကြားရပြီ မင်းတို့ဘယ်မှာလဲ.."

"....................."



www.burmeseclassic.com

ww.burmeseclassic.com



ကံဇာတာနှင့် မွေးလာခဲ့သည်ဟုယုံကြည်နေခဲ့၏။

ထို့ကြောင့် သူနဲ့တွေ့ဆုံခဲ့ခြင်းမှာ သူမစိတ်ကူးတွေယဉ်နေသည်။ သူ့အပေါ် လိုက်လျောသည့် စကားတွေနဲ့ချိုသာခဲ့၏။ ဒါကြောင့် သူဘဝင်မြင့်သွားခဲ့တာလား။ တစ်ယောက်တည်းမေးခွန်းပေါင်းများစွာဖြစ်နေခဲ့လျက် စကားကို လက်လွှတ်ရမည့်အဖြစ်က တစစကြီးမားလာခဲ့၏။

သူမကိုမရနိုင်လို့ မခံချင်ဖြစ်နေတာလား၊ ဆုံးရှုံးအခံနိုင်အောင် ချစ်မိနေတာလား..၊

ထိုစဉ် ဖုန်းသံကမြည်လာခဲ့၏။

"ဟင်..ဖုန်း.."

"ခင်ဗျားဖုန်းလား.."

"ဒီမှာ ဖုန်းလိုင်းမိတယ်ပေါ့.."

"လွယ်အိတ်ထဲမှာ ရေမစိုဘူးလား.."

အံ့သြသော စကားသံတွေ သာယာနဲ့စကားထံမှ ဆင့်ကဲထွက်ပေါ်လာခဲ့ကြ၏။ ကြိုးကိုယ်တိုင် အံ့သြသွားပုံပေါ်ကာ ကမန်းကတန်းထုတ်ယူလိုက်တာ တွေ့ရသည်။

ပစ္စည်းအားလုံးသည် အတွင်းအိတ်ထဲမှာရှိနေကာ အတွင်းအိတ်က ဖော့တွေ ဆီစိမ်စက္ကူတွေနဲ့ ရေလုံအောင်ပတ်ပြီး ပလပ်စတစ်နဲ့ပါ ထပ်အုပ်ထားတာဖြစ်၏။ အိတ်ကို စကားက လည်ပင်းရှည်အောင် လိုက်ငုံ့ကြည့်ကာ..၊

"အိတ်က အထဲမှာရှယ်ပဲသိလား..ဒါကြောင့်ရေမစိုတာ.."

ဖုန်းကလည်း iPhone ဖြစ်နေခြင်းအတွက် သာယာကစိုက်ကြည့်နေကာ၊

"ခင်ဗျား ဒီမှာပဲပြောပါဗျာ..ဒီလောက်မှောင်မည်းနေတာတောင်မှ.."

ပတ်ဝန်းကျင်က စေ့စေ့မကြည့်ရဲအောင် မှောင်မည်းနေသည်။ ချောင်းရေစီးသံက ချောင်းကိုမမြင်ရပေမယ့် ညမှောင်လာတော့ သားရဲတစ်ကောင်၏ အသက်ရှူသံလို တဟဲဟဲကြားနေရ၏။

စကားပြောရယ်မောနေလျှင် အားလုံးကပျောက်ရှနေပေမယ့် တိတ်ကျသွားတိုင်း တိတ်ဆိတ်ခြင်းကြားက သဘာဝကခြောက်ချားဖွယ်ပင်..၊

"ဟလို..အေး..ကြားရပြီ မင်းတို့ဘယ်မှာလဲ.."

"............. ......."



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူးလား..ငါလည်းမသိဘူး.."

"........ ..............."

"ဒါဆို ငါတို့ထွက်ခဲ့မယ်လေ..ဘယ်လောက်ဝေးလဲ.."

"............. .........."

"အိုခေ..အဲ့ဒီရောက်အောင် ချောင်းရိုးအတိုင်းလာလို့ရတယ် စက်လှေပေါ် ဆင်းရင် အဆင်ပြေအောင်တစ်ခုခုလုပ်ထားပေးဦး..မိန်းကလေးပါနေလို့.."

သူပြောတာတွေနားထောင်ရင်း သာယာနဲ့စကားတို့ နေရာမှ ထရပ်လိုက်ကြသည်။ ပြီးတော့ ပြန်လို့ရပြီမှန်းသိလိုက်ကာ စကားက တန်းပေါ်က အကျီနဲ့ဘောင်းဘီကို ကမန်းကတန်းရုတ်လိုက်၏။ ကြိုးက ဖုန်းပြောပြီးလှည့်လာရင်း..။

"လှန်းထားတာတွေပြန်သိမ်း..စက်လှေလာနေပြီ.."

"ခင်ဗျား ဖုန်းပြောလို့ရနေသားနဲ့ စောစောတည်းကဆက်သွယ်ပါလားဗျာ.. မိုးချုပ်နေမှ.."

"မိုးချုပ်နေတော့ မင်းမပြန်ချင်ဘူးလား.."

သာယာက ရှုံ့မဲ့ခေါင်းကုတ်ရင်း..။

"အခု တောထဲတိုးရတော့မှာကိုပြောတာ.."

"ဘာပဲတိုးရတိုးရ စကားကတော့လိုက်မှာပဲ.."

ပြောပြီးကြိုးရဲ့နောက်မှာ သွားရပ်နေလိုက်တော့ သူအသည်းယားသွားသည်။ ရွာကလူတွေလာခေါ်တာ သူ့မျက်နှာကြောင့်..။

ဘာဖြစ်လို့ ကြိုးကိုကျေးဇူးရှင်လို ကပ်တွယ်နေတာလဲ..။

"မီးငြိမ်းရအောင်.."

"ထပ်မထည့်ရင် ငြိမ်းမှာပါဗျာ..ဒီလောက်စိုစိနေတာကို၊ နောက်ပြီး မှောင်မည်းနေမှာ ဘယ်လိုသွားကြမှာလဲ.."

"ဒီမီးထားတော့ မင်းသွားမယ့်လမ်းတစ်လျှောက်မှာ လင်းနေမယ်လို့ ဘယ်သူပြောလဲ.."

ပြောနေရင်း အိတ်ထဲကဓာတ်မီးလေးထုတ်ယူပြီး ဖွင့်ထားလိုက်သည်။ ပြီးတော့ မီးသတ်ပစ်လိုက်ပြီး..။

"ရှေ့ကသွားကြ.."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက မီးရှိတာ ရှေ့ကသွားလေ.."

"ပြီးရော.."

စကားက အဝတ်ထုပ်လေးပိုက်ထားပြီး ကြိုးရဲ့နောက်ကဝင်ရပ်သည်။ သာယာက စကားရဲ့လက်လေးကို လှမ်းဆွဲလိုက်ကာ..၊

"တန်းစီနေဖို့မလိုပါဘူး..ကိုယ်တို့အတူသွားမယ်.."

စကားပြန်ရုန်းလိုက်သေးသည်။ ဒါပေမယ့် သာယာ့ထံမှယုန်ထင်ကြောင်ထင် စကားတွေ ထပ်ထွက်လာမှာစိုးသောကြောင့် ငြိမ်နေလိုက်သေး သည်။ ပြီးမှ လက်ကို ရုန်းလိုက်ပြီး..၊

"လမ်းရှိတာမဟုတ်ဘူး..လေညှင်းခံလျှောက်သလို အတူတွဲလျှောက်နေလို့တော့ ရမှာမဟုတ်ဘူး.."

"စကား..မင်း.."

"ကြိုး..ရှင် ရှေ့ကမြန်မြန်မလျှောက်နဲ့နော်.."

တကယ်တော့ သာယာကရှေ့ဆုံးကလည်း မနေချင်သလို နောက်ဆုံးကလည်း မနေရဲပေ၊ ထို့ကြောင့် စကားလက်ကိုဆွဲ၍ ကြောက်စိတ်လည်းပြေအောင် တစ်ချက်ခုတ် နှစ်ချက်ပြတ်လုပ်လိုက်ခြင်းဖြစ်၏။

စကားကလည်း ကြိုးရဲ့ဘေးမှာနေရမှ လုံခြုံသလိုခံစားမိနေသဖြင့် သူမရဲ့စိတ်က ကြိုးဆီမှာပဲရောက်နေလေသည်။ ထို့ပြင် သာယာစကားလာပြောမှာလည်း ကြောက်မိ သည်။ ပြောလာပြီဆို ဒီစကားတွေပဲမို့ သူမမှာလည်း ဖြေစရာမရှိသည်ဖြစ်ရာ..၊

"ရှင် သူတို့ကိုဖုန်းဆက်ခေါ်ထားတဲ့ပုံပဲ ဟုတ်လားဟင်..မဟုတ်ရင် စကားတို့ဒီမှာ ဒီလိုဖြစ်နေတာ ဘယ်သူမှမသိတာ.."

"ဟုတ်တယ်..ညနေတုန်းက ဖုန်းလိုင်းမိတဲ့နေရာလျှောက်ရှာရင်း နည်းနည်း မြောက်တဲ့နေရာတွေ့တိုင်း မင်းတို့ကိုထပ်ရွှေ့ခိုင်းတာပေါ့.."

"တစ်ယောက်တည်းနေပြီးတော့ သူတို့ကဘယ်သူတွေလဲဟင်.."

"ဘယ်သူရှိမှာလဲ..ရွာသားတွေပေါ့ ငါတစ်ခုခုဖြစ်သွားရင် သူတို့ဒုက္ခရောက်မှာကို သိနေကြလို့.."

စကားက သာယာပြောတာကို လှည့်ကြည့်နားထောင်ပြီးမှ..၊

"ဟုတ်လား..ဘဘဆိုင်းအယ်တို့လားဟင်.."



www.burmeseclassic.com

www.burmeseclassic.com



"အောက်ကြည့်လျှောက်.."

မေးတာကိုမဖြေဘဲ ခါတ်မီးနဲ့နောက်လှည့်ထိုးပြီး သတိပေး၏။ ပြီးမှ..၊

"ချောင်းရိုးလေးထဲကိုစက်လှေနဲ့ဝင်လာတော့ ဒီဘက်မရောက်ဘဲ ကမ်းလည်း ကပ်လို့မရဘူးဖြစ်နေတယ်..အခု စက်လှေဆီကိုရေကျသွားတဲ့အတိုင်း ပြန်ဆင်းသွားရဦးမှာ.."

"အဲ့ဒါဆို..အား.."

"ဘာဖြစ်တာလဲ.."

ကြိုးက မန်းကတန်း ပြန်လှည့်ကြည့်၏။ ခါတ်မီးလေးက သေးသေးလေးပေမယ့် လင်းအားကကောင်းသည်။ သူတို့သုံးယောက်ရဲ့ပတ်ဝန်းကျင်မှာ ဖွေးထိန်နေလျက်..၊

"ဒီမှာငြိ..အား..နာတယ်.."

စကားက ခါးရှုံ့နှင့်ခါးရှည်အင်္ကျီပွပွကို ဝတ်ထားသောကြောင့် လက်မှာရော အင်္ကျီခါးအောက်မှာရော ဆူးခြုံနှင့် ပစ်စလက်ခတ်ငြိနေ၏။ အင်္ကျီလက်ပွက အပါးသား လေးဖြစ်သည့်ပြင် ဒဏ်ရာတွေရထားတည်းက လက်ဝန်းပ်စေ့တွေကို ဖြုတ်ထားတာမို့ လမ်းလျှောက်တိုင်း ခေါက်ထီးစတွေလို တဖက်ဖက် လှုပ်နေခဲ့၏။

သူမတစ်ကိုယ်လုံးက ဆူးခြုံလိုနေရာမျိုးမှာ ငြိချင်ဖွယ်အကောင်းဆုံး ဖြစ်နေခဲ့ရာ..၊

"လုပ်ပြီစကားရော..ခရီးမတွင်ရတဲ့အထဲ.."

"ဘယ်သူကတမင်လုပ်တာလဲ..ဒီမှာ အား.."

"မရုန်းနဲ့လေ..ဆူးခြုံတစ်အုံလုံးပါလာပြီး မျက်နှာကိုခြစ်မိလိမ့်မယ်.."

ကြိုးက ခါတ်မီးနဲ့ထိုးထားရင်းပြောကာ..၊

"သာယာ..သေချာကြည့်ဖြုတ်လိုက် ငါမီးထိုးပေးထားမယ်.."

"ဟင် ကျွန်တော်လား.."

ဆူးခြုံဘက်မှာ ခြုံကြီးကနည်းတာမဟုတ်..၊

မီးကဆူးကိုထိုးပေးထားလျှင် အောက်ခြေကို အလင်းရောင်ရောက်ချင်မှရောက်မည်။ မြေပြင်းကင်းပါးနှင့်သာယာခြုံဘက်ကို မတိုးရဲဘဲဖြစ်နေ၏။

သူခေါင်းကုတ်နဖူးကုတ်ဖြစ်နေလျှင် ကြိုးကစိတ်မရှည်ဖြစ်ကာ..၊

"မင်း ဒီဘက်လှည့်လိုက်.."



www.burmeseclassic.com

www.burmeseclassic.com



စကားကို ခြံကိုကျော်ပေး၍ရပ်ခိုင်းလိုက်ကာ၊ လက်မောင်းငြိနေတာကို အရင်ဖြုတ်သည်။ ဂုတ်ပိုးနေရာမှာငြိနေမှာတွေကျတော့ မီးကိုတစ်ဖက်က ကိုင်ထားရသဖြင့် စကားနဲ့ရင်ချင်းကပ်၍ ဖက်ထားသလို အနေအထားဖြစ်သွားခဲ့လျက်.. ၊

"အ.."

"ဆောရီး.."

သူမကို ဆူးခြစ်မိမှာစိုး၍ ဂရုစိုက်နေရပေမယ့် နူးညံ့နွေးအိနေသော မိန်းမလှလေးတစ်ယောက်ရဲ့တစ်ကိုယ်လုံးကို ရင်ခွင်ထဲမှာထည့်ထားရသည့်အဖြစ်ကြောင့် ကြိုးမျက်နှာပူနေမိသည်။

စကားကိုယ်တိုင်လည်း ရင်ထဲမှာတဒိတ်ဒိတ်ခြောင်းဆန်လျက် ကတုန်ကယင်ကြီးဖြစ်နေလေသည်။ သူဖြုတ်ပေးနေရင်း ပခုံးတစ်ချက်စူးသွားသဖြင့် ကျောလေးကော့သွားတော့ သူ့ရင်ဘတ်နဲ့ရင်ဘတ်ချင်း ထိကပ်သွားသည်။

ဒီပုံစံကြီးမနေတတ်မထိုင်တတ်ဖြစ်နေမိကာ သူ့ရင်ဘက်ပေါ်လက်ဖဝါးတွေနဲ့ကပ်တင်ထားမိတော့ သူ့ရင်ခုန်သံကလက်မှာထိတွေ့နေ၏။

ဘယ်လိုဖြစ်နေတာလဲ စကားချို.. ၊

အဲ့ဒီလူက တောကြိုအုံကြားက ဘာမှမရှိတဲ့ ဖိုးသုည၊ နင်ရက်နေရမယ့် လူမဟုတ်ဘူး၊ မတွေးနဲ့ နုတ်ခမ်းမွှေး ပါးသိုင်းမွှေးတွေနဲ့ ရှုံ့စရာကို.. ၊

စကား ကိုယ့်စိတ်ကို ကယောင်ကတမ်း ချိုးနှိမ်နေမိစဉ် သူ့မျက်နှာ နောက်ဆုတ်လိုက်သဖြင့် သူမကလည်းမျက်နှာအလှည့်.. ၊

"အ.."

"ဆောရီး.."

ဒီအသံကြားလိုက်ရတိုင်း စိတ်တိုနေရတဲ့ကြားထဲ စကားက ပါးပြင်လေးတစ်ဖက်ကို လက်နဲ့ကပ်ထားလိုက်တော့ သာယာဒေါကန်သွားသည်။

"မပြီးနိုင်ဘူးလားဗျာ..ဆူးကဘယ်လောက်တောင် ငြိနေလို့လဲ.."

ကြည့်စမ်း၊ မနေတတ်မထိုင်တတ်ရပ်ကြီးတွေနဲ့ ဘယ်သူကမှမဖြေ..၊

သာယာ ကျိုခနဲအံကြိတ်မိရင်း ဘာမှလည်းမလုပ်နိုင်.. ၊

ဇ ဆ ဆ ဇ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၂)

ခရီးကသိပ်မဝေးပေမယ့် ခပ်စမ်းစမ်းသတိထားလျှောက်နေရသဖြင့် တော်တော်ကြာမှ ချောင်းစွယ်ကိုပြန်တွေ့လာရ၏။

"အာစရိရေ..ဒီမှာ ဒီမှာ.."

မီးရောင် ဝင်းခနဲထိုးကျလာကာ..၊

"ကိုကြီးကြိုးရေ..ရေထဲဆင်းရဦးမှာဗျ.."

မီးရောင်တွေ တဝင်းဝင်းပြေးလွှားရောက်လာကြလျက် သူတို့ဆင်းလာရမည့် လမ်းကို ဝိုင်းပြပေးကြသည်။ ရေတက်ပြီးပြန်ကျထားသဖြင့် တောစပ်က သစ်ပင်ခြုံပုတ်တွေပေါ်မှာ ရွှံ့တွေတင်နေသလို ပစ္စည်းအတိုအစ အမှိုက် သရိုက်တွေလဲ ရှိနေသေးသည်။

ခေါင်းအုံးအစုတ်အပြဲတွေ ဖျာစုတ်တွေရှိနေတာကြောင့် မီးရောင်တွေ ကျတဲ့အတိုင်း လိုက်ကြည့်ရင်း စကားမျက်နှာလေး ပျက်နေလေသည်။ ထို့ပြင် ကမ်းစပ်ခြုံနွယ်တွေကိုကျော်ဖြတ်ပြီး ရေထဲကို ဆင်းရဖို့လည်းရှိသေး၏။ စက်လှေကသိပ်မကြီးပေမယ့် ချောင်းစွယ်ကရေစုန်ရောက်လေ ကျဉ်းသွားလေဖြစ်နေသောကြောင့် ဘေးလှေပ်မရ ရှေ့တိုး



www.burmeseclassic.com

ww.burmeseclassic.com



လို့မရ ဖြစ်နေတာထင်သည်။

"ဘယ်လိုသွားမှာလဲကြိုး..ဒီခြုံတွေက သစ်ပင်ပုလေးတွေရောပဲ အောက်ခြေမှာ မြွေပါးကင်းပါးနဲ့.."

ကံထူးလို့လွတ်မြောက်ခဲ့ပေမယ့် ကံဆိုးလို့မြွေနဲ့ကြုံခဲ့ရတာနစ်ခါ..၊ ·

ထို့ပြင် ဒီနေရာက သူတို့သောင်တင်နေခဲ့သည့်နေရာလိုမဟုတ်ပေ၊ ကမ်းက နိမ့်လျှောကြီးဖြစ်နေပြီး ခြေချစရာတစ်ဖဝါးတောင် မမြင်..၊

"ဘယ်လိုလုပ်ကြမလဲဟင်.."

စကားကလည်း ကြိုးနားကပ်ကာ လက်တစ်ဖက်ကလည်း အဝတ်ထုပ်လေးပိုက် ထားလျက်..၊

"အဲ့ဒီအောက်မှာ နွံတွေထပ်ရှိနေရင်ရော.."

ပြောပြီး သာယာ့ဘက်လှည့်ကြည့်၍..၊

"သာယာ အဲ့ဒါရွာကလူတွေဆို သူတို့ဒီထိလာခေါ်ပေးဖို့ ပြောလိုက်ပါလား..သူတို့ အတွက် ရှင်ကအရေးကြီးတယ်ဆို.."

စကားရဲ့မေးခွန်းက သာယာ့ငယ်ထိပ်ကို မိုးကြိုးပစ်လိုက်တဲ့အတိုင်း..၊

"မင်းကငါ့ကို လှောင်နေတာလား.."

"မဟုတ်ဘူးလေ..သူတို့.."

"သူတို့ဘယ်သူ့ကိုခေါ်နေတာလဲ မင်းမကြားလို့လား.."

ကြားပါသည်။ ဒါကိုသတိရသည့်အချိန်မှာပဲ သာယာ့ကိုမေးခွန်းထုတ်လိုက်ပြီး ဖြစ်နေသဖြင့် မတတ်နိုင်..၊

"ဒီမှာရေဒီလောက်ပဲရှိတယ် အာစရိရေ..ဆင်းလာလို့ရပြီ.."

သူတို့ရပ်ကြည့်နေကြတုန်း စက်လှေပေါ်ကနေ ရေစပ်ဘက်ကိုဝါးလုံးရှည်နဲ့ လှမ်း ထောက်ပြနေကြ၏။

"မင်းတို့ဝါးလုံး ဒီရောက်အောင်ပစ်နိုင်လား.."

"အိုခေ..အိုခေ ဆရာ ခဏစောင့်.."

သူတို့တွေ စက်လှေကိုရွှေ့တိုးလို့ရနိုင်သမျှ တိုးနေကြကာ ခဏအကြာမှာပဲ ဓာတ် မီးရောင်တွေဘေးကို ထိုးကျလာပြီး..၊

"ရပြီ..ဒီဘက်ကိုပစ်လိုက်မယ်အာစရိ.."



www.burmeseclassic.com

www.burmeseclassic.com



ဘာအာစရိလဲ..၊

သာယာက ကြိုးကိုအမှတ်တမဲ့လှမ်းကြည့်ရင်း စူးစိုက်နေခဲ့သည်။ တစ်ချို့က ဆရာအခေါ်ခံပြီး အိတ်ထဲကစိုက်တဲ့လူတွေဖြစ်သည်။ ဒီလူက ဘာမို့ အာစရိဖြစ်ရတာလဲ..၊

ကြိုးရဲ့လှုပ်ရှားပုံ အမူအရာတွေအရ အထင်သေးလို့မရမှန်း စိတ်ကသိနေပေမယ့် အထင်ကြီးဖို့လည်း လက်မခံနိုင်..၊

"မင်းနောက်ဆုတ်.."

စက်လှေပေါ်က မီးထိုးထားသည့်နေရာမှာ ဝါးလုံးတစ်လုံးပစ်ကျလာတော့ ကြိုးကသွားကောက်လိုက်ပြီး သာယာ့ကိုနောက်ဆုတ်စေကာ..၊

"ဘုတ်.."

ဆင်းမည့်ခြံပုတ်တွေပေါ် လှမ်းထောက်ပြီးဆွဲခါပစ်၏။ ပြီးတော့ အထဲကိုထောက်ကြည့်ပြီးတော့ ရေ့ကိုထပ်တိုးသွားပြီး ခြုံတွေမလှုန်မချင်း လှမ်းထိုးကြည့်၏။ ပြီးမှ..၊

"လာလို့ရပြီ.."

"သွားမယ်.."

သာယာက ဘောင်းဘီအောက်ဖျားတွေလိပ်တင်လိုက်ပြီး စကားကိုလှည့်ခေါ်သည်။ စကားက သစ်ရွက်တွေပေါ်က ရွှံ့နစ်တွေပေါ်ငေးကြည့်ရင်း ချီတုံချတုံနှင့်..၊

"စကား အဲ့ဒါကြီးတွေပေါ်.."

"ဘာဖြစ်လဲကွာ..ရေထဲဆင်းရင်ပြောင်သွားမှာပေါ့ ပြီးရင်စက်လှေပေါ်ရောက်မှာပဲ..သစ်သားဖိနပ်ကြီးစီးထားတာတောင် ကြောက်နေသေးတယ်.."

"ကြောက်တာမဟုတ်ဘူး..စကားအဲ့ဒီပေါ်ကို မလျှောက်ရဲတာ.."

"လာ..ကိုယ့်လက်ကိုတွဲ.."

လက်ကမ်းလိုက်ပြီးမှ ပြန်ရုတ်ကာ..၊

"မြင်နေရတဲ့မြေပြင်ပေါ်မှာ ဘာရှိရှိတော်သေးတယ်..အခုအောက်ကိုလည်းမမြင်ရ အပေါ်မှာလည်းရွှံ့တွေနဲ့.."

"ဘာဖြစ်နေကြတာလဲ..ငါ အပင်တွေဖိပေးထားတယ်လေ ဆင်းခဲ့ကြ.."

"ဒီမှာ စကားကွိုင်ရှာနေတာ.."

သာယာကလှည့်ပြောပြီး စကားလက်ကိုလှမ်းဆွဲသည်။

"နေပါဦးစကား..အား.."



www.burmeseclassic.com

ww.burmeseclassic.com



စကားကပြန်ရုန်းလိုက်တော့ သာယာကဖိဆွဲထားသည့် အရှိန်နှင့် ဘိုင်းခနဲလဲလေသည်။ လန့်ပြီးလက်ထောက်လိုက်သဖြင့် လက်ဖဝါးနှစ်ဖက်မှာလည်း ရွှံ့ဗွက်တွေအမှိုက်တွေပေကျံကုန်ကာ..၊

"ရှင့်..အား..ပေကုန်ပြီ.."

စကားလက်ဖျားလေးနှစ်ဖက် ဆတ်ဆတ်ခါရင်း သာယာ့ကိုလည်း အော်ပစ်ဖို့မော့လာသေးသည်။ သို့သော် ကိုယ့်ဒုက္ခနဲ့ကိုယ် ကြီးမားနေသဖြင့် လက်တွေခါရင်းထလည်းမထနိုင်..၊

"ပြဿနာပဲကွာ..ကိုယ်ကတွဲခေါ်သွားမလို့ ဆွဲတာပါ.."

"ရှင်တော်တော့..ရှင့်လိုအင်တစ်ခုပဲရှင်သိတာ သူများကိုတော့ ရှင်.."

"မဟုတ်ပါဘူးစကားရယ်..ကိုယ်တောင်းပန်ပါတယ် မင်းဒီမှာပဲရပ်နေလို့ ရမှာမှမဟုတ်တာ.."

အနားကပ်ပြီးချော့ပေမယ့် စကားကမတ်တပ်ထရပ်ဖို့ ကြိုးစားရင်း ငိုလည်းငိုနေခဲ့လျက်..၊

"ပေကုန်ပြီ ရွှံ့လိုက်တာ..အား.."

"ဘာဖြစ်သွားလဲ..ဟင် ခါးနာသွားတာလား.."

သာယာ ပျာပျာသလဲ လှမ်းကိုင်တော့စကားက သူ့လက်ကိုဖယ်ပစ်ကာ..၊

"ရင်ဝကအောင့်နေတာ..အဲ့ဒါ ရှင်.."

"ဆောရီးပါကွာ.."

"အာစရိရေ..ဆယ့်နှစ်နာရီ မုန်တိုင်းရှိသေးတယ်လို့ ကျေညာထားတာနော် အကြီးကြီးရှိတာ မြန်မြန်လုပ်ဦး.."

"ဟုတ်တယ်ဆရာရေ..အဲ့ဒီညှိသည်တွေကို လောဆော်လိုက်ပါဦး.."

စက်လှေပေါ်က အသံတွေထွက်လာကြပြန်သည်။ သာယာက လှည့်ကြည့်ပြီးမှစကားလက်လေးကိုလှမ်းကိုင်ကာ..၊

"လာကိုယ့်ကို.."

"စကားလျှောက်လို့..အာ.."

သာယာ့လက်ကို မထိဘဲခြေလှမ်းလိုက်တာနှင့် ဖိနပ်ကကျွတ်ထွက် ကျန်ခဲ့ကာလူကလည်းကုန်းကွသွား၏။ ထိုစဉ် ကြိုးကပြန်လျှောက်လာကာ..၊



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရပြန်ပြီလဲ.."

"စကားဖိနပ်..ဖိနပ်.."

"မင်းလျှောက်လို့ရလား.."

"ရအောင်လျှောက်ပါ့မယ်..ဖိနပ်ယူ.."

"ထားလိုက်တော့.."

"အမေ့.."

ကြိုးက စကားကိုယ်လေးကို ပွေ့ယူလိုက်ပြီးလက်ပေါ်ရောက်မှ တစ်ချက်ပြုံးလိုက်ပြီး..၊

"မင်းအိတ်ကိုဖက်ထား..ကျကျန်ခဲ့ရင် ပြန်ကောက်မပေးနိုင်ဘူး.."

"ကြိုး..ရှင်.."

"တိတ်တိတ်နေ.."

မထင်မှတ်ဘဲ လူကိုဆွဲပွေ့လိုက်ပြီး မျက်နှာကြီးက စိတ်မရှည်ပုံနဲ့ တင်းတင်းမာမာ၊ စကားကသူ့လည်ပင်းကို ပြန်ဖက်ထားမိရင်း ကြောက်တာလား၊ ရှက်တာလားတော့ မသိ..၊ ရင်တွေတဒိတ်ဒိတ်ဆောင့်ခုန်နေကာ ခါတ်မီးရောင်တွေကြားမှာ မျက်လုံးတွေကို မှိတ်ထားလိုက်မိသည်။ သာယာ ခြံထဲကို ကြောက်ဖို့တောင် သတိမရတော့ဘဲ နောက်ကနေ တလွှားလွှားပါလာခဲ့လျက်..၊

"သူလျှောက်နိုင်ပါတယ်..ဒီလောက်ထိ ချီပွေ့ခေါ်ဖို့လိုလိုလား..မဟုတ်သေးပါဘူး၊ နှစ်ယောက်စလုံး ခွေးလဲဝက်လဲ လဲမှာစိုးလို့ပြောတာ..ရွှံ့တွေနဲ့ကုန်းလျှောဆိုတော့..အား.."

"ဘိုင်း.."

"လဲပြန်ပြီဟ.."

စက်လှေပေါ်ကလူတွေ ရယ်ရခက်ငိုရခက်နှင့် လှမ်းကြည့်နေကြရသည်။ သာယာက ရှက်ရှက်နှင့်ပြန်ကျုံးထရင်း ကိုယ့်ကိုတော ပွေ့ခေါ်မယ့်သူမရှိပါလားလို့ တွေးပြီး ဒေါသထွက်မိသည်။

ယောက်ျားဖြစ်တာနဲ့ပဲ နေရာတကာ သတ္တိဗျတ္တိတွေ အင်အားဗလတွေနဲ့ ပြည့်စုံနေရမလား..၊ သူက တောသားလူကြမ်းလည်းမဟုတ်..၊



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၃)

"ဟိုမှာဖိနပ်တစ်ဖက်ကျန်ခဲ့ပြီ..ဒါလေးကောက်မှာကို ရှင်ဘာဖြစ်လို့ အချိန်မပေးတဲ.."

"ဘာလုပ်ဖို့လဲအဲ့ဒီဖိနပ်.."

"ဒီမှာတစ်ဖက်တည်းနဲ့ ဘယ်လိုစီးရမှာလဲ.."

"စီးလို့မရတော့တာ ဘာလို့ ဒီထိသယ်လာတာလဲ..ပေး.."

"အို မလုပ်ပါနဲ့..ရှင်နော်.."

သူ တကယ်လွှင့်ပစ်မလို့ သူမခြေထောက်ကဖိနပ်ကို ငုံ့ဆွဲလိုက်တာ ဖြစ်သည်။ ကားက သေလုမျောပါးလိုက်ဖိထားလျှင် နဖူးချင်းဒုတ်ခနဲတိုက်မိလေသည်။

"သေပါပြီ..အား.."

"မင်း.."

"ရှင်သူများပစ္စည်းကို သူများဆီကခွင့်မတောင်းဘဲ အဲ့လောက်ရိုင်းရလား.."

စက်လှေခေါင်မိုးက မီးလုံးကြောင့်တစ်ယောက်မျက်နှာတစ်ယောက် မြင်နေရ



www.burmeseclassic.com

www.burmeseclassic.com



ကာ စကားနှိုးလေးရဲ့တွတ်သွားတာမြင်တော့ သူဘာပြောရမှန်းမသိ ဖြစ်သွားသည်။

တောထဲမှာ အလွယ်တကူကောက်လုပ်ပေးထားတဲ့ ဖိနပ်တစ်ဖက်အပေါ် သူမ ဒီလောက်နမျောတာသဖြစ်နေမယ်လည်း မထင်ခဲ့မိ၊ စကားက နှိုးလေးကိုလက်နဲ့အုပ်ထား ရင်း ရှုံ့မဲ့နေကာ ကြိုးကစိုက်ကြည့်နေတော့ နီးကပ်လွန်းနေသည့် မျက်နှာကို နောက်ပြန် ဆုတ်၏။

ပြီးတော့ ခါးမတ်မတ်လေးပြန်ထိုင်လိုက်ရင်း..၊

"ခြေထောက်မှာလည်း ရွံ့တွေပေကျံနေလို့..အဲ့ဒါ အဲ့ဒါကြီးကိုမနေတတ်လို့.."

ကြိုးလည်း သတိလက်လွတ်ကြည့်နေမိသည့် ကိုယ့်အဖြစ်ကို မျက်နှာပူသွားကာ၊

"သူရ..ရေတစ်ပုံးလောက် ဆွဲပေးစမ်း.."

"ရမယ်အာစရိ.."

အားလုံးရဲ့မျက်နှာတွေက သူတို့ဆီမှာစိတ်ဝင်တစား ဖြစ်နေကြလျက် ပြုံးတော့ မလို ရယ်တော့မလိုနှင့် ရယ်လည်းမရယ်ရဲကြသလို ဖြစ်နေကြ၏။ ထို့ကြောင့် ကြိုးကခိုင်း လိုက်တာနှင့် ရေတစ်ပုံးရောက်လာတာ မြန်မြန်ဆန်ဆန်..၊

"ရော့..ရေဆေးချလိုက်.."

ပြောသာပြောပြီး ခြေထောက်ကိုသူ့လက်နဲ့ပဲ ရေလောင်းချပေးနေလျှင် သာယာ အမြင်ကတ်သွား၏။

"ကျွန်တော်က ဖင်ထိုင်လျက်လဲကျတာပါဗျာ..ဒီမှာ တစ်ကိုယ်လုံး ပေကျံနေတာ ပဲ.."

"အေးလေဌါညီရာ..မင်းကိုရေဆေးချင်ရင် ဖင်လှန်ပြီး.."

"ဟော့လူ.."

စက်လှေထဲကလူက ရယ်ရင်းလက်ကာပြကာ..၊

"မင်းရဲ့ရှပ်အကျႌကိုလှန်ပြီး ခါးကနေလောင်းချရမှာကို ပြောတာပါ.."

"မင်းကလည်း စတည်းကအရှင်းဆုံး အမြန်ဆုံးပြောလိုက်ပါလား.."

"အေးလေ..မသိရင် ဖေ့စ်ဘွတ်ခ်ပေါ်တက်ကြည့်လိုက် သိပ်နံနေရင် အင်တာ နက်လန်းဂွင့်ချ်လေးဘာလေး သင်လိုက်လို့ရသေးတယ်.."

ဒီကောင်တွေ ဘာကောင်တွေလဲ..၊

ကိုယ့်ကို ဝိုင်းဖွဲ့နေကြတာလို့ ခံစားရကာ သာယာ့မျက်နှာတင်းနေခဲ့၏။ နေရင်၊



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရင်း ကြိုးနဲ့ယှဉ်လာတိုင်း ကိုယ်ပဲကျန်ခဲ့ရတာကို ခံရခက်နေသည့်ကြားထဲ..၊

"ကိုကြီးကြိုးသွားမယ့်နေရာကို ဆိုင်ကယ်လ်တွေနဲ့ ဝင်လို့ရအောင် ကျွန်တော်တို့ အားလုံးစီစဉ်နိုင်းခဲ့တယ်.."

"လမ်းရှည်မှာပေ့ါ.."

"ရှည်လည်းဘာဖြစ်လဲအာစရိရာ..သက်တောင့်သက်သာသွားလာလို့ရဖို့ အရေးကြီးတာပါ၊ အာစရိပုံမှန်သွားမယ်ဆို ရွာရောက်ရင်တောင် ရွာထဲကို တောလမ်းလေးဖြတ်ရသေးတယ်..ဦးဆိုင်းမွန်းအောင်ဆိုတဲ့လူကြီးက ကရင်သမားတော်ကြီး အိမ်မှာနေတော့ သမားတော်နေတဲ့ ကုန်းမြင့်အိမ်လေးပေါ်ထိ သွားရဦးမှာနဲ့ စဉ်းစားကြည့်.."

"အဲ့ဒါကြောင့် ဆိုင်ကယ်လ်တွေ ရွာထဲဝင်နိုင်းထားလိုက်တာ..ကိုကြီးကြိုးတို့ကို အိမ်အရောက်လိုက်ပို့ပြီးမှ လမ်းပေါ်ပြန်တက်ပြီးဆိုက်ဒ်ထဲ သွားနိုင်းတော့မယ်လို့.."

သူတို့ချင်းပြောနေကြတာတွေကို စကားစိတ်မဝင်စားပေ၊ ဖိနပ်ရှိနေသည့် ခြေထောက်တစ်ဖက်ပေါ် မရှိသည့်ခြေထောက်ထပ်တင်ထားရင်း ညနဲ့ ရေပြင်ကို ငေးနေမိ၏။

သာယာကလည်း ကြိုးနဲ့ပတ်သက်သည့်လူတွေပဲဆိုတာ သိလိုက်တည်းက ဒါကိုပဲ ပုစ္ဆာတစ်ပုဒ်လို အဖြေထုတ်နေခဲ့သဖြင့် စကားသံတိတ်နေခဲ့သည်။

ချောင်းစွယ်လေးထဲမှာ မြန်မြန်မမောင်းနိုင်သည့် စက်လှေကလည်း ခရီးတွင်အောင် သိပ်မသွားနိုင်၊ တစ်မိုးလုံးမည်းမှောင်နေသည့် ရာသီဥတုက လေလေးဖြူးလာတော့ စိမ့်အေးသွားလေသည်။

"မိုးလာဦးမလားမသိဘူး.."

"မိုးလာရင် မင်းယောက္ခမမုန့်တိုင်း ပါလာမှာစိုးရိမ်ရတယ်.."

"ဟော့ကောင် ထီးခိုက်နန်းခိုက်မပြောနဲ့.."

စက်လှေပေါ်မှာ ရောက်လာကြသည့်လူတွေပဲ စကားပြောနေကြကာ သူတို့သုံးယောက် အသံတိတ်နေကြ၏။ သို့သော် ကြိုးက နေရာမှထကာ စက်လှေပဲ့ပိုင်းကိုသွား၍ မုန့်ထုပ်တစ်ထုပ်ယူလာ၏။ ပြီးတော့ ရေပုလင်းနှင့်..၊

"ဒီမှာမုန့်နှစ်ထုပ်ရှိသေးတယ်..မင်းတို့နှစ်ယောက်တော့ စားလို့ရတယ်.."

"ဟင့်အင်း.."

"ကျွန်တော်မစားချင်ဘူး..သူ့ကိုပဲပေးလိုက်ပါ.."



www.burmeseclassic.com

www.burmeseclassic.com



"စကား ရေပဲသောက်ချင်တယ်.."

သူမက ရေလို့ပြောလိုက်တာနှင့် ကြိုးကပါကင်ကို ခွာလိုက်ပြီး အဖုံးဖွင့်ပြီးသာ ပေးသည်။ စကား ရေဘူးကိုလှမ်းယူလိုက်တော့ မျက်နှာကိုကြည့်လိုက်မိသဖြင့် သူ့လက် ပေါ်ထပ်အုပ်ကိုင်လိုက်မိသည်။

မီးရောင်က သူ့ခေါင်းပေါ်မှာမို့ သူရဲ့မျက်နှာဘယ်လိုနေသလဲဆိုတာ မမြင်ရပေ မယ့် စကားကတော့ လန့်ဖျန့်ကာ ကိုယ့်လက်ကို ကမန်းကတန်းပြန်ခွာလိုက်ရင်း..၊

"ရေက.."

"ရော့လေ..ဘူးသေးသေးလေးပဲ မင်းယူထားလိုက်ပါ.."

သူက တည်တည်ငြိမ်ငြိမ်ပါ..သူမဘာဖြစ်နေပါသလဲ..၊

ဖ ဖ ဖ ဖ



www.burmeseclassic.com

ww.burmeseclassic.com



# အခန်း(၂၄)

ကုန်းမြင့်ဆိုပေမယ့် မြေပြန့်သာသာလေးပဲဖြစ်သည်။ ဒါပေမယ့် ရွာလမ်းပေါ်က နေ ကိုက်နှစ်ဆယ်လောက်ထပ်ဝင်သွားရ၏။ ခြံစည်းရိုးတိုင်တွေ နားမှာတည်းက အထဲက ကရင်အမျိုးသားကြီးတစ်ယောက်နဲ့ မြန်မာအမျိုးသားတစ်ယောက်တို့ ထွက်ကြိုနေကြ၏။

ပြီးတော့ နောက်ထပ်မိန်းမကြီးနှစ်ယောက် ထွက်လာပြီး ကောင်လေးတစ်ယောက်က မီးအိမ်လေးကိုင်လျက်..။

"ရောက်လာပြီလား..တော်သေးတာပေါ့ဟယ် ဧည့်သည်တွေလာမယ်ကြားပြီး လေတွေမိုးတွေကျလာတော့ ငါတို့ဘာလုပ်လို့လုပ်ရမှန်းမသိဘူး ဖြစ်ကုန်ကြတာ.."

"သူဌေးသားက ဒီကောင်လေးလား..မြို့သားပုံလေးဟဲ့ ချောသား.."

သာယာ့မျက်နှာပြုံးသွားတာ တော်တော်နဲ့နေရာပြန်မကျ..။

"ဒီမှာကောင်မလေးကိုကြည့်ပါဦး..ကြွေရုပ်လေးကျနေတာပဲ၊ ဖိုးချွန်ရေ နင့် မီးအိမ်ဒီဘက်မြှောက်ပြစမ်း.."

စကားကို မြင်လိုက်သည်နှင့် သူမဘေးမှာ လူစုစုတန်းဖြစ်သွားလေသည်။



www.burmeseclassic.com

ww.burmeseclassic.com



"ညီ့သည်တွေက ဆိုင်ကယ်လ်တွေနဲ့လာကြတာလေ..ဆိုင်ကယ်လ်သံတွေ ကြားလို့.."

"ဟုတ်ပ..မြို့ကသူဌေးသားလေးလေဝ့၊ ကြိုစီစဉ်ထားတာနေမှာပေါ့.."

"ကြိုစီစဉ်ရင် လမ်းမကြီးကလာလို့ရတာပဲနော့.."

သူတို့မေးတာတွေ သာယာဘယ်လိုဖြေနေသလဲမသိ၊ စကားကတော့ ကြိုးတို့နဲ့ ဆိုင်ကယ်လ်တွေ မပြန်သေးတာကိုလှမ်းကြည့်ရင်း ပျော်သလိုလို စိုးရိမ်နေမိသလိုလို၊ ထိုစဉ် ကြိုးကသူတို့ရှိရာ ရောက်လာကာ..၊

"မင်းတို့..စကားအထဲဝင်မသွားနဲ့ဦး.."

"ဘာဖြစ်လို့လဲ..ရောက်နေပြီဥစ္စာ.."

ကိုယ့်ဂုဏ်ပုဒ်တွေကို ဖော်ထုတ်ပြသခွင့်ရနေပြီမို့ ဒီနေရာထိတော့ ဆရာမတင် နိုင်ပါ။ သာယာက ခြေထောက်တစ်ဖက်ဆန့်ထုတ်ပြလိုက်ရင်း..၊

"ဘောင်းဘီက စိုရွှဲညစ်ပတ်နေတာ..ခုပဲသွားမယ်..လာ.."

"နေဦး.."

သာယာက စကားလက်ကိုဆွဲ၍ထွက်သည်။ ကြိုးက သာယာ့ပခုံးပေါ်ကို လှမ်း ကိုင်ထားလိုက်ကာ..၊

"အဲ့ဒီလမ်းလေးဘေးမှာ ကန္တရဆူးပင်လေးတွေရှိတယ်..မြက်ခြောက်ဆူးပန်းလို လည်း ခေါ်တယ်၊ သူ့မှာဖိနပ်မပါဘူး.."

ကပ်လျှီးသွားပြန်ပြီ နောက်ထပ်တစ်ကွက်..၊

စကားက ဖိနပ်မပါသောခြေထောက်ကို ပြန်ငုံ့ကြည့်၏။ သာယာက မကြည့်ပါ..၊

"ဘာတွေပြောနေကြတာတုံး..လာကြလေ အထဲဝင်ကြ ငါတို့က နင်တို့ကို စောင့် နေကြတာ.."

"အေး..ကြိုးနဲ့ဟိုကောင်လေးတွေလည်း လာဝင်ကြဟ.."

"ဆိုင်းကြီးတရားထိုင်ချိန်မို့လား..ကျွန်တော်မဝင်တော့ပါဘူး၊ ညီ့သည်တွေ လည်းပါနေလို့..ခဏနော် အနန်း.."

စကားပြောစရာရှိသည့်ပုံစံနှင့် သာယာ့နားကပ်လိုက်သဖြင့် သူတို့က နောက် ဆုတ်ရပ်နေပေးကြ၏။

"ခဏပဲစောင့်..လမ်းမကြီးဘေးက ထမင်းဆိုင်ဘေးမှာ သွားဝယ်နေပြီ.."



www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်သွားလည်း ဒီလူပြန်ဆွဲထားမှာကို သိနေသည်။ ဂရုမစိုက်ဘဲ လက်ဆွဲဝင်သွားလိုက်ချင်ပေမယ့် စကားကလည်းလိုက်မှာမဟုတ်၊ ထို့ပြင်..၊

သူသာလျှင်မသိတတ်သူကြီး ဖြစ်ရဦးမည်။ သူကရော ဒီလူ အမှတ်ယူဖွယ်တွေဖြစ်နေသလို ဒီအကွက်တွေကို ဘာလို့မမြင်ရတာလဲ..၊

တကယ်ဆို ဘာလိုလို့လဲ..

စကားဆိုတဲ့ အရုပ်မလေးက သူ့အတွက်သေချာနေပြီးသား၊ တွေးမိတာနှင့် မာန်တွေတက်လာသည်။ ထို့ကြောင့် စကားရဲ့လက်ကို ဆွဲကိုင်လိုက်စဉ် ဆိုင်ကယ်လ်သံက နှောက်ယှက်၏။

သူတို့ဘေးနားထိ လာရပ်သွားပြီးထိုးပေးလာတာ ဖိနပ်ထုပ်..၊

"ယူလိုက်လေ..လောလောဆယ် အဲ့ဒါပဲစီးထားဦးပေါ့.."

ကြိုးကပြောမှ စကားလှမ်းယူလိုက်သည်။ ပြီးတော့ မီးရောင်ကျနေသည့် သူ့မျက်နှာကိုစကားကြည့်လိုက်မိလျှင် မျက်လုံးချင်းဖျတ်ခနဲဆုံ၏။ ကြိုးက အမှတ်မထင်တိုက်ဆိုင်လို့ ဆုံမိတာမျိုး မျက်နှာပါလွှဲလိုက်ကာ..၊

"သွားမယ်.."

"ကိုကြီးကြိုး နောက်ကထိုင်လေ..ပင်ပန်းနေတာကို အေးဆေးထိုင်လိုက်ခဲ့ပါဗျာ.."

ကြိုးကခေါင်းညိတ်ပြီး နောက်မှာခွထိုင်လိုက်လျှင်..၊

"နေပါဦး..ဖိနပ်ဖိုးယူသွားဦးလေ.."

သာယာက ဘောင်းဘီအိတ်ထဲကို နှိုက်ယူလိုက်ပြီး ပခုံးတစ်ချက်တွန့်ကာ..၊

"ရော့..ရေတော့စိုနေတယ် အကုန်ယူသွားလိုက်တော့.."

ဆိုင်ကယ်လ်မောင်းမယ့်သူရော ကြိုးရော သာယာနဲ့ပိုက်ဆံကို တစ်လှည့်စီကြည့်၏။ ကြိုးက မျက်ခုံးတစ်ချက်တွန့်သွားအောင် စိုက်ကြည့်ကာ..၊

"ဒီထိပ်မှာ အသုံးအဆောင်အတိုအထွာလေးတွေရောင်းတာ တစ်ဆိုင်ပဲရှိတယ်.. မနက်ကျ မင်းသွားပေးလိုက်လေ ငါကအကြွေးယူခိုင်းလိုက်တာ.."

သူပြောပြီးတာနှင့် ဆိုင်ကယ်လ်ကလည်းပြန်ဝိုက်ထွက်သွားသည်။ သူတို့သွားမှ ကျန်သည့်ဆိုင်ကယ်လ်တွေလည်း ပါသွားကြကာ..၊

"ဖိုးနီတို့ညီအစ်ကို စက်လှေနဲ့ဒီည ဒီမှာပဲအိပ်လိုက်တော့.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်..အာစရိ ဟုတ်၊ စိတ်ချလက်ချပြန်..ရတယ်.."

သူတို့ချင်းအော်ပြောသွားသည့် ကြိုးရဲ့အသံကို စကား သမင်လည်ပြန်လိုက်ငေး ပြီး နားစွံ့နေမိ၏။ အသံနှင့်အတူ လူလုံးပျောက်သွားသည့်အခါ စကားကိုယ့်ကိုယ်ကို အကာအကွယ်မဲ့သွားသလိုပင်..၊

တစ်ယောက်တည်းထွက်လာတုန်းက သတ္တိတွေဘယ်ရောက်ကုန်ပြီလဲ..၊

"လာလေကွာ..ဟိုမှာစောင့်နေကြတာ.."

"အင်း.."

"ဖိနပ်က ချစီးလေ.."

"အင်းပါ.."

စကား ယောင်နနဖြစ်နေပုံက စိတ်နဲ့လူနဲ့မကပ်မှန်း သိသာနေသဖြင့် သာယာ မျက်နှာမကြည်တော့ပေ၊ ဖိနပ်ကိုချစီးလိုက်တာ နံပါတ်သိလို့ ဝယ်လာတဲ့အတိုင်း လုံးဝ အံကိုက်..၊

သူမက ပန်းနုရောင်ကတ္တီပါဖိနပ်ပါးလေးကိုစီးပြီး ဘာတွေထူးဆန်းလို့ ငုံ့ကြည့် နေမှန်းမသိ၊ ပြီးတော့..၊

"ဟိတ်..စကား အဲ့ဒါကြီးက ဘာလုပ်ဖို့လဲ.."

"ဖယ်ပါ..စကားဘာသာ ဘာလုပ်လုပ်ပါ.."

"ဖိနပ်လည်းမဟုတ် ဘာလည်းမဟုတ်..ဒီလောက်စုတ်ပြတ်နေတာကိုကွာ.."

"သာယာ.."

ဆတ်ခနဲဆွဲယူပြီး လွှဲပစ်လိုက်ဖို့ပြင်လိုက်လျှင် စကားရဲ့ဒေါသသံလေးက ရူးခနဲ ထွက်လာခဲ့လျက်..၊

"စကားနဲ့ပတ်သက်တာတွေ ရှင်ဘာမှမဆုံးဖြတ်ပါနဲ့.."

ပြောပြီးတာနှင့် ဖိနပ်ကိုပြန်ဆွဲလိုက်သည်။

"ရန်ဖြစ်နေတာလားဝေ့.."

ဒီတံခါးနားကနေ အထဲဝင်ဖို့ ခုချိန်ထိညှိနိုင်းမရဖြစ်နေခြင်းနဲ့ ပတ်သက်၍ ထွက် ကြိုကြသည့် အိမ်နီးချင်းတွေလည်း အံ့ဩရင်း စပ်စုဖို့ကြိုးစားလာကြ၏။ သာယာဒေါသ ထွက်ပေမယ့် တကယ်လည်း သူမနဲ့သူ ဘာမှပတ်သက်မှုမရှိကြတာမို့ သူသာအရှုံးရမှာ ဖြစ်ကာ..၊



www.burmeseclassic.com

www.burmeseclassic.com



"ခုကျတော့ မင်းမရှိတတ်တော့ဘူးပဲ အိုခေလေ..မင်းကြိုက်သလိုလုပ်.."

ပြောပြီးတာနှင့် သူ့ဘာသာခြေလှမ်းကျဲများနှင့် လှမ်းဝင်သွားခဲ့၏။ သာယာ့ကျောပြင်ကိုလိုက်ငေးရင်း စကားနှုတ်ခမ်းလေးစေ့၍ ပင့်သက်ရှိုက်သည်။ ပြီးတော့ ဖိနပ်တစ်ဖက်ကို ဖိနပ်အသစ်ဝယ်လာသည့်အိတ်ထဲ ထည့်လိုက်လျက်..၊

"ရှင် အဲ့လို စောစောတည်းက အမြင်မှန်ရသင့်တာ.."



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၅)

"ပထမအဆင့်အနေနဲ့ မင်းနဲ့မိန်းကလေးတို့ လက်ထပ်ရမယ်..ဒါပြီးမှ ဒုတိယအဆင့်အနေနဲ့ အမွေကိုဘယ်လိုခွဲခြားသတ်မှတ်ထားသလဲဆိုတာ ရှေ့နေတွေက ဖွင့်ဖတ်လိမ့်မယ်.."

သာယာနဲ့စကား မျက်လုံးချင်းဆုံသွားသည်။

သမားတော်ကြီးမှ ဘာမှပါဝင်စွက်ဖက်ခြင်းမပြုဘဲ ခပ်ခွာခွာထိုင်နေခဲ့သည်။ ဒီရွာမှာအလည်ရောက်နေကာမှ လေးဘက်နာဖြစ်ပြီး ကိုယ့်ရွာကိုမပြန်နိုင်ဖြစ်နေသည်ဆိုသော ဦးဆိုင်းမွန်းအောင်ကတော့ သူတို့ရှေ့မှာပဲထိုင်နေခဲ့လျက်.. ၊

"သူဌေးရဲ့ဆန္ဒကတော့ မင်းတို့နှစ်ယောက်ကို လက်ထပ်ပေးချင်တာ အဓိကပဲ.."

"အဲ့ဒါဘာလို့လဲဘာဘာ..စကားတို့က ဖေဖေအလုပ်လုပ်ခဲ့တဲ့ သူဌေးဆိုတာပဲသိတာ ဖေဖေရှိတုန်းတည်းက သူဌေးကို သေချာတောင် မြင်ဖူးခဲ့တာမဟုတ်ဘူး..""

လမ်းမှာတုန်းကတော့ သူနဲ့လက်ထပ်ခွင့်ရဖို့ သူ့မျက်နှာတစ်ကြည့်ကြည့် ရှိလာခဲ့တဲ့သူပါ။ စကားရဲ့မျက်နှာကို စိုက်ကြည့်နေရင်း သာယာ ဦးဆိုင်းမွန်းအောင်နဲ့ စကားပြောနေခြင်းကိုမေ့နေခဲ့သည်။ ဒီတစ်ခါကိုယ့်အလှည့်ဆိုပြီး မိန့်မိန့်ကြီးလက်ပိုက်ကြည့်နေဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ထားခဲ့တာသူ..၊

"ဒါဆို ကျွန်တော်တို့က လက်မထပ်ဘူးဆိုရင်ရော.."

ဒီမေးခွန်းကိုတော့ သူကဦးအောင်မေးရမှ..၊

သူမဘာယ်လိုဖြစ်သွားမလဲလို့ လှည့်မကြည့်ဘဲ နားစွံထားခဲ့သည်။ သို့သော် စကားကလည်း ဒါကိုပဲသိချင်နေသလို ဦးဆိုင်းမွန်းအောင်အဖြေကိုစောင့်၍ တိတ်ဆိတ်နေခဲ့၏။

"ရေးထားတဲ့အတိုင်းက ဘာကြောင့်ပဲလက်မထပ်နိုင်သည်ဖြစ်စေ ငြင်းဆန်တဲ့ဘက်က အမွေလုံးဝမရနိုင်ဘူးတဲ့.."

ဘေးမှာဦးမြသာရဲ့ သေတမ်းစာရှိနေသည်။ အနီရောင်စာအိတ်ကြီးက ရုံးတံဆိပ်ရှေ့နေလက်မှတ်တွေနှင့် သေချာပိတ်ထားတာဖြစ်ကာ အသိသက်သေ ငါးဦးရှေ့မှာ စာအိတ်ပေါ်မှာပဲ နေ့စွဲနဲ့လက်မှတ်ထိုးပြီး ဖွင့်ခဲ့ရတာဖြစ်သည်။

ဒါပေမယ့် မြေပုံအညွှန်းမဟုတ်ဘဲ သေတမ်းစာသာဖြစ်လေသည်။ ဦးဆိုင်းမွန်းအောင်က အားလုံးကိုဖတ်ပြီးမှ ဒါကိုပြန်ပြော၍ သဘောဆန္ဒတွေကို မေးမြန်းဆွေးနွေးခဲ့တာဖြစ်သည်။

"လူလေးတို့က သူဌေးဖြစ်စေချင်တဲ့အတိုင်း ခေါင်းညိတ်နာခံကြမယ်ဆိုရင်တော့ နောက်ဆက်တွဲသေတမ်းစာကို ဆက်လက်ဆောင်ရွက်ပေးမယ့် ရှေ့နေတွေက ဖတ်ပြပါလိမ့်မယ်.."

"ကျွန်တော်တို့က ဒီစာအိတ်ထဲကိုစာကို သိရဖို့အတွက် ဒီထိလာခဲ့ရတာလား.."

"မှန်တယ် ဒါပေမယ့် နှစ်နည်းရှိတယ်..တစ်နည်းက မင်းတို့လူငယ်ချင်း ဒီခရီးကိုလာရင်း ရင်းနှီးကျွမ်းဝင်သွားဖို့၊ နောက်တစ်နည်းက လူလေးရဲ့ အမေနဲ့အဖေပေါ့.. သူဌေးကသူ့ဘဝကို လူလေးအမေနဲ့အိမ်ထောင်ကျခဲ့ခြင်းက ဒီမှာစခဲ့တာလို့ သတ်မှတ်ခဲ့တဲ့အတွက် လူလေးရဲ့အိမ်ထောင်ရေးကိုလည်း ဒီမှာစစေချင်တာ.."

ဦးဆိုင်းမွန်းအောင်က သက်ပြင်းချလိုက်ပြီးမှ..၊

"လူတစ်ယောက်မှာ ရူးသွပ်မှုကိုယ်စီရှိကြတယ်ကွယ်..သူဌေးကတော့ သူချစ်တဲ့သူကို ပြန်တွေ့ရမှာပဲလို့ ယုံကြည်နေရင်း လုံးဝဆုံးရှုံးလိုက်ရတဲ့အတွက် သူ့ရဲ့ယုံကြည်မှုက သူသေဆုံးတဲ့အထိ သူနဲ့အတူရှိနေခဲ့မှာပဲ..ဒါကြောင့် သူ့သားရှိတယ်ဆိုတာ သိလိုက်ရတဲ့အချိန်က သူ့ဘဝနေဝင်ချိန်ဖြစ်ပေမယ့် သူ့ဘဝမသေဆုံးနိုင်တော့ဘူးလို့ သတ်မှတ်ခဲ့တယ်.."



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ စကားကဘယ်လိုကလ္လာနဲ့ ပါဝင်လာခဲ့တာလဲ..၊ ဒီမိန်းကလေးနဲ့သူ့ကို လက်ထပ်ဖြစ်မှာပဲလို့ ဖေဖေဘာကြောင့်တွေးခဲ့ရတာလဲ..၊ ကိုယ့်သားကိုလည်း မမြင်ဘူးခဲ့၊ သားဖြစ်တဲ့သူကလည်း မသိခဲ့သောမိန်းကလေးတစ်ယောက်ကို..၊

"စကားကိုရော.."

သူတွေးနေတုန်း စကားကပဲ ဒါကိုစတင်မေးမြန်းလေသည်။

"ဖေဖေမဆုံးခင်ကလည်း ဘာမှပြောသံမကြားခဲ့ဘူး...သူဌေးကလည်း စကားတို့ မိသားစုတွေနဲ့ ရင်းနှီးခဲ့တာမဟုတ်ဘဲနဲ့.."

"ဟုတ်တယ်..အဲ့ဒါတွေက သမီးရဲ့အဖေနဲ့ပဲ ပတ်သက်ခဲ့တာတွေပဲ.."

စကား ကိုယ့်ကိုယ်ကိုသိမ်ငယ်နေမိသည့် ခံစားချက်ကိုဖုံးဖိပြင်ဆင်ရင်း နာ၊ ထောင်နိုင်ဖို့ကြိုးစားသည်။ ဒါပေမယ့် "သူဌေးသား"လို့ ဒီရွာကလူတွေ နှုတ်ဆက်လိုက် တည်းက ပြုံးရယ်ဝံ့ကြွားနေခဲ့သည့် သာယာရဲ့အကြည့်တွေကို ဖျောက်လို့မရနိုင်ပေ..၊

ဟိုရွာကိုရောက်တော့လည်း သူဌေးသားကသာယာပါ၊ ဒီကောင်မလေးက ဘယ် လိုပတ်သက်တာလဲဆိုသည့် အကြည့်တွေနှင့်၊ ဒီမှာလည်း သူ့ကလ္လာနဲ့သက်ဆိုင်တာတွေ ပြောနေသမျှ ကိုယ်ကဘာမှသက်ဆိုင်သူမရှိဘဲ သနားသဖြင့် ပေးကမ်းစာကို မျှော်လင့်နေ ရသည့်ဘဝနဲ့..၊

"ဒီလိုသမီး..သမီးအဖေနဲ့ ပတ်သက်တဲ့အပိုင်းမှာ ဘဘတို့လည်းသူပြောပြတာ ပဲသိရတာ..ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒါတွေက ဘဘတို့မျက်စိရှေ့မှာ ဖြစ်ခဲ့တာတွေမဟုတ် လို့ပဲ.."

စကားတွေးကြည့်နေတာတွေကို ဦးဆိုင်းမွန်းအောင်ရဲ့အသံက ဖြတ်တောက် ထွက်ပေါ်လာကာ..၊

"သူဌေးကိုမြနဲ့ သမီးရဲ့အဖေကိုချိုအေးတို့က သူဌေးဒီကနေ မိဘဆီပြန်ရောက် ပြီး လုပ်ငန်းကိုသူပြန်ထူထောင်နိုင်တဲ့နောက်ပိုင်းမှာ တွေ့ကြတာ.. အမွေကိစ္စနဲ့ ဘယ်လို ပတ်သက်လာသလဲဆိုတော့ သူပြောတာက.."

ဦးမြသာက သူယုံကြည်ရသည့်လူအဖြစ် ဦးချိုအေးကိုရွေးထုတ်၍ ဒီခရီးကို အတူလာခဲ့ကြသည်။ ဒါကတတိယတစ်ခေါက်အဖြစ် ကလျာနင်းကို လာပြန်ရှာခြင်းဖြစ် သည်။ သို့သော် ရှေ့ကအခေါက်တွေလိုပဲ မတွေ့ရဘဲ လှည့်ပြန်ရသည်သာဖြစ်လေ၏..၊

"ဒီတစ်ခါတော့ ဖားကန့်ကိုပြန်သွားမယ်..အဲ့ဒီမှာသူနဲ့အရင်းနှီးဆုံး သူ့အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကွဲလင်မယားရှိတယ်..သူဘယ်မှာရှိတယ်ဆိုတာလည်း သူတို့သိမှာပဲ.."လို့ ပြောရင်း ဖားကန့်ကိုသွားခဲ့သည်။

ရှာတဲ့သူကိုတော့မတွေ့ခဲ့ဘဲ ရတနာသေတ္တာတစ်လုံးကို ဦးမြသာတွေ့ခဲ့၏။ ထို့ပြင် အပြန်လမ်းမှာပဲ ဦးမြသာအပြင်းဖျားလေသည်။

"အဲ့ဒီအချိန်မှာ သူသတိလစ်သွားခဲ့တာ နှစ်ဆယ့်လေးနာရီကျော်ခဲ့တယ်ဆိုပဲ ကိုချိုအေးကသာ ပစ္စည်းအပေါ်မှာ ဝိသမလောဘရှိခဲ့ရင် သူ့ကိုဒုက္ခအမျိုးမျိုးခံပြီး အသက်ရှင်အောင် ဘယ်ပြုစုစောင့်ရှောက်ခဲ့မှာလဲ..သူရဲ့အသက်ကို ကိုချိုအေးပေးတဲ့အသက်ပဲရှိတော့တာမို့လို့ အသက်သခင်ကျေးဇူးရှင်ဆိုတာကို သူမမေ့ခဲ့တာ.."

ဦးချိုအေးက ဦးမြသာကိုမြို့ပြန်ရောက်တဲ့အထိ ရတနာတွေကိုရော လူကိုပါ ဂရုစိုက်စောင့်ရှောက်ခဲ့သော သစ္စာရှိဝန်ထမ်းကောင်းဖြစ်လေသည်။ ထို့ကြောင့် ဒီရတနာတွေကို သပ်သပ်သိမ်းဝှက်ပြီး အနီးဆုံးမှာကပ်တွယ်နေကြသည့် ဆွေမျိုးစုတွေကိုမသိစေဘဲ ကျေးဇူးရှင်မိသားစုအတွက် အစီအစဉ်ချခဲ့တာဖြစ်သည်။

ထိုအစီအစဉ်ဟာ သူ့သားရှိနေမှန်းသိလိုက်ရသည့်အချိန်မှာ ကလေးတွေဘဝအတွက် ဖြစ်သွားခဲ့လျက် အမွေတွေမပြန့်ပြား မပျောက်ပျက်အောင် ကလေးချင်း လက်ထပ်ကြဖို့ထိ စီစဉ်ခဲ့သည်။

"မင်းတို့လက်ထပ်မယ်ဆိုရင် အမွေရှိသမျှ နှစ်ယောက်စလုံးနာမည်နဲ့ဖြစ်မှာပေမယ့် တစ်ဖက်ဖက်ကငြင်းခဲ့ရင်တော့.."

"စကားသဘောမတူဘူးဘဘ.."

ဟင်..၊

ဦးဆိုင်းမွန်းအောင် စကားမဆက်နိုင် ဖြစ်သွားသည်။ သာယာ့မျက်နှာ ချက်ချင်းရဲတက်လာ၏။

"စကား မင်းချမ်းသာချင်လို့ ဒီထိလာခဲ့တာမဟုတ်ဘူးလား.."

"ဟုတ်တယ်.."

"မင်းနဲ့ကိုယ်နဲ့ အဲ့ဒီအတွက် လမ်းမှာတည်းက ဆွေးနွေးခဲ့ကြတယ်.."

"ဟုတ်ပါတယ်.."

"အခု လူကြီးတွေကိုယ်တိုင် စီစဉ်ထားခဲ့တဲ့ ကိစ္စကြီးကိုတောင် မင်းက.."

စကားက ဆွေးငေးနေသည့်မျက်နှာလေးနဲ့ ခေါင်းခါသည်။ လမ်းမှာသူဌေးသား



www.burmeseclassic.com

www.burmeseclassic.com



ကို လက်ထပ်ခွင့်ရဖို့ စကားတွေမှား ဗျာများနေခဲ့သည့်အမှုအရာတွေ မျက်ဝန်းလေးတွေ ပျောက်ဆုံးနေခဲ့လျက်..။

"ဖေဖေသဘောတူခဲ့တာကိုရော ရစေချင်တဲ့ဘာဘာကိုရော စကားလေးစားပါ တယ်..ဒါပေမယ့် နေပါစေတော့ စကားမလိုချင်တော့ဘူး.."

ရင်ထဲကလောဘသက္ကာယတို့ဟာ ထိခိုက်ကြေကွဲခြင်းတို့နဲ့အတူ ကွဲရှပျက်စီး သွားခဲ့သည်လား..။

သူဌေးက စီစဉ်ခဲ့သည်။ သူဌေးသားနဲ့လက်ထပ်မှရမည်။ ငြင်းတဲ့ဘက်က ဘာမှမရဘူးတဲ့..။ ငြင်းခွင့်မရှိတဲ့ချုပ်ကိုင်မှုတစ်ခုက အိမ်ထောင်ရေးတစ်ခုကို သာယာစိုပြည် အောင် အမိန့်ပေးခိုင်းစေနိုင်သလား..။

တကယ်တမ်းလက်ထပ်ပေါင်းဖက်ကြမည်ဆိုတော့ ကိုယ်လက်ထပ်ရမည့်သူနဲ့ ပျော်နိုင်မလားဆိုတာကို တွေးမိလာ၏။ ဘာလို့ခုမှ တွေးမိလာခဲ့သလဲဆိုရင် အနားမှာကျန် ရစ်ခဲ့သူနဲ့ သူမ မပျော်နိုင်တော့ခြင်းကြောင့်..။

"စကား.."

"ရှင်ဘာလို့လက်ပါချင်နေတာလဲသာယာ..ဖယ်ပေး.."

"မရဘူးကွာ.."

စကားထထွက်သွားသည်နှင့် သာယာချက်ချင်းထွက်လိုက်လာသည်။ မှောင်နဲ့ မည်းမည်း မိုးကောင်းကင်ကြီးကို မော့ကြည့်ပြီး အိမ်ရှေ့ဝါးကွပ်ပျစ်လေးမှာ ထိုင်မလို့ပဲ ရှိသေးသည်။

"မင်း ဘာဖြစ်သွားတာလဲ.."

"ရှင်ဒါပဲ ဘာလို့ခဏခဏမေးနေတာလဲ.."

သူကိုင်ထားသည့်လက်ကို ခါချပစ်ပေမယ့်မအောင်မြင်..။

"ဖယ်..လွှတ်..ရှင့်ကိုတကောက်ကောက်လိုက်ကပ်နေတဲ့မိန်းမက "ဟင့်အင်း" လုပ်လိုက်လို့ သိပ်ကိုမခံနိုင်ဖြစ်နေတာလား.."

"ဟုတ်တယ်..ဟုတ်တယ်ပဲထားလိုက် မင်းဘာဖြစ်သွားတာလဲဖြေ.."

"တကောက်ကောက်လိုက်ကပ်နေတုန်းက ဘာမှန်းမသိတဲ့တုံးမိုက်လို့..အခု "ဟင့်အင်း"ဆိုတဲ့မိန်းမက မတုံးတော့လို့ ရပြီလား..အိုခေ.."

"မင်းက ဟိုတောသားလူကြမ်းကို ရင်ခုန်သွားတာလား..မင်းမျက်စိကျလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်သူက.."

"ရှင်နေရာတကာ ရှင်ဘက်နဲ့ပဲတွေးနေတာလား..အရာရာတိုင်းကို ရှင့်ရန်သူတွေက ဖန်ဆင်းပေးနေတာမဟုတ်ဘူး၊ ပိုက်ဆံချမ်းသာတိုင်း ရန်ခုန်သံတွေကို ဖန်တီးယူလို့ရှင်တောင် သွေးဆူလို့ဖောက်ပြန်လာတဲ့ ရင်ခုန်သံတွေပဲ ရှင်ရမယ်..တကယ်အေးမြနွေးထွေးတဲ့.."

"ကဗျာတွေလာရွတ်မနေနဲ့စကားချို..မင်းငါ့ကို ငြင်းခွင့်ရှိတယ် ဟိုလိုလူစားနဲ့ နှိုင်းယှဉ်ပြီး ငါ့ကိုဖြုတ်ချလိုက်တာမျိုးတော့ မရဘူး.."

"မရတော့ ရှင်ဘာဖြစ်ချင်သလဲသာယာ.."

"မင်းငါ့ကိုလက်ထပ်ရမယ်.."

သာယာအံကြိတ်သံနှင့်ပြော၍ စကားခြေလှမ်းပြင်လိုက်တဲ့ရှေ့ ပိတ်ရပ်လိုက်သည်။

"ပြော..ဘယ်လိုကြင်နာတာကို လိုချင်သလဲ သွေးဆူဆူမဆူဆူ မင်းလိုလူတဲ့မိန်းမမျိုးကို အချိန်မရွေးရင်ခုန်လို့ရတယ်..အဲဗားတိုင်းမ်.."

"သာယာ..ရှင့် ရှင်နော်..လွှတ်.."

သူမပခုံးလေးကို ဖျတ်ခနဲကိုင်၍ အိမ်နံရံမှာဖိကပ်ထားလိုက်သည်။ ပြီးတော့..၊

"ဟင့်အင်း..စကားအော်လိုက်မှာနော် မလုပ်နဲ့.."

အတင်းအကျပ်နမ်းဖို့ကြိုးစားလာသဖြင့် စကားနဲ့သာယာမျက်နှာချင်း ပွတ်တိုက်သွားလိုက် သူမငုံ့ပစ်ပြီးရှောင်လိုက်နှင့် ရှန်းရင်းဆန်ခတ်တွေဖြစ်နေကြလျှင်..၊

"ကလေးနှစ်ယောက် ဘယ်သွားကြတာလဲ..

အပြင်ကိုမီးရောင်ဖြာကျလာကာ သမားတော်ကြီးရဲ့မေးမြန်းသံ ထွက်လာသည်။

"ညဥ့်နက်မှအပြင်ထွက်သွားကြရင် ရာသီဥတုက ကောင်းတာမဟုတ်ဘူး.."

အပြင်ထွက်လာကြပြီမှန်းသိကာမှ သာယာကခပ်ကြိတ်ကြိတ်တက်ခေါက်ပြီး လက်လျှော့သည်။ သို့သော်..၊

"မင်းကငြင်းလေ ငါ့ခံဖြတ်ချက်ကခိုင်မာလေပဲ..လုပ်လိုက် မင်းကို ငါရအောင်ယူပြမယ်.."

ww.burmeseclassic.com



# အခန်း(၂၆)

ရန်ကုန်ပြန်ရောက်လာတော့လည်း မြို့ကြီးပြကြီးတစ်ခုရဲ့ အငွေ့အသက် တိ တွေ့ခြင်းက မျက်လုံးထဲမှာပဲ ပျောက်ဆုံးကာ စိတ်အာရုံမှာထင်နေသည့် တောရနံ့ပုံရိပ် တွေက ပျောက်မသွားနိုင်..။

ဘယ်ကိုကြည့်ကြည့် သာယာသည်မထင်၊ အလှအပပြင်နေလည်း အဓိပ္ပါယ်မဲ့ သလို ထင်၏။ အကောင်းစားစားစရာတို့သည်လည်း မက်မောဖွယ်မရှိသလိုဖြစ်ခဲ့ရာ..။

"သမီး.."

အိပ်ခန်းဆီပြန်လာခဲ့သောခြေလှမ်းက ရှေ့မှာဒေါ်ယုမေပိတ်ရပ်လိုက်သဖြင့် တုံ့သွားခဲ့သည်။

"ထမင်းလည်းဘာမှမစားပါလား.."

ပြောရင်း နဖူးကိုလက်ခုံနဲ့ ကပ်ကြည့်လိုက်ပြီး..။

"ကိုယ်လည်းမပူပါဘူး..ခရီးပမ်းနေတာ မပျောက်သေးတာထင်တယ်..အားပေ နှစ်ရက်ပဲရှိသေးတာကို..တစ်ရက်အိပ်ရေးပျက်ရင်တောင် တစ်ပတ်အိပ်လို့မဝဘူးတဲ့.."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယုမေကိုယ့်ဘာသာထင်ကြေးပေးပြီး ကိုယ့်ဘာသာပဲ အဖြေထုတ်နေမိသည်။ ပညာသည်တွေ ဘာတွေက ပြုစားလိုက်တာလားလို့ တွေးမိတာတောင် တစ်ယောက်ယောက်နဲ့ချစ်တာမှန်းတာတွေ ဖြစ်ကြလောက်အောင် ရင်းနှီးချိန် ရခဲ့ကြတာမှမဟုတ်ဘဲ..၊

"ပြောပြစမ်းပါဦးသမီးရယ်..အမွေတွေကို မယူတော့ပါဘူးဆိုပြီး သမီးပဲဆုံးဖြတ်ခဲ့တာ မဟုတ်ဘူးလား.."

"ဟုတ်ပါတယ်.."

"ဟုတ်တယ်ဆိုတာလည်း ပိုရှင်းအောင်ပြောစမ်းပါ..သမီးဒီကသွားတုန်းကတော့ သူဌေးသား.."

"အဲ့ဒီသူဌေးသားကိုပဲ စကားလက်မထပ်နိုင်တာ..အဲ့ဒါကြောင့်ဆုံးရှုံးပါစေဆိုပြီး ဒီတိုင်းပြန်လာခဲ့တာ..သူတို့ရဲ့အမွေဆိုတာ ဒီလူကိုလက်ထပ်မှရမယ်ဆိုတာကရော..အဲ့ဒီလိုကျေးဇူးဆပ်တာ သန့်ရှင်းပါတယ်လို့ဒေါ်သလား.."

"သမီးရယ်.."

"သူဌေးကိုယ်တိုင် သူ့သားနဲ့ပေးစားနေတာ ဂုဏ်ယူဖို့တောင်ကောင်းတယ်လို့ ဒေါ်ဒေါ်တွေးမိတယ်မှတ်လား..သူများတွေလည်း စကားပြန်လာတော့ ဒီတိုင်းအံ့သြပြီး ကျန်ခဲ့ကြတာပဲ..အဲ့ဒါတွေက သူဌေးသားဆိုတဲ့သတ္တဝါ ဘယ်လိုလူစားမှန်း သူတို့မသိကြလို့.."

"သမီးပြောတဲ့အတိုင်းဒေါ်လေးတို့တွေးကြည့်မိတာတော့ လူငယ်ဆန်ဆန်နေတယ်..မြို့မှာခပ်ရှုပ်ရှုပ်နေတယ်.."

"ရှုပ်တယ် မွေတယ်..ရည်စားထားပြီဆို ပုံအပ်ယုံကြည်ပေးမှကြိုက်တယ်.."

"ဘုရားရေ.."

"အဲ့ဒါတွေ သူ့ပါးစပ်ကလာပြောတာဒေါ်ဒေါ်.."

လမ်းမှာ သူမဘယ်လောက်ထိ စကားရောဖောရောတွေ ပြောဖြစ်ခဲ့သလဲ၊ ဘာမှမသက်ဆိုင်ကြဘဲ အခွင့်အရေးယူပြောဆိုဆက်ဆံနေသမျှ ဘယ်လောက်ထိ သည်းခံလိုက်ရလျှာခဲ့ရသလဲ..၊

ဒါတွေဟာ ကိုယ့်ရဲ့ အစွန်းရောက်အတွက်တစ်ခုကြောင့်ဆိုလျှင် ယောကျ်ားတစ်ယောက်ရဲ့ အထင်မြင်သေးခြင်း ဘယ်ကစခဲ့သလဲဆိုတာ ထိုအတွက်ကြောင့် နားလည်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက်"တန်ပါသည်။

"တော်ပြီဒေါ်ဒေါ်..စကားဖြစ်ချင်တာထက် ဖြစ်သင့်တာကို လက်ခံနိုင်ဖို့ ကြိုးစား တော့မယ်.."

"ဒါပေမယ့် ညည်း အလုပ်တော့ပြုတ်မှာပဲထင်တယ်သမီး.."

"စကား အလုပ်ပြန်ရအောင်ကြိုးစားမှာပါ..အလှအပဗဟာရိယတွေအတွက်လည်း ဒေါ်ဒေါ်တို့စိတ်မညစ်စေရပါဘူး ဝယ်တာခြမ်းတာပြင်ဆင်တာတွေ လျှော့ပါ့မယ်.."

"သမီးရယ်.."

"စကားကို အဲ့ဒီအမွေကိစ္စအကြောင်း ထပ်မပြောပါနဲ့နော်.."

"ယုရေ..အပြင်မှာ ဧည့်သည်ရောက်နေတယ်ကွ.."

စကားပြောနေတာ အဆုံးမသတ်ရသေးခင် ဦးထွန်းထွန်းအသံကို ကြားလိုက် ရကာ..။

"ကဲ..သမီးလည်းနားချင်နားလေ..ဧည့်သည်လာတယ်တဲ့ သွားလိုက်ဦးမယ်.."

ဒေါ်ယုမေထွက်သွားပေမယ့် စကားဒီတိုင်းပဲရပ်လျက် ငေးငိုင်ကျန်ခဲ့သည်။ သူမ အတွက် အရာရာအဓိပ္ပါယ်မဲ့နေခြင်းနှင့်ပတ်သက်၍ လိုနေတာ ဘာလဲလို့တောင် မတွေး၍ သည့်အဖြစ်ဟာ..။

"သမီးရေ..စကား လာပါဦးသမီး ဒီမှာဧည့်သည်တွေရောက်နေလို့.."

ဟင်..။

ကိုယ့်ဧည့်သည်လာခဲတာမို့ အံ့သြသွားမိသည်။ ချက်ချင်းထွက်လာခဲ့ပေမယ့် ဧည့်ခန်းကိုရောက်တော့ ဧည့်သည်တွေက ရှေ့နေကြီးနဲ့ဖနီးမောင်နှံနှစ်ယောက် ဖြစ်နေသ ဖြင့်..။

"လာ သမီးထိုင်.."

ကိုယ့်ဧည့်သည်ဖြစ်စရာလားလို့ တွေးမိပေမယ့် စကား ဒေါ်ယုမေဘေးမှာ ဝင် ထိုင်လိုက်မိသည်။ ပြီးတော့ မထိုင်ခင်မြင်လိုက်သည်က ခြံရှေ့မှာရပ်ထားသော မိတ်ကပ် ရောင်ပရာဒိုကားကြီး..။

"သမီးလေးကလှလိုက်တာကွယ်..ကြည့်ပါဦး ဒါကြောင့် သားက ချက်ချင်း အ အမူး ပူဆာနေတာကိုး.."

"သူဇာရယ်..မိန်းကလေးရှက်သွားပါ့မယ် မင်းကလည်း.."



www.burmeseclassic.com

www.burmeseclassic.com



"မရှက်ပါနဲ့သမီးရယ်.. အန်တီကတော့ အရမ်းကိုလိုချင်နေပြီ သမီးစိတ်ကြိုက် အားလုံးလုပ်ပေးမယ်..ဘာဖြစ်ချင်သလဲ ဘာလိုချင်သလဲ..မင်္ဂလာကိစ္စကစပြီး သမီးဘဝ တစ်လျှောက်လုံး.."

"အဟမ်း.."

စကားနားမလည်နိုင်စွာ မျက်လုံးအဝိုင်းသားဖြစ်နေသောကြောင့် ဦးထွန်းထွန်း က ချောင်းဟန့်သတိပေးလိုက်ရင်း..၊

"သမီးကမသိသေးဘူးပဲ..သူတို့က မောင်လင်းသာယာရဲ့အုပ်ထိန်းသူတွေပေါ့.."

ဟင်..၊

ရိုးသားစွာအံ့ဩနေသည့် စကားရဲ့မျက်နှာလေး ကွက်ခနဲပျက်၏။ ဒေါ်သူဇာဆို သည့် အမျိုးသမီးကြီးက ဦးထွန်းထွန်းရှင်းပြတာကို မစောင့်နိုင်ဘဲ..၊

"သမီးကသဘောမတူဘူးဆိုလို့ သားအရမ်းကိုခံစားနေရတာသမီးရယ်..အဲ့ဒါ ကြောင့် ရှေ့နေကြီးကိုလည်း အကူအညီတောင်းရတယ် သားနဲ့သမီးကို လက်ထပ်ပေးချင် ခဲ့တာ မိဘတွေရဲ့ဆန္ဒမို့လား..ရှေ့နေကြီးတို့က အမွေကိစ္စရော မင်္ဂလာကိစ္စရော အားလုံး စီစဉ်ပေးကြဖို့ ပြင်ဆင်နေကြတာ.."

"ဟုတ်ပါတယ်..ဒါပေမယ့် စကားကသဘောမတူရင်တော့ ငြင်းခွင့်ရှိတယ်မလား အန်တီ.."

"ဒါပေမယ့်သမီးရယ်..စံအိမ်ကို စိန်နဲ့မွန်းရမယ့်ကိစ္စ ရွှေနဲ့မြသားဂဟေထားကြဖို့ နှစ်ယောက်စလုံးလည်း အဆင်ပြေနေကာမှကွယ်.."

"ဟုတ်ပါတယ်ကွယ် အန်ကယ်လ်တို့ကတော့ သမီးကိုလက်ထပ်ပွဲ ဖြစ်မြောက်ဖို့ တိုက်တွန်းရုံသက်သက် မပြောချင်ပါဘူး..သမီးရသင့်ရထိုက်တာလည်း ရစေချင်တယ် အန်ကယ်လ်တို့ ဆောင်ရွက်ပေးစရာရှိသမျှလည်း အားလုံးပြီးပြည့်စုံစွာ အဆုံးသတ်သွား စေချင်တယ်..အဲ့ဒါကြောင့် ဒီကဦးနေသူရိန်တို့ ဇနီးမောင်နှံ အကူအညီတောင်းတာကို လက်ခံပြီးလိုက်လာခဲ့တာပါ.."

ရှေ့နေကြီးပြောပြီးတော့ ဦးထွန်းထွန်းတို့ကို ပြောပေးပါဦးဆိုသည့် အကြည့်တွေ ပို့လွှတ်၍ တိတ်ဆိတ်သွားခဲ့၏။ သူတို့မှာလည်း မိဘတို့ဝတ္တရားရှိသည်နှင့်အညီ..၊

"ကျွန်တော်တို့လည်း သားရွှေအိုးထမ်းတဲ့ကိန်းဆိုက်တာကိုပဲ လိုချင်တာပါ.. ဒါပေမယ့် မိဘကသင့်တင့်အဆင်ပြေမယ်ထင်ပေမယ့် တစ်ဘဝလုံး အတူတူပေါင်းသင်း



www.burmeseclassic.com

www.burmeseclassic.com



သွားကြရမှာက သူတို့လေ.."

"မိဘဝတ္တရားကတော့ သူတို့တစ်ဘဝလုံးအတွက် ဖြစ်လာနိုင်တာ တွေတွေးပြီ၊ ငဲ့ညှာနေဖို့မသင့်ပါဘူးရှင်..မိဘလက်ထပ်ပေးလို့ ပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်သွားကြတဲ့ အိမ်ထောင်ရေးတွေ အများကြီးပါ..ပြောရမယ်ဆိုရင် ကျွန်မတို့မှာလည်း သားရဲ့အိမ်ထောင်ရေးအတွက် အိမ်မက်တွေရှိခဲ့ကြတာပဲ.."

သူတို့သားအတွက် စကားလောက်အဆင့်အတန်းနဲ့ မိန်းကလေးမျိုးကို မမှန်းခဲ့ပါဘူးဆိုတာ သိသာအောင်ကြည့်သေးသည်။ ဒါပေမယ့် စကားကိုတော့ ချစ်စနိုးကြည့်ကာ..။

"သားရဲ့အဖေကိုယ်တိုင် စီစဉ်ခဲ့တယ်ဆိုတာရယ် သားကလည်းမြတ်နိုးနေတာရယ်..နောက်ပြီး သမီးလေးကလည်း ပစ်ရက်စရာမရှိအောင် လှနေတော့.."

"ကျွန်မတို့မှာလည်း ဒီသမီးလေးကိုပဲ မျက်နှာညိုမခံနိုင်အောင် ချစ်နေရတာပါ..အစ်မကြီးတို့လောက် မချမ်းသာပေမယ့် သမီးကို အများတန်းတူ ပြုစုစောင့်ရှောက်ခဲ့တယ်..ဒီနေ့ထိလည်း သူသဘောမကျဘူးဆိုရင် ဘဝအတွက်အရေးပါတဲ့ပညာရေးကိုတောင် ဝင်မစွက်ဖက်ခဲ့ဘူး.."

"သမီးက ဘာနဲ့ကျောင်းပြီးထားတာလဲ.."

"သမီးက သိပ်တော်တာတော့မဟုတ်ပါဘူး..ဒါပေမယ့် ကျွန်မတို့က နားရွက်အကိုက်ခံတဲ့ မိဘမျိုးဆိုပါတော့..သမီး စာကြိုးစားဟဲ့ လို့တစ်ချက်မငေါက်ခဲ့ဖူးဘူး ဆယ်တန်းမှာ အမှတ်ကောင်းနဲ့အောင်ခဲ့တာရော ကျောင်းပြီးတဲ့အထိ သင်ခဲ့တာရော အခု သမီးအလုပ်ဝင်နေတဲ့အထိ သူ့အသိနဲ့သူ ကြိုးစားခဲ့တာတွေပဲ.."

နည်းနည်းလေးခြောက်လန့်ဆုကြည့်လိုက်လို့ သမီးလေးမျက်ရည်ဝဲသွားပြီဆိုပြန်ချော့လိုက်ရတာ ဆူလိုက်ရတာနဲ့မကာမိပေ၊ ဒီအကြောင်းပြောမိတိုင်း အတိတ်ကပုံရိပ်လေးတွေကို မြင်ယောင်မိသည်။

ဒေါ်သူဇာတို့ကတော့ မျက်နှာတွေမသာမယာဖြစ်နေကြကာ..၊

"စဉ်းစားပါဦးသမီးရယ်..သားနဲ့သမီးက အသက်ချင်းလည်းသိပ်မကွာဘူး ဥစ္စာပေါ်ရုပ်ချောလေးတွေ အရမ်းကိုလိုက်ဖက်တာပါ..နောက်ပြီး သမီးတို့ကို လွှဲပေးလိုက်မယ့်အမွေတွေကလည်း မနည်းမနော.."

"စကားဘာမှမလိုချင်ဘူး..သာယာ့ကိုလည်း လက်မထပ်နိုင်ဘူး၊ ရှင်နှာတည်း



www.burmeseclassic.com

www.burmeseclassic.com



အပြီးပြတ်ပြင်းပြီး ပြန်ခဲ့တာပါ..အနန်တီတို့ကိုတောင်းပန်ပါတယ် ဒီကိစ္စအတွက် နောက်ထပ်မလာပါနဲ့တော့လို့.."

"နေပါဦး..မသွားပါနဲ့ဦးသမီးရယ်.."

စကားထရပ်လိုက်တာနှင့် ဒေါ်သူဇာကဆွဲတော့မတတ် ဖင်တကြွကြွ ဖြစ်သွားခဲ့ပြီး..।

"သားကိုယ်တိုင်လာတောင်းပန်ပြီး လက်ထပ်ခွင့်တောင်းစေချင်တာ ဆိုရင်လည်းလေ.."

"မဟုတ်ပါဘူး.."

စကား ဘယ်လိုပြောလို့မှလက်မခံတော့ဘဲ ငြင်းပစ်ခဲ့သည်။ သူမဒီလောက်ထိပြတ်သားနေတာ ဘာကြောင့်မှန်းမသိ၊ ဘာကြောင့် ခါးခါးသီးသီး ဖြစ်လာတယ်ဆိုတာလည်း မသိကြဘဲ..।

"သမီးတစ်ခုခုတော့ ဖြစ်လာတယ်..အဲ့ဒီတစ်ခုခုကို သမီးရဲ့ဦးနဲ့ဒေါ်ဒေါ့်ကို ပြောပြလေ.."

ဧည့်သည်တွေပြန်သွားကြသည်နှင့် ဒေါ်ယုမေ စောင့်ကြည့်မနေတော့ဘဲ အတင်းမေးလေသည်။ စကားက ပြန်ထွက်လာပြီးဧည့်ခန်းမှာပဲ ဝင်ထိုင်သည်။ ထိုင်လျက်ရှိနေသည့် ဦးထွန်းထွန်းက ဂျာနယ်ကောက်ကိုင်ပြီးမှ ပြန်ချပြီး တူဝရီးနှစ်ယောက်ကိုမော့ကြည့်၏။

"ဒေါ်ဒေါ်ပြောချင်တာက သမီးသူ့ကိုတစ်ခုခုအထင်လွဲပြီး စိတ်နာနေတာဆိုရင်အခုစကားအကုန်ပြောလွှတ်လိုက်တာ သမီးမှားသွားနိုင်တယ်နော်..ဒါက နောက်မှပြန်ပြင်ဆင်ဖို့ လွယ်ကူမယ့်ကိစ္စမဟုတ်ဘူး၊ နောက်တစ်ခုက သာယာဆိုတဲ့ကောင်လေးရမယ့်အမွေအနှစ်ကလည်း နည်းနည်းနောနော မဟုတ်ဘူး..သမီးကိုယ်တိုင်လည်း.."

"အခု စကားမလိုချင်တော့ဘူးလို့ပြောနေတာပဲဒေါ်ဒေါ်ရယ်..ဂယ်ပါပဲ.."

"အဲဒါတကယ်ဟုတ်ရဲ့လားလို့.."

"လုံးဝငယ်ပြောတာ..သူတို့ ကမ်းလှမ်းလာတာလည်း ဝမ်းသာစရာမလိုပါဘူး..ကိုယ်က ကျေးဇူးဆပ်ခံရမယ့် ခေါင်းစဉ်အောက်မှာ သူဌေးသားကိုယူမှ သူဌေးဖြစ်ရမှာတာများဂုဏ်သိက္ခာရှိတော့လို့လဲ.."

"ဟုတ်သားပဲယုရယ်..မင်းကလည်း.."



www.burmeseclassic.com

www.burmeseclassic.com



"အစတုန်းကတော့ ရှင့်သမီးပဲလေ..သူဌေးကိုပဲယူမယ်ဆိုတဲ့ စီမံကိန်းကြီးနဲ့ အကြီးကြီးမြင်ဆင်နေတာကိုး.."

ဒေါ်ယုမေက ခင်ပွန်းဖြစ်သူကိုပြောလိုက်ပြီးမှ စကားဘက်လှည့်ကာ၊

"ဒေါ်ဒေါ်ကတော့ အတွင်းစကားအဖြစ် ပွင့်ပွင့်လင်းလင်းပြောရရင် ဒီထက်ပြည့်စုံရင်တောင် ဒီလောက်မပြည့်စုံနိုင်ဘူးလို့ထင်တယ်..ဘဝကို ကဗျာတွေနဲ့ပဲ သီကုံးမယ်ဆိုရင် တကယ့်ပြီးပြည့်စုံတဲ့ချမ်းသာမှုကို ရနိုင်မှာမဟုတ်ဘူး.."

"မဟုတ်ဘူးလေ..သမီးကိုလည်း မေးပါဦး ဘာကြောင့် ဒီလိုပြတ်ပြတ်သားသား ငြင်းလွှတ်လိုက်သလဲဆိုတာ.."

နှစ်ယောက်စလုံးက လှည့်ကြည့်ကြပေမယ့် စကားက နှုတ်ခမ်းလေးကိုက်ထားရင်း မျက်လွှာချနေ၏။

"လိုချင်ခဲ့တာလည်း သမီးပဲ..သမီးကိုယ်တိုင်လည်းသွားခဲ့တယ်၊ အခုမှ ဘာဖြစ်ရတာလဲ..သူတို့ပြောတာနဲ့ သမီးရဲ့စကားတွေအရဆို ဒီကောင်လေးက ရုပ်ရည်လည်းဆိုးတဲ့ပုံမရှိပါဘူး.."

"မဆိုးဘူးဦး..သူ့ကို စကားကိုယ်တိုင်လည်း ဣန္ဒြေမဲ့လောက်အောင် အတင်းလိုက်ပြော စကားတွေလမ်းခင်းပြီး တစ်လမ်းလုံးကြိုးစားခဲ့သေးတယ်.."

စကားက သူမနဲ့ဒီလမ်းခရီးအကြောင်းကို စိတ်ထဲပေါ်လာသမျှ ပြောပြနေခဲ့လျက်..၊

"သူ့မှာမိန်းမတစ်ယောက်အပေါ် လေးစားအလေးထားတဲ့စိတ် လုံးဝမရှိဘူး.. သူ့အတွက် မိန်းမတွေပေါ်သလောက် မိန်းမဆိုတာ ရင်ခုန်အမူးပြေအသုံးတည့်တဲ့ ပစ္စည်းတစ်ခုလိုပဲ.."

"ဟေ.."

"ဒါကတော့ အဲ့လိုသဘောထားချင်အောင် မိန်းကလေးတွေကလည်း.."

"မိန်းကလေးတွေ ယောကျ်ားတစ်ယောက်အပေါ် ဘယ်လိုအကြောင်းမျိုးနဲ့ပဲ တပ်မက်နေနေ ဣန္ဒြေမဲ့လောက်အောင် ဘယ်လိုပဲကပ်တွယ်နေပါစေ အဲ့ဒါတွေက သူတို့ရဲ့ဂုဏ်သိက္ခာ အလေးထားမှုတွေကိုလိုချင်တဲ့စိတ်နဲ့ပဲ..မိန်းကလေးတွေရဲ့ ရလိုမှုတွေပဲ ရှိးသားတယ်.."

"မိန်းကလေးတိုင်းတော့ ဟုတ်ချင်မှဟုတ်မှာပေါ့သမီးရယ်.."



www.burmeseclassic.com

www.burmeseclassic.com


"နောက်ထပ်ရလိုမှုတွေ ရှိနေသေးရင်လည်း အဲ့ဒါတွေကဖျက်စီးဖို့မဟုတ်ဘူး ဒေါ်ဒေါ်..သူတို့ကျတော့ ဒါကိုအခွင့်အရေးယူပြီး မိန်းကလေးတွေကို ဖျက်စီးတာ အထင်သေးတာ သူတို့ရဲ့ရလိုမှုတစ်ခုလေးက မိန်းမတစ်ယောက် ဘယ်လောက်ထိ ဘဝပျက်သွားနိုင်လဲဆိုတာ နည်းနည်းမှမစာနာတတ်တာ.."

"ဒါလည်းယောကျ်ားတိုင်းတော့ မဟုတ်ပါဘူးကွယ်.."

"သူကတော့ အဲ့ဒီလိုယောကျ်ားပဲဒေါ်ဒေါ်..အစတုန်းက ယောကျ်ားတစ်ယောက်ရဲ့ ရွံစရာကောင်းတဲ့ကာရိုက်တာကို စကားဂရုစိုက်ရမှန်း မသိခဲ့ဘူး..အဲ့ဒီမှာ ယောကျ်ားနှစ်ယောက်ရှိလာကာမှ နှိုင်းယှဉ်မိခဲ့တာ.."

စကားရဲ့လေသံတွေ ရုတ်ချည်းပျော့ကျသွားကာ မျက်လုံးထဲမှာ မျက်နှာတစ်ခုကို မြင်ယောင်လာခဲ့လျက်..၊

"မိန်းမတစ်ယောက်ငါ့အပေါ် ဘယ်လောက်ပစ်ကျနေသလဲဆိုတဲ့ မျက်လုံးနဲ့ပဲကြည့်ပြီး အချိန်တိုင်းအခွင့်အရေးယူဖို့စောင့်နေတဲ့ယောကျ်ားရယ်..မိန်းမသားတွေအပေါ် ငဲ့ညှာစာနာပြီး ယောကျ်ားပီသစွာစောင့်ရှောက်ကာကွယ်တတ်တဲ့ ယောကျ်ားရယ်.."

"အဲ့ဒီနောက်တစ်ယောက်ကဘယ်သူလဲ..သမီးပြောတဲ့စကားတွေထဲမှာတော့ သူ့မသိပ်အရေးမပါခဲ့သလိုပါလား.."

"သူ့အကြောင်းစလိုက်မိရင်တောင် ရင်ခုန်သွားတတ်လို့ပါ" လို့ စိတ်ထဲမှာ ပြောလိုက်မိသည်။

သူ့လိုလူဟာ မပေးချင်ဘဲဘာတစ်ခုကိုမှ အားနာပါးနာလိုက်လျှောမည့်လူစားမျိုးလည်းမဟုတ်၊ သာယာဆိုသူ၏ ဂုဏ်သိက္ခာကငွေသာဖြစ်လျက် သူကတော့ ယောကျ်ားတစ်ယောက်၏ မာန်မာနနဲ့ဂုဏ်သိက္ခာတွေ တင်းပြည့်ကျပ်ပြည့်နဲ့ပါ..၊

ခုကျမှ သူ့မဘာလို့ဒါကိုတန်ဖိုးထားရမှန်း သိလာခဲ့တာလဲ၊ ယောကျ်ား ဘယ်နှစ်မျိုးနှစ်စား ရှိနေသလဲဆိုတာ ခုမှဘာလို့ခွဲခြားကြည့်ချင်ခဲ့တာလဲ..၊

"စကား ဒေါ်ဒေါ်မေးတာဖြေဦးလေ.."

"သူက မာနကြီးတယ်.."

"ဘယ်လို.."

"အရမ်းမာနကြီးတယ်..ချမ်းသာတာလည်း မဟုတ်ဘူး ရုပ်ချောတာလည်း မဟုတ်ဘူး.."


www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မာန်မာနလို့ ဘာကိုသတ်မှတ်တာလဲ..ရာထူးကြီးကြီးနဲ့ ပညာဂုဏ်မောက်နေတဲ့လူလား.."

"အဲ့ဒါစကားမသိဘူး..ဒါပေမယ့် သူနဲ့ယှဉ်လိုက်ရင် သာယာက ဘာမှမဟုတ်တော့တဲ့ ယောက်ျားပဲ.."

ဒေါ်ယုမေနားလည်သွားသည်။ စိုးရိမ်မကင်းဖြစ်လာသည့် မျက်လုံးတွေနဲ့ ဦးထွန်းထွန်းကိုကြည့်လိုက်မိလျှင် ဦးထွန်းထွန်းက မျက်နှာလွှဲပြီး ဂျာနယ်ကို ပြန်ကိုင်လေသည်။

"သမီး ညည်းသူ့ကိုချစ်နေတာလား.."

"မသိတော့ဘူး.."

ဒါလေးပဲမေးလိုက်တာကို ငိုချင်သွားမိသည်။ ဒီအဖြေကို ကိုယ်က တိကျစွာပေးနိုင်တော့ရော ဘာထူးလာဖို့ရှိလို့လဲ..၊

"ပြောခဲ့တဲ့စကားပဲထပ်ပြောရရင် ဘဝတစ်ခုလုံးအတွက်ဆိုရင်တော့ အချစ်တစ်ခုတည်းနဲ့ မပြည့်စုံနိုင်ဘူးသမီး.."

"ဒါပေမယ့် စကားသူ့ကိုပဲသတိရနေတယ်..ဘယ်ကိုကြည့်ကြည့် သူ့ကိုပဲမြင်နေတယ် အကြောင်းတိုက်ဆိုင်သမျှ သူ့ကိုသတိရဖို့ချည်းဖြစ်နေတယ်..စားနေနေ အိပ်နေနေ စကားရဲ့အရာအားလုံးကို သူပဲလွှမ်းမိုးနေတာ.."

"ဘုရား ဘုရား.."

"ဟင်း.."

တစ်ယောက်ကဘုရားတလိုက်ရင်း တစ်ယောက်ကစာဖတ်နေသည့် မျက်နှာနှင့်ပဲ သက်ပြင်းချလေသည်။

"သူကဘယ်ကလဲ..လမ်းပြလည်းမဟုတ်ဘူး ပညာတတ်တစ်ယောက်လည်း မဟုတ်ဘူးဆိုတာ.."

"အဲ့ဒါ စကားလည်းမသိဘူး..တစ်ခါတလေ သူ့အပြုအမူအပြောအဆိုတွေက ပညာတတ်လူကိုထိ ဆန်နေတတ်ပြီး အဲ့ဒါကသိသာသွားတဲ့အခါ လို့ဝှက်မှုတွေနဲ့.."

"ကိုယ်ထင်ရင် ခုတင်ရှေ့နန်းဆိုတာ အဲ့ဒါပဲသမီး..ခုတင်ပေါ်မှာ ထိုင်နေပေမယ့် နန်းတော်ကြီးထဲက သလွန်ညောင်စောင်းပေါ်မှာ ရှိနေသလိုမျိုး..အဲ့ဒါ သူ့ကို.."

"ကဲ..ကဲ..စိတ်အေးတဲ့အခါမှ အဲ့ဒါကိုဆက်ပြောကြ..အခု စားသောက်ပြီးကာစ



www.burmeseclassic.com

www.burmeseclassic.com



သမီးနားပါစေဦး၊ သူ့အိမ်ထောင်ရေးအတွက် သူ့စိတ်ကြိုက်ဆုံးဖြတ်ပါစေ.."

"ဒီလိုတော့.."

"ထားလိုက်ပါယုရယ်..ငါတို့ကလေးက ဦးကျောက်သေးသေးလေးနဲ့ကလေး မဟုတ်ပါဘူး..တကယ်ဆုံးဖြတ်တော့မယ်ဆိုရင် မိဘတွေနဲ့တိုင်ပင်မှာပါ ဟုတ်တယ်မို့လားသမီး.."

ဦးထွန်းထွန်းက ပေါ့ပါးစွာရယ်လိုက်ပြီး လူငယ်တစ်ယောက်ရဲ့ဆုံးဖြတ်ချက်အပေါ် ဦးဆောင်ပုံပြင်နိုင်ဖို့ အင်ထရိုဝင်လိုက်သည်။ ပြီးမှ လက်ထဲကဂျာနယ်ကို လက်တစ်လုံးခံ၍ပိတ်ကာ တစ်ဖက်မှာကိုင်ထားလိုက်ပြီး..၊

"သမီးဘာမှကြောင့်ကျမနေနဲ့..အခု လင်းသာယာကို သမီးပြတ်သားနိုင်တယ်မို့လား အဲ့ဒီတစ်ယောက်ကိုလည်း သမီးပြတ်သားလာမှာပါ..သူ့ကို သမီးအထင်ကြီးလေးစားတာ သက်သက်လား..မေတ္တာရှိခဲ့တာလားဆိုတာ တစ်နေ့တော့ ကွဲပြားလာမှာပါ အဲ့ဒါကိုလည်း အတင်းစိုက်ထုတ် စဉ်းစားဖို့မလိုဘူး..ခေါင်းအေးအေးထားပြီး အချိန်ယူလိုက်ရင် အဖြေမှန်ထွက်လိမ့်မယ်.."

စကားက ခေါင်းညိတ်ခေါင်းခါမလုပ်ဘဲ လက်သည်းချင်းချိတ်ဆော့ရင်း မျက်ဝန်းလေးတွေက ငေးနေခဲ့၏။

အဖြေမှန်ထွက်လာတော့ရော အမှတ်ပေးမယ့်သူ ဘယ်မှာလဲ..၊

ဇ ဆ ဃ ဈ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၇)

"သမီးရေ..ဖုန်းလာတယ်ကွယ့်.."

"စကား ရီကွတ်စ်လုပ်ထားတာ မရဘူးတဲ့မလား..မပြောချင်တော့ပါဘူး.."

"မဟုတ်ဘူး..အခုဆက်တာက.."

ဒေါ်ယုမေ အခန်းဝကနေ လှမ်းပြောရင်း စကားဘာလုပ်နေသလဲဆိုတာ ကြည့်လိုက်မိလျှင်..။

"ဖိနပ်ကြီးမို့လား..မွေ့ရာပေါ်တင်ပြီး ဘာလုပ်နေတာလဲသမီး.."

အပြာနုနုအပွင့်ကြီးတွေနှင့် မွေ့ရာခင်းဖြူနုနုလေးပေါ်မှာ သစ်သားဖိနပ်စုတ်ကြီး တင်ပြီး ဖုန်းနဲ့ဓာတ်ပုံရိုက်နေကာ စကားမျက်နှာလေးက ပြုံးကြည်နေကာ..။

"ဒါကဖိနပ်ပေမယ့် စကားအတွက်တန်ဖိုးကြီးတယ်ဒေါ်ဒေါ်ရဲ့..နောက်ပြီး ဟန်းဆက်အသစ်လေးနဲ့ ပထမဆုံးရိုက်ခွင့်ရတာ ဒီဖိနပ်.."

"ဩော်..ဩော် ဖိနပ်ပဲပြေးနမ်းရတော့မလို.."

စကားက ရယ်လိုက်တော့ ဒေါ်ယုမေ မျက်နှာလည်းပြုံးသွားသည်။ ဒီနေ့ ဒီဖိနပ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူမလေးပြုံးပျော်နေတာလား..။

ဖိနပ်ကိုအကြည့်ရောက်သွားမိကာ..။

ပြန်လာတည်းက အခန်းထဲယူသွင်းထားတဲ့ ဒီဖိနပ်ကရော ဟိုတစ်ယောက်နဲ့ သက်ဆိုင်နေမလား ဟုတွေးလိုက်မိ၏။

နာမည်ကခပ်ဆန်းဆန်းပါ..ဘာတဲ့..။

"ကြိုး..ဟော့ ယုရေ ကြိုးဘယ်မှာလဲလို့.."

ဒေါ်ယုမေတွေးနေတုန်း ဦးထွန်းထွန်းရဲ့မေးသံကြီးက ပျံ့လွင့်လာသည်။ ထိုအသံကြောင့် စကားမျက်လုံးလေးပိုင်းသွားကာ ဆတ်ခနဲခေါင်းထောင်သွားသည်။

"ကြိုး ဟုတ်လား..ကြိုးရောက်နေတာလားဟင်.."

မေးရင်း ပြေးထွက်လာတော့ ဦးထွန်းထွန်းအခန်းရှေ့ရောက်လာတာနှင့် ဆုံ၏။ ဦးထွန်းထွန်းရဲ့အာရုံက စကားဘာဖြစ်လို့ ပြေးထွက်လာခြင်းမှာ မရှိဘဲ..။

"ယုရာ..အရေးကြီးလို့ ပန်ကာကြိုးအပေါင်းယူခဲ့ပါဆိုတာ ဘာလုပ်နေတာလဲ.."

စကား ကိုယ့်ဘာသာရှူးသွပ်မိခဲ့တာ သိလိုက်ရကာ မျက်နှာလေးငယ်ကျသွား၏။ ဒေါ်ယုမေ စိတ်မကောင်းဖြစ်သွားရင်း..။

"ကြိုးတက်ယူတာပဲရှင်..ဖုန်းလာနေတာနဲ့ ကိုင်လိုက်တော့..ဟို.."

ပြောနေတုန်း ဖုန်းမြည်သံထပ်မံ ထွက်ပေါ်လာ၏။

"ခေါ်နေပြီ..ကျသွားလို့ ပြန်ခေါ်တာထင်တယ်.."

"ဘယ်ကဖုန်းလဲ.."

ဦးထွန်းထွန်းက မေးလျှင် ဒေါ်ယုမေက စကားကိုကြည့်ကာ..။

"လင်းသာယာဆက်တာ.."

ဟင်..။

စကားက လှည့်ကြည့်လိုက်ပြီး..။

"ဒေါ်ဒေါ်အဲ့ဒါကြောင့် စကားကိုလာခေါ်တာလား..သူနဲ့မပြောချင်ပါဘူး.."

"ဒေါ်ဒေါ်ကရှိတယ်လို့ ပြောပြီးပြီသမီးရယ်..ပြောလိုက်ပါကွယ်.."

စကား သူ့ကိုဘာမှကိုမပြောချင်တော့တာဖြစ်သည်။ ဒါပေမယ့် ကိုယ့်ကိုခေါ်နေတာမို့ မပြောလို့လည်းမဖြစ်ရာ..။



www.burmeseclassic.com

www.burmeseclassic.com



"ဟာလို.."

"စကား..ကိုယ်မင်းနဲ့ဆွေးနွေးချင်တယ်.."

"အန်တီတို့နဲ့ပြောပြီးပြီဥစ္စာ..ဘာလိုလို့လဲ.."

"လိုတာပေါ့..အန်တီတို့က ကိုယ့်အတွက်လာစေ့စပ်ကြတာ ကိုယ်တောင်းခိုင်းလိုက်တာ မင်းကို.."

"အဲ့ဒီတော့.."

"ကိုယ်မင်းနဲ့ သီးသန့်ပြောချင်တယ်.."

"ဒါဆိုလည်း အိမ်လာခဲ့ပေါ့.."

"မင်းထွက်လာခဲ့ပါ..ကိုယ်အပြင်မှာရှိတယ်.."

"စကားအလုပ်ပြုတ်တည်းက အိမ်ရှေ့တောင်ထွက်မရပ်ဘူး.."

"မင်းအလုပ်ထက် အများကြီးပိုကောင်းတာတွေ မင်းဘဝအတွက် ကိုယ်ဖန်ဆင်းပေးနိုင်တယ်.."

"ရှင့်ကိုစတွေ့ကာစက အဲ့ဒါတွေရှင်ပြောခဲ့ရင် စကားလောက်ပျော်တဲ့လူရှိမှာမဟုတ်ဘူး.."

"ဘာလဲ..နှစ်ဆယ့်လေးနာရီအစ နှစ်ဆယ့်လေးနာရီအဆုံးလား.."

"ဘာဖြစ်ဖြစ် အစမရှိဘဲ အဆုံးသတ်ဆိုတာဖြစ်မလာဘူး.."

"မင်းပဲစခဲ့တာစကား..ဒါပေမယ့် မင်းပဲအဆုံးသတ်လို့တော့ မရဘူး.."

"ဘာလို့မရရမှာလဲ..ရှင့်တို့ပေးချင်နေတဲ့အမွေတွေ စကားမယူဘူးဆိုရင် ရှင်နဲ့စကား ဘာကိစ္စမှ ပတ်သက်ဖို့မရှိဘူး..ဒါပဲမလား.."

"ဟော့ ဖုန်းမချနဲ့နော်..မင်းဖုန်းချရင် ကိုယ်အိမ်ထဲထိ ဝင်လာခဲ့မှာ.."

"အံမာ.."

မခံချင်စိတ်က ထောင်းခနဲဖြစ်သွားသည်။ ဒါ ကိုယ့်ဘက်ကတ္တရားနွေးပျက်လောက်အောင် သူ့ကိုမက်မောမိခဲ့သည့် အပြစ်ပဲဖြစ်သည်။ မနေ့တစ်နေ့ကထိ သူမရင်ထဲမှာ နှလုံးသားကိုထုဆစ်ထားသည့်အရာက ငွေပဲဖြစ်နေခဲ့တာမို့..၊

"ရှင့်ကိုယ်ရှင် ဘာထင်နေသလဲသာယာ..ငါ့ကိုကပ်တွယ်နေခဲ့တဲ့ မိန်းမပဲဆို ပိုင်စိုးပိုင်နင်းပြောနေတာလား၊ သတ္တိရှိရင်လာကြည့်လိုက်လေ..စကားရဲ့အိမ်က သေသေကွေးကွေးပေမယ့် ရှင့်ကိုအချုပ်ထဲထည့်ပစ်ဖို့တော့ တတ်နိုင်သေးတယ်ဆိုတာ သိသွားတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့.."

ပြောပြီး ဂွတ်ခနဲချပစ်လိုက်သည်။ ဒီဘက်လှည့်လိုက်တော့ ဒေါ်ယုမေက ရပ်ကြည့်နေတာနှင့်တိုးကာ ဦးထွန်းထွန်းက ပန်ကာကြိုးတစ်ဖက်ကိုင်၍ အထဲကထွက်လာရင်း..။

"ဖုန်းပြောနေတာတော့ တော်တော်ချစ်ခင်စွဲလမ်းခဲ့တဲ့ပုံပဲ.."

"ဘာတွေပြောနေလို့သမီးက ဒေါသတွေထွက်နေရတာလဲ.."

"သူနဲ့ထွက်မတွေ့ရင် အိမ်ထဲဟိဝင်ခေါ်မှာတဲ့.."

"ဘာလို့လဲ..သူဝင်လာလို့ရတာပဲဟာ ငါတို့ကဒီလောက်လည်း မရိုင်းပါဘူး.."

ဒေါ်ယုမေက နားမလည်နိုင်ဖြစ်နေသည်။ ဒီလူ ဘယ်လောက်ထိ မာန်တက်နေသလဲဆိုတာ တကယ်ရင်းနှီးခဲ့သည့် သူမသာ အသိဆုံး..။

"ဘာဖြစ်လို့သူကမလာဘဲ သမီးကိုခေါ်ထုတ်နေတာလဲ.."

ဦးထွန်းထွန်းက အလိုမကျဟန်တွေနဲ့ပါ..။

"စကားနဲ့သီးသန့်ပြောချင်လို့တဲ့.."

"အဓိပ္ပါယ်မရှိ.."

"သူရှိးသားရင် ဝင်လာပြောပေါ့..မိကောင်းဖခင်သားသမီးပီပီ.."

လင်မယားနှစ်ယောက် ကိုယ်ထင်ရာကိုယ်ပြောလိုက်ပြီးမှ ဧည့်ခန်းမှာ ဒေါ်ယုမေကသွားထိုင်လိုက်ကာ..။

"ဒီကောင်လေးကလည်း အလိုလိုက်ခံထားရတဲ့ ကလေးပဲထင်တယ်.. ကိုယ်ကလည်း ကိုယ့်ကလေးဆိုးတာလေးကိုပဲချစ်တာ..သူများကလေး အချိုးမပြေရင် သိပ်ကြည့်ရတာမဟုတ်ဘူး.."

ကားပြင်ဖို့ဆင်းသွားသည့် ဦးထွန်းထွန်းက ဇနီးသည်စကားကြောင့် ရယ်သည်။ ပြီးတော့..။ လိုက်လည်းလိုက်တဲ့ တူဝရီး..လို့ဆိုရင်း ခေါင်းခါလျက်..။

ဇ ၈ ၈ ဇ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၈)

ထင်းရှူးသားနဲ့ထုထွင်းထားသည့်ဖိနပ်က သည်းကြိုးနဲ့မို့ ဖိနပ်ပုံပေါက်နေပေမယ့် ထုဆစ်ထားတာ မသေမသပ် မလှမပ၊ ထို့ပြင် ဖိနပ်ကတစ်ဖက်တည်းပဲဖြစ်ကာ စာတွေရေးထားသေးသည်။

ဒီဖိနပ်ကို ထုဆစ်ပုံဖော်သူဖြစ်စေ ကောက်ရထားသူဖြစ်စေ အောက်ပါလိပ်စာအတိုင်း အိမ်အရောက်ပို့ပေးပါက ကျေးဇူးဆပ်ပါမည်..တဲ့..၊

စာနဲ့ပုံကိုကြည့်ပြီး သူပြုံးလိုက်မိသည်။

"ဟာ..ငါတို့အာစရိ ဖေ့စ်ဘွတ်ခ်တွေဘာတွေကြည့်လို့ဟော့ကောင်.. ငါတို့ ထီပြေထိုးရအောင် ပေါက်နိုင်တယ်ကွ.."

"မင်းက ခုမှသိသလား..ငါကြည့်နေတာကြာပေါ့ အဲ့ဒီမှာပဲ စိုက်ကြည့်ပြီး ပြုံးနေတာနော်.."

"ဟုတ်လား.."

"ပြုံးတာမှ ဘယ်တုန်းကမှမပြုံးခဲ့ဖူးတဲ့ နူးနူးညံ့ညံ့ပီတိအစုံဖြာပြီး.."



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်..ဟော့ကောင်တွေ ကိုယ့်အလုပ်ကိုယ်လုပ်ကြ.."

"လုပ်နေတာပါ..အာစရိပဲ ရန်ကုန်ပြန်ရောက်ရောက်ချင်း မနားနိုင်သေးဘဲ ကျွန်တော်တို့ကွယ်ရာမှာ ဖေ့စ်ဘွတ်ခ်ဖွင့်ပြီး ပြုံးတုံ့တုံ့ကြီး.."

ကြိုးက သွားတွေပေါ်အောင်အသံတိတ်ရယ်ရင်း နေရာမှထသည်။

"ကားပေါ်က ငါ့အိတ်တွေအကုန်ချပြီးပြီလား.."

"ချပြီးပြီလေ..တွေ့လား စကားလွှဲတာ.."

"အာစရိနော်..အာစရိအချိုးတွေပြောင်းနေတယ်.."

"ဟုတ်ပါ့ကွာ..သိပ်သိသာတာပဲ.."

ကြိုးဘာမှမပြောတော့ဘဲ ထထွက်လာခဲ့လျှင်..၊

"အာစရိ တပည့်တွေကို ဝန်ခံလိုက်စမ်းပါ..ဟိုအရုပ်လေးကို အာစရိ လွမ်းနေတာမို့လား.."

"လျှောက်ပြောမနေနဲ့..ငါခိုင်းထားတဲ့ကိစ္စ လုပ်ပြီးပြီလား.."

"ဒီရာမိုကုမ္ပဏီနဲ့ အလုပ်ကိစ္စမို့လား..အာစရိလိုလူက အကျိုးတူပူးပေါင်းဖို့ ကမ်းလှမ်းတဲ့ကိစ္စ သဘောမတူဘဲနေမလားအာစရိရယ်..ဒါပေမယ့် အာစရိက စကားချိုနဲ့ မိတ်ဆွေဆိုတော့ သူတို့တော်တော်ပျာသွားတယ်..အဲ့ဒီစကားချိုက ကုမ္ပဏီမှာမရှိတော့တဲ့ ပုံပဲ.."

ကြိုးက ပြုံးမလိုတည်မလို မျက်နှာဖြစ်သွားတော့ ထိန်လင်းက သေချာကြည့်လိုက်ရင်း..၊

"အာစရိက စကားချိုဆိုတဲ့တစ်ယောက်နဲ့ ဘယ်တုန်းကသိသွားတာလဲ.."

မရဲတရဲစပ်စုပြီး မျက်နှာကိုအကဲခတ်နေသေးသည်။ ကြိုးက အများနဲ့စပ်တူလုပ်ငန်းတွေကို စိတ်မဝင်စားခဲ့သလို အထူးသဖြင့် မိန်းမတွေနဲ့ဒွေးရောယှက်တင် နေတတ်တဲ့လူလည်းမဟုတ်ပေ..၊

ထို့ကြောင့် ခိုင်းတာကိုလုပ်နေရပေမယ့် သူတို့ထူးဆန်းနေမိကြသည်။ တောလမ်းမှာ ကြိုးနဲ့အတူတွေ့ခဲ့တာ စကားချိုမှန်းလည်း မသိကြသဖြင့် တွေးရခက်နေကြတာဖြစ်၏။ ကြိုးကလည်း ဘာမှမရှင်းဘဲ ဒီတိုင်းနေလိုက်ပြီး..၊

"အဲ့ဒီကိစ္စ ဘာမှထပ်မမေးနဲ့တော့..သူတို့ပြောလာတာကိုနားထောင်.."

"အာစရိ..သူတို့ကုမ္ပဏီက အရှုံးပေါ်နေတာ လူတော်တော်များများ သိတယ်



www.burmeseclassic.com

www.burmeseclassic.com



နော်.."

"အဲ့ဒါဘာဖြစ်လဲ.."

"အပွန်း..ပြောပြတာပါ အာစရိက တောရောက်လမ်းဖောက်အလုပ်တွေနဲ့ တောမှာပဲအချိန်ကုန်နေတာများတော့ မြို့ကိုတစ်ချက်တစ်လေ မျက်ခြေပြတ်သွားတာမျိုး ဖြစ်မှာစိုးလို့.."

"ငါကတော့ မစိုးရိမ်ပါဘူး..ငါတို့ကိုကြီးက သူ့လက်နဲ့ထိရင် ရွှေဖြစ်တဲ့လူ၊ အဲ့ဒီကုမ္ပဏီတစ်ခုလုံး ဘဝပြောင်းသွားအောင် လုပ်နိုင်တယ်ဆိုတာ လုံးဝယုံတယ်.."

ဖော်ဂျီနဲ့ထိန်လင်းစကားကြောင့်ပြုံးမိရင်း ဖုန်းထုတ်လိုက်ကာ အပြင်ထွက်လာခဲ့သည်။ တိုင်းမ်လိုင်း လုပ်ငန်းစုလေးရဲ့ရုံးခန်းက အနီးဝန်းကျင်က အဆောက်အဦးတွေရဲ့ အမြင့်ပိုင်းမှာရှိကာ ခြံဝထိဆင်းနေသော လေ့ကားထစ်လေးတွေက မြက်ခင်းစိမ်းစိမ်းတို့ အလယ်မှာ ကနကမာရောင် ကျောက်ပြားတွေနှင့် တင့်တယ်လှပနေ၏။

ကြိုးက ဖုန်းခေါ်ရင်း ကော်ရစ်ဒါမှာလက်ထောက်ရပ်နေလျက်.. ၊

"အေး..လမ်းဖွင့်ပွဲအတွက် ငါပြောတဲ့ရက်မှာ အပြီးစီစဉ်နော်.."

"................ ......"

"နေဦး..ဂိတ်မှာထားဖို့ ဗီနိုင်းတွေ ရောက်လာမှအဲ့ဒါလုပ်မှာ.."

"............. ........"

"ဘယ်လို..ပြန်ပြော.."

"ဟုတ်တယ်လေ..Time Line Express တွေချည်းချပေးမှာ..အဝေးလိုင်းအတွက် တိုးဖို့မဟုတ်ဘူး ပူတာအိုစီမံကိန်းအတွက်ပဲ..နေဦး မင်းနာမည် ပြောစမ်းပါ.."

"............. ........"

"အင်း..မင်းက လူသစ်ထင်တယ်..အဲ့ဒီမှာ တီကွေးတို့သုံးယောက်ကို မင်းမသိတာမေး.."

"............ ............."

"ဟုတ်တယ်..သူတို့က ပရော့ဂျက်တစ်ခုလုံးကို သိပြီးသား မင်းတို့ကို ဂိတ်ထဲမှာပဲတာဝန်ပေးမှာမို့လို့ အသစ်နဲ့အဟောင်းရောထည့်လိုက်တာ.."

ဖုန်းပြောနေတုန်း အတင်းခေါ်နေတာဖုန်းကြောင့် စိတ်အနှောက်အယှက်ဖြစ်ရကာ.. ၊



www.burmeseclassic.com

www.burmeseclassic.com



"ဟာလို.."

"တိုင်းမ်လိုင်းလုပ်ငန်းစုရဲ့ အကြီးအကဲဦးအဒန့်လာ ဟုတ်ပါတယ်နော်.."

"ဟုတ်ပါတယ်..ဘာအကြောင်းများ ရှိလို့ပါလဲ.."

"ဩော်..ကျွန်တော်က အီရာမိုကုမ္ပဏီက ဦးတင်ထွတ်အောင်ပါခင်ဗျာ.."

"ဟုတ်ကဲ့.."

""ဒီလိုပါ ကျွန်တော်တို့လုပ်ငန်းကိစ္စလေး ဆွေးနွေးဖို့ပြောထားတာလေ..အဲ့ဒါ ကျွန်တော်တို့ကလည်း အကျိုးတူပူးပေါင်းဖို့အတွက် အသင့်ရှိနေတယ်လို့ အကြောင်းပြန်တာပါ.."

"ဩော်..ကောင်းတာပေါ့ဗျာ၊ ကျွန်တော်တို့ကလည်း ပြန်လည်ထူထောင်ရေးတွေကိုပဲ စိတ်ဝင်စားလို့ပါ.."

"ခင်ဗျာ.."

"ဦးတင်ထွတ်အောင်တို့ ကုမ္ပဏီရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို သိနေလို့ ဆိုပါတော့.."

ဟိုဘက်က အသံရုတ်တရက်ထွက်မလာသဖြင့် သူပြုံးလိုက်မိကာ..၊

"စိတ်မပူပါနဲ့..အဲ့ဒီကိစ္စကို ကျွန်တော်လိုလားလို့ ကမ်းလှမ်းခဲ့တာပါ၊ ဒါပေမယ့် လောလောဆယ်တော့ အချိန်မရသေးဘူးဗျာ.."

"ဟာရပါတယ်..ရပါတယ် သေချာတယ်ဆိုရင်ပဲကျေနပ်ပါပြီ၊ ကျွန်တော်တို့ ဆွေးနွေးဖို့တော့ ဦးအဒန့်လာ အဆင်ပြေတဲ့နေ့မှပဲလုပ်ကြတာပေါ့..အဟွန်း စကားချို ကလည်း ပြောနေလို့လေ သူ့မိတ်ဆွေ ဘယ်လိုအရည်အချင်းရှိပြီး တော်တဲ့အကြောင်း.."

"ဟုတ်လား..သင့်နှိမ်ယူဗျာ.."

ပြောလို့ပြီးတဲ့အထိ ကြိုးရဲ့နှုတ်ခမ်းမှာပြုံးရိပ်ထင်နေဆဲ..၊

ဩော် လူတွေ ရယ်တော့ရယ်ရသား..၊ အဒန့်လာဆိုတာ စကားက ဘယ်လိုလုပ် သိမှာမို့လို့လဲ..၊

ဖ ၈၀ ၈၀ ဖ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၉)

"ရှင် အဒန့်လာ..ဟုတ်လား.."

စကား အံ့သြသွားကာ သူဌေးဇနီးမောင်နှံကို နားမလည်သလိုကြည့်မိကာ..၊

"ဟင့်အင်း..စကား အဲ့ဒီနာမည်ကို ကြားတောင်မကြားဖူးဘူး.."

သူတို့လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြကာ ပြုံးနေတာတွေလည်း ပျောက်၏။ ပြီးမှ စကားကိုပြန်ကြည့်၍..၊

"သူကတော့ မင်းကိုတော်တော်ရင်းနှီးတဲ့ပုံပဲ.."

"ငါတို့ကုမ္ပဏီ ဒီနှစ်နှစ်ဆက်တိုက် မိုင်းနက်စ်ပြနေတာတွေ မင်းပြောပြခဲ့တာ မဟုတ်ဘူးလား.."

"အို မဟုတ်ပါဘူး..အန်တီမမကလည်း စကားကိုအလုပ်ဖြုတ်မယ်ဆိုတာနဲ့ ဒီလိုလုပ်စရာလား ခုလည်းစကားက အလုပ်ဖြုတ်လိုက်ပြီဆိုပြီး အေးဆေးနေတာပါ.. သူဌေးတို့က ခေါ်လို့လာခဲ့တာ.."

"ဟုတ်ပြီ..ခဏလေး.."



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်ထွတ်အောင်က လက်ကာလိုက်ပြီး..။

"မင်းက ပြောခဲ့တယ်ဆိုရင်တောင် သူကအင်အားကြီးတဲ့သူမို့လို့ ကုမ္ပဏီအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေချင်တဲ့ စေတနာနဲ့ပဲလို့ အန်ကယ်လ်တို့က နားလည်ထားတာပါ.."

အဲ့ဒီလိုချော်လဲရောထိုင်လိုက်ပြီး ကျေးဇူးတင်ခံတာမျိုးလည်း သူမ မလုပ်လိုပေ၊ ထို့ကြောင့် ခေါင်းခါလိုက်မိရင်း..။

"စကားကို မန်နေဂျာဖုန်းဆက်လိုက်တည်းက အလုပ်ကိုရော ကုမ္ပဏီကကိစ္စတွေရော စကားအားလုံးကို မေ့ထားခဲ့တာ အဲ့ဒီဦးအဒန့်လာကို တကယ်မသိဘူး..သိရင်လည်း အဲ့ဒါတွေပြောပြမိမှာ မဟုတ်ပါဘူး.."

သူတို့တွေ စားပွဲနောက်ကနေသက်ပြင်းကိုယ်စီချလိုက်ကြရင်း..။

"ဟုတ်ပြီ..သမီးသူ့ကို မသိဘူးပဲထားလိုက်ပါတော့ သူကသမီးရှိနေတဲ့ ကုမ္ပဏီမို့လို့ သတိမထားမိခဲ့တဲ့စကားမျိုးပြောနေတာ အလုပ်လုပ်ကြဖို့ ကမ်းလှမ်းလာတာလည်း.."

"အဲ့ဒါက ပိုပြီးမဖြစ်နိုင်တာ..စကား ဘယ်ယောက်ျားနဲ့မှ အဲ့လောက်ထိ မရင်းနှီးခဲ့ဖူးဘူး..အထူးသဖြင့် လုပ်ငန်းရှင်တွေနဲ့.."

"အန်တီပြောမယ်..ဒီမှာ.."

သူဌေးရဲ့ဇနီးဒေါ်နီလာက ကုမ္ပဏီကိုအလာနည်းသည်။ ထို့ပြင် ဘယ်ဝန်ထမ်းကိုဖြစ်ဖြစ် နူးညံ့ညင်သာစွာ ပြောဆိုဆက်ဆံတယ်ဆိုတာမရှိခဲ့..။

"အခု မင်းကသူ့ကိုသိသွားပြီပဲထားလိုက်တော့..ကိုယ်အလုပ်လုပ်ခဲ့တဲ့ ကုမ္ပဏီအတွက် ကူညီတယ်လို့ သဘောထားတာဖြစ်ဖြစ်ပေ့ါ..ဒီကုမ္ပဏီပြန်နလံထူတာနိုင်ဖို့က တိုင်းမ်လိုင်းလိုအင်အားကြီးတဲ့ ရှယ်ယာရှင်လိုအပ်တယ်..ခုလိုအချိန်မျိုးမှာ ဘယ်လိုစီးပွားရေးသမားကမှလည်း အရှုံးပေါ်နေတဲ့ကုမ္ပဏီ ကို ရှယ်ယာဝင်ချင်မှာမဟုတ်ဘူး.."

သူမက စကားခဏရပ်လိုက်ပြီးမှ..။

"အဲ့ဒါကြောင့် သူ့ကိုလက်လွှတ်ခံလို့မဖြစ်ဘူး..ဒါကြောင့်ပဲ မင်းကိုအလုပ်ပြန်ခန့်ဖို့ ခေါ်လိုက်တာ.."

"စကားကတော့.."

"မင်းလက်ခံမယ်လို့ ယုံကြည်ခဲ့တာပဲ..ဒါပေမယ့် လက်ခံချင်မှခံမယ်လို့လည်း တွက်မိပါတယ်၊ ရှင်းရှင်းပြောရရင်တော့ ကူညီပါလို့ပြောချင်တာ..မင်းအလုပ်ပြန်မလုပ်



www.burmeseclassic.com

www.burmeseclassic.com



ချင်တော့ဘူးဆိုရင်တောင် အနည်းဆုံးခြောက်လတော့ ပြန်လုပ်ပေးပါ..မင်းကိုပေးခဲ့တဲ့ လစာကို တစ်သိန်းထပ်တိုးပေးမယ်.."

"ဒီလိုကွာ..သမီးက ဆက်လုပ်သွားမယ်ဆိုလည်း တိုးပြီးလစာအတိုင်းပဲ ဆက်လုပ်နိုင်ပါတယ်.."

"စကားကလည်းမသိ..သူကလည်း နာမည်တူတစ်ယောက်နဲ့မှားတာဆိုရင်ရော"

"အဲ့ဒါ မင်းတွေးဖို့မလိုပါဘူး..၊ စကားချို ဒီကုမ္ပဏီမှာရှိနေတယ်လို့ တို့ကပြောခဲ့မိတဲ့အတွက် စကားချိုရှိနေဖို့ပဲ..သူသိတဲ့စကားချို ဟုတ်ဟုတ်မဟုတ်ဟုတ် အကယ်၍ သူလက်မတွဲတော့ဘူးဆိုရင်တောင် အန်တီတို့က မရှိတာကို အရှိလုပ်ပြောခဲ့သလို မဖြစ်ချင်ဘူးလေ.."

စကားဘက်က လစာတိုးမယ့်အပြင် အလုပ်အကိုင်မပျက်လေး ပြန်ရှိမည့်အဖြစ်က ဝမ်းသာစရာပါ၊ ဒါပေမယ့် စိုးရိမ်နေမိသည်က ဦးအဒန့်လာဆိုတာ သာယာဖြစ်နေမလားလို့ တွေးမိလိုက်ခြင်းကြောင့်..၊

"သူ့ဌေးကို ကျွန်မတစ်ခုမေးလို့ရမလား.."

"အင်း မေးလေ..ဘာလဲ.."

"ဦးအဒန့်လာဆိုတာ ဘာလူမျိုးလဲဟင်..သူ သူ့ပုံစံက ဘယ်လိုမျိုးလဲ စကား သိနေတဲ့လူ ဖြစ်နေမလားလို့ပါ.."

လင်မယားနှစ်ယောက်စလုံး အိုးတို့အမ်းတမ်းဖြစ်သွားကြသည်။ ပြီးမှ..၊

"အဲ့ဒီသူဌေးက ကိုယ်တိုင်ဆက်သွယ်တာမဟုတ်ဘူး..သူ့ကိုယ်စားလှယ်နဲ့ အတွင်းရေးမှူးပဲလာတာ၊ သူက မင်းကိုသိနေတယ်ဆိုတော့ လူကြီးပိုင်း မဟုတ်လောက်ဘူးလို့တော့ ထင်တယ်..နောက်တစ်ချက်က သူ့ကိုယ်စားလှယ်ကလည်း လူငယ်ပိုင်းပဲဆိုတော့.."

"ဟုတ်တယ်..အလွန်ဆုံးရှိရင် လူလတ်ပိုင်းလောက်ပေါ့.."

စကား အလုပ်လုပ်ဖို့ ပြန်လက်ခံလိုက်သည်။ ဒေါ်ဒေါ်တို့လည်း ဝမ်းသာသွားမှာပါ၊ ထို့ပြင် ကိုယ့်ရဲ့လေလွင့်ချင်နေတဲ့စိတ်ကိုလည်း အလုပ်ပေးထားချင်၏။ စိုးရိမ်နေမိတာ တစ်ခုပဲရှိသည်။

ဒါတွေ သာယာလုပ်နေတာဆိုလျှင်..၊

"တီ.."



www.burmeseclassic.com

www.burmeseclassic.com



"အမေ့.."

ခြေလှမ်းတွေနှေးကွေးလေးလံစွာနှင့် ငေးနေတုန်း အနားကပ်တီး လိုက်သည့် ဟွန်းသံကြောင့် စကားလိုတာထက် ပိုရှိလန့်သွားကာ ဒေါသလည်း ထွက်သွား၏။

သို့သော်..၊

"ဟိတ်..လာလေ ကားပေါ်တက်.."

သာယာ..၊

တောမှာတွေတုန်းကထက် ပိုရှိဝင်းစိုချောမောနေသည့်မျက်နှာက အထက်စီး ဆန်သော အကြည့်စူးစူးတို့နှင့်..၊

"လှတယ်ကွာ..ကိုယ်မင်းကို ဟိုဘက်လမ်းကြောကနေ လှမ်းမြင်လိုက်တည်းက တက်ပြန်ခေါက်ဖို့စောင့်ရင်း အသည်းတွေယားနေတာ.."

စကားပြောနေရင်း လူတစ်ကိုယ်လုံးကိုကြည့်တာ စေ့စေ့စပ်စပ်..၊

စကားက ကိုယ်ကပ်အင်္ကျီတွေဖြစ်ဖြစ် ဂါဝန်အကပ်အပွ တော်တော်များများမှာ ခါးပတ်လေးတွေနဲ့ ဝတ်တာများသည်။ ထိုအခါ သေးကျဉ်သောခါးအလှနှင့် တင်းပြည့် သော ကိုယ်ခန္ဓာက ကောက်ကြောင်းဆွဲထားသလို ထင်းနေတတ်၏။

ခုလည်း ရွှေအိုရောင်လက်ရှည်ခါးရှည် အသားပျော့လေးကို ငွေရောင်နှစ်တန်း သွားခါးပတ်ပြားလေးနှင့် ချိတ်ထား၏။ ကျိုးကျဘောင်းဘီရှားညိုရောင်လေးမှာ ခြေသလုံး သားလေးတွေက ခြေချောင်းလေးတွေထိ နူးမွတ်ဝင်းထိန်နေ လေသည်။

"မင်းကိုမြင်လိုက်ရရင်တော့ အမောပြေသွားမှာပဲဆိုတာကိုယ်သိတယ်..အဲ့ဒါ ကြောင့် မတွေ့မချင်း စောင့်မယ်ဆိုပြီး မင်းအိမ်နဲ့မင်းလုပ်တဲ့ကုမ္ပဏီထိ ခေါက်တုံ့ခေါက်ပြန် ပတ်နေတာ တစ်နေ့ဘယ်နှစ်ခေါက်တောင်လဲ သိလား.."

ကားကိုဘီးလိမ့်ရုံလေး ကပ်လိုက်နေသဖြင့် နောက်ကားတွေက အချက်ပြပြီး ကျော်တက်ကုန်ကြ၏။

"ဟိတ်..လာလေကွာ သူစိမ်းတွေကျနေတာပဲ ဘာတွေစဉ်းစားနေတာလဲ.."

"ရှင်ကရော အိမ်ကိုလာလို့ရရဲ့သားနဲ့..အပြင်ကနေ သူခိုးဂျပိုးလို ပတ်ချောင်းနေ တာ ဘာအကြံတွေနဲ့လဲ.."

"ဟား ဟား ဟား.."

ရယ်ပုံကိုက လူကိုဟာသတစ်ခုလို..၊



www.burmeseclassic.com

ww.burmeseclassic.com



"မင်းနဲ့စကားပြောဖို့အတွက် စည်းတစ်ခုထဲကိုခေါင်းလျှိုဝင်ပြီး ထိန်းချုပ်တဲ့ မျက်လုံးတွေအောက်မှာ မိကောင်းဖခင်သားသမီး ပီသပြရမယ်..မင်းရဲ့ ဘာကြောင့်မှန်း မသိဘဲ အထာတွေထပြနေတာကို ချော့မော့ဖျောင်းဖျပြီး..ဟုတ်လား.."

"ရှင် သူများတကာကို အထင်မြင်သေးဖို့ဆို စကားတွေသိပ်တတ်တယ်နော်.."

"မင်းသင်ပေးတာတွေပါ..ကဲပါ တက်ပါကွာ၊ မင်းအလိုမတူဘဲ ကိုယ်မင်းကို လက်ဖျားနဲ့မထိဘူး..ကတိပေးတယ်.."

"မလိုက်ဘူး.. အခု အလုပ်ကိစ္စအဆင်မပြေလို့ စကားစိတ်ရှုပ်နေတယ်..ရှင်နဲ့ ဆက်ပြောစရာလည်း ဘာမှမရှိဘူး.."

"ဂျိမ်း.."

ကားရပ်လို့ရသည့်နေရာရောက်သည်နှင့် သာယာက ကားထဲကဆင်းချလာကာ..၊

"ဘယ်လိုအထာတွေခင်းနေတာလဲ စကားချို..မင်းငါ့ကိုလိုလားနေတုန်းကတော့ ချူပါယူပါဆိုတဲ့ ရေလာမြောင်းပေး.."

"လျှောက်ပြောမနေနဲ့.."

"မင်းကိုတည့်တည့်ကြည့်ပြောနေတာ.."

"ဒါဆို ရှင်ကန်းနေပြီ..မဟုတ်ရင်လည်း ရှင်အစတည်းကိုက ရူးနေတာ.."

"ဘာပြောတယ်.."

"ရှင့်ကိုကျွန်မနဲ့ ရေးရေစက်ပါနေတဲ့လူပဲလို့ သတ်မှတ်ခဲ့မိတယ်..ပြီးတော့ အမွေတွေဆက်ခံရမယ့်သူမို့လို့ အထင်တကြီးဖြစ်ခဲ့တာလည်းမှန်တယ်..ဒါပေမယ့် အဲ့ဒါတွေက ရှင့်အကြောင်းမသိခင်က.."

"အခု သိသွားတာလား..မြန်လှချေလား ယောက်ျားတစ်ယောက်ကို နှစ်ဆယ့် လေးနာရီမပြည့်ခင် ကောင်းသလားဆိုးသလား အကဲဖြတ်နိုင်တယ်နော်..ပြောပါဦး ဘယ် လိုနည်းနဲ့လဲ.."

မေးသည့်စကားအဓိပ္ပါယ်ကြောင့် သူမပါးပြင်လေးတွေ ရဲတွတ်သွားသည်။

သို့သော် စကားလက်သီးလေးဆုပ်ထားမိကာ..၊

"အဲ့ဒါ ရှင့်ကိုယ်ရှင် ပြန်မေးလေ..မိန်းကလေးတစ်ယောက်ကို ဘယ်လိုအကဲခတ် ပြီး အခွင့်အရေးယူဖို့ ကြိုးစားတာလဲ.."

"မင်းလည်း ငါ့ဆီကလိုချင်တာရှိလို့ အရေးပေးနေခဲ့တာပဲ.."

www.burmeseclassic.com



"အဲ့ဒါ ရှင်နဲ့လက်ထပ်ဖြစ်ချင်တာ..သူဌေးရဲ့ဇနီးဖြစ်ချင်တဲ့စိတ်ကြောင့် ကျားပါးစပ်ထဲကို လက်ထည့်ပေးဖို့စိတ်ကူးခဲ့မိတာ..ရှင့်စိတ်တွေကတော့ မိန်းကလေးတစ်ယောက်ကို သာယာချင်တာတစ်ခုကလွဲရင် ဘာမှမရှိခဲ့ဘူး.."

"အဲ့ဒါရော ဘယ်လိုလုပ်ပြောနိုင်တာလဲ..ငါ့စိတ်ထဲအတွေးအထားထိထိ ဘယ်လိုသိသွားတာလဲ ပြောစမ်းပါ.."

"ရှင်ထဲထိသိဖို့မလိုဘူး..ရှင့်ရဲ့ကိုယ်နှုတ်အမူအရာ အပြောအဆိုတွေမှာ ပေါ်နေတာ၊ စကားကိုရှင်လိုချင်တာလည်း စကားရဲ့အလှအပတွေကိုပါ..ရှင့်မှာ ချစ်တတ်တဲ့စိတ်ရှိဖို့မပြောနဲ့ လမ်းခရီးကြမ်းမှာတောင် မိန်းမတစ်ယောက်ကို ဦးစားပေးဂရုစိုက်ရမှန်းမသိဘူး..စိတ်တိုင်းမကျလာရင် အော်မယ်ငေါက်မယ်..အရေးကြုံလာရင် ရှေ့ကပြေးမယ်.."

"သြော်သြော်..လက်စသတ်တော့ မင်းက ကြိုးဆိုတဲ့လမ်းပြကောင်ကို အထင်တကြီးရှိခဲ့တာကိုး..ဟား ဟား ဟား ဟား.."

"ဟုတ်တယ်..ယောက်ျားကောင်းတစ်ယောက်ဖြစ်ဖို့အတွက် ချောဖို့မလိုဘူး၊ သူနဲ့အတူ ချမ်းသာကြွယ်ဝခြင်းတွေ ပါလာဖို့လည်းမလိုဘူး..အဲ့ဒီလိုလူကမှ အားကိုးထိုက်တဲ့ယောက်ျားဆိုတာ စကားသေချာသိသွားတာ..မရှင်းတာ ဘာရှိသေးလဲ.."

သာယာ့မျက်နှာက ဖြူလိုက်နီလိုက်ဖြစ်နေခဲ့လျက် စမတ်ကျကျတပ်ထားသည့်မျက်မှန်ကိုချွတ်ပစ်လိုက်ပြီး စကားကိုစူးစူးရဲရဲကြည့်သည်။ စကားလုံးတို့ တိတ်ဆိတ်သွားခဲ့ပြီး ခဏကြာအောင် စူးစိုက်ကြည့်နေရင်း..၊

"မင်းတော်တော် ပြောင်းလဲသွားတာပဲစကားချို..အဲ့ဒီတော့ ငါ့ပြောင်းလဲသွားတာလည်း ငါ့ကိုယ်ငါမအံ့သြတော့ပါဘူး၊ ဒါပေမယ့် မင်းကိုတစ်ခုထပ်မေးမယ်..မင်းကိုအစကငါလုံးဝအထင်သေးခဲ့တာ လက်ထပ်ဖို့လည်း စိတ်ကူးမရှိခဲ့ဘူး..အခု လက်ထပ်ချင်လာတော့လည်း မင်းကလက်မခံဘူး..အဲ့ဒီတော့.."

သူက ရှေ့ထပ်တိုးပြီးမှ ပခုံးတွန့်မဲ့လိုက်၏။

"မင်းငါ့ကို လက်ထပ်စရာမလိုဘဲ ငါ့ပိုင်ဆိုင်မှုထဲက အမွေတစ်ဝက် မင်းကိုပေးမယ်..ဒါပေမယ့် အခုငါနဲ့လိုက်ခဲ့ရမယ် ဘယ်လိုလဲ.."

"ဘာ.."

"ဒေါသတွေပြမနေစမ်းပါနဲ့..မင်းငါ့နားကပ်နေတည်းက ချမ်းသာဖို့အတွက်ဆိုတာဖြစ်ဖြစ်.."



www.burmeseclassic.com

ww.burmeseclassic.com



"ဖြန်း..."

သာယာ့မျက်နှာဘေးတိုက် ငိုက်ဆင်းသွားသည်။ ရက်ဒေါ်သတို့နှင့် ချက်ချင်း ပြန်လှည့်လိုက်လျှင်..၊

"ဖြန်း..."

နောက်ထပ် ပါးတစ်ဖက်မီးလောင်သလို ပြင်းရှနာကျင်သွားခဲ့၏။

"မင်းက..တောက်.."

"လုပ်လေ..ငါ့ကိုထိကြည့်စမ်း လူယုတ်မာတိရစ္ဆာန် လူကိုဘယ်လိုအစား အောက်မေ့နေသလဲ.."

စကားဒေါ်သတွေ ထိန်းမရဖြစ်လာကာ လွယ်ထားသည့်အိတ်ကိုဖြုတ်၍ သာယာ့ကိုလွှဲရိုက်တော့သည်။ လမ်းမဘေးမှာမို့ ရုတ်ရုတ်သဲသဲဖြစ်ပြီဆိုတာနှင့် လူတွေဝိုင်းအုံလာကြ၏။

သာယာဒေါ်သကြောင့် အံတကျိုကျိုကြိတ်သည်။ လူတွေပိုများမလာခင် ကားဘောနက်ကို လက်သီးဆုပ်နှင့်ထိုးချလိုက်၏။ ပြီးမှ ကားထဲဝင်ပြီး မောင်းထွက်သွားခဲ့၏။

သွားလာနေကြသည့်ကားတစ်ချို့ အရှိန်တွေတန့်၍ လှမ်းကြည့်သွား ကြသည်။ သူထွက်သွားတော့ စကားကပဲ ကြည့်စရာအရုပ်လိုဖြစ်နေခဲ့လျက်..၊

"ညီမ တက္ကစီလိုသေးလား.."

လူတွေ ဟိုမေးဒီမေးဝိုင်းဝန်းဖေးမနေသည့်ကြားမှာ စကားဘာလုပ်ရမှန်း မသိဖြစ်နေစဉ် တက္ကစီတစ်စီးက လက်ထောင်ပြပြီးမေးနေသဖြင့် ဘာမှစဉ်းစားမနေတော့ဘဲ ပြေးတက်လိုက်သည်။

ကားထဲရောက်သည်နှင့် မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလာခဲ့သည်။

"လက်ထပ်စရာမလိုဘူး..အမွေတစ်ဝက်ပေးမယ်.."

"အခု ငါနဲ့လိုက်ခဲ့ရမယ်.."

"တောက်.."

တက်ခေါက်ရင်း ငိုရင်းနှင့်နပ်ကျလာတော့ ကိုယ့်အိတ်ထဲက တစ်ရှူးထုတ်လိုက်ရင်း တစ်ယောက်သူကိုသတိရသွားမိ၏။ စကားငိုနေချိန်မှာတောင် ဘာလိုနေပြီကို သူသိနေသည်။ လမ်းမှာဒုက္ခရောက်နေတတ်တိုင်း သူပဲအဆင်ပြေအောင် ဖန်တီးပေးခဲ့တာ၊ အခု စကားအရင်လိုမဟုတ်တော့ပါဘူးဆိုကာမှ သူကမရှိတော့ပေ..၊



www.burmeseclassic.com

www.burmeseclassic.com


ဘယ်သူတွေဘယ်လိုပဲ ကဲ့ရဲ့ပါစေ၊ စကားသူ့ကိုချစ်ခဲ့မိသည်။ နောက်ထပ်တွေချင်နေသည်။ ခဏတာ ဆုံဆည်းခဲ့ရပေမယ့် ဖျောက်ဖျက်ဖို့ မလွယ်တော့သည့် ရွှံလမ်းခြင်းက နှလုံးသားမှာသေရာပါနိုင်၏။

စကားမျက်ရည်တွေ ပိုပြီးအားကောင်းလာကြသည်။ ကားကိုဘာမှမပြောဘဲ တက်စီးလာခဲ့မိတာလည်း သတိမရဘဲ ငိုလို့အားရမှ ကြည့်လိုက်တော့ ကိုယ့်အိမ်ပြန်လမ်းဘက်ကိုပဲ ဦးတည်နေကာ..၊

"ညီမကိုမေးရမှာ အားနာလို့ဒီတိုင်းပတ်မောင်းနေတာ..ပြောလေ ဘယ်ကိုမောင်းရမလဲ.."

သူ့မမျက်နှာမော့လာတာမြင်မှ မေးတော့ခေါင်းညိတ်ရင်း အိမ်လိပ်စာပြောပြလိုက်သည်။

"ဩော်..ဒါဆိုနီးတောင်နီးနေပြီပဲ တော်သေးတယ်.."

စကား နောက်ထပ်မပြောဖြစ်တော့ဘဲ အိမ်ရောက်ခါနီးမှ မျက်နှာတစ်ပြင်လုံးကိုပွတ်သုတ်၍ မျက်ရည်တွေခြောက်သွေ့စေလိုက်သည်။ ငိုခြင်းကို ရပ်တန့်လိုက်ချိန်မှာ သူ့ပါးကိုရိုက်ပစ်ခဲ့သည့် လက်ဖဝါးတွေအဆမတန် နာကျင်နေတာကို သတိရသွားသည်။

ကြည့်လိုက်တော့ လက်ဖဝါးပြင်နှစ်ဖက်လုံးက ဆေးနီစွန်းထားသည့်အတိုင်း..၊

"ကျွတ် ကျွတ်..သေပါပြီ.."

သူဘယ်လောက်နာသွားမည်ကို မတွေးမိဘဲ ဒီလက်ဖဝါးတွေကြာလာရင်ယောင်လာဦးမှာကိုတွေးမိကာ စိတ်ညစ်သွားမိ၏။ တစ်ခုခုကြောင့် လက်တွေနာကျင်ရပြီဆို ဘာပစ္စည်းမဆုပ်နိုင် မကိုင်နိုင်ဖြစ်ရသည့်ပြင် ထမင်းစားဖို့ ဇွန်းမကိုင်နိုင်တာအဆိုးဆုံး..၊

"ရပြီ..ရပြီ.."

အိမ်ရှေ့ရောက်လာတော့ ကုန်စုံဆိုင်ဘက်ကဝင်ရမှာမို့ မျက်တောင်တွေကိုမျက်ရည်စိုထားမှန်းမသိအောင် လက်ခုံလေးနဲ့ထပ်ကပ်မိသေးသည်။ ဆိုင်ထဲက ကောင်မလေးတွေ သတိထားမိသွားရင် ဟိုလိုဒီလိုထင်ကြမှာစိုးသောကြောင့်..၊

"ငွေနှင်းရေ..ညနေ ရန်ကုန်ပဲဆီက ဆီပုံးတွေလာချလိမ့်မယ် အရင်စာရင်းဟောင်းတွေ ပြင်ထားလိုက်ဦး.."

ဒေါ်ယုမေက ဆိုင်ထဲမှာကောင်မလေးတွေနဲ့ပြောနေတုန်းမို့ စကားပြန်ရောက်လာတာမြင်တော့ မျက်မှောင်ကုတ်သွားသည်။ ကိုယ့်ကလေးအကြောင်း ကိုယ့်သာအသိ


www.burmeseclassic.com

www.burmeseclassic.com



ဆုံး..။

စကားကို ငယ်စဉ်တောင်ချေးတည်းက မွေးခဲ့ရတာမဟုတ်ပေမယ့် ကိုယ့်ဝမ်းနဲ့ လွယ်မွေးရသလို ချစ်သည်။ သူမလေးမျက်နှာညိုတာနဲ့ ဘာကြောင့်ဆိုတာ ဒက်ခနဲသိတဲ့အထိ အရိပ်ဖမ်းနိုင်၏။

ကားပေါ်ကဆင်းလာသည့် စကားမျက်နှာကိုလှမ်းကြည့်လိုက်ပြီး စိတ်ထဲမှာထင့်သွားသည်။ စကားကလည်း ဒေါ်ယုမေကိုမြင်လိုက်တည်းက ဒေါ်ဒေါ်ရိပ်မိမှာပဲဆိုတာကို တွက်လိုက်မိကာ သူမဖြစ်ပျက်ခဲ့ခြင်းနှင့်ပတ်သက်၍ ဒေါ်ဒေါ်ဘာပြောမည်ကိုပါ တွေးနေမိခဲ့၏။

အိမ်ထဲရောက်သည်နှင့် ညှော်ခန်းမှာထိုင်ချလိုက်ကာ ပထမဆုံးလက် တွေကို တဆတ်ဆတ်ခါရင်း ညည်းညူလိုက်မိသည်။ ပြီးတော့ အသစ်စက်စက်ဖုန်းလေးကို ကိုယ်တင်ထားသည့်ပိုမှာ ဘာထူးခြားသလဲဆိုတာ အရင်ဖွင့်ကြည့်မိ၏။

တောလမ်းမှာချောင်းရေလျှံတုန်းက အိတ်ထဲမှာပါသမျှ ထွက်ကျကုန်တာ ခုနစ်သိန်းတန်ဟန်းဆက်လေးလည်း ပါသွားခဲ့၏။ ဒါပေမယ့် ဒေါ်ဒေါ်က အတော်အသင့်တန်သော ဖုန်းလေးတစ်လုံးချက်ချင်း ဝယ်ပေးရှာသည်။

ဒီဖုန်းထဲမှာ သူမအရင်ဆုံးတင်ခဲ့တာက တစ်ဖက်တည်းကျန်ရစ်ခဲ့သော သူမရဲ့ သစ်သားဖိနပ်လေးပဲဖြစ်၏။ ဖွင့်ကြည့်လိုက်တိုင်းလည်း လူတကာရဲ့ နားမလည်နိုင်သော မေးခွန်းတွေ ရယ်စရာဟာသလို နောက်ထားတာ တွေကလွဲပြီး သူမလိုချင်သည့် com-memt တစ်ကြောင်းလေးတောင်မပါ..။

ဘာမှမထူးခြားသေးသည့်ပိုစ့်ကို ငေးနေရင်း စိတ်ဆင်းရဲကြီးစွာ ခံစားနေမိ၏။ စကားကသာ ရှင့်ကိုတမ်းတမ်းစွဲကျန်ရစ်ခဲ့ပြီး ရှင်ကတော့ စကားကို ဆိုင်ကယ်လ်ပေါ်က ချပေးထားခဲ့တာနဲ့ အားလုံးကိုမေ့ပျောက်သွားခဲ့တာလား.. ။

"အ.."

"ဒေါက်.."

သတိလက်လွတ်ဖုန်းကို ဖိကိုင်လိုက်မိကာ လက်ကနာသွားသဖြင့် လွှတ်ကျသွား၏။

"အောင်မလေးစကားရယ်..လုပ်ပြန်ပြီ နောက်ဖုန်းတစ်လုံး.."

"ဘာမှမဖြစ်ပါဘူးဒေါ်ဒေါ်ကလည်း.."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယုမေတက်လာတာ မြင်လိုက်တော့လည်း ဖုန်းကိုကမန်းကတန်း ကောက်လိုက်မိကာ..။

"အား.."

"ဘာဖြစ်တာလဲ..လက်က.."

ဒေါ်ယုမေခြေလှမ်းတွေ ရီမှ(တ်)နဲ့ကျော်လိုက်သလို ချက်ချင်းအနားရောက်လာ၏။ ပြီးတော့ စကားရဲ့လက်ကိုဆွဲယူကြည့်လိုက်ပြီး..။

"အောင်မလေး..ယောင်နေတာ အသားတွေတောင်တင်းလို့ပါလား ဘာဖြစ်လာတာလဲ..ဘာဖြစ်လာတာလဲပြောစမ်း.."

"စကား ပါးရိုက်ခဲ့တာ.."

"ဟင် ပါးရိုက်ခဲ့တယ်..ကိုယ့်ကိုချစ်ရေးဆိုတာ ဒီလိုမတုံ့ပြန်ရဘူးလေ၊ ယောကျ်ားလေးတွေက ရက်ရမ်းရမ်းရင် ဘာကိုမှဂရုစိုက်တာမဟုတ်ဘူး..အန္တရာယ်ကြီးလိုက်တာအေ.."

"သူတို့ပဲရက်တတ်တာလားဒေါ်ဒေါ်ရဲ့..မိန်းကလေးကတော့ မရက်ရတော့ဘူးလား သူတို့ကိုကြောက်ပြီး ငြိမ်နေရမှာလား.."

"မဟုတ်ဘူးလေ.."

ဒေါ်ယုမေ ကိုင်ထားသည့်အိတ်ကို စားပွဲပေါ် ချထားခဲ့ပြီး ထုံးစံအတိုင်း စကားကို လိမ်းပေးဖို့ဆေးဘူးထယူ၏။

"တော်သေးတာပေါ့အေ..အိမ်ကိုရှောရှောရှူရှူပြန်ရောက်လာလို့ ကားထဲမှာလည်း ပစ္စည်းကျန်ခဲ့လိုက်သေးတယ်..တော်သေးတယ် ဒရိုင်ဘာက ပြန်လှည့်လာပြီး ရိုးရိုးသားသားပြန်လာပေးလို့.."

"ဘာလဲ..စကားမှာဘာပစ္စည်းမှမပါပါဘူး.."

"ဖြစ်ရတယ်စကားရယ်..ယောကျ်ားတစ်ယောက်ကို ထင်တိုင်းပါးရိုက်လာပြီး တယ်လောက်တောင်လန့်ဖျန့်လာသလဲမသိဘူး..၊ အဲ့ဒီမှာ သေချာကြည့်ဦး ကိုယ့်အထုပ်ကိုမှတ်မိအောင်.."

ဒေါ်ယုမေက အနားမှာပြန်ထိုင်ပြီး ဆေးဘူးဖွင့်ကာ..။

"ကဲ..လက်ပေးစမ်းပါ.."

စကားက ကတ္တူအိတ်လေးကိုလှမ်းဆွဲတော့ ဒေါ်ယုမေကလက်ကို ပြန်ဆွဲယူ



www.burmeseclassic.com

www.burmeseclassic.com



ကာ..။

"တာမှလည်းမကိုင်နိုင်ဘဲနဲ့..ဟိုလှမ်းဒီလှမ်း လုပ်မနေနဲ့ ဘယ်သူနဲ့ ဘာဖြစ်လာ တာလဲ..ဘယ်သူ့ကိုပါးရိုက်ခဲ့တာလဲ.."

"သာယာ.."

"ဟင်.."

"ဒေါက်.."

ဒေါ်ယုမေ အထိတ်တလန့်နှင့် ဆေးဘူးပါလွှတ်ကျ၏။ စကားက အိတ်ကိုလှမ်း ဆွဲယူကာ ဖွင့်မကြည့်နိုင်သောကြောင့် ဒီတိုင်း စားပွဲပေါ် သွန်ချလိုက်၏။ ပါးစပ်ကလည်း ဗျစ်တောက်ဗျစ်တောက်ပြောရင်း..။

"စကားအထုပ်မဟုတ်ပါဘူးဆို..တော်ကြာ ဥပဒေနဲ့မလွတ်ကင်းတာတွေ ကိုယ့် အိမ်ထဲလာပို့..ဟင်.."

အထဲမှာ ကတ္တီပုံးလေးနှင့် သပ်သပ်ထည့်ထားသောပစ္စည်းက သူမ သွန်ချ လိုက်တာနှင့် ဒေါင်လိုက်ကျပြီး ခပ်ဟဟာပွင့်သွား၏။

စကားမယုံနိုင်ပေ..။ ရုတ်တရက် ကြောင်တောင်တောင်လေး ဖြစ်သွားလျက်..။

"ဒါ..ဖိနပ် စကားဖိနပ်တစ်ဖက်.."

ကတုန်ကယင်လေးပြောမိရင်း ကတ္တီဘူးကိုဖွင့်ပစ်လိုက်မိသည်။ ထိုအခါ ချောင်းရေထဲ မျောသွားခဲ့သည့် သူမရဲ့ခုံမြင့်ဖိနပ်လေးနှင့် လိုင်းပေါ်တက်ပြီး ကျေညာထား ခဲ့သည့်တောထဲမှာ ကျွတ်ကျကျန်ခဲ့သော သစ်သားဖိနပ်လေးတစ်ဖက်..။

ဒါ..။

"ကြိုး.."

စကား သစ်သားဖိနပ်လေးကိုကိုင်ထားရင်း အိမ်ရှေ့ကိုပြေးထွက်ခဲ့သည်။ ပြီးတော့ ဟိုဘက်ဒီဘက်လိုက်ရှာကြည့်ရင်း လမ်းမကြီးဘက်ကို ပြေး ထွက်ခဲ့လေသည်။

တက္ကစီသမား လာပေးတာတဲ့..။

မဟုတ်ဘူး..။

အဲ့ဒီတက္ကစီသမားက ကြိုးရဲ့လူပဲ၊ လူတွေဝိုင်းနေတဲ့ကြားမှာ စကား ဒုက္ခရောက် နေတာမြင်လို့ သူလွှတ်လိုက်တဲ့တက္ကစီ..။

ရှင်..ရှင် စကားရဲ့ပတ်ဝန်းကျင်မှာရှိနေတာလား..။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလွန်းလို့ မျက်ရည်တောင်ဝဲ့လာခဲ့သည်။ သူမအတွက်ခက်ခဲသည့်အခြေအနေတွေကြုံရတိုင်း ဖြေရှင်းပေးသွားတတ်သူ..၊ စကားသူရင်ခွင်မှာ အမှတ်တမဲ့ခိုဝင်ခဲ့သမျှတိုင်း ထူးခြားသည့်နွေးထွေးလုံခြုံမှုကို ခံစားခဲ့ရသည်။

ဒါကြောင့် သူ့ကိုပဲသူမအလိုရှိနေခဲ့မိသည်။ သူ့အတွက် အမှတ်တမဲ့တွေ ဖြစ်နိုင်ပေမယ့် ကိုယ့်အတွက်အမှတ်တရတွေ ဖြစ်နေခဲ့သည်။ ဒီရင်ခွင်ကလွဲရင် စိန်စီရွှေနားနဲ့ မြနန်းတော်ကြီးဆောက်ထားပေးပါ့မယ်ဆိုရင်တောင် သူမ လုံခြုံမည်မထင်နိုင်တော့ပါ..၊

ရှင် ဘယ်မှာလဲ..၊

လမ်းမကြီးပေါ်ရောက်လာတော့ ဘယ်ညာလိုက်ရှာရင်း ဖိနပ်လေးကို ပြန်ကြည့်မိသည်။ ပြီးတော့ ရင်ဘက်မှာကပ်ဖိထားမိရင်း ငိုချင်လာ၏။

"ရှင် စကားကိုဂိမ်းတစ်ခုလို သဘောထားပြီးကစားနေတာတော့ မဟုတ်ဘူးမလား ကြိုးရယ်..ရှင်ဘယ်မှာလဲ.."

ဟိုဒီလိုက်ကြည့်ရင်း စိတ်ဒုံးဒုံးချကာ လမ်းတစ်ဖက်ကိုဆင်းကူးလာခဲ့သည်။ တစ်ဖက်မှာကားတွေက မီးပွိုင့်လွတ်လိုက်တာမို့ ဘယ်လိုမှဖြတ်ကူးလို့မရ..၊

မြို့ထဲပြန်မှာဆို ဟိုဘက်ခြမ်းကပြန်ရမှာဖြစ်သည်။ ထို့ကြောင့် သူမ လမ်းကူးပြီးဟိုဘက်ကနေ သွားစောင့်ရမည်။ "အထုပ်ကိုလာပေးသွားတာ ခဏကြာသွားပြီမို့ တွေ့ပါ့မလားလို့ စိုးရိမ်မိ၏။

ဒါပေမယ့် သူကိုယ်နဲ့မနီးမဝေးမှာ ရှိနေသည်လို့ ခံစားမိနေတာကိုလည်း ယုံကြည်ချင်၏။ ထို့ကြောင့် ကားတွေကြားထဲ ဖြတ်ကူးဖို့ချက်ချင်းဆုံးဖြတ်၍ အနည်းငယ် အဆက်ကြဲသွားသည့် ကားကြားထဲ ပြေးဝင်လိုက်သည်။

သို့သော် တက်လာသည့်ကားတစ်စီးကြောင့် မျက်လုံးထဲမှာ ပြာခနဲ ဖြစ်သွား၏။ သူမတစ်ကိုယ်လုံး ဒီကားအရှိန်နှင့် မြောက်တက်လွင့်ပါသွားပြီးဟု တွက်လိုက်မိစဉ် နောက်ကနေ တစ်စုံတစ်ယောက်က စောင့်ဆွဲလိုက်ပြီး..၊

"နည်းနည်းပါးပါး ခေါင်းလေးဘာလေးသုံး.."

ကြိုး..၊

ကျောကပ်လိုက်မိသည့်ရင်ခွင်သည် ကြိုးဆိုတာသိလိုက်သည်နှင့် စကား ချာခနဲလှည့်ကြည့်လိုက်မိကာ..၊

"ရှင်.."



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကိုမြင်လိုက်သည်နှင့်စကားအရာအားလုံးကို သတိမရတော့ဘဲ ရင်ခွင်ထဲတိုးဝင်ကာ တအားဖက်ထားလိုက်မိသည်။

"ဟော့..လွှတ်လေ လမ်းလယ်ခေါင်မှာ.."

သူ့အသံက ရှက်နေသည့်အသံမျိုးဖြစ်ကာ စကားရဲ့လက်တွေကို ခွာချလိုက်ပြီး လက်လေးတစ်ဖက်ကိုဆွဲ၏။ ပြီးတော့ လမ်းတစ်ဖက်ကို ဆွဲခေါ်လာခဲ့ရင်း..၊

ဒါတောင် စကား ဖြောင့်ဖြောင့်မလိုက်နိုင်ဘဲ သူ့မျက်နှာကိုမော့ကြည့်ရင်း ခလုတ်တိုက်လိုတိုက်..၊

"ကြိုး..စကား..စကားရှင့်ကိုရှာနေတာသိလား.."

"သိတယ်.."

"ရှင်ကရော.."

"ဘာလို့ရှာရမှာလဲ.."

ပလက်ဖောင်းပေါ်မှာ စကားရဲ့လက်လေးကိုဆွဲ၍ ဒီတိုင်းဆက် လျှောက်နေပုံက အတော်ဆိုးသည့်ညီမတစ်ယောက်ကို လိုက်ရှာခေါ်လာခဲ့သော အစ်ကိုကြီး စတိုင်လ်မျိုး..၊

"ကြိုး..ခဏရပ်ဦး.."

"ဘာအတွက်လဲ..လမ်းဘေးမှာ.."

"ရှင့်ကိုမေးချင်တာတွေရှိ.."

"မမေးနဲ့.."

"အို မရဘူး..မေးမှာပဲ စကားသိချင်တယ်..ခုပဲမေးမယ် လွှတ်ဆိုနော်.."

လက်ကိုရုန်းရင်း ယီးလေးခိုတော့မလို ခြေကန်ထားကာမှ ကြိုးကခြေလှမ်းရပ်သည်။ လူရှုပ်ရှုပ်ထဲမှာ ဒီမိန်းကလေး မဆင်မခြင်တွေပြောတတ် လုပ်တတ်တာတွေကြောင့်..၊

"ရှင်ခုန ဘယ်လိုဖြေလိုက်တာလဲ ပြန်ပြောစမ်းပါ..ရှင်နဲ့စကား ခဏပဲ တွေ့ကြပေမယ့် အရမ်းရင်းနှီးခဲ့တာမဟုတ်ဘူးလား..တစ်ယောက်အကြောင်းတစ်ယောက် နားလည်ခဲ့ကြတယ်မဟုတ်ဘူးလား.."

မေးနေရင်း လက်ကိုလည်းလွှဲခါပြီး ရုန်းနေမိသည်။ ကြိုးမလွှတ်ဘဲ ဒီတိုင်းကိုင်ထားပြီး စိုက်ကြည့်နေ၏။ စကားရဲ့ ကော့နက်သောမျက်တောင်လေးတွေက သူ့အား မျှော်လင့်တကြီးငုံ့လင့်နေသလို ယပ်တောင်သဖွယ် ဖြန့်ကပ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်လေးတွေက နဂိုတည်းက ပန်းနုရောင်ဖျော့ဖျော့လေး အမြဲရှိနေတတ် လျက် ဒေါသထွက်ပြီဆို ရဲတွတ်လာတတ်တာနှုတ်ခမ်းသားလေးတွေလည်း ဒီတိုင်းပင်..၊

"လူကိုဘာကြည့်နေတာလဲ..ရှင် စကားကိုလိုက်ကြည့်နေတာ စကားပတ်ဝန်း ကျင်မှာပဲ ရှင်ရှိနေတာ အဲ့ဒါတွေက ရှင်လည်းစကားကို.."

သူမ ဆက်မပြောတော့ တင်းတင်းစေ့နေသည့်ကြိုးရဲ့နှုတ်ခမ်းသားတွေက မဲ့တော့မလို ပြုံးတော့မလို စကားမျက်တောင်တွေတဖျတ်ဖျတ် ခတ် နေရင်း ကိုယ့်ကိုယ်ကို ဘာပြောမိမှန်းမသိသလို တိတ်နေလျှင်..၊

"ဆက်ပြောလေ.."

သူ့အကြည့်တွေကို အဓိပ္ပါယ်ရှာမရရင်း ပြောဖို့ကြိုးစားလေ ပြောလို့ မထွက် လေ..၊

ကြိုးက သူမကိုကြည့်နေရင်း ပတ်ဝန်းကျင်ဘက်ကို မျက်လုံးဝေ့သည်။ ပြီးမှပြန်လှည့်၍..၊

"မင်းကိုအမြင်မတော်တိုင်း ငါကူညီနေရတာပဲ..ဘာတွေစိတ်ကူးယဉ်နေတာ လဲ.."

ဟင်..၊

စကားမျက်လုံး ဖျန်းခနဲ ရဲတက်သွားသည်။ ရေနွေးငွေ့ဟပ်သွားသလို ပူနွေး သွားခြင်းက လူတစ်ကိုယ်လုံးကိုပါ သေးကြုံ့သွားသလို ခံစားလိုက်ရပြီး..၊

"ရှင် ဘယ်လိုပြောလိုက်တယ်.."

"မကြာသေးခင်ကမှ မင်းနဲ့သာယာပြဿနာတက်တယ်..အဲ့ဒါလမ်းဘေးမှာ၊ အခုငါနဲ့..ဒါလည်းလမ်းဘေးမှာပဲ..သူနဲ့ပြဿနာဖြစ်ရတာ ဘာကြောင့်လဲ.."

စကားကို မေးနေတာလား၊ ဆူနေတာလား..၊

သူ့ရဲ့မေးခွန်းတွေမှာ စကားဆွံ့အနေပြီဖြစ်၏။

"မင်းရဲ့ မဆင်မခြင်ပြောဆိုနေထိုင်မှုတွေကြောင့် ပြဿနာဖြစ်ရပြီဆိုရင် ယော ကျ်ားလေးမှာပဲ အပြစ်ရှိတာမဟုတ်ဘူး.."

ဘယ်လိုမှမျှော်လင့်မထားခဲ့သော ကြိုးဘက်ကတုံ့ပြန်မှုတွေမှာ စကား ဒေါသ မာနတွေပါ တဒင်္ဂပျောက်ဆုံးနေခဲ့၏။

"မင်းကိုသူ ဘာတွေပြောသွားသလဲငါမသိဘူး..ဒါပေမယ့် မင်းမဆင်ခြင်လို့ ဒီ



www.burmeseclassic.com

ww.burmeseclassic.com



တွေဖြစ်လာခဲ့တာ..ခုတစ်ခါ မင်းငါ့နောက်ကို ဆင်ကန်းတောတိုး ထွက်လိုက်လာတယ်.. မင်းတစ်ခုခုစွဲလမ်းပြီဆိုရင် မင်းကိုယ်မင်း မိန်းကလေးဆိုတာတောင် မင်းမေ့တယ်.."

"တော်ပြီလား..ရှင်ပြောလို့ပြောပြီးလား.."

"မပြီးသေးဘူး..နောက်ထပ် ငါ့ဘက်က အမြင်မတော်စရာ ဘာမှရှိမှာမဟုတ် တော့ဘူးဆိုတာ မင်းမှတ်သွား..တစ်ခုခုအပေါ် ယုံကြည်သက်ဝင်မိပြီဆို ဖွတ်တရွတ်လိုက် တတ်တဲ့ မင်းအကျင့်ကိုမပြင်သရွေ့ မင်းရဲ့အနာဂတ် လှမှာမဟုတ်ဘူး.."

စကားရဲ့မျက်ဝန်းမှာ မျက်ရည်ဝေ့နေတာကို စိုက်ကြည့်ပြီး မျက်နှာလွှဲပစ်မိသည်။ ပြီးမှ နေရာမှလှည့်ထွက်လျှင် စကားသူ့အင်္ကျီစကို ဆွဲထားလိုက်ပြီး.. ၊

"ရှင် စကားရဲ့ပတ်ဝန်းကျင်မှာရှိနေခဲ့တာက တိုက်ဆိုင်မှုတွေလား.. တမင်တကာ လား အဲ့ဒါပြောသွားပါ.."

သူက စကားရဲ့လက်ကို ဖြုတ်ချပစ်ဖို့ကိုင်သည်။ စကားက အတင်းဖိဆုပ်ပြီ၊ အနားထပ်တိုးကာ.. ၊

"ရှင့်ရင်ထဲမှာ စကားက ရွံစရာကာရိုက်တာမျိုးနဲ့ မိန်းမအဖြစ်ရှိနေခဲ့တာလား.."

လူတစ်ချို့သူတို့ကို သေချာကြည့်ပြီးမှ ဖြတ်ကျော်သွားကြသည်။ ဒါပေမယ့် နှစ် ယောက်စလုံး ဘာကိုမှဂရုမစိုက်မိပေ၊ ကြိုးက မေးသမျှကိုမဖြေဘဲ နှုတ်ခမ်းတွေတင်းတင်း စေ့၍ တိတ်ဆိတ်နေခဲ့လျက်.. ၊

"ပြောစမ်းပါ..စကားကဘယ်လိုမိန်းမမျိုးလဲ၊ စကားချမ်းသာချင်တယ် သာယာ လက်ထပ်ချင်ခဲ့တယ်..အဲ့ဒါက စကားငယ်ငယ်တည်းက ချမ်းသာဆုံးလူ ဖြစ်ချင်တဲ့စိတ်အပြ ကြောင့်ပဲ၊ ဒါပေမယ့် အချစ်ကအရေးပါမှန်း သိလာတဲ့အချိန်မှာ တကယ့်ပျော်ရွှင်မှုကို နားလည်လာတယ်..ဒါကြောင့် ကိုယ့်စိတ်ခံစားမိတဲ့အတိုင်းပဲ လုပ်ခဲ့တယ်..အဲ့ဒါမှားသွ လား.."

"မှားတယ်.."

စကားက ယုံကြည်စွာဆိုခဲ့ပေမယ့် သူကရဲရင့်စွာဖြတ်ချ၏။

"လူတစ်ယောက်ရဲ့အသိစိတ်ဟာ ဆန္ဒတစ်ခုတည်းပေါ်မှာ ရပ်တည်ရတ မဟုတ်ဘူး..လူထဲမှာမှ မိန်းမတစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာက ဘယ်လိုဖြားယောင်း ကြောင့်မှ မယိုင်လဲသင့်တဲ့အရာ..အဲ့ဒါမင်းမှာမရှိဘူး.."

"အဲ့ဒီတော့ စကားကိုဘယ်လိုမိန်းမလို့ သတ်မှတ်ချင်လဲ..ရှင်သတ်မှတ်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းနေပေးမယ် ပြောသွားခဲ့ပါ.."

"မင်းနဲ့ငါနဲ့ ဘာဆိုင်လို့လဲ.."

"စကားကတော့ ဆိုင်တယ်.."

မာန၏တစ်ဆစ်ချိုးမှာ သူ့စကားအတွက် တုံ့ပြန်တိုက်ခိုက်ဖို့ ခိုင်မာစွာ ဆုံးဖြတ်ပြီးဖြစ်၏။ စကားမျက်ဝန်းလေးတွေက စူးလက်တောက်ပနေကာ..

"ဘာဖြစ်လို့လဲဆိုတော့ စကားက ရှင့်ကိုချစ်တယ်.."

ကြိုးမျက်နှာတစ်မျိုးပြောင်းသွားသည်။ သို့သော် စက္ကန့်ပိုင်းမျှသာဖြစ်ကာ တစ်ဖက်လှည့်ပစ်လိုက်ပြီး..၊

"မင်း လက်ကိုလွှတ်လိုက်.."

"စကားမေးတာ ရှင်မှမဖြေဘဲ..စကားရဲ့လက်ကို အခုအတင်းဖြုတ်ချပြီး ရှင်ထွက်သွားလည်း အဲ့ဒီအဖြေမရမချင်း ရှင့်နောက်ကိုလိုက်နေမှာပဲ..အဲ့ဒါရှင်သတ်မှတ်ချင်ခဲ့တဲ့ မိန်းမအမျိုးအစားပဲ.."

"စကားချို.."

သူမကို နာကျင်စေမည့်စကားလုံးများနှင့် မျက်နှာကိုတည့်တည့်ကြည့်လိုက်စဉ် မျက်ရည်တွေပြည့်ဝိုင်းနေသော မျက်ဝန်းတို့ကြောင့် သူ့မျက်ခုံးတွေ ကုတ်ကျသွားခဲ့၏။

"မင်းကိုငါ ပြုပြင်သင့်တာတွေ ပြောပြနေတာ.."

"အချစ်ကို ပြုပြင်ထိန်းကျောင်းလို့ ရတတ်သလား.."

"မင်းကအချစ်ကို ဘယ်လောက်တောင်နားလည်နေလို့လဲ.."

"ရှင်ကရော.."

"မင်း ငါ့ကိုပြန်မမေးပါနဲ့.."

"ဘာလို့မမေးရမှာလဲ..ရှင်ပြောချင်တာတွေ ပြောသမျှအသံတိတ်နားထောင်ရအောင် စကားကဆွံ့အနေတာမှ မဟုတ်တာ..ရှင်ဘာဖြစ်လို့ စကားနဲ့ ဒီထိပတ်သက်နေသေးတာလဲ..မိုးကောင်းကပြန်လာမှ တိုက်ဆိုင်နေတာတွေလား..ဒီဖိနပ်တစ်ဖက် တမင်ပြန်ရှာပြီး ပို့ပေးလိုက်တာကရော.."

သူ့မျက်လုံးတွေ ဖိနပ်ဆီ ဝေ့ခနဲ ရောက်သွားသည်။

"တမင်ပြန်ရှာတာ မဟုတ်ဘူး..ငါနေနေကျနေရာမှာ သွားတိုင်းလာတိုင်း မြင်နေရလို့.."



www.burmeseclassic.com

www.burmeseclassic.com



"ဪ.."

"အခင်တာနက်ပေါ်မှာ မင်းတင်ထားတဲ့ပုံစံက ကိုယ့်အန္တရာယ်ကို ဖိတ်ခေါ်နေတာနဲ့ တူနေတယ်ဆိုတာရော မင်းသိရဲ့လား.."

စကားက မျက်ခုံးတန်းလေးနစ်ဖက် စုကျုံ့သွားသည်။

"ဖုန်းနံပါတ်ထည့်ပြီး ကျေညာတာဆက်သွယ်လာရင် မင်းသွားဦးမှာပဲ.."

စကားက သူ့ကိုစေ့စေ့ကြည့်ပြီးမှဲ့လိုက်တော့ ကြိုးမျက်နှာ ရဲခနဲဖြစ်သွားသည်။

"ဖုံးဖိမနေပါနဲ့..ရှင့်ကိုစိတ်ပူလို့လားလို့ စကားမမေးပါဘူး.."

"မင်းအတွက်အန္တရာယ်ဖြစ်မှာနဲ့ ငါ့အတွက်အပန်းမကြီးတာကို လုပ်ပေးလိုက်တာ..အဲ့အတွက် မင်းဘက်မှာစိတ်ကူးယဉ်ဖွယ်ဖြစ်သွားတာ ဆောရီးပဲ.."

"မလိုပါဘူး.."

ပြောရင်း အတင်းဆုပ်ကိုင်ထားမိသည့် သူ့အင်္ကျီစကို လွှတ်ပေးလိုက်သည်။ နာကျင်နေသည့်လက်က ဆုပ်ကိုင်ထားမိသည့်ဒဏ်ကြောင့် တဆစ်ဆစ်ကိုက်ခဲခြင်းကို ခံစားလာရသည်။

သို့သော် မသိမသာ လက်ဖျားလေးခါပစ်မိရင်း..၊

"နောက်ထပ်တစ်ခါ အမြင်မတော်တာတွေ မမြင်ရအောင် ရှင်ဝေးဝေးနေပါ.. ဒါပေမယ့် စကား ရှင့်ကိုစိန်ခေါ်တယ် ဒီထက်ဆိုးရွားတာတွေ ထပ်လုပ်ဦးမှာ..အဲ့ဒါတွေကလည်း ရှင်နဲ့ပဲ ပတ်သက်လိမ့်မယ်.."

စကားဒါပဲပြောပြီး လိမ့်ခနဲစီးကျလာသည့် မျက်ရည်ကိုလက်ခုံလေးနဲ့ ကပ်သုတ်လိုက်သည်။ ပြီးမှ လှည့်ထွက်လာခဲ့၏။

သူရပ်ကြည့်နေမှာကို သိနေသည်။ ဒါပေမယ့် တော်တော့စကားချို..

ကိုယ်ချစ်နေတဲ့သူက အမျက်ဒေါသနဲ့ဆိုရင် ပန်းနဲ့ပေါက်တာတောင် နာတယ်၊ ဒီလောက်ထိ ဒဏ်ရာတွေပေးခဲ့တဲ့လူကို သမင်လည်ပြန်မကြည့်မိစေနဲ့..၊

စိတ်ကိုတင်း၍ ဒီတိုင်းပဲ သူမဆက်လျှောက်ခဲ့မိသည်။

ဒါပေမယ့် ကြိုးကိုသူမချစ်သည်။

❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၀)

"ဒါ..ဒါတကယ်ဟုတ်ရဲ့လားရှင်..ရှေ့နေကြီးကို မလေးစားလို့တော့ မဟုတ်ပါဘူး.. ဒါပေမယ့် ကျွန်မတို့သိထားတာက လင်းသာယာနဲ့ လက်မထပ်ဘူးဆိုရင် ဘာအမွေမှ.."

"အမွေကိစ္စကသပ်သပ်ပါ..သူ့သားနဲ့ ဒီကမိန်းကလေးကို ပေါင်းစည်းစေချင်တာက သပ်သပ်ဆိုပါတော့..လက်ထပ်ဖြစ်ခဲ့ရင်တော့ သားရွှေအိုးထမ်းတဲ့ကိန်းပေါ့ဗျာ.."

စကားက ကျေးဖူးရှင်ရဲ့သမီးအဖြစ် အတွင်းပစ္စည်းထဲက တစ်ဝက်တိတိ ပိုင်ဆိုင်ခွင့်ရှိကြောင်း ရှေ့နေတွေက လာရောက်လွှဲပြောင်းပေးကြတာ ဖြစ်သည်။

အမွေကိစ္စလာပြောစဉ်က ရှေ့နေအပြင် နောက်ထပ်ရှေ့နေထပ်ပါလာသေးသည်။ ဒေါ်ယုမေကို ဝမ်းသာရမှာထက် အံ့အားသင့်နေခြင်းက ပိုနေကြသည်။ ထို့ပြင် အမွေရမှာတောင် မတုန်မလှုပ်လေးဖြစ်နေခဲ့သည့် စကားမျက်နှာလေးကြောင့် စိုးရိမ်နေမိကြ၏။

"ပြောရရင်တော့ လူငယ်နှစ်ယောက်အဆင်ပြေမယ်ဆိုရင် လင်းသာယာက လက်ရှိလုပ်ငန်းတွေအပြင် တိုက်နဲ့ခြံရယ် ကားတွေရယ်က နှစ်ယောက် စလုံးပိုင်ရမှာပေါ့..



www.burmeseclassic.com

ww.burmeseclassic.com



အခုကတော့.."

"ဒါဖြင့် အဲ့ဒီမှာ အခုနေထိုင်နေကြတဲ့ မိသားစုတွေကရော.."

"သူတို့က သူဌေးနဲ့ဆွေမျိုးစပ်တွေပါ..နည်းနည်းရင်းတာတွေ လည်းပါမှာပေါ့.. ဒါပေမယ့် အားလုံးကအမွေကိစ္စပြီးတာနဲ့ သူတို့လမ်းသူတို့ လျှောက်ကြရမှာပါ.."

"လင်းသာယာ့အတွက် ရောက်လာကြတဲ့မိဘတွေဆိုတာက.."

"သူတို့ကတော့ ကောင်လေးရဲ့မွေးစားမိဘတွေဆိုပါတော့.."

ဆွေမျိုးမတော်ကြဘူးပဲ.. ။

ဒေါ်ယုမေ အစတွေးခဲ့မိသည်။ လင်းသာယာနဲ့စကား ဘ၀ချင်းလည်း တူကြသည်ဟု၊ နှစ်ယောက်စလုံး ဦးလေးတွေအဒေါ်တွေလက်ပေါ်မှာ ကြီးပြင်း ခဲ့ကြသူတွေလို့ပဲ တွက်ခဲ့မိတာဖြစ်သည်။

"ဒီလိုရှိပါတယ်ရှင်..သမီးအမွေရမယ့်ကိစ္စကို ကျွန်မတို့အရမ်းကို ဝမ်းသာပါတယ်၊ ဒါပေမယ့် လူငယ်ချင်းပြဿနာရှိခဲ့တာ ရှေ့နေကြီးလည်းသိပါတယ်.."

"သိပါတယ်..ဒါပေမယ့် ဒါကိုပြဿနာလို့ မခေါ်ပါဘူး၊ အမွေအကြောင်းပြပြီး ထိန်းချုပ်စေခိုင်းမှုတစ်ခုလည်း မဟုတ်ဘူး..ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပါ..သဘောမတူရင် ငြင်းခွင့်ရှိတာပဲ.."

"ဒါပေမယ့် တစ်ခုတော့စိုးရိမ်တယ်ရှင်..အမွေကိုလက်ခံပြီးကာမှ လက်ထပ်ဖို့ကိစ္စကြီး ပြန်စလာရင်.."

"စကား အဲ့ဒီအမွေကိုလက်မခံဘူးဒေါ်ဒေါ်.."

ဟင်..၊

"ဒီလိုမလုပ်ရဘူးလေသမီး.."

ဦးထွန်းထွန်းကလည်း နားဝင်အောင်ဖျောင်းဖျ၍..၊

"သမီးလိုအခွင့်အရေးမျိုး လူတိုင်းလည်းရကြတာမဟုတ်ဘူး..ဒါသမီးဖေဖေရဲ့ ရှိးသားတဲ့ဂုဏ်ကြောင့် တစ်ဖက်ကလည်းသူတော်ကောင်းစိတ်နဲ့ ကျေးဇူးဆပ်ထိုက်သူကို ကျေးဇူးဆပ်ခဲ့တာ.."

"ဟုတ်တယ်လေသမီး..ရှေ့နေကြီးတွေ အခိုင်အမာစီစဉ်ပေးကြမှာပါ ဟုတ်တယ်မို့လားရှင်..အဲ့ဒီမင်္ဂလာကိစ္စ သူတို့ဘက်က ဘာမှထပ်မပြောအောင်လေ.."

"စိတ်ချပါ..သူဌေးကြီးစီစဉ်ခဲ့တာက ရှင်းပါတယ်၊ အမွေကိစ္စမှာ ..စိုင်နယ်လ်



www.burmeseclassic.com

www.burmeseclassic.com



မပါပါဘူး.."

ပါလာမှာပဲဆိုတာ စကားသိနေသည်။ ထို့ကြောင့် အမွေကိစ္စစာချုပ် စာတမ်းနှင့် လွှဲပြောင်းပြီးစီးခဲ့သည်နှင့်.. ။

"စကားနဲ့ကြိုး ရုံးတက်လက်မှတ်ထိုးထားတယ်ဒေါ်ဒေါ်.."

"ဟင်.."

"ဘယ်လိုသမီး.."

စကားဒီလိုသတ္တိတွေ မရှိခဲ့ဘူးပါ၊ ဒါပေမယ့် ခုကျမှပြောဖို့သတ္တိတွေ အပြည့်ရှိနေသည်။ ဤနည်းဖြင့် လင်းသာယာရဲ့အထင်မြင်သေးစွာ ကပ်ဖဲ့ချိုးနှိမ်လာမည့်အရေးကို ကာကွယ်နိုင်မှာဖြစ်ကာ၊ ချမ်းသာချင်လွန်းလို့ ဣန္ဒြေမဲ့နေသည်လို့ ကြိုးစွပ်စွဲခဲ့တာကို ဤနည်းဖြင့် သက်သေပြချင်သည်။

အခု သူမချမ်းသာပါပြီ.. ။

စကားသူ့လိုလူကို လက်ထပ်ဖို့ကြိုးစားခြင်းဖြင့် အချစ်ကိုသာ တန်ဖိုးထားတတ်နေပြီဆိုတာ သိစေချင်၏။ ဒါပေမယ့် သူပြောပါလိမ့်မည်။

မင်းလိုချင်ပြီဆို မဆင်မချင်ဖွတ်လိုက်နေတတ်တာပဲလို့.. ။

"သမီး..စကား.."

"ရှင်.."

အတွေးစတို့ပြတ်တောက်ကုန်၏။ ဒေါ်ယုမေ စကားရဲ့ဘေးမှာလာရပ်ကာ မျက်နှာကိုလည်း နားမလည်စွာငုံ့ကြည့်၏။ ပြီးတော့ မွေ့ရာခြေရင်းမှာ အစုံလိုက်လေးရှိနေသော သစ်သားဖိနပ်လေးတွေကို လှမ်းကြည့်ပြန်သည်။

"ကြိုးဆိုတာ ဟိုဖိနပ်စုတ်လေးတွေ လုပ်ပေးတဲ့လမ်းပြမို့လား.."

"ဟုတ်.."

"ဖြစ်ရလေသမီးရယ်..သူ့မှာဘာများမက်စရာရှိလို့လဲဟင်.."

"ဘာမှမရှိပါဘူး.."

"ဘာမှမရှိတဲ့လူက သူဌေးကတော်ဖြစ်ချင်နေတဲ့ ညည်းဘဝကို ဘာလုပ်ပေးနိုင်မှာမို့လို့လဲ စကားရယ်.."

"စကား သူနဲ့နေရရင်ဘာမှမလိုတော့ဘူး.."

"ဘာ.."



www.burmeseclassic.com

www.burmeseclassic.com



မလှုပ်မယှက်သာကနေ နားထောင်နေသည့် ဦးထွန်းထွန်းကတော့ ဘာမှ မပြောပေ..၊

"မဟုတ်သေးပါဘူးသမီးရယ်..ညည်းကိုအမြဲတမ်းလိုက်လျှောခဲ့သမျှ ဒီတစ်ခါတော့ ခွင့်ပြုလို့မဖြစ်နိုင်တော့ဘူးထင်တယ်..ဒါဘယ်လိုမှမဖြစ်သင့်ဘူးနော်.."

မဖြစ်သင့်တာတွေရေရွတ်ရင်း ခင်ပွန်းဖြစ်သူကို လှည့်ကြည့်မိသည်။ ဒါပေမယ့် ဦးထွန်းထွန်းပုံစံက ဘာမှဝင်ရောက်ပြောဆိုမည့်ပုံ မရှိသည်မို့..၊

"ကတ္တီပါဖိနပ်စီးရွှေထီးဆောင်းပေးနိုင်တဲ့လူကိုတော့ ခါးခါးသီးသီး ငြင်းလိုက်ပြီး ခုံဖိနပ်စုတ်မှာ နွယ်ကြိုးတပ်ပေးတဲ့လူကိုမှ.."

"စကားအတွက် အဲ့ဒါက ခုံဖိနပ်စုတ်မှ မဟုတ်တာ.."

ကြည့်စမ်း..၊

"ဒီဖိနပ်လေးကို စီးလိုက်ရလို့ လုံခြုံနွေးထွေးသွားခဲ့တဲ့အချိန်ကစပြီး တကယ့်ချမ်းသာခြင်းကို စကားနားလည်ခဲ့တာပဲ..သူစကားရဲ့နားမှာ မရှိနေတဲ့အချိန်တွေဟာ မြင်မြင်သမျှ တန်ဖိုးမဲ့နေတယ်..ပြည့်စုံနေတယ်လို့ ထင်ခဲ့သမျှကလည်း ဘာတစ်ခုမှမရှိတော့သလိုမျိုး.."

"တော်တော့ စကားချို.."

"မပြောနဲ့ဆို မပြောဘဲနေလို့ရပါတယ်..ဒါပေမယ့် စကားကိုခွင့်ပြုပေးပါ ဒေါ်ဒေါ်ရယ်..စကား သူ့ကိုပဲချစ်တယ်.."

"ညည်းကချစ်နေပေမယ့် အခုလက်ထပ်ထားတယ်ဆိုတာတောင် သူ ဒီကိုလာရဲလို့လား.."

စကားကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် အလျှော့မပေးဖို့ စိတ်ကိုတင်းထားလိုက်ပြီး..၊

"လင်းသာယာနဲ့တော့ ပြိုင်မတိုးစေချင်လို့ စကားပဲမလာဖို့ပြောခဲ့တာပါ.. ရောက်လာလည်း ဒေါ်ဒေါ်တို့ခုလိုအထင်သေး စကားတွေပြောကြမှာပဲမလား.. သူ့ကိုကြိုးစားခွင့်ပေးလိုက်ပါ စကားနဲ့သူ ဘဝကိုထူထောင်ကြရင်.."

"ညည်းက ပိုင်ဆိုင်မှုတွေနဲ့သူ့ကို "မ"တည်ပေးမှာကိုး.."

"အဲ့ဒါတွေလည်း ဒေါ်ဒေါ်တို့ကိုပဲ စကားပေးခဲ့မှာပါ.."

"ဘာရယ်.."

ဝမ်းသာရမည့်အစား ဒေါ်ယုမေက မျက်လုံးပြူးနှင့်စိုက်ကြည့်ကာ..၊

"ငါတို့ကလည်း မချမ်းသာပေမယ့် ညည်းရမှာတွေကို လိုချင်နေတာတော့



www.burmeseclassic.com

ww.burmeseclassic.com



မဟုတ်ဘူးစကားချို.."

"စကား အဲ့ဒီသဘောနဲ့ပြောတာမဟုတ်ပါဘူး..သူနဲ့လက်ထပ်ဖို့ စကားကို စီစဉ်ပေးပါ၊ မင်္ဂလာပွဲကိုတော့ စကားဘက်ကပဲ တခမ်းတနားလုပ်ရမှာမို့ပါ..ပြီးရင် အဲ့ဒီအမွေတွေကို ဒေါ်ဒေါ်တို့ကိုကျေးဇူးဆပ်ရာလည်းရောက်အောင် အားလုံးကန်တော့ခဲ့ပါရစေ.."

ဒေါ်ယုမေမျက်စိမျက်နှာပျက်နေခဲ့လျက် နားထောင်နေရင်း မျက်ရည်တွေဝေ့လည်လာခဲ့၏။

"စကားရယ်..ညည်းအဲ့လိုပြောလို့ ကျုပ်တို့က ပျော်ရွှင်ကျေနပ်သွားမယ်များ ထင်နေသလားဟင်..ညည်းကို ကျုပ်တို့ရွှေရုပ်လေးတစ်ရုပ်လို ပန်းဝတ်မှုံလေးတစ်စလို တယုတယ ပြုစုစောင့်ရှောက်ခဲ့ကြတာ..ဘာမှမရှိတဲ့ဘဝထဲကို လက်ချည်းသက်သက်နဲ့သွားပါမယ်ဆိုတာ ဘယ်လိုကြည့်နေရမှာလဲ.."

"စကားက.."

"ညည်းစိတ်ချမ်းသာမယ်ဆိုရင် ငါတို့အတင်းအကျပ်မတားတော့ပါဘူး..လိုအပ်ရင် ငါတို့ကတောင်စိုက်ထုတ်ပေးချင်ပါသေးတယ်..ဒါပေမယ့် ကြိုးဆိုတဲ့ကောင်လေးကိုတော့ ငါတို့နဲ့လာတွေ့ဖို့ပြောစမ်းပါ.."

စကားမျက်နှာ ကွက်ခနဲပျက်သွားသည်။ ခေါင်းငုံ့လိုက်သည်မို့ ဒေါ်ယုမေ အကဲမခတ်မိပေ၊ ပြီးတော့ မျက်နှာငုံ့နေရင်း ခေါင်းခါလိုက်ပြီး..။

"သူလာနိုင်မှာမဟုတ်ဘူးဒေါ်ဒေါ်.."

"ဟင်.."

"စကားပြောတာကိုယုံပေးပါ..သူက ယောကျ်ားကောင်းတစ်ယောက်ပါ.. လက်ထပ်ပွဲအမီ သူလာမှာပါလို့..နော်.."

ဒေါ်ယုမေ ဘာမှထပ်မပြောနိုင်အောင် အံ့ဩငေးငိုင်သွားခဲ့၏။ စကား ကတော့ သူမဘာလုပ်နေသည်ကို ကိုယ့်ဘာသာသိနေသဖြင့် အံ့ဩနေသည့် မျက်ဝန်းတွေကို ရှောင်ရှားခဲ့မိသည်။

ပြီးတော့ ကြိုးရဲ့စူးရဲသော မျက်ဝန်းတစ်စုံနှင့်မျက်နှာကို ပြန်မြင် ယောင်နေမိလျက်..။

ရှင်အမြင်မတော်အောင် စကားလုပ်လိုက်ပြန်ပြီကြိုး..။

အမြင်မတော်တာမရှိရအောင် မမြင်ကွယ်ရာမှာနေမယ်ဆို နေလိုက်စမ်းပါ၊ သတို့



www.burmeseclassic.com

www.burmeseclassic.com



သားမရှိတဲ့ မင်္ဂလာပွဲကို စကားကျင်းပမယ်၊ ရှင်ရောက်မလာရင် စကားဘဝပျက်ပြီ..၊

စကားဒုက္ခရောက်တိုင်း ရှင်ရောက်လာတာတွေ တိုက်ဆိုင်တာဆိုရင်လည်း ဒီတစ်ခါတိုက်ဆိုင်ပါစေလို့ ဆုတောင်းနေရုံပေါ့..၊



www.burmeseclassic.com

www.burmeseclassic.com


# အခန်း(၃၁)

စကားပြောနေတုန်း မက်ဆေ့ဝင်လာသဖြင့် ဖွင့်ကြည့်လိုက်သည်။

*စကားချိုလာနေပြီ..*

*အချိန်ဆွဲထားမယ် အာစရိထွက်တော့...*

သူဖုန်းပြန်ပိတ်လိုက်ပြီး ဦးတင်ထွတ်အောင်ကို နှုတ်ဆက်လိုက်သည်။ ဦးတင်ထွတ်အောင်က ဖုန်းကိုင်ပြီး ကုမ္ပဏီတံခါးဝအထိ ကိုယ်တိုင်လိုက်ပို့၏။

ကြိုးပြန်သွားသည်နှင့် ဇနီးဖြစ်သူထံဖုန်းဆက်နေရင်း မျက်နှာတစ်ပြင်လုံးက သကြားပေါ်နို့ဆီလောင်းထားသည့်အတိုင်း.. ၊

ဟင်..စကားချို.. ၊

စကားကို လှမ်းမြင်လိုက်တော့မှ.. ၊

"နီလာရေ..ကိုယ်ပြီးမှပြန်ခေါ်မယ်.."

ဟုပြောပြီး ဖုန်းချလိုက်ကာ..""

"နည်းနည်းပဲလွဲသွားတယ်သမီးရယ်..ခုလေးတင်ပဲ သူဌေးအဒန့်လာ ပြန်သွား


www.burmeseclassic.com

www.burmeseclassic.com



တာ.."

တိုင်းရင်းသားနာမည်မို့ ကွယ်ရာမှာတော့ ဦးတွေဘာတွေ တပ်မနေတော့ဘဲ ဒီတိုင်းပဲပြောမိကာ..။

"သူလည်း သမီးနဲ့တွေ့ချင်လို့စောင့်တော့နေသေးတာ..သမီးနဲ့အဝင်အထွက်ပဲ ကွာတာ.."

စကားက ဖိတ်စာထုတ်ယူလိုက်ရင်း ပြုံးသည်။ သာယာ့မျက်နှာကိုလည်း မြင်ယောင်သွား၏။ ကိုယ့်ကိုချိုးချင်လို့ တမင်အကွက်ရွှေ့နေတာမှန်း သူမသိနေသည်။ ဒါကြောင့်လည်း ကြိုးနဲ့လက်ထပ်ပစ်လိုက်ဖို့ ဆုံးဖြတ်ချက်က ပိုပြီးခိုင်မာခဲ့တာဖြစ်၏။

ထို့ကြောင့် သူဌေးတသသပြောနေသည့်ကိစ္စအတွက် ဘာမှပြန်မပြောခဲ့ဘဲ ဖိတ်စာကမ်းပေး၍..။

"မိသားစုလိုက် ဆက်ဆက်လာရမှာနော်.."

"အေး..သမီးလက်ထက်မယ့်ကိစ္စကိုကြားတော့ကြားသား.. မဟုတ်လောက်ဘူး ထင်တာ သတို့သားကဘယ်ကတုန်း..အခုပါမလာဘူးလား.."

"ဟင့်အင်း..သူကဒီမှာမရှိဘူး.."

"ဖိတ်စာဝေနေတာတောင် သတို့သားကအဝေးမှာနေနေတုန်းလား.."

ကုမ္ပဏီက မိတ်ဆွေသူငယ်ချင်းတွေကို ဖိတ်စာသွားဝေတော့ အားလုံးက ဝမ်းသာအံ့သြနေကြကာ၊ သူဌေးက သူ့မေးခွန်းအတွက် အဖြေကိုစောင့်နေသေးသည်။

သို့သော်..။

အဖြေအစားနောက်မေးခွန်းတစ်ခု ထပ်တိုးလာပြီး..။

"သူကဘာအလုပ်လုပ်တာလဲစကားချို.."

"သူကတောကပါ...တောကဆိုတော့ တောအလုပ်ပါပဲ.."

"ဟင်..သမီးက တောအလုပ်တွေပဲ လုပ်တတ်တဲ့လူကို လက်ထပ်တာလား.. ဆောရီးနော် အရမ်းအံ့သြလို့.."

စကားမျက်နှာနည်းနည်းလေးမှ မပျက်ပါ၊ လူတစ်ယောက်ရဲ့မျှော် လင့်ချက်တွေ အယူအဆတွေက ပြောင်းလဲခွင့်မရှိတဲ့ အရာတွေလား..။

စကားဘယ်လိုပုံစံပဲနေနေ ဘယ်လောက်ပဲမျှော်လင့်ချက်တွေ လောဘတွေ ထားခဲ့ပါစေ၊ ဒါတွေ အခုမဟုတ်တော့ဘူးဆိုရင် မရဘူးလား..။



www.burmeseclassic.com

ww.burmeseclassic.com



"အေးပါကွာ..ကဲပါ လက်ထပ်တော့မယ်ဆိုတော့လည်း အားပေးချီးမြှင့်ရမှာပေါ့.. ဒါပေမယ့် အလုပ်ကိစ္စကိုတော့ မထိခိုက်စေချင်ဘူးနော်..အန်ကယ်လ်က အလုပ်ရှင်အနေနဲ့ပြောတာမဟုတ်ပါဘူး..ဒီဘက်က အခက်အခဲကိုလည်း သမီးကိုပြောပြပြီးပါပြီ.."

စကား ချက်ချင်းခေါ်မည်တ်တော့ ဦးတင်ထွတ်အောင်မျက်နှာပျက်သွားသည်။ စကားချို မိဘရင်းတွေဘက်က အမွေတွေရထားသည်ဆိုတာလည်း သတင်းသဲ့သဲ့ကြား နေတာမို့ ပို၍စိုးရိမ်လာမိလျက်..၊

"အဒန့်လာက အရမ်းကိုချမ်းသာတာ..သူက ကချင်စပ်ထင်တာပဲ စကားပြော တာကိုက လေးစားဖို့ကောင်းတယ်.."

လူတွေများ ငွေရှိလာရင်ပိုလှလာသည်။ ရိုင်းနေတာတောင် ထက်မြက်ပါ၏လို့ သတ်မှတ်ကြတာမျိုး၊ ဒီလူဟာ သာယာပဲဆိုရင်တော့ တော်တော်ရယ်စရာကောင်းသည့် စကားဖြစ်သည်။ နားမလည်ဖွယ်ရှိတာက သူဒီလိုနည်းနဲ့ ချဉ်းကပ်တဲ့အထိ ကိုယ့်အပေါ် မှာအာရုံစိုက်နေတယ်ဆိုတာ ယုတ္တိမတန်..၊

"သူ့ကိုသမီးတွေ့လိုက်ရင် သမီးတို့ချင်းဘယ်မှာသိခဲ့ကြတယ်ဆိုတာ မှတ်မိသွား မှာပါ..ရှင်းရှင်းပြောရရင် အန်ကယ်လ်တို့က သူ့လိုလူနဲ့ရင်းနှီးနေတဲ့ သမီးကိုတောင် လေးစားမိသွားတယ်.."

နည်းနည်းတော့ များသွားပြီထင်သည်။ စကားမျက်နှာမှာ ဟန်ဆောင်ပြုံးလေး တောင် မတင်နိုင်ဘဲဖြစ်သွားခဲ့၏။

"အဲဒါ သူချမ်းသာလို့ပြောတာမဟုတ်ဘူးသမီး..စကားပြောကြည့်ပြီး သူ့စိတ် ဓာတ်ကို လေးစားမိလို့ပါ ဒီလောက်ချမ်းသာတဲ့လူက မာန်မာနမရှိဘူး...လက်အောက်ငယ် သားရဲ့ စေတနာမေတ္တာကိုရအောင် ယူထားနိုင်တာ လည်းသေချာတယ်...အန်ကယ်လ်တို့ ကုမ္ပဏီအနေနဲ့ သူ့လိုလူကို လက်လွှတ်ခံလို့ မဖြစ်ဘူးလေ..အဲ့ဒါကြောင့် သူ့နောက်ကို လိုက်နေရင်းနဲ့ သူ့အလုပ်ခွင်တွေနဲ့ ထိတွေ့မိလာတာ.."

ဦးတင်ထွတ်အောင်က အားတက်သရောရှင်းပြနေ၏။

"သူ့အလုပ်ထဲမှာဆို အလုပ်သမားလူငယ်တွေအားလုံးက ညီအစ်ကိုတွေလို သူ့ ကိုချစ်ကြောက်ရိုသေရှိကြတယ်..ပူတာအိုကနေ တောင်ကြားလမ်းဖောက်တဲ့ ပရော့ဂျက် တစ်ခုလုံးကို သူဦးစီးပြီးလုပ်နေတာ..အဲ့ပရောဂျက်က အကျိုးအမြတ်နည်းမှာမို့လို့.. ထောက်ခံမှုသိပ်မရဘူး၊ ဒါပေမယ့် သူ့နယ်အတွက် လမ်းပမ်းဆက်သွယ်ရေး အဆင်ပြေဖို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



အမိကထားပြီးလုပ်သွားတာ သိပ်ကိုစံနစ်တကျရှိတယ်.."

အဒန့်လာဆိုသူအပေါ် ဦးတင်ထွတ်အောင်ဘယ်လောက်ထိ ယုံကြည်လေးစားနေသလဲဆိုတာ သူ့အကြောင်းပြောနေသည့် မျက်လုံးတွေက ဖော်ပြနေကြသည်။

"နောက်ပြီး ငယ်ငယ်တည်းက ကိုယ့်ဒူးကိုယ်ချွန်ကြိုးစားလာခဲ့တာဆိုပဲ..သူ့အောင်မြင်လာတာ သိပ်မကြာသေးပေမယ့် ကုန်းလမ်းကုန်သွယ်ရေးကနေ စလုပ်လာခဲ့တာ သူပိုင်တဲ့ကားအစီးတွေ နည်းတာမဟုတ်ဘူး..ဒီပရောဂျက်မှာလည်း မှန်လုံအိတ်စ်ပရပ်စ်တွေ ဘယ်နစ်စီးထည့်မလဲမသိဘူး..မြင်နေသားနဲ့ စပ်စပ်စုစုထပ်မေးတော့ မကောင်းတတ်လို့လေ.."

စကားနားထောင်နေရင်း သာယာဟုတ်ရဲလားလို့ တွေးမိလာ၏။ ကိုယ်ရှိတဲ့ကုမ္ပဏီမို့ လာချိတ်တယ်ဆိုတာတောင် သာယာ့လိုလူက မိန်းမတစ်ယောက်အတွက် ဒီလောက်စိုက်ထုတ်မှာ မဟုတ်မှန်းတွေးမိနေခဲ့တာ.. ၊

ထို့ပြင် သူမနဲ့သာယာ့အတွက် တစ်ယောက်နဲ့တစ်ယောက် ဒီလောက်ထိ ချစ်ကြမှန်းကြဖို့လည်းမရှိပါ။ ဒါဆို ဘယ်သူဖြစ်နိုင်မှာလဲ.. ၊

"အချုပ်ပြောရရင်တော့သမီးရယ်..သမီးမှာအန်ကယ်လ်တို့ကုမ္ပဏီက ရမယ့်လစာကို ဂရုစိုက်ဖို့လိုသည်ဖြစ်စေ..မလိုသည်ဖြစ်စေ သူနဲ့စာချုပ်စာတမ်းပြီးတဲ့အထိတော့.."

"သူ့အတွက်စကားက အဲ့လောက်ထိအရေးပါနေတယ်လို့ အန်ကယ်လ်တို့ ထင်နေတာများလားအန်ကယ်လ်..စကားချိုဆိုတဲ့နာမည်ကို သိတယ်လို့ပြောတာတစ်ခုတည်းကြောင့် ဒီလောက်ထိ.."

"သမီးပြောသလိုဖြစ်နိုင်ပါတယ်..ဒါပေမယ့် သူ့ကိုအဖက်ဖက်က တုပ်ချည်ထားနိုင်ဖို့ လိုနေတယ်ဆိုရင် သမီးက အန်ကယ်လ်တို့ဘက်က ခိုင်ခံ့တဲ့ကြိုးတစ်ချောင်း ဖြစ်နေလို့ပါ..ခုနလာတုန်းကတောင် သမီးမလာသေးဘူးဆိုတော့ စောင့်နေချင်တဲ့ပုံပဲ..ဒါပေမယ့် သူကအရမ်းအလုပ်ရှုပ်တဲ့လူမို့လား.."

စကားရဲ့ဖိတ်စာကို လက်ကမချသေးဘဲပြောနေသမျှကတော့ မင်္ဂလာကိစ္စမဟုတ်ဘဲ ဖြစ်နေကာ..၊

"သမီးသူနဲ့တွေ့ကြည့်မလား..ဒီတစ်ခါနစ်ယောက်ဆုံဖြစ်အောင်.."

"စကားအတွက်နဲ့ အလုပ်ရှုပ်ကုန်ပါ့မယ်..မင်္ဂလာကိစ္စလည်း ရှိသေးတော့လေ.."



www.burmeseclassic.com

ww.burmeseclassic.com



"အေးပါ..အေးပါ..မင်္ဂလာပွဲပြီးမှ အလုပ်ပြန်ဆင်းမယ်လို့ သမီးအကြောင်းပြန်ထားတာလည်း အန်ကယ်လ်သိပါပြီ..အန်ကယ်လ်တို့က အလုပ်ဖြုတ်ဖို့ထိ နို့တစ်ပေးခဲ့တာကိုး.."

"အဲ့ဒါကို စကားနားလည်ပါတယ်..စကားဘက်ကပျက်ကွက်တာတွေလည်း များခဲ့တော့ အန်ကယ်လ်တို့မလွန်ပါဘူး.."

"သန့်ခ်ယူသမီးရယ်..တကယ်တော့ အလုပ်ဖြုတ်တဲ့အထိလုပ်ဖို့လည်း စိတ်ကူးမရှိပါဘူး..သမီးက ခဏခဏအလုပ်ပျက်တာကလွဲရင် အားလုံးတော်တဲ့ဝန်ထမ်းပါ.."

စကား မချိုပြုံးလေးနှင့် နှုတ်ဆက်လိုက်သည်။ သတို့သမီးတစ်ယောက်တည်း မင်္ဂလာဆောင်ဖို့ ကြိုးစားနေရသည့်အဖြစ်ကို သူတို့တွေသိကုန်ကြရင် ဘယ်လိုနေမလဲ..၊

ကြိုးတကယ်ရောက်လာပါ့မလားလို့ တွေးမိတိုင်း ရင်ခုန်သံတွေမြန်လာခဲ့သည်။ အချစ်ကြောင့်မဟုတ်ဘဲ ထိတ်လန့်တုန်လှုပ်သွားခြင်းသာဖြစ်၏။

ကြိုးရောက်လာမှာပါဆိုတာ သူမတစ်ယောက်တည်းယုံကြည်နေမိသည့်အဖြစ်သည်..၊

ဖ ဆ န ရ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၂)

"ကိုကြီး ဒီမှာပတ်စ်ပို့.."

"အေး..မထည့်လိုက်နဲ့ အားလုံးအဲ့ဒီမှာတင်ထား.."

"ဟုတ် မထည့်ဘူး..ဘာလိုသေးလဲကြည့်ပါဦး.."

"ကြည့်လည်းမကြည့်အားသေးဘူးကွာ..ထားလိုက်.."

"အာစရိ.."

ကြိုး ဗီရိုရှေ့မှာရပ်ရင်း လိုအပ်သည့်ဖိုင်တွေဆွဲဖွင့်ရှာနေစဉ် ထိန်လင်း အနားရောက်လာပြီး..၊

"အာစရိ.."

"ဟော့ကောင်..ဘာလဲ တအာအာတည်း အာနေတာ.."

ထိန်လင်းက ခေါင်းကုတ်လိုက် ဆံပင်ဖွလိုက်နှင့်ရှိနေပြီးမှ..၊

"အာစရိ မသွားဘူးထင်တာ..တကယ်သွားမလို့လား.."

"မသွားလို့ ဟိုမှာချိန်းထားတဲ့လူတွေက သူငယ်နပ်စားလေးတွေမို့လို့လား.."

"အဲဒါကဟုတ်ပါတယ်..ဒါပေမယ့် ဒီညနေလေ.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ.."

"စကားချိုက.."

"ဘာလဲ..မင်းကိုဖိတ်ထားလို့လား.."

"လုပ်ပြီ အာစရိကလည်း.."

ပြောနေတုန်း ကြိုးဆွဲချလိုက်သည့် ဖိုင်နဲ့အတူဖိတ်စာဘူးလေး ဒေါက်ခနဲလျှောကျသွား၏။

"ဟာ..ဒါ ဖိတ်စာ.."

ကြိုးမျက်နှာ ရဲခနဲ ဖြစ်သွားသည်။ တကယ်က ကုမ္ပဏီကို စကားအဝင်နောက်ကျအောင် ထိန်လင်းတို့က စျေးသည်ကလေးတစ်ယောက်ကို မုန့်ဖိုးပေးပြီး စကားကို ဝင်တိုက်ခိုင်းလိုက်တာဖြစ်သည်။

စကားလက်ထဲကလွတ်ကျကုန်သမျှထဲမှာ ဖိတ်စာဘူးတွေလည်းပါနေရာ ဒါကို ပြန်ကောက်ပေးရင်း ဖိတ်စာတွေကိုမြင်ခဲ့ရတာဖြစ်သည်။ သူတို့ကို စကားကမသိသောကြောင့် ကျကုန်တာတွေဝိုင်းကောက်ပေးရင်း ဖိတ်စာတစ်စောင်ယူထားလိုက်တာကိုလည်း စကားမသိလိုက်..၊

"ဖိတ်စာကို အာစရိသိမ်းထားတယ်.."

"ဟော့ကောင်.."

"မဟုတ်ဘူးလေ..ဒီသော့တွေ အာစရိမှာပဲရှိတာ.."

"ထိန်လင်း.."

"ဗျာ.."

"အဲ့ဒါငါထည့်ထားတာမဟုတ်ဘူး..ထပ်မေးရင် မင်းအထိုးခံရတော့မယ်.."

"အထိုးခံရမှာစိုးလို့ မမေးတော့ပါဘူး.."

ကြိုးမျက်နှာရဲတွတ်နေတာကြောင့် ထိန်လင်းတံတွေးမျိုရင်း စကားလုံးတွေကို မျိုချလိုက်ရသည်။

"သွား..သွား..လျှောက်မေးမနေနဲ့.."

"အာစရိကလည်းဗျာ..အာစရိက သတို့သားပဲဟာ၊ ဒီပွဲကိုဥပေက္ခာထား မသွားသင့်ပါဘူး.."

"ဘုတ်.."



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲဆိုတာ ကြားလိုက်သည်နှင့်စိတ်တွေက အလုပ်ဆီမှာမရှိတော့ဘဲ လက်မှာကိုင်ထားသည့် အရာဝတ္ထုပစ္စည်းတွေပါ ဟိုမမြဲဒီမမြဲဖြစ်လာ၏။ စီစီရီရီဆွဲထုတ်နေသည့် ဗိုင်အစည်းတွေက ဟိုငြိဒီငြိဖြစ်ကုန်ပြီး ပြုတ်ကျကြလျှောကျကြ..၊

"ဘုတ်.."

"ဟာ..အာစရိ.."

ထိန်လင်းက ပြောဖို့ပြင်လိုက်သည့်ပါးစပ်ကြီးနှင့် စာအုပ်ကိုကောက်ပေးပြီး ပြုံးတူးပြတဲပြန်ကြည့်လျှင်..၊

"ပါးစပ်ပိတ်ပြီး သွားလိုက်တော့.."

"အာစရိကိုမှ အမြင်မတော်တော့တာ.."

"အံမာ.."

"ကိုယ့်ကိုယ်ကိုမညာပါနဲ့အာစရိရာ..မင်္ဂလာပွဲအကြီးအကျယ်နဲ့ ကိုယ့်ကိုကြိုဆိုနေတဲ့ သတို့သမီးက.."

"သူ့ကို အဲ့လိုတွေ ထင်ရာလျှောက်မလုပ်ဖို့ ငါသေချာပြောတယ်.."

"အဲ့ဒါ အာစရိကိုချစ်လို့ပဲ အာစရိရာ.."

ကောက်နေရင်း တဖုတ်ဖုတ်ထပ်လျှောကျနေသဖြင့် ကြိုးကအစည်းပြေသလိုဖြစ်နေသည့်ဗိုင်တွေကို အကုန်လုံးဆွဲချပြီး ကြမ်းပြင်ပေါ်ပုံချလိုက်သည်။

"အဲ့ဒီအစည်းတွေ သေချာပြန်စည်း..စကားပြောရင်းမှားကုန်ရင် မင်းကိုငါ ခွင့်မလွှတ်ဘူး.."

"ဟုတ်ကဲ့ပါ..တပည့်ကြီးတွေ ဒါမျိုးဘယ်မှာမှားဖူးလို့လဲ၊ အာစရိကလည်း ပြောတာကျတော့ နားမထောင်ဘူး.."

"မလိုဘူးဟေ့ကောင်..ငါ မင်းထက်အငယ်မဟုတ်ဘူး.."

"မငယ်မှန်းသိပါတယ်..အာစရိမှာ စည်းစိမ်ဥစ္စာတွေနဲ့ လုပ်ငန်းစီးပွားတွေရဲ့ ဆွေမျိုးမရှိ၊ ကူဖော်လောင်ဖက်မရှိ အာစရိအတွက် ဒီလောက်လှတဲ့ ဇနီးမျိုးက ရှိကိုရှိသင့်နေပါပြီဗျာ၊ မိုးကောင်းက အဖြစ်ကိုပဲကြည့်...သူ့ကိုလိုချင်တဲ့ ဟိုချာတိတ်.."

"တော်တော့ဆိုကွာ..လှတာပဲမင်းတို့သိတယ်၊ အဲ့ဒါတွေမြန်မြန်စည်းပြီး လေ့..ပိုဆင်းဖို့သွားလုပ်.."

"ဖွတ်ကြီး.."



www.burmeseclassic.com

www.burmeseclassic.com



ထိန်လင်းမချင့်မရဲနဲ့ပဲ ပါးစပ်ပိတ်နေလိုက်ရကာ အင်္ကျီလဲဖို့ပြင်နေသည့် ကြိုးကိုလည်း မကြာခဏအကဲခတ်နေမိ၏။

"ဟား.."

အင်္ကျီရွေးထုတ်နေပြီး ကျွတ်ခနဲဖြစ်ကာ..၊

"အဖြူတွေဘယ်ရောက်ကုန်ပြီလဲ..ရုပ်အင်္ကျီတွေအားလုံး ပန်းရောင်တွေချည်းပဲ.."

"ရှိပါတယ်အာစရိရာ..မနေ့ညနေကမှ အထပ်လိုက်လာပို့သွားတဲ့ဟာ.."

ဗိုင်တွေစည်းနေရာကထလာပြီး ထိန်လင်းက ဗီရိုဖွင့်သည်။ ပြီးတော့ မျက်လုံးပြူးကြီးနှင့်ပြန်လှည့်ကြည့်ကာ..၊

"ဘာလဲမင်းက.."

"အာစရိ..အာစရိသေချာပြီ ညာနေတာ.."

"ဘာကွ.."

ထိန်လင်းလက်ထဲမှာ ရုပ်အင်္ကျီအဖြူပါလာတာမြင်လျှင် ကြိုးမျက်နှာ နီမြန်းသွားပြန်သည်။ သို့သော် မျက်နှာတည်တည်ကြီးနှင့် ဆွဲယူလိုက်ပြီး ကျောခိုင်းထားလိုက်လျှင်..၊

"ဟာ..ခုပဲရေချိုးလာတာကို အာစရိဘာလဲ၊ ရေမသုတ်ဘဲ အင်္ကျီဝတ်မလို့လား.."

ချွေးတွေ..၊

စိတ်အိုက်နေသည်ပဲထင်ခဲ့မိတာ ချွေးပြန်နေသည့်အဖြစ်ကို သတိမထားမိ၊ ထိန်လင်းစကားကြောင့် မျက်နှာတစ်ပြင်လုံး ထူအမ်းတက်လာသလို ခံစားမိလိုက်၏။

"ဘာဖြစ်လို့လဲ..အဲ့ရဲကွန်းလည်းဟိုက်ရှိထားတာပါ.."

"ကပ်ရိမနေနဲ့ခွေးကောင်လေး..သွားတော့..သွား.."

ခါတိုင်းအချိန်ဆို လက်ညှိုးထိုးပြီး တရင်းတနှီး ရယ်ချလိုက်မှာပေမယ့် ဒီတစ်ခါ ထိန်လင်း မရယ်နိုင်ဘဲ သူ့ရှေ့ကိုချက်ချင်းရောက်လာပြီး.. ၊

"ကိုယ့်ကိုယ်ကိုညာမနေပါနဲ့အာစရိရယ်..စကားချိုကို အာစရိအရိပ်တကြည့်ကြည့်နဲ့ စောင့်ရှောက်လာခဲ့တာ ဘာဖြစ်လို့လဲ.."

ကြိုး ဘာစကားမှပြန်မပြောတော့ပေ၊ အိတ်ထဲကိုအရေးကြီးပစ္စည်းတွေ ထည့်နေပြီး အိတ်ကိုသေတ္တာရဲ့အပေါ်တန်းထဲ ထည့်ပိတ်လိုက်သည်။ ပြီးတော့ လက်ပ်တော့ပ်..၊

"အာစရိ.."



www.burmeseclassic.com

www.burmeseclassic.com



ထိန်လင်းက သူ့လက်ကိုဆွဲထားလိုက်ကာ..।

"အာစရိမကျေနပ်လည်း ထိုးဗျာ..ကျွန်တော်ကတော့ အာစရိနောင် တစ်ချိန်မှာ နောင်တတွေ တစ်နင့်ကြီးနဲ့ ခံစားနေရမှာကိုမမြင်ချင်ဘူး.."

"ငါ အဲ့လောက်မဟုတ်ဘူးထိန်လင်း..အချစ်ကြောင့် မူးယစ်တေလေသွားလောက်အောင်.."

"ငါကလေးမဟုတ်ဘူးဘညာတွေ အာစရိပြောမှာမို့လား..အချစ်က အသက်အရွယ်အလိုက် ရင့်ကျက်သွားတတ်တဲ့ အရာမှမဟုတ်တာ..အာစရိဆိုရင် အိမ်ထောင်ပြုရမယ့် အချိန်အခါ အရမ်းကိုသင့်နေပြီလေ..ဘဝကြင်ဖော်ရှာပေးမယ့် မိဘအုပ်ထိန်းသူရှိရင်တောင် စကားချိုလို ရက်ရက်စက်စက်လုပြီး သူ့အရည်အချင်းအဆင့်အတန်းလေးနဲ့ ပြည့်စုံနေတဲ့မိန်းကလေးမျိုး.."

"ငါ့အတွက် အရည်အချင်းအဆင့်အတန်းတွေပြည့်စုံနေတဲ့ မိန်းမလည်း မလိုဘူး.."

"ဘယ်လိုမိန်းမမျိုးလိုတာလဲ..တပည့်ကြီးကိုပြောစမ်းပါ.."

"မလိုဘူးထိန်လင်း..စကားချိုကို ငါမလိုချင်ဘူး၊ မင်းသိချင်တာ ဒါပဲဆိုရင်..သွားတော့.."

"အာစရိရာ.."

ပြောဆိုနေကြတဲ့စကားက လိုရာမရောက်ဘဲ နောက်ထပ်နစ်ယောက် ဝင်လာပြန်သည်။

"အာစရိက.."

"ဟာ..ကိုကြီး စလုံးကိုတကယ်သွားမှာလား.."

သူစက်ာပူကိုသွားရမည်။ လွန်ခဲ့တဲ့တစ်ပတ်တည်းက သွားရမှာဖြစ်သည့် အလုပ်ကိစ္စက ခုထပ်ပြီးပျက်ကွက်လို့မဖြစ်ပေ၊ အဲ့ဒီလိုပျက်ကွက်ခဲ့ရတာတွေကရော ဘယ်သူ့ကြောင့်မို့လို့လဲ..।

သင်းလေးကို အမုန်းခံပြီးအော်ငေါက်ခဲ့သည်။ စိုးရိမ်ဖွယ်ဖြစ်လာမှာတွေကို ကြိုသိနေလို့ တားဆီးခဲ့သည်။ သူပြောကာမှပဲ အဆိုးဆုံးအခြေအနေတစ်ခုကို ဖန်တီးပစ်လိုက်တာ ကောင်းလား..।

လက်ထပ်ကြတဲ့အဓိပ္ပါယ်ကို ဘယ်လောက်သိလို့ ထင်ရာတွေလုပ်နေတာလဲ..।



www.burmeseclassic.com

ww.burmeseclassic.com



တွေးရင်းနဲ့စိတ်တိုလာသည်။ အမှားကြီးမှားပြီးဆိုတာ သင်းသိမှ ဖြစ်မည်။ မှားမှန်းသိဖို့အတွက် သူပေးရမှာဥပေက္ခာအပြင် တခြားမရှိပေ..။

"ဟေ့..ကားထုတ်ပြီးပြီလား.."

"ဟင်.."

"ကိုကြီးကြိုး.."

"လုပ်ပြီအာစရိ.."

တစ်ယောက်သည် အဝတ်အစားတွေပါသော ကတ္တူဘူးကြီးတွေနဲ့ အိတ်ကြီးတွေဆွဲလျက် သွားကြီးအဖြီးသားနင့်ဝင်လာကာ..။

"ဟာ.."

"ဟေ့ကောင်.."

ခရီးဆောင်သေတ္တာကြီးနဲ့ ထွက်လာသောကြိုးနဲ့တိုက်မိမလိုဖြစ်သွားမှ အရှိန်တန့်ကာ..။

"ဟာ..အာစရိ စက်ဂ်ပူကို.."

"ဘာလဲ ပြူးတူးပြဲတဲနဲ့..ဖယ်.."

ဖယ်ဆိုပြီး မဖယ်ရသေးဘဲပခုံးတစ်ခြမ်းကို တိုးတိုက်သွားလျက် လူသည်ယိုင်၍ဆွဲထားသည့်အိတ်က လွတ်ကျ၏။ အားလုံးပဲ အထုပ်ကို လှမ်းကြည့်လိုက်ကြပြီး မျက်နှာတွေ ငေးငိုင်မှိုင်တွေကုန်ကြလေသည်။

သူတို့သိနေသည်။ အိတ်ထဲမှာကြိုးအတွက် သူတို့စိတ်ကူးနဲ့ပြင်ဆင်ပေးဖို့ ဝယ်ထားကြသည့် သတို့သားဝတ်စုံ..။

"မင်းတို့အများကြီးရှိနေပြီး တစ်ယောက်မှမတားဘူးလား.."

"အဲ့ဒါဆို မင်းတားလေ.."

"ဟား.."

"မဟားနဲ့..သွားပြီ.."

ကတ္တူဘူးတွေအထပ်လိုက်က ပြုတ်ကျတဲ့အတိုင်းရှိကာ၊ ကြိုးထွက်သွားသည့်ကားသံပါ ပျောက်ကွယ်သွားခဲ့၏။ အဲ့လောက်ထက်ပိုပြီး သူတို့လည်းမတတ်နိုင်..။

ဇ ဿ ဿ ဩ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၃)

"ဘုရား..ဘုရား.."

ကြားလိုက်ရသည့်စကားကြောင့် ငယ်ထိပ်တည့်တည့် မိုးကြိုးပစ်ချခံလိုက်ရသလို မျက်လုံးတွေပြာကာ ခေါင်းကမိုက်ခနဲ..၊

"ယု.."

"ဒေါ်ဒေါ်.."

ဒေါ်ယုမေ စိန်လော့ကတ်ကြီးတရမ်းရမ်း လက်ကောက်တချွမ်ချွမ်နှင့် ပဝါကိုခြုံ၍ ညနေတည်းက ဗျာများနေခဲ့ရသည်။

"ဘယ်သူတွေဘယ်လိုထင်ထင် ပတ်ဝန်းကျင်ကိုဂရုစိုက်ပြီး ငါ့သမီးလေး တစ်သက်လုံးစိတ်ဆင်းရဲနေရမှာမျိုး မလုပ်ဘူး"လို့ သန္နိဌာန်ချခဲ့သည်။

ကြိုးဆိုသည့်ကောင်လေးက မြဝတီမှာအလုပ်လုပ်နေသည်။

မင်္ဂလာရက်အမှီပြန်လာမည်လို့ စကားပြောသည်ကိုလည်း ယုံကြည်ခဲ့၏။

ထို့ကြောင့် မင်္ဂလာပွဲကိုဟိုတယ်လ်မှာ တခမ်းတနားစီစဉ်ပေးခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်သည့်လူတွေက ဟိုမေးဒီမေးစပ်စုကြတာတောင် နောက်ထပ်မမေးရဲအောင် အပိတ်စကားနဲ့ပြန်ဖြေခဲ့၏။

တချို့ကျတော့ သူဌေးသားကောင်လေးနဲ့လားလို့ မေးကြသေးသည်။ ဒီလိုမျက်နှာငယ် အရှက်ရဖွယ် မေးခွန်းတွေကိုရှောင်ရှားကျော်လွှားပြီး မင်္ဂလာနေ့ရက်ကို ရောက်လာခဲ့သည်။

သူမတို့ကိုယ်တိုင်လည်း သတို့သမီးမိဘများအဖြစ် တင့်တယ်ခန့်ညားအောင် ဝတ်စားပြင်ဆင်ထားခဲ့ကြသည်။

"စကားချို..ညည်း..ညည်း ခုချိန်ကျမှပြောတယ်..ဒါကြီးကိုခုမှ ညည်း.."

"ဒေါ်ဒေါ်ရယ်..စကား.."

"ညည်းလုပ်ရက်လိုက်တာ.."

ဒေါ်ယုမေ ဦးထွန်းထွန်းလက်ပေါ်မှာ နွဲ့နေရင်းမျက်ရည်တွေကျ၏။

အနားမှာ အိမ်နီးချင်းရင်းနှီးတဲ့ အမျိုးသမီးတစ်ယောက်ရှိသည်။

မိတ်ကပ်ဆရာမလည်း ရှိနေ၏။

မင်္ဂလာပွဲချိန်နီးကပ်နေပြီမို့ လူကွယ်ရာပြေးငိုဖို့ကလည်း မဖြစ်နိုင်တော့ပေ၊ ဒီလူနှစ်ယောက်ရဲ့ ပါးစပ်နှစ်ပေါက်ကနေ နောက်ထပ်ပါးစပ်တွေကိုရောက်မည်။ နောက်ထပ်လူတွေ ထပ်သိကြမည်။

"ကိုယ်ကျိုးတော့ နည်းကုန်ပါပြီကိုထွန်းရယ်..ဟီး ဟီး.."

"ဟာ..အန်တီလေးကလည်း ကေးကေးတို့မိတ်ကပ်လိုက်ပြင်ပေးနေတဲ့ပွဲတွေများလှပေါ့..ဒါမျိုးတွေ ဖြစ်တတ်တာပဲ၊ ကိုယ်ကျိုးနည်းလောက်စရာ မရှိပါဘူးအန်တီလေးရယ်.."

မိတ်ကပ်ဆရာမကလည်း အနားလာပြီးချော့မော့အားပေးသည်။ ဒါပေမယ့်ကွယ်ရာမှာအားပါးတရပြောမည့် ပါးစပ်တွေပဲဆိုတာ သိနေသဖြင့် ဖြေမဆည်နိုင်..၊

မင်္ဂလာအချိန်လည်း ကျနေပြီဖြစ်သည်။ ဧည့်သည်ပရိသတ်တွေလည်း ဖိတ်သမျှအားလုံး တက်ရောက်ကြတာ စားပွဲရှိသမျှတွေအပြည့်၊ ထိပ်ဆုံးမှာ ပြုံးပြုံးထိုင်နေကြသည့်ရှေ့နေကြီးတွေနဲ့ လင်းသာယာရဲ့မွေးစားမိဘဆိုသူတွေကြောင့် ဒေါ်ယုမေ အပြင်ကို ခေါင်းတောင်ပြူမကြည့်ဝံ့တော့ပေ..၊

"မင်းစိတ်ကိုထိန်းစမ်းကွာ..မှားတဲ့ကိစ္စကမှားနေပြီ၊ ငါတို့ကသမီးရှင်တွေလေ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်မမယုရယ်..အခုဟာက သမီးကလည်းယုံကြည်လို့ အားလုံးစီစဉ်ထားခဲ့တာပါ။ ဟိုကောင်လေးကလည်း လိမ်ညာလုပ်ဖြားတာ ဟုတ်ချင်မှဟုတ်မှာပါနော်.."

"ဟုတ်ပါတယ်အန်တီလေးကလည်း..နောက်ထပ်ငါးမိနစ်လောက် စောင့်ကြည့်လို့ရပါသေးတယ်.."

သူတို့ဘာမှမသိကြလို့ပါ။ သူတို့တွေသိတာက နှစ်ဦးသဘောတူ လက်ထပ်ကြသည်။ သတို့သားကောင်လေးက ရောက်မလာခဲ့ဘူးဆိုသည့် ဖြစ်ရိုးဖြစ်စဉ်တစ်ခုသာ..။

စကား၊ သူမကိုနှစ်ယောက်တည်းဝန်ခံခဲ့တာ ဒီ့ထက်အများကြီးဆိုးလေသည်။

"စကားကိုရိုက်သတ်လိုက်ပါဒေါ်ဒေါ်..ဒေါ်ဒေါ့်စိတ်ကြိုက်စီရင်ပါ။ ဒီမင်္ဂလာပွဲကို သူသိတောင်မသိဘဲ စကားဘာသာစီစဉ်ခဲ့တာပါ.."

"စကားသူ့ကိုချစ်တယ်..သူနဲ့ပဲနေချင်တယ်၊ သူလည်းစကားကိုချစ်တယ်..စကားပြဿနာကြုံရတိုင်း သူပဲဝင်ရှင်းပေးခဲ့တာပါ..ဒါပေမယ့်.."

"စကားက ပြဿနာရှာတဲ့မိန်းကလေးတဲ့..ဣန္ဒြေသိက္ခာမဲ့တဲ့မိန်းကလေးတဲ့၊ နောက်တစ်ခါ အမြင်မတော်တာ ထပ်မရှိအောင်နေတော့မယ်တဲ့..စကားက ချစ်တယ်လို့ပြောတာတောင်.."

ရင်ဖွင့်ဝန်ခံခဲ့တာ မျက်ရည်တွေတဝေ့ဝေ့နဲ့..။

စိတ်ရှိလက်ရှိ ရိုက်ပုတ်ထုထောင်းပစ်ရမလား၊ ကိုယ်ပဲအရှုံးလိုအော်ပြီး ငိုချလိုက်ရမလား..။

တကယ်တမ်းကျတော့ ဘာမှလုပ်လို့မဖြစ်ဘဲ မျိုသိပ်ထိန်းသိမ်းရင်း ဒေါ်ယုမေမျက်ရည်တွေသာစီးကျလာခဲ့၏။ ဟိုကောင်လေးက သိတောင်မသိဘဲ သူများရင်ထဲက ဂရုစိုက်ကြင်နာမှုကို စိန်ခေါ်ထုတ်ပါသတဲ့..။

မိုက်လိုက်တဲ့ကလေး..။

တစ်သက်လုံး လူကြီးမိဘရဲ့ဆုံးမစကားနဲ့ လမ်းဖြောင့်ဖြောင့်သွားလာနေတတ်ခဲ့ပြီးမှ..။

"အခု ဘယ်လိုလုပ်ကြမလဲ.."

"စကားကို ထပ်စောင့်ခွင့်ပေးပါ.."

"ဘယ်လို.."

အမြဲတမ်းအလိုလိုက် နားလည်ပေးတတ်သည့် ဦးထွန်းထွန်းမျက်နှာတစ်ခုလုံး၊



www.burmeseclassic.com

www.burmeseclassic.com



မှာပါ ဒေါ်သကြောင့်ခက်ထန်နေကာ..၊

စကားချို.."

"မဟုတ်ရင်လည်း စကားကိုသာရိုက်သတ်လိုက်တော့ဦး..စကားမှားနေပြီဆိုရင် ရိုက်ပါ.."

"တော်တော့.."

ဒေါ်ယုမေကိုကုလားထိုင်မှာ သက်တောင့်သက်သာထိုင်စေပြီးမှ ဦးထွန်းထွန်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်းတက်ခေါက်သည်။

"အန်ကယ်လ်ဖြစ်ဖြစ် ညီမလေးဖြစ်ဖြစ် ဖုန်းဆက်ကြည့်ပါလားဟင်.."

မိတ်ကပ်ဆရာမက မရဲတရဲပြောကာ..၊

"သူလာနေပြီဆိုရင် ဒီကခြေသည်သည်တွေကို ပြောပြပြီး.."

"ခြေ့သည်သည်တွေက စောင့်ဆိုရင်စောင့်ကြမှာပါ..ဒါပေမယ့် ဟိုတယ်လ်မှာ ကိုယ်ယူထားတဲ့မင်္ဂလာအချိန်ကတော့ ပိုက်ဆံပုံပေးလည်းထပ်ယူလို့ ရမှာမဟုတ်ဘူး.."

အိမ်နီးချင်းဖြစ်သည့် အမျိုးသမီးက စိတ်မကောင်းဟန်နှင့် ဝင်ထောက်ပြ၏။

ရှက်လိုက်သည့်ဖြစ်ခြင်း..၊

ဒေါ်ယုမေ စကားကိုငေးကြည့်ရင်း မရှက်နိုင်အောင်မျက်ရည်ကျနေပေမယ့် ရှက်လွန်းလို့အသက်ပါထွက်သွားပါရစေလို့ ဆုတောင်းနေခဲ့မိသည်။ မသိတဲ့လူတွေကတော့ သတို့သားလာနေလိမ့်မည်ဟု ထင်နိုင်သည်။

ဟိုက သိတောင်သိရဲ့လားဆိုတာများ သိကုန်ကြလျှင်..၊

"ကဲ..မပြောမပြီး မတီးမမြည်တဲ့..ထိုင်စိတ်ညစ်နေလို့ပြီးမှာ မဟုတ်ဘူး..ငါပဲ.."

စကားမဆုံးခင် မြစိမ်းရောင်ခြုံပဝါတလွင့်လွင့်နှင့် ဒေါ်သူဇာနဲ့အမျိုးသမီးကြီး နှစ်ယောက် ဝင်လာကြကာ..၊

"ဟင်..ဘယ်နှယ့် ဒေါ်ယုမေက နေမကောင်းဖြစ်နေတာလား.."

"ငိုနေတာထင်တယ်.."

လို့ နောက်ကအမျိုးသမီးကကပ်ပြောလိုက်လျှင် ဒေါ်သူဇာ့မျက်လုံးတွေမှာ အဖိုးတန်ပစ္စည်းတစ်ခု ကောက်ရလိုက်သလို ဝင်းလက်လှုပ်ရှားသွား ခဲ့၏။

"သမီးကပြီးနေပြီပဲ..လှလိုက်တာကွယ်၊ ပုဇွန်ဆီရောင်ဖျော့ဖျော့လေးနဲ့ ပွဲထိုင်ဇာကလည်းကောင်းလိုက်တာ..ဆံထုံးလေးကလည်းလှ ကြည့်ပါဦး စုရယ်.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ..ကျွန်မတို့က သတို့သမီးရဲ့အလှဂုဏ်သတင်းကြောင့် ကြည့်ချင်လွန်းလို့လေ၊ ထွက်မလာနိုင်တာနဲ့ ဝင်ကိုကြည့်ရတော့တယ်..အပြွန်း.."

"သမီး..သတို့သားရော.."

တမင်ဝင်လာပြီး စပ်စုနေကြမှန်းသိနေသဖြင့် စကားနှုတ်ခမ်းသားလေးကို ဖိကိုက်ထားရင်း ဒေါသကိုထိန်းချုပ်နေရသည်။ အားကောင်းမောင်းသန် ကျနေခဲ့သော မျက်ရည်တွေကို ဒေါ်ယုမေ သုတ်ဖယ်ပစ်ဖို့ကြိုးစားပေမယ့် မအောင်မြင်..၊

"သားကပြောတယ်..သတို့သားက တောကကောင်လေးဆိုလို့ ကျွန်မကလည်း သိချင်နေတာ..အမှန်အတိုင်းပြောရရင်တော့ သားကိုခါးခါးသီးသီးငြင်းခဲ့တာဆိုတော့ သမီးက ဘယ်လိုကလေးမျိုးကိုများ ရွေးချယ်ထားသလဲဆိုတာ အရမ်းစိတ်ဝင်စားတာလေ.."

"အဲ့ဒါကိုရော သာယာမပြောပြခဲ့ဘူးလားအန်တီ..သူကတောသား..လင်းသာယာလိုလည်း မချောဘူး။ ချမ်းလည်းမချမ်းသာဘူး..ဒါပေမယ့်ယောက်ျားပီသပြီး ဂုဏ်သိက္ခာ ရှိတယ်ဆိုတာ.."

"သြော်..အဲ့ဒါကြောင့် အန်တီကလည်းမြင်ဖူးချင်တာပါ..အခုပွဲထွက်တော့မှာလေ၊ သမီးရဲ့ယောက်ျားပီသတဲ့ကောင်လေးဘယ်မှာလဲ..အန်တီတို့က ပြန်ချင်နေပြီ..မထွက်သေးရင်လည်း မြင်ဖူးအောင်ကြည့်ပြီးမှပြန်မလားလို့.."

ဒေါ်ယုမေကိုင်ထားသည့် ရှူဆေးဘူးကိုစားပွဲပေါ် ဒီတိုင်းချထားလိုက်ပြီ၊ နေရာမှထရပ်လိုက်သည်။

"ဟုတ်တယ်..သူမရောက်လာသေးလို့ အားလုံးစိတ်ညစ်နေကြတယ်၊ ခုပဲ မင်္ဂလာပွဲမဖြစ်တော့တဲ့အကြောင်း ထွက်ပြောဖို့တိုင်ပင်နေတာပါ..ဒီလောက်ဆို ရပြီလား၊ မသိဘူး.."

"ဟင်..အဲ့လိုဖြစ်နေကြတာလား.."

"ဖြစ်ရလေ.."

"တကယ်မထင်လို့ အလိုက်မသိဝင်လာမိတာပါ ဒေါ်ယုမေရယ်..မင်္ဂလာပွဲကြီး လုပ်ပြီး သတို့သားဘက်ကလူကြီးမပါ မိတ်ဆွေအပေါင်းအသင်းမပါနဲ့.."

"အဲ့ဒါကြောင့် ခုလိုဖြစ်ရတာပေါ့..ဒီခေတ်လူငယ်တွေကို ယုံစားလို့မရဘူး.."

ဒေါ်သူဇာ့နောက်က ပါလာသည့်အမျိုးသမီးတွေကတော့ အားနာသွားသည့်ပုံ၊ တကယ်စိတ်မကောင်းဖြစ်သွားသောမျက်နှာတွေနှင့် ချက်ချင်းပြန်ထွက်သွားကြ၏။



www.burmeseclassic.com

ww.burmeseclassic.com



မိတ်ကပ်ဆရာမကလည်း စကားရဲ့ပခုံးမှာပဝါချိတ်ပေးခဲ့ပြီး အပြင်ကိုရှောင်ထွက်သွား၏။ အိမ်နီးချင်းကလည်း ထွက်သွားလျှင် ဒေါ်သူဇာနဲ့ ဒေါ်ယုမေတို့သာ ကျန်ခဲ့ကြကာ..၊

"ကိုယ်မွေးထားတာ သမီးမိန်းကလေးဒေါ်ယုမေရဲ့..အထူးသဖြင့် ကိုယ့်ဝမ်းနဲ့လွယ်မွေးထားခဲ့ရတာ မဟုတ်တဲ့အတွက် ပိုပြီးကျပ်မတ်ရမှာ..အခု ဒေါ်ယုမေတို့က မိန်းကလေးကိုအလိုလိုက်လွန်းတယ်..မိဘကမရှိ၊ အသိုင်းအဝိုင်းကမရှိ ပညာမဲ့..မွဲတေနေတဲ့.."

"အန်တီ ကိုယ့်စကားကိုပြန်ရုတ်သိမ်းပြီး အခုဒီကထွက်သွားပေးပါ.."

"ဩော်..မင်းကအဲ့လိုလည်း ရိုင်းတတ်သေးတာလား.."

"ဟုတ်တယ်..ရိုင်းတတ်တယ်၊ စကားထင်ရာလုပ်ခဲ့တာ..ဒေါ်ဒေါ်တို့ကို နားဝင်အောင်ညာပြောပြီး သူနဲ့လက်ထပ်ဖို့စီစဉ်ခဲ့တာ စကားမှာပဲအပြစ်ရှိတာပါ..ရှင် မိဘချင်းမစာမနာမဝေဖန်ပါနဲ့.."

"သမီးတော်တော့.."

ဦးထွန်းထွန်းကျိုခနဲ အံကြိတ်၍ ဒေါ်သူဇာ့ကိုပြန်သွားဖို့ လက်ဖဝါးနဲ့ ညွှန်ပြကာ..၊

"ပလိစ်.."

"ဟွန်း..သွားမှာပါ၊ ဒါပေမယ့် ကိုယ့်ဘာသာတစ်ဖက်ခြမ်းကျင်းပခဲ့တဲ့ မင်္ဂလာပွဲကြီး ဘယ်လိုလျှောက်လဲချက်တွေနဲ့ ဖျက်သိမ်းမလဲဆိုတာတော့ သိချင်သေးတယ်.."

ဦးထွန်းထွန်းမျက်နှာကို စေ့စေ့ကြည့်ပြောပြီးမှ စကားကိုလှမ်းကြည့်ကာ..၊

"တို့တွေကငြင်းပယ်ခံလိုက်ရတဲ့ဘက်ကဆိုတော့ ပြိုင်ဘက်ကောင်းမို့လို့ နောက်ဆုတ်လိုက်ရရင် တန်တာပေါ့..ခုတော့ ဖိနပ်လောက်ကလည်း လှုပ်လီလှုပ်လဲ့..တည်တဲ့အိုးက နှုတ်ခမ်းပဲ့နဲ့.."

"ရှင်ထွက်သွားပါတော့.."

ဒေါ်ယုမေ ကတုန်ကယင်ဆိုရင်း နှင်လွှတ်ဖို့ကြိုးစားသည်။ ဒေါ်သူဇာက နှာကျည်းသည့်မဲ့ပြုံးနှင့်..၊

"ပြီးအောင်တော့ ပြောပါရစေရှင်..အိုးရွဲ့ကို စလောင်းရွဲ့နဲ့ဖုံးရမှာ၊ ကျွန်မတို့က ရွှေစလောင်းဖုံးနဲ့ဖုံးဖို့ ကြိုးစားခဲ့မိတာလေ..မင်းလည်းသခင်စာယူပေါ့ စကားချို မာနကြီးတယ်ဆိုတာလည်း လူနဲ့တန်မှကောင်းတာအေ့.."



www.burmeseclassic.com

ww.burmeseclassic.com



"ရှင်.."

"စကားရပ်နေစမ်း.."

စကားတက်ခေါက်ရင်း ရှေ့ကိုဖျတ်ခနဲတက်လိုက်လျှင် ဦးထွန်းထွန်း အသံတုန့် အောင်အော်လိုက်၏။ ဒေါ်သူဇာက အကျည်းတန်စွာမဲ့ရွဲ့ရယ်မောရင်း ဟန်ပါပါ လှည့်ထွက်သွားလေသည်။

"လူဆိုတာ ကိုယ်ပြောမိတဲ့စကားကိုတောင် ကိုယ်တာဝန်ယူရတယ်..ကိုယ်လုပ်ခဲ့တဲ့အမှားအတွက် ဘာဖြစ်ဖြစ်ညည်း ခါးစည်းခံရမယ်.."

"စကားမှားခဲ့တာ သူတို့နဲ့ဘာဆိုင်သလဲ..သူတို့ပြောသမျှ ဘာလို့ခါးစည်းခံရမှာလဲ.."

"တိတ်စမ်း.."

ဦးထွန်းထွန်းအံကြိတ်သံနှင့်ဆူရင်း ဒေါ်ယုမေလက်ကိုဆွဲကာ..။

"မင်းလည်း ဗုန်းဗုန်းလဲလောက်အောင် ခံစားနေရရင်တောင် အိမ်ကျမှလဲဖို့ တောင့်ထားဦး..ဖြစ်လာရင် ရှင်းရဖို့ရှိမှာပဲ၊ သွားမယ်.."

လင်မယားနှစ်ယောက်စလုံး ထွက်သွားကြတာနှင့် ဧည့်ခံပွဲတစ်ခုလုံးမှာ ခေါင်းချင်းရိုက်နေသော တီးတိုးစကားသံတွေတိတ်ကျသွားလေသည်။ ဒေါ်ယုမေ အားလုံးကို ဝေ့ကြည့်ပြီး "ငါ့မိတ်ဆွေတွေ ဖိတ်တဲ့လူတိုင်းလာကြတယ်ဟဲ့" ဆိုသည့်ပီတိက ဖြစ်မလာခဲ့ပေ..။

ဒေါ်သူဇာတို့ ဇနီးမောင်နှံကိုလည်း သူတို့မဖိတ်ခဲ့ပေ၊ ဒေါ်သူဇာ့နောက်က ပါလာသူတွေကိုလည်း မသိခဲ့တာအမှန်ပင်၊ ဒါပေမယ့် သူတို့လာခဲ့ကြသည်။

သတို့သမီးအလှပြင်တဲ့အခန်းထဲထိ ရောက်လာခဲ့သေးသည်။ ဒီဧည့်သည်တွေကရော မင်္ဂလာပွဲကိုလာကြတာ ဟုတ်ရဲ့လား၊ ဒီနေ့ဒီလိုဖြစ်ပျက်တော့မှာသိလို့ လှောင်ရယ်ဖို့ရောက်လာကြတာလား..။

မိမိကိုယ်ကို သိမ်ငယ်ခြင်းဖြင့် တုန်လှုပ်နေခဲ့သောစိတ်သည် အရာရာကို ဥပါဒါန်ဖြင့်သာ ကြည့်နေမိခဲ့လျက်..။

"ငါတို့ကျေညာရမှာပဲယု.."

"ကျွန်မ စကားကိုသနားတယ်..ကလေးက အစွဲအလမ်းကြီးရှာတာ.."

ပြောရင်း ငိုချင်လာခဲ့မိသည်။ ကျန်ရစ်ခဲ့သည့် စကားရဲ့အဖြစ်ကသာ..



www.burmeseclassic.com

www.burmeseclassic.com



မပျောက်ဘူး..။ မင်္ဂလာပွဲ မပျက်ဘူး၊ ကြိုးရောက်လာမှာ သူ့ကိုစောင့်လို့ရသေးတယ် အချိန်တွေ ရှိပါသေးတယ်..။

စကားခေါင်းလေးတခါခါနှင့် မျက်ရည်တွေသုတ်ပစ်လိုက်သည်။ နောက်မှာ အပုံလိုက်ရှိနေသည့် ထိုင်မသိမ်းစကို ပြန်လှည့်ကောက်ကာ ရှေ့ကိုထွက်ခဲ့လျှင်..။

"ဘယ်ကိုသွားမလို့လဲစကား.."

ဟင်..။

စကားသံနှင့်အတူ ရှေ့ကိုရောက်လာသူက သာယာ..။

အဖြူရောင်အနောက်တိုင်းဝတ်စုံကို မီးခိုးရောင်စင်းကျားပါသည့် လည်စည်းနဲ့ ဝတ်ထားသည်။ မျက်နှာမှာ အပြုံးရိပ်တို့ဖြင့် ချောမွန်နေကာ..။

"ပွဲထွက်ချိန်ကြီးကို မျက်ရည်တွေနဲ့ သတို့သားလည်းမပါဘဲ ထွက်မလို့လား.."

"ရှေ့ကဖယ်ပေး.."

"ဟား ဟား ဟား ဟား.."

ဘောင်းဘီအိတ်တွေထဲ လက်ထည့်ရင်းမင်းသားစတိုင်လ်နှင့် ဟက်ဟက်ပက်ပက်ရယ်၏။ ပြီးတော့ စကားရှောင်ထွက်ဖို့ကြိုးစားသည့် ခြေလှမ်းတိုင်းမှာ လိုက်ပိတ်ထားခဲ့ပြီး..။

"ကိုယ်နဲ့ညှိကြည့်မလား.."

"ဘာ.."

"မင်း ကိုယ့်ကိုပါးရိုက်ခဲ့သေးတယ်.."

မျက်နှာက မဲ့နေခဲ့လျက်..။

"ဆိုတော့..ဒီပွဲမှာ မင်းအရှက်မကွဲရအောင် မင်းရဲ့သတို့သားလုပ်ပေးမယ်.."

"တောက်.."

"ဘာပဲဖြစ်ဖြစ် ခုချိန်မှာမင်းတစ်ယောက်ယောက်နဲ့ လက်ချိတ်ပြီး ထွက်လိုက်ရင်ပေါ့.."

"လင်းသာယာ.."

"ဒေါသရှေ့မထားစမ်းပါနဲ့..ကိုယ်ကလည်း မင်းကိုမြတ်မြတ်နိုးနိုးပေါင်းဖို့ မရည်ရွယ်ဘူး..ဒါပေမယ့် ပါးရိုက်ခံခဲ့ရတာရယ် အခုဒီပွဲမပျက်အောင် ထိန်းပေးဖို့ရယ်..မင်းကိုယ်ကျေနပ်တဲ့အထိ ကိုယ်နဲ့.."



www.burmeseclassic.com

www.burmeseclassic.com



"လူယုတ်မာ.."

စကားက စားပွဲပေါ်ကပန်းအိုးကိုဆွဲ၍ တအားလွှဲရိုက်ပစ်လိုက်သည်။ သို့သော်..၊

"တစ်ခါပဲရမယ်..စကားချို.."

လက်ကိုဖမ်းကိုင်ထားလိုက်ကာ ပန်းအိုးကိုဖြုတ်ယူပြီး စားပွဲပေါ်ပြန်ချလိုက်သည်။ စကားက လက်ကိုဆောင့်ရုန်းတော့ ပို၍ဖိကိုင်ထားလိုက်ပြီး..၊

"မင်းက အရမ်းမုန်းဖို့ကောင်းသလောက် မင်းရဲ့နှုတ်ခမ်းတွေက တအားနမ်းပစ်ဖို့ကောင်းတယ်.."

"ယုတ်မာတဲ့ကောင်..လွှတ်..လွှတ်နော်.."

သာယာက စကားလက်တစ်ဖက်ကို ချုပ်ကိုင်သလိုဖိဆုပ်ထားကာ တဆင့်တက်ဖို့ ရှေ့တိုးလာလျှင်..၊

"တော်လောက်ပြီသာယာ.."

နစ်ယောက်ရဲ့ဘေးမှာ ရောက်လာသူကကြိုး..၊

"ခင်ဗျား.."

"ကြိုး.."

စကား ဝမ်းသာလွန်းသဖြင့် အသံကျယ်ကျယ်တောင်မခေါ်နိုင်၊ ကြိုးက ကုတ်အင်္ကျီရှည်အနက် ဘောင်းဘီရှည်အနက်နှင့် အရင်ကကြည့်ရဆိုးသော ဆံပင်ပုံက ခုကျတော့သေသပ်ကျနစွာ ဖြီးထားသဖြင့် အသားလတ်လတ်မျက်နှာက ထင်းနေသည်။

ဒေါသရိပ်တွေကြောင့် နီရဲနေတာလည်းသိသာနေကာ၊ စကားရဲ့လက်ပေါ်က သာယာ့လက်ကို သူကိုယ်တိုင်ဆွဲဖြုတ်ပစ်လိုက်ပြီး..၊

"ရှေ့မှာမင်းမိဘတွေက လူကြီးလူကောင်းပီပီသသထိုင်နေကြတယ်.. မင်းက နောက်ထဲဝင်ပြီး.."

"ခင်ဗျားပါးစပ်ကို ပိတ်လိုက်စမ်းပါ.."

"ဟော့..ဟော့ ဘာဖြစ်ကြတာလဲ.."

"ဦး...သူ စကားကိုဆွဲလားရမ်းလားလာလုပ်လို့ ကြိုးဝင်ကယ်တာ.."

ကြိုး..၊

ဦးထွန်းထွန်းရဲ့အကြည့်တွေ ကြိုးဆီရောက်သွားသည်။ ပြီးတော့ စ...နဲ့များစွာ ငေးခနဲဖြစ်သွားခဲ့၏။ နတာချောတာတွေထက် ပို၍ခန့်ညားပြေပြစ်သော အသွင်သဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



သည် စကားပြောနေတဲ့ ကြိုးဆိုတဲ့ကောင်လေးပါဆိုတာ ယုံနိုင်ဖွယ်မရှိ..။

ကလေးဆန်ဆန်အစွဲအလမ်းကြီးနေသော စကားချိုဆိုသည့်မိန်းကလေးက ဒီလိုပုံပန်းနှင့်ယောက်ျားမျိုးကို စွဲလမ်းနေပါသည်ဆိုတာ ယောင်လို့တောင် တွေးမကြည့်မှဲ့ဘူးပေ..။

"သူက.."

ဒေါ်ယုမေလည်း ဝင်လိုက်လာသည်မို့ လင်မယားနှစ်ယောက်စလုံး မယုံနိုင်အောင် ဖြစ်နေကြဆဲ သာယာဘယ်တုန်းက ထွက်သွားမှန်းမသိလိုက်..

"ကိုကြီး..ကျွန်တော်တို့ရောက်ပြီ.."

"သတို့သားဘက်က မိဘတွေအဖြစ် ကျွန်တော်တို့က ဒီပွဲကိုဖွင့်ပါရစေ.."

အီမိုရာကုမ္ပဏီရဲ့ဥက္ကဋ္ဌ ဦးတင်ထွတ်အောင်တို့အသံကို ကြားလိုက်ရကာ မင်္ဂလာပွဲသည် တစ်မျိုးတစ်ဖုံပြောင်းလဲသွားခဲ့လျက်..။

"ဧည့်သည်တွေထပ်ရောက်လာတာ အများကြီးပဲ..မမယုနဲ့ကိုထွန်းတို့ အပြင်ထွက်ပါဦး.."

နောက်မှာပြဿနာတက်နေသည်ဆိုလို့ ခုပဲဝင်လာတာ ခဏလေးရှိသေးသည်။ အပြင်ကိုပြန်ထွက်ကြည့်လိုက်တော့ လူတွေပြည့်လျှံများပြားနေကာ သမီးရဲ့သူဌေး ဇနီးမောင်နှံက အားလုံးကိုနှုတ်ဆက်ပြုံးရွှင်လို့..။

"ကြိုး.."

စကားနှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်လှုပ်ခတ်တုန်ယင်နေကာ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျလာကြ၏။

"ရှင်..ရှင်လာခဲ့တယ်နော်.."

ကြိုးက ဘာမှမပြောဘဲ စကားလက်ဖဝါးလေးနှစ်ဖက်ကို ဆွဲယူကိုင်ထားလျက်..။

"ပြောစကားနားထောင်တယ်နော်..လိမ္မာတယ်.."

စကား တသိမ့်သိမ့်ကြည်နူးရင်း သူ့ရင်ခွင်ထဲတိုးဝင်၍ ငိုပစ်လိုက်မိသည်။

သူ့ခါးကို ဖက်ထားမိကာ..။

"စကား ရှင့်ကိုချစ်တယ်.."



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၄)

"တိုင်းမ်လိုင်းလုပ်ငန်းစုကြီးရဲ့ ဦးစီးမှူးဦးအဒန့်လာ (ခေါ်) ကြိုးပါ.."

ဟင်..၊

စကားရဲ့ကြည်နူးပျော်ရွှင်စွာ အတူတွဲထွက်လာခဲ့သည့် ခြေလှမ်းတွေ တုံ့ခ ရပ်တန့်သွား၏။ မော့ကြည့်လိုက်တော့ ကြိုးကပြုံးနေသည်။ ဗိုင်းဝန်းနှုတ်ဆက်ကြသည့် မိတ်ဆွေတွေက ခတ်ပုံတွေပါ တဖျတ်ဖျတ်ရိုက်ကြသည်။

လူငယ်အုပ်စုတွေက ပန်းကြဲလုပ်ရမည့်အစား သူတို့က ပန်းတွေကြဲချ၏။ တင်းအဖျင်းစကားသံတို့နှင့် ခြောက်ကပ်နေခဲ့သော ဧည့်ခံပွဲကြီးက မင်္ဂလာအခါပေးသီချင်း အဖွင့်နှင့် စိုပြေနေခဲ့လျက်..၊

"ကြိုး.."

"ဟင်.."

စကားက ခြေစုံရပ်ပစ်လိုက်သဖြင့် ကြိုးကငဲ့ကြည့်ပြီး မျက်မှောင်ကုတ်သွား၏

"ဘာဖြစ်လို့လဲ.."



www.burmeseclassic.com

ww.burmeseclassic.com



"ရှင်က.."

"ပြော.."

စကားမျက်ဝန်းလေးတွေ ဝိုင်းဝိုင်းလည်နေလျက် စကားပြောဖို့ကြိုးစားရင်း ပြောမထွက်ဘဲ နှုတ်ခမ်းလေးတွေသာ လှုပ်ခတ်နေခဲ့ရင်း..၊

"ဘာလုပ်နေတာလဲ..ပန်းကြဲတွေက စင်နားရောက်နေပြီ.."

"ကြိုး ရှင်..ရှင်က.."

"နောက်မှာမေးကွာ.."

ကြိုးက ရှေ့ဆက်ခြေလှမ်းပြင်သည်။ စကားက နေရာမရွေ့..၊

"ဟော့.."

"စကား..စကားရှင့်ကိုမသိခဲ့ဘူး။ ရှင့်ကို..အဲ့လို..ဟင့်အင်း..တကယ်မသိတာပါ၊ စကားချမ်းသာချင်လို့ ခုလိုမျိုးလုပ်တာမဟုတ်ဘူး..ရှင်မယုံဘူးမလားဟင်.. "

"ဟ ..မငိုနဲ့လေ ကိုယ်မင်းကို.."

"ရှင် စကားကိုအရှက်တကွဲမဖြစ်ရအောင်လာကူညီတာ..ပြီးရင် စကားကို ဆူပြောပြီး..ဟင့်အင်း.."

"စကား..ဟာကွာ ပြဿနာပါပဲ.."

စကားလက်တစ်ဖက်က ပန်းကိုင်ထားပြီး သူ့လက်မောင်းကိုအတင်းဖက်၍ ငိုလေသည်။ ဧည့်ပရိတ်သတ်တွေ ဒီဘက်ကိုအာရုံရောက်လာသည်နှင့် ထိန်လင်းတို့က ဟေးလားဝါးလားလုပ်ပစ်၍ ဆူညံစေကာ..၊

"လုပ်ပါ..လုပ်ပါအာစရိ.."

"ကိုကြီး ချော့ပါဗျို့.."

"နောက်ကျမှရောက်လာလို့ သတို့သမီးစိတ်ကောက်နေခြင်းဖြစ်ပါတယ်.."

"ဖြောင်း ဖြောင်း ဖြောင်း.."

ဧည့်သည်တွေနှင့် သာယာစိုပြေသွားခဲ့သော မင်္ဂလာပွဲမှာ ဒေါ်သူဇာနဲ့ ဦးနေသူရိန်တို့လည်း ပျောက်ချင်းမလှပျောက်သွားခဲ့ကြ၏။ ကိုယ့်သောကတွေ ပြီးဆုံးသွားသည်နှင့် ဒေါ်ယုမေတို့လည်း တခြားဘယ်သူတွေ မဲ့တာပြုံးတာမှ သတိမရတော့ဘဲ ကြည်နူးပီတိများနှင့် ပြည့်သျှံနေခဲ့၏။

ပွဲစည်လာလေ သောကတွေဖိစီးလေဖြစ်နေရသူက စကားပဲဖြစ်ကာ..၊



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ်..ဒီလိုလူကို လက်ထပ်ချင်တာများ လူကြီးတွေနဲ့ဘာဖြစ်လို့ မတိုင်ပင်ခဲ့ရတာလဲ.."

"မဟုတ်ဘူး..ဒီကောင်လေးကို မင့်သမီးလည်းဒီအခြေအနေနဲ့သိခဲ့တာ မဟုတ်ဘူး..အဲ့ဒါငါပြောရဲတယ်.."

ပရိသတ်အလယ်မှာပဲ ဒေါ်ဒေါ်နဲ့ဦးတို့ရဲ့မေးခွန်းက အလိုအလျှောက် ဖြစ်ပေါ်ပြီး ဆုံးနေခဲ့လျက်..။

"ဆောရီးပါ..ကျွန်တော်ခရီးသွားခါနီးမို့လို့ သေချာမစီစဉ်လိုက်နိုင်တာ..အားလုံးကိုဆောရီးပါ.."

"ဦးအဒန့်လာ..ဘယ်လိုလဲဗျာ.."

"ကိုကြီးရေ..နောက်ထပ်ပို့စ်တစ်မျိုးလောက်.."

"ဗီဒီယိုရိုက်နေတာက ဒီမှာ.."

"လက်စွပ်..လက်စွပ် မင်္ဂလာလက်စွပ်လဲချိန်နော်.."

စင်မြင့်ထက်မှာ လက်စွပ်ဘူးလေးတွေက အချိန်မှီရောက်လာခဲ့၏။

"ရတယ်..ရတယ် ကျွန်တော်တို့အာစရိက သူကိုယ်တိုင်စွပ်ပေးချင်လို့ လမ်းမှာတည်းက လက်သီးလက်မောင်းတန်းလာတာ.."

"ဟုတ်တယ်..တခြားလူဝင်စွပ်ပေးလိုက်ရင်တော့ ဘာဖြစ်ကုန်မလဲဆိုတာ မပြောနိုင်ဘူးနော်.."

ဧည့်သည်တွေဝေါခနဲရယ်ကြ၏။ ကြိုးရဲ့မျက်နှာကြီး နီမြန်းနေကာ၊ စကားက လက်သီးလေးဆုပ်ထားပြီး ကတုန်ကယင်ဖြစ်နေ၏။

"လက်ဖြန့်လေ.."

"စကား ရှင်နဲ့စကားပြောချင်တယ်.."

နှုတ်ခမ်းလှုပ်ရုံပြောပေမယ့် ကြိုးကနားလည်သည်။ ထို့ကြောင့် စိုက်ခနဲ ကြည့်ပြီးပြုံး၏။ ထိုအပြုံးကြောင့် ခြောက်ချားသွားခဲ့တာ ဘယ်သူမှမသိနိုင်..။

သူမတို့ ဧည့်ခံပွဲထဲပြန်ဆင်းလာကာမှ ဒေါ်နီလာနဲ့မိတ်ဆွေတွေ ပြောတာကို ကြားလိုက်ရင်း..။

"တကယ့်စိန်သန့်တွေချည်းပဲလေ..နစ်ကွင်းကိုရာကျော်တယ်.."

"ဩော်..သတို့သားကလည်း မိန်းကလေးကိုတော်တော်မြတ်နိုးတာပဲနော်.."



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး..အဲဒါမဟုတ်ဘူး.. ၊

ကြိုးဆိုတဲ့ယောက်ျားကိုက မိန်းမသားတကာကိုဝိုင်းပြီးပေးတတ်တာ ထိထိ၊

စကားကိုသူဆူတော့မှာ “မင်းလုပ်တတ်တာဓါတွေလား”လို့မေးပြီး ခေါ်မြ တွေထွက်တော့မှာ၊ စကားသူ့ကိုမော့ကြည့်လိုက်မိသည်။ ရယ်နေသည့်မျက်နှာက ချော မွေ့တည်ကြည်နေသည်။

သာယာဆိုသောယောက်ျား၏ ဖြူနုသောလူငယ်စတိုင်လ်သည် ကြိုးနှံ့ယှဉ် လိုက်တော့ ကြည်လဲ့လှပသောရေကန်ကြီးရဲ့နံဘေးက ရေဗွက်ငယ်လေးက် ကွာခြား သွားခဲ့သည်။

ဒါ စကားရဲ့နှလုံးသားကြောင့် ကွဲပြားခြားနားသွားခြင်းလားဆိုတာ မသိ၊ ဒါပေ မယ့် သူမမြင်နေတာတော့ ဒီတိုင်းပဲဖြစ်သည်။ ဒီလူကိုသူမချစ်သည် ယောက်ျားပီသ၍ တည်ကြည်မွန်မြတ်သော ဒီယောက်ျားကိုမှ စွဲလမ်းခဲ့မိသည်။

ထိုသူမှာ ဘယ်လိုပြည့်စုံကြွယ်ဝမှု ဂုဏ်ပကာသနမှ မရှိဘဲနဲ့ အရူးအမူးစွဲလမ်း ခဲ့၏။

သို့သော်ငြား.. ၊

၀၁ ၀၂ ၀၃ ၀၄



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၅)

"မလုပ်နဲ့..မလုပ်နဲ့ အဲ့ဒါမဖြစ်ဘူး.."

"အာစရိနော်.."

"ဟုတ်တယ်ကိုကြီးကြိုး..တစ်ခါတလေတော့ ရက်စ်လုပ်လိုက်.."

"လုပ်ပါကိုကြီးရာ..ဟော့ကောင်တွေအိုခေပြီ၊ အွန်လိုက်တော့.."

"ဟာ..ဟော့.."

ကြိုးခေါင်းခါရင်း လက်ပါပါတော့ လက်ကိုဖယ်ချလိုက်ကြကာ..၊

"ခေါင်းညိတ်လိုက်တာ ငါသေချာမြင်တယ်ဟော့..ဒီညတော့ ငါ့ညီလေးတွေလုပ်ပါစေတဲ့.."

"ခွေးကောင်.."

"ဟား ဟား ဟား.."

ထိန်လင်းတို့အုပ်စုထဲမှာ ကြိုးကမျက်နှာကြီးတည်နေလိုက် ပြုံးမိလိုက်ကြ၍ အားလုံးဆူညံနေတဲ့ထဲ ဘာစကားမှလည်း တိုးမပေါက်နိုင်..၊



www.burmeseclassic.com

www.burmeseclassic.com



"ရပြီ ကိုကြီးကိုမခေါ်ဘူး..အေးဆေးနေတော့ တို့ချည်းပဲဂိုးကြမယ်.."

" let's go.."

"ငါတို့အာစရိ ဦးငယ်တို့လူစုကလာမဆွဲဘဲ အေးချမ်းတဲ့ဘတ်ချ်လာနိုက်ဖြစ်ပါစေဗျာ.."

စကားတို့ရဲ့ ခြံတံခါးဝမှာ လူငယ်တွေနဲ့ ကြိုးတို့ရှင်းမရဖြစ်နေစဉ် စကားတစ်ယောက်တည်း အိမ်ထဲမှာ..၊

"ဘယ်လိုပြောလိုက်တာလဲသမီး..မင်္ဂလာပွဲမှာလည်း မျက်နှာမသာမယာနဲ့..ဘာတွေပြောစရာရှိနေပြန်တာလဲ.."

"ပြောလေသမီး..ဒါကိုလုပ်မယ်ဆိုတုန်းကတော့ ညည်းလောက်တက်ကြွပြီး သတ္တိတွေရှိနေလိုက်တာလည်း ညည်းပဲ.."

ဟုတ်ပါသည်။ ဒါကြောင့် ကြိုးရဲ့စကားလုံးတွေ မတော်တဆထွက်ကျမလာခင် သူမအရင်ဝန်ခံထားမှဖြစ်မည်။ ဒါပေမယ့် ကြိုးရှိမှလည်းဖြစ်မှာမို့ သူဝင်လာအောင်စောင့်နေခဲ့တာဖြစ်၏။

ခုလို သူမလုပ်ခဲ့တာတွေမှာ ဦးနဲ့ဒေါ်ဒေါ်တို့တစ်ခွန်းတပါဒမျှ မသိခဲ့ဘူးဆိုတာ ပြောပြမည်။ ကိုယ့်ကိုအထင်လွဲပြီး ကြိုက်သလိုပြောပါ၊ ဒေါသတွေ ထွက်ပါ..၊

ဒေါ်ဒေါ်တို့ကိုတော့ ဒီလိုအထင်မခံနိုင်ပေ..၊

"ကျွန်တော့်ကိုစောင့်နေရတာလား...အားနာလိုက်တာ.."

ကြိုးဝင်လာတော့ သုံးယောက်စလုံးမတ်တပ်ရပ်နေကြဆဲရှိကာ၊ သူနဲ့ပတ်သက်တာတစ်ခုခုပြောနေကြမှန်းလည်း သိလိုက်၏။ ဒါပေမယ့် သူဘာမှ အကဲမခတ်မိလိုက်သလို ပြုံးပြကာ..၊

"ကျွန်တော်တစ်ခုခွင့်တောင်းချင်လို့ပါ..ဘာမှလည်းကြိုမပြောခဲ့ရဘူး ဆိုတော့.."

"စကားပဲပြောလိုက်ပါ့မယ်..ပြောမလို့စောင့်နေတာ.."

စကားရဲ့မျက်ဝန်းမှာ မျက်ရည်ကြည်တို့ဝေ့နေတာ မြင်လိုက်ရကာ၊ ကြိုးမျက်နှာပျက်သွားသည်။ လူကြီးတွေကိုလည်း အားနာစွာကြည့်မိ၍..၊

"ကျွန်တော်ပြောချင်တာက.."

"ကြိုး.."

စကားအလောတကြီးဝင်တားပြီး ခေါင်းခါနေတာလည်း ထိပ်ထိပ်ပျာပျာပုံပေါက်



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခုထိလည်း အိမ်မက်မက်နေသလားလို့ တွေးနေမိတုန်း..၊

"အခု ကျွန်တော်ပြန်ရမှာဆိုတော့ စကားကိုတစ်ခါတည်း ခေါ်သွားချင်ပါတယ် အန်ကယ်လ်.."

"ဟေ.."

"ဟင်..အဲ့..ဟို အန်တီတို့အိမ်ကလည်း မကြီးပေမယ့်."

"မင်းကလည်း အဆင်မပြေပါဘူးကွာ.."

ဒီလိုလူမျိုးက မိန်းကလေးအိမ်မှာ လိုက်အိပ်မှာတဲ့လား..၊

ဒီမိန်းမဦးဧကောက်မရှိတဲ့အတိုင်းလို့ အသံတိတ်ပြောမိရင်း ဦးထွန်းထွန်းက ခေါင်းညိတ်ပေးလိုက်၏။

"မင်းရဲ့ဇနီးဖြစ်သွားပြီပဲ..ခေါ်သွားရမှာပေါ့ကွာ၊ ဦးတို့ခွင့်ပြုပါတယ်..သူများတွေကဲ့ရယ်နေကြလားတောင် မသိပါဘူး။ ဦးတို့ကလည်း သမီးလေးစိတ်ချမ်းသာဖို့အဓိကထားပြီး လိုက်လျောခဲ့ကြတာ အကယ်၍ ဒီည မင်းသာရောက်မလာခဲ့ရင် ဦးတို့မိသားစု.."

"ဒါတွေကိုပြန်မပြောပါနဲ့တော့အန်ကယ်လ်..အခြေအနေဆိုးတစ်ခုခုဖြစ်လာတိုင်း ကံကြမ္မာရဲ့အဆုံးအဖြတ်က အားလုံးရဲ့နောက်မှာ အမြဲရှိနေတာပါ..ကောင်းဖို့ဖြစ်လာတယ်လို့ပဲ တွေးလိုက်ရင် စိတ်ချမ်းသာပါတယ်.."

ဦးထွန်းထွန်းခေါင်းညိတ်ရင်း ပြုံးနေမိသည်။

"မနက်ကျရင် အန်ကယ်လ်တို့ကို ကျွန်တော့်တပည့်တစ်ယောက် လာခေါ်ပါလိမ့်မယ်.."

"ဟေ.."

"စကားလည်း မိုးလင်းတာနဲ့ အန်တီတို့ကိုတွေ့ရရင် ဟိုမှာမစိမ်းတော့ဘူးပေါ့..မနက်ဖြန် ကျွန်တော့်အိမ်ကိုလာဖို့ ဖိတ်ခေါ်ပါတယ်..စကားအတွက် ကျွန်တော်စီစဉ်ထားတာလေးတွေလည်း တိုင်ပင်ချင်လို့ပါ.."

ဟင်..၊

ပြုံးနေသည့် စကားမျက်နှာလေး ကွက်ခနဲပျက်သွားသည်။ အရုက်မရအောင် သူရောက်လာပေးပြီး ဘယ်လိုဉပေက္ခာတွေနဲ့ ချန်ရစ်ထားခဲ့ဦးမှာလဲ၊ သူ့ကားပေါ် ထိုင်လိုက်မိသည့်အချိန်မှာ ဒေါ်ဒေါ်မျက်ရည်တွေ လည်နေတာလည်း သေချာနှစ်သိမ့်ပေးဖို့ကို သတိ



www.burmeseclassic.com

www.burmeseclassic.com


ဒါပေမယ့် ခုထိလည်း အိမ်မက်မက်နေသလားလို့ တွေးနေမိတုန်း..၊

"အခု ကျွန်တော်ပြန်ရမှာဆိုတော့ စကားကိုတစ်ခါတည်း ခေါ်သွားချင်ပါတယ် အန်ကယ်လ်.."

"ဟော.."

"ဟင်..အဲ့..ဟို အန်တီတို့အိမ်ကလည်း မကြီးပေမယ့်."

"မင်းကလည်း အဆင်မပြေပါဘူးကွာ.."

ဒီလိုလူမျိုးက မိန်းကလေးအိမ်မှာ လိုက်အိပ်မှာတဲ့လား..၊

ဒီမိန်းမဦးကျောက်မရှိတဲ့အတိုင်းလို့ အသံတိတ်ပြောမိရင်း ဦးထွန်းထွန်းက ခေါင်းညိတ်ပေးလိုက်၏။

"မင်းရဲ့ဇနီးဖြစ်သွားပြီပဲ..ခေါ်သွားရမှာပေါ့ကွာ၊ ဦးတို့ခွင့်ပြုပါတယ်..သူများတွေကဲ့ရယ်နေကြလားတောင် မသိပါဘူး။ ဦးတို့ကလည်း သမီးလေးစိတ်ချမ်းသာဖို့ အဓိကထားပြီး လိုက်လျောခဲ့ကြတာ အကယ်၍ ဒီည မင်းသာရောက်မလာခဲ့ရင် ဦးတို့ မိသားစု.."

"ဒါတွေကိုပြန်မပြောပါနဲ့တော့အန်ကယ်လ်..အခြေအနေဆိုးတစ်ခုခုဖြစ်လာတိုင်း ကံကြမ္မာရဲ့အဆုံးအဖြတ်က အားလုံးရဲ့နောက်မှာ အမြဲရှိနေတာပါ..ကောင်းဖို့ဖြစ်လာတယ်လို့ပဲ တွေးလိုက်ရင် စိတ်ချမ်းသာပါတယ်.."

ဦးထွန်းထွန်းခေါင်းညိတ်ရင်း ပြုံးနေမိသည်။

"မနက်ကျရင် အန်ကယ်လ်တို့ကို ကျွန်တော့်တပည့်တစ်ယောက် လာခေါ်ပါလိမ့်မယ်.."

"ဟော.."

"စကားလည်း မိုးလင်းတာနဲ့ အန်တီတို့ကိုတွေ့ရရင် ဟိုမှာမစိမ်းတော့ဘူးပေါ့..မနက်ဖြန် ကျွန်တော့်အိမ်ကိုလာဖို့ ဖိတ်ခေါ်ပါတယ်..စကားအတွက် ကျွန်တော်စီစဉ်ထားတာလေးတွေလည်း တိုင်ပင်ချင်လို့ပါ.."

ဟင်..၊

ပြုံးနေသည့် စကားမျက်နှာလေး ကွက်ခနဲပျက်သွားသည်။ အရုက်မရအောင် သူရောက်လာပေးပြီး ဘယ်လိုဥပေက္ခာတွေနဲ့ ချန်ရစ်ထားခဲ့ဦးမှာလဲ၊ သူ့ကားပေါ်ထိုင်လိုက်မိသည့်အချိန်မှာ ဒေါ်ဒေါ်မျက်ရည်တွေ လည်နေတာလည်း သေချာနစ်သိမ့်ပေးဖို့ကို သတိ


www.burmeseclassic.com

www.burmeseclassic.com



မရခဲ့..။

မော်ဒယ်လ်မြင့်ဖိမ်ခံကားကြီးပေါ်မှာ အဲရ်ကွန်းစိမ့်အေးနေပေမယ့် စကားရင်ထဲမှာ ပူလောင်နေကာ..။

"ရောက်ပြီလေ.."

ဟင်..။

ညရဲ့အလှက အိုမင်းခြင်းမရှိသေးပေမယ့် တည်ငြိမ်ရင့်ကျက်မှုတွေနဲ့ တစ်မျိုးတစ်ဖုံပြောင်းလဲနေပြီဖြစ်သည်။ ကားလေးက ခြံဝင်းတစ်ခုထဲကိုကွေ့ဝင်လာကာ ရောက်ပြီဆိုတော့ ဆတ်ခနဲဖြစ်သွား၏။

ခပ်မို့မို့ကုန်းမြင့်လေးပေါ်မှာ မှန်တွေနဲ့တစ်ထပ်တိုက်လေးက ပန်းချီကားလေးလို လှနေ၏။ လှေကားထစ်လေးတွေပတ်ခွေ ဆင်းလာပုံလေးက ကဗျာဆန်၏။

ရန်ကုန်ကမ္ဘာအေးလမ်းမကြီးပေါ်မှာ သူမဖြတ်သန်းသွားလာနေခဲ့တာ အမြဲတမ်းလိုလိုပါ၊ ဒါပေမယ့် လမ်းချိုးလေးတစ်ခုရဲ့အဆုံးမှာ ဒီလိုကုန်းမြင့်လေးနဲ့ ဒီလိုအဆောက်အဦးလေးရှိနေမှန်း သိလည်းမသိ၊ မြင်လည်းမမြင်ခဲ့ဘူးပေ...။

အတွင်းမှာဘယ်လိုမီးပေးထားသည်တော့မသိ တိုက်လေး၏အဖြူခံပေါ်မှာ အပြာနုရောင် မီးပုံးလေးလို တိုက်လေးတစ်လုံးလုံးက မျက်စိအေးဖွယ်ပင်..။

ဟိုတယ်လ်လား..ဒါကြီးရဲ့အိမ်ဟုတ်ရဲ့လား..။

ပတ်ဝန်းကျင်၏ လှပသာယာနေမှုနဲ့ ကြိုးကိုအံ့သြရင်း စကား တောင်တောင်မြောက်မြောက်တွေ တွေးလာမိပြန်၏။

"လာ..ဟိုကောင်တွေပြန်လာရင် မင်းအေးဆေးနေရမှာမဟုတ်ဘူး.."

"ဒါရှင့်အိမ်လားဟင်.."

"ဟုတ်တယ်.."

"သူတို့လည်းနေကြတာလား.."

"နေတယ်တော့မဟုတ်ဘူး..ဒါပေမယ့် ကိုယ်ကတစ်ယောက်တည်းဆိုတော့ သူတို့အမြဲတမ်း ဝင်ထွက်နေကြတာပဲ.."

လှေကားထစ်လေးတွေပေါ် တက်နေရတာလည်း အမြင့်ပေါ်တက်နေရတာနဲ့မတူဘဲ သက်တောင့်သက်သာအေးချမ်းမှုလေးနဲ့ ကြည်နူးဖို့ကောင်း၏။

"ဒီနေရာလေးကို ရှင်ဖန်တီးထားတာလားဟင်.."



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်လား.."

"အရမ်းလှတာပဲ.."

"မင်းလောက်မလှပါဘူးကွာ.."

သူက စကားရဲ့ပခုံးလေးကိုလှည့်ဖက်လိုက်ပြီး တိုက်ခေါင်မိုးပေါ်ကို တစ်ချက်ကြည့်၍..၊

"ဟိုမှာကင်မရာတပ်ထားတယ်..လှလှလေးတက်၊ ကိုယ်တို့ည အမှတ်တရပေါ့.."

စကားခြေလှမ်းလေးတုံ့သွားသည်။ သူပြောနေပုံက မင်္ဂလာပွဲ၏ အစအလယ်အဆုံးက သူနဲ့သာသက်ဆိုင်လာခဲ့တဲ့အတိုင်း...၊

ပြီးတော့ စကားရဲ့လုပ်ရပ်တွေအပေါ် နားမလည်တာတွေ၊ ပြီးတော့ စကားဆီက ကတိတွေ သူဘာမှမမေးမြန်းမတောင်းဆိုဘဲ..၊

"ဟော့ နေဦး.."

သူမအတွေးတို့နှင့် ခြေလှမ်းဆက်ဖို့ပြင်လျှင် ကြိုးကပခုံးလေးကို ဖိကိုင်ထားလိုက်ပြီး..၊

"နောက်မှာ ပဝါငြိနေတယ်.."

စကားက ထိုင်မသိမ်းအနားစတစ်ဖက်ကို ကိုင်ထားပေမယ့် ပဝါက နောက်မှာအရှည်ကြီး ဖြန့်လျက်ပါလာခဲ့၏။ ကျောက်ပြားအစွန်းနဲ့ ပဝါငြိနေတာကို သူပဲမြင်သည်။ အကယ်၍မမြင်ခဲ့လျှင် စကားရဲ့ပခုံးကချိတ်ပါ ပုံစံပျက်ယွင်းပြီး ပြင်ဆင်ထားတာတွေလည်း ပျက်စီးကုန်နိုင်၏။

ကြိုးက စကားရဲ့ပဝါလေးကို တယုတယကောက်လာပြီး ဒီဘက်လက်ကွေးလေးထဲ ပြန်ထည့်ပေး၏။ ပြီးမှ မျက်နှာလေးကိုငုံ့ကြည့်ကာ..၊

"ဒီည မင်းအရမ်းလှတယ်သိလား.."

ကြည်နူးစရာစကားတွေကို ကြားနေရပေမယ့် စကားဘာမှပြန်မပြောနိုင်ဘဲ သူမဘာဆက်ဖြစ်လာမှာလဲဆိုသည့် ပူလောင်ခြင်းမှာပဲလက်ပစ်ကူးနေဆဲ..၊

ကြိုးနဲ့သူမ နှစ်ဆယ့်လေးနာရီပြည့်အောင် တွေ့ခဲ့ရတာမဟုတ်၊ ဒါပေမယ့် သူမတစ်နာရီတောင် မေ့လို့မရတော့ဘဲ စွဲလမ်းနေခဲ့သည်။ သူ့ကိုပြန်မြင်ရသည့်ခဏမှာပဲ ကိုယ့်ချစ်သူတစ်ယောက်အပေါ် ရယူချင်သည့် မိုက်ရူးရဲဆိုးနဲ့ခြင်းတွေနဲ့ သူမစိန်ခေါ်ခဲ့မိ၏။

ဘယ်လိုယုံကြည်မှုတွေနဲ့လဲ၊ ဘယ်လိုသတ္တိတွေနဲ့လဲ..၊ ကြိုးရင်ထဲမှာ ကိုယ်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်လို့ သူမဘာကြောင့် ယုံကြည်ခဲ့မိတာလဲ.. ၊

ပြန်တွေးမိတာနဲ့တောင် ရင်တွေတဒိတ်ဒိတ်ခုန်လာခဲ့သည်။ ခုကျမှ သူမ ချောက်ကမ်းပါးအစွန်းမှာရပ်၍ ဘောလုံးပုတ်တမ်းကစားခဲ့မိသည့်အဖြစ်ကို ကြောက်လန့်ဖို့ သတိရ၏။

"စကားချို.."

"ဟင်.."

"ကိုယ့်အိမ် ဒီကရေးရှင်းက မင်းငေးလောက်အောင်တော့ မလှဘူးထင်တယ်.."

"ဟို.."

"ဆိုဖာတစ်စုံနဲ့ အလုပ်စားပွဲပဲရှိတယ်.."

စကားမျက်တောင်တွေ ခတ်ပစ်မိရင်း၊ တင်းကျပ်ခံစားနေရသမျှ မေးတော့ဖို့ ဆုံးဖြတ်လိုက်ရင်း.. ၊

"ရှင့်ကို စကားမေးစရာတွေရှိတယ်.."

"နောက်မှမေး..ဒီကသွားရင် ဖွင့်ထားတဲ့အိပ်ခန်းရှိတယ်၊ အဲ့ဒီမှာသူတို့ ကိုယ်တို့အတွက် မင်္ဂလာအိပ်ခန်းပြင်ပေးထားကြတယ်..နောက်ပြီး မင်းအတွက် အဆင်ပြေနိုင်မယ့် အဝတ်အစားသုံးလေးစုံတော့ ရှိမယ်ထင်တယ်..အဝတ်အစား သွားလဲလိုက်.."

"ဒီတိုင်းပဲပြောလည်းရတယ်..မပြောရသေးဘဲ ရှင့်နားကတစ်ဖဝါးမှ မသွားဘူး.."

"ဟင်.."

သူက အလုပ်စားပွဲနားလျှောက်သွားရင်း ဖျတ်ခနဲလှည့်ကြည့်သည်။ တစ်ခုခု မပြောခင် စကားက သူ့နားကို လျှောက်သွားလိုက်ကာ.. ၊

"ရှင်ရော စကားကိုဘာမှမမေးတော့ဘူးလား.."

"မေးခွန်းတွေမေးနေရမယ့် အချိန်မှမဟုတ်တာ.."

"ဒါဆို ဘာအချိန်လဲ.."

သူက စားပွဲဆီလှည့်သွားကာ အိတ်ထဲကသော့ထုတ်၍ အံဆွဲဖွင့်သည် ဘယ်ပစ္စည်းကိုဖြစ်ဖြစ် ကတ်ဒ်တွေနံပါတ်တွေချည်းမသုံးဘဲ ရှေးရိုးစွဲအတိုင်း သော့ကိုမပါမပြီး ထည့်၍ နှစ်ထပ်ပိတ်ထားတာ သူ့အကျင့်.. ၊

"ကြိုး..စကားမေးနေတာဖြေလေ.."

"မဖြေအားသေးဘူးကွာ..ကိုယ်အလုပ်လုပ်စရာရှိသေးတယ်.."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကိုပဲသိချင်နေတာ.."

အလုပ်ကိုသိချင်နေတယ်ဆိုတော့ လက်တစ်ဖက်ထောက်၍ ဗံဆွဲဖွင့် နေရင်း ကြိုးကပြန်ငဲ့ကြည့်သည်။

"စကားရဲ့လက်ထပ်ပွဲကို ရှင်လာတက်ပေးခဲ့တာလား.."

"ဟုတ်တယ်လေ..မင်းဘာသာတစ်ဖက်ခြမ်းတည်း မင်္ဂလာဆောင်နေလို့ ပြီး သွားမှာမို့လား.."

"ဘယ်လို.."

"လိုရင်းက ကိုယ်လာခဲ့တယ်..မင်းလည်းကိုယ်ရောက်လာမှာပဲဆိုတာ သိတယ်၊ ဒါပဲ အိုခေ.."

"ကြိုး..ရှင်စကားကို သေချာလှည့်ပြောစမ်းပါ.."

"မပြောနိုင်ဘူး.."

စကားရင်ထဲမှာ နင့်သွားသည်။ အဲ်ရုကွန်း အရှိန်တက်လာသဖြင့် သူထည့်ပေး ခဲ့သည့် လက်ကြားထဲက ပဝါစလေး တအိအိလျှောကျသွားသည်။ ပြီးတော့ တလွန့်လွန့် လူ့ပ်ခတ်နေ၏။

အံဆွဲထဲက တစ်စုံတစ်ခုကိုထုတ်ယူလိုက်ပြီး ကြိုးက စကားလက်မောင်းလေး ကိုတွဲ၍ တစ်ဖက်မှာနေရာရွှေ့နေစေကာ..၊

"လေကြောင်းမှာမနေရဘူး..ကိုယ်မှာချွေးတွေနဲ့.."

မသိရင် ဂရုစိုက်နေသလိုလို..၊

ပြီးတော့ ဗီရိုဆီလျှောက်သွားပြီး သော့ဖွင့်နေသည်။ ပြီးတော့ နာရီပင့်ကြည့်၏။ ပြီးမှ သူမဘက်ကိုမရောက်သော အကြည့်တစ်ချက်နှင့်..၊

"အဝတ်အစားသွားလဲကွာ..မင်းခဏနားနေတုန်း ကိုယ်အလုပ်လုပ်လိုက်မယ်၊ ပြီးမှ ကော်ဖီသောက်ရင်းစကားပြောတာပေါ့.."

"ရှင်အလုပ်အရေးကြီးနေရင်လုပ်ပါ..စကားဒီတိုင်းရပ်စောင့်နေမယ်.."

"ထိုင်စောင့်ပါ့မယ်ဆိုလည်းမရဘူး..မင်းစောင့်နေရင် ဘယ်လိုလုပ်လို့ရမှာလဲ.."

"ရလို့ပဲ အလုပ်လုပ်ဖို့ရှင်ပြင်နေတာ.."

"ကျွတ်.."

သူမျက်မှောင်တစ်ချက်ကုတ်သွားကာ ပြန်လျှောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်.."

စားပွဲပေါ်ကို ဖိုင်ပါးလေးတစ်ထပ် ပစ်ချလိုက်ပြီးမှ အနားလျှောက်လာကာ..၊

"မင်္ဂလာဦးညကို ကိုယ်အလုပ်လုပ်မှာ မင်းငြိုငြင်နေတာလား.."

"အဲ့လိုတော့မဟုတ်ပါဘူး..ဒါပေမယ့် စကားမေးချင်နေတာတွေကလည်း အဲ့ဒါပေါ်မှာပဲ မူတည်နေလို့.."

"ကဲ..မေး.."

သူကရင်ဘက်ချင်းထိတော့မလို ရှေ့မှာလာရပ်သည်။ စကား သူ့ကိုမော့ကြည့်နေရာမှ နောက်တစ်လှမ်းပြန်ဆုတ်ကာ..၊

"ဘာကြည့်နေတာလဲ..မေးလေ.."

"ရှင်မင်္ဂလာပွဲကို ရောက်လာခဲ့တာ ဘယ်လိုစိတ်နဲ့လဲလို့.."

"မင်းကရော အဲ့ဒီပွဲကြီးထလုပ်နေတာ ဘယ်လိုစိတ်နဲ့လဲ.."

ရောင်စုံခြယ်သထားသည့် ရွှေမင်းသမီးရဲ့မျက်နှာလေးက သူ့ရင်ခုန်သံတွေကို ဘယ်လောက်ထိတိုးတိုက် နှိပ်စက်နေလဲဆိုတာ သူမကတော့သိမှာမဟုတ်..၊

"ဘယ်လိုလဲ..မဖြေနိုင်တော့ဘူးလား.."

"စကားကအရင်မေးတာ.."

"မင်းအရင်စခဲ့တဲ့လုပ်ရပ်အတွက် ကိုယ်ကပြည့်စုံအောင် ဖြည့်တင်း ရတဲ့သူပဲ.."

"အဲ့ဒါအဖြေလား.."

"မဟုတ်သေးဘူး..မင်းကို ကိုယ်မေးခွင့်ရှိတဲ့အကြောင်းပြောပြတာ.."

စကားက ဖြေသင့်တယ်လို့ဆုံးဖြတ်လိုက်သည့် မျက်လုံးနှင့် သူ့ကိုပြန်မော့ကြည့်ကာ..၊

"ရှင်စကားကို ဥပေက္ခာထားတော့မယ်လို့ ပြောသွားတာကိုမယုံဘူး.."

"အင်း.."

"စကားဒုက္ခရောက်တိုင်း ရှင်သိနေတာ စကားကို ရှင်ကြည့်နေလို့ပဲလို့ ယုံနေတာ.."

"အင်း.."

"ပြီးတော့.."

စကား ခဏတော့ ဆွံ့အသွားခဲ့၏။ ပြီးမှ..၊



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တကယ်ထားခဲ့မယ်ဆိုရင်တောင် စကားမနေရှဲနိုင်ဘူး.."

"အရှုံးမပေးချင်တာလား.."

"ဟင့်အင်း.."

စကားချက်ချင်းခေါင်းခါသည်။ ဒါပေမယ့် ဖျတ်ခနဲမျက်နှာလွှဲ၍..၊

"စကားရှင့်ကို ဆုံးရှုံးမခံနိုင်တာ.."

သူအသံတိတ်နေတော့ စကားပျာပျာသလဲ မော့လာကာ..၊

"အဲ့ဒါတွေက ရှင့်ကိုသူဌေးမှန်းသိလို့ မဟုတ်ပါဘူး..တောလမ်းမှာ စကားအတွက် အရာရာကိုဖြည့်ဆည်းပေးခဲ့တဲ့ ကြိုးဆိုတဲ့လူတစ်ယောက်ကိုပဲ စွဲလမ်းခဲ့တာပါ.."

သူကရယ်မှာလား တည်နေတာလားမသိနိုင်အောင် နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားကာ၊ စကားမျက်နှာကိုပဲ စူးစိုက်ကြည့်နေခဲ့၏။ ဆံမြိတ်တစ်ဖက် အရှည်ချထားသော ဆံထုံးလုလုလေးနှင့် ရွှေလည်တိုင်မှာလည်ဆွဲကုံးတွေ အထပ်ထပ်နှင့်သူ့မလေးက သူ့အတွက်တော့ရွှေစင်ရုပ်ထုလေး အသက်ဝင်နေသလိုပင်..၊

သူမပြောနေပါစေဆိုပြီး နားထောင်နေခဲ့သမျှ အတွေးတွေအမျိုးမျိုး ပြောင်းလဲနေမည့် သံသယမျက်ဝန်းလေးတွေမှာ ခြောက်ချားနေတာတွေ မြင်နေရသည်။ သူဘာမှ မပြောလေ မျက်ဝန်းလေးတွေမှာ ကြေကွဲရိပ်တို့ဆင်လာလေ..၊

မကြည့်ရက်ပေမယ့် သူကြည့်နေလိုက်သည်။ သူမစိတ်ထဲက စိုးရိမ်မှုတွေ စွဲလမ်းခြင်းတွေ ပြီးတော့မျှော်လင့်ချက်တွေအားလုံးမှာ သူဘယ်လိုနေရာကနေ ရာခိုင်နှုန်း ဘယ်လောက်ထိ ပါဝင်နေခဲ့သလဲဆိုတာသိရဖို့ ဒီတိုင်းပဲ ကြည့်နေဖို့လို၏။

"ကြိုး.."

"ဟင်.."

"ရှင့်ကိုစကား.."

"ပြောလေ.."

စကားနှုတ်ခမ်းလေးကို ပြန်ဖိ၍..၊

"စကားထပ်ပြောပါရစေ..ရှင်သူဌေးဆိုတာ စကားလုံးဝမသိခဲ့ပါ ဘူး.."

"မင်းကိုအဲ့ဒီကိစ္စအတွက် ကိုယ်စွပ်စွဲခဲ့မိလို့လား.."

ဟုတ်တယ်၊ ကိုယ်ပြောမိသည်။ ကိုယ့်အပြစ်ဖြစ်ရပြန်ပြီလား..၊

စကားထိတ်လန့်သွားမိလျက်..၊



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် စကားကို မင်းလောက်ချမ်းသာချင်တာမင်းပဲလို့ ရှင်ပဲပြောသွားတာ.."

ကြိုးက သက်ပြင်းချလိုက်ပြီး လှည့်ထွက်သွားလျှင် စကားကသူ့လက် မောင်းကို လက်ဖဝါးလေးနှစ်ဖက်နဲ့ အတင်းပြန်ဆွဲလှည့်ကာ..။

"မသွားရဘူး..ရှင်စကားကို ဘယ်လိုသဘောထားသလဲ၊ ခုတစ်ခါတည်းဖြေပေး.."

"ခုနတည်းက အဲ့ဒါကို မင်းသိချင်နေတာမို့လား..ဘာလို့တည့်တည့်မမေးတာလဲ.."

"ရှင်အထင်သေးစကားပြောခဲ့တာတွေအတိုင်း ဖြစ်လာခဲ့လို့ ရှင်အထင်လွဲသွားမှာ စကားမခံနိုင်ဘူး.."

"အခု ကိုယ်ကမင်းပြောတာတွေကြောင့် မင်းကိုအထင်တကြီးဖြစ်သွားပြီလို့ ထင်လိုက်တာလား.."

တည့်တည့်ကြည့်မေးတော့ စကားဘာမှမဖြေနိုင်၊ ငုံကြည့်နေသည့် အနေအထားကနေ ကြိုးကမျက်နှာချင်းဆိုင် ပြန်ရပ်လိုက်သည်။ ပြီးတော့ စကားရဲ့ပခုံးလေးနှစ်ဖက်ပေါ် ခပ်ဖွဖွလေးဆုပ်ကိုင်၍..။

"မှတ်ထား..နှုတ်ခမ်းတစ်စုံက စကားပြောတတ်တယ်၊ အဲ့ဒါကြောင့် ပြောတဲ့စကားသံကိုလူတိုင်းကြားရတယ်..လူတိုင်းမကြားနိုင်တာ ရင်ဘတ်ထဲက စကားပဲ.."

သူ့စကားသံက နူးညံ့နွေးထွေးမှုများနှင့် လှိုက်လှဲနေခဲ့လျက်..။

"ကြားရတာတွေကို မယုံနဲ့..စကားမပြောတဲ့ ရင်ဘက်ထဲကအသံကိုပဲ ကြားနိုင်အောင်ကြိုးစား.."

ပြောနေရင်း သူ့မျက်နှာငုံ့လာသည်။ နှုတ်ခမ်းဖျားက လေငွေ့နွေးနွေး တို့သည် စကားရဲ့နဖူးပြင်လေးမှာ ထိတွေ့လာခဲ့ပြီး သူမမျက်နှာလေးလွှဲပစ်လိုက်တော့ ပါးပြင်နုနုမှာရိုက်ခတ်နေကြ၏။

ပြီးတော့ ရွှေ့လျားခြင်းသည် လည်တိုင်နုနုမှာ ရှိန်းမြပူနွေးနေခဲ့လျက် စကားတစ်ကိုယ်လုံး ကတုန်ကယင်ကြီးဖြစ်လာခဲ့၏။ သူနမ်းလိုက်လျှင် သူမ ခွေကျသွားတော့မလားမသိ..။

မျက်ဝန်းတို့ကို မှိတ်ထားလိုက်ပြီး အသက်အောင့်ထားပေမယ့် ရင်ဘတ်တစ်ပြင်

www.burmeseclassic.com



လုံး တုန်ခါနေသလို ထိန်းချုပ်လို့မရ၊ ပန်းပေါ်မှာတင်ထားသည့် [illegible]
ရှေ့လည်တိုင်ဆီ ဖွဖွလေးထိတွေ့လာကာ.. ၊

"မင်းကကိုယ့်ရင်ဘက်ထဲကို [illegible]
တာတွေ တွေးပူနေတာလဲ.."

သူစကားရဲ့ မျက်နှာလေးကို သူ့မျက်နှာနား [illegible]
ကိုယ်လုံး ဖျန်းခနဲပူရှိန်းသွား၏။

ထိုစဉ်.. ၊

"ကိုကြီးရေ.."

"တင်းတောင်.. "

သူ့လက်တွေ ဖျတ်ခနဲကွာသွားသည်။ ထိကပ်မလို နီးစပ်သွားသည့် မျက်နှာနှစ်ခုက အနီရောင်ဆေးမှင်တို့နှင့် အိုးတိုးအမ်းတမ်းဖယ်ကွာသွားခဲ့ပြီး.. ၊

"ဘာလဲ.."

ပွင့်သွားသည့် တံခါးရှေ့မှာ လူငယ်တွေစုရုံးရပ်နေကြကာ၊ နောက်ကလူက ရှေ့ကိုခြေဖျားထောက်ပြီး ကျော်ကြည့်၏။ အရပ်ရှည်သည့်လူက အားမလိုအားမရနှင့် ရှေ့ကလူရဲ့ခေါင်းကိုထပ်ဖိချပြီး အိမ်ထဲကိုလည်ပင်းရှည်ကြည့်သည်။

"ဟာ..ခုထိဒီတိုင်းပဲ.."

"ငါမပြောဘူးလား..ငါတို့အာစရိ ဒါမျိုးဆိုတုံး.."

"ဟေ့ကောင်.."

"တုံးတိနေမယ်ထင်လို့လား..လုံးဝမတုံးဘူးလို့ ဟွန်း.."

"ဆူမနေကြနဲ့..ဘာလာလုပ်ကြတာလဲ ခု.."

"လာကြည့်တာ.."

"ဘာ.."

"ဘာလိုသေးလဲလာကြည့်တာလို့..ဟီး.."

"ပြန်ကြတော့..မနက်ကိုးနာရီ ဆိုင်းအော်ငါ့ဆီလာဖို့ပြောလိုက်.."

""ရက်စ်အာစရိ.."

"သွားကြတော့.."

"အာ..အာစရိ.."



www.burmeseclassic.com

www.burmeseclassic.com



"ကို..ကိုကြီး.."

"ကျွမ်း.."

"အာ..အာစရိရယ်၊ ဖြေးဖြေးပိတ်ပါ..မှန်ကွဲသွားမှာစိုးလို့.."

တံခါးပိတ်လိုက်ပြီးမှ ပြုံးမိသည်။ သူပြန်ကြည့်လိုက်တော့ စကားမရှိတော့ပေ၊ အဝတ်အစားသွားလဲပါဆိုတော့ မသွားဘဲ..၊

"အဟွန်း.."

သူကုတ်အင်္ကျီချွတ်ရင်း ပြုံးလိုက်မိသည်။ ပြီးတော့ အင်္ကျီကို ကုလားထိုင်ကျောမှီမှာ တင်လိုက်ပြီးစားပွဲမှာ ဝင်ထိုင်လိုက်သည်။ လက်ပ်တော့ပ်ဖွင့်လိုက်ရင်း စကား၊ ရန်တွေ့တာလေးကို မြင်ယောင်သွား၏။

မင်္ဂလာဦးညမှာ သူ့ဒီလိုအလုပ်လုပ်နေတာ စကားတစ်မျိုးတွေးနိုင်သလား..၊

ဒါပေမယ့် မလုပ်လို့လည်းမဖြစ်ပေ..၊

ဒီနေ့မသွားဖြစ်လိုက်သည့် အလုပ်ကိစ္စအတွက် သူ့ဘက်က လိုအပ်တာတွေ ပြင်ဆင်ပြီးပို့ပေးရဦးမည်။ ဒီညအရောက်ပို့မှလည်းဖြစ်မှာမို့ အလုပ်လုပ်ရင်း အင်္ကျီလဲဖို့တောင် မေ့နေခဲ့၏။

ဖုန်းဝင်လာတော့ အလုပ်ကိုဖြတ်၍ ဖုန်းပြောနေဆဲ..၊

ညဝတ်ဂါဝန်အဖြူလေးနှင့် ဆံပင်တွေကိုလည်းဖြစ်သလို စုစည်းထားကာ၊ အင်္ကျီခါးစည်းကြိုးကိုလည်း လက်ကချည်နေဆဲနှင့် စကားသူ့ရှေ့ကိုပြန် ရောက်လာသည်။

မျက်နှာမှာမိတ်ကပ်တွေ ဘာမှမရှိတော့အောင် သန့်စင်ထားပြီးဖြစ်ကာ၊ မျက်တောင်ကော့ကော့လေးတွေချည်း ထင်းနေ၏။ နှာတံလေးက လုံးစင်းနေသည်။ နှုတ်ခမ်းသားလေးတွေက နဂိုအတိုင်း ပန်းနုရောင်နုထွေးနေလျက်..၊

"ကြိုး..အလုပ်လုပ်ဦးမှာဆိုရင် စကားကော်ဖီဖျော်ပေးမယ်လေ.."

ဖုန်းပြောနေရင်း ကြည့်နေမိသဖြင့် ကြိုးကမျက်ခုံးခြစ်လိုက်ရင်း ရယ်ကာ၊ အိုခေလုပ်ပြလိုက်၏။

သို့သော် ညဘက်သူကော်ဖီသောက်လို့ မရတာသတိရသွားလျက်..၊

"ဟာ..နေဦး.."

ဖျတ်ခနဲဆို စကားရဲ့လက်လေးတစ်ဖက်ကို လှမ်းဆွဲလိုက်လျှင် လက်ကကိုမမိ၊ ခါးစည်းကြိုးစကို ဆွဲဖြတ်လိုက်သလို ဖြစ်သွားခဲ့ပြီး..၊



www.burmeseclassic.com

ww.burmeseclassic.com



"အား.."

"ဟာ.."

ကြိုးနဲ့အတူ စကားကိုယ်လေးတစ်ဖက်လှည့်ပြီး ပြန်ပါလာ၏။ ရင် ကွဲချည်သော ကြိုးစကို ဖြုတ်လိုက်မိသဖြင့် စကားအင်္ကျီရင်ဘက်ကို ကမန်းကတန်းပြန်ဆွဲကာကွယ်လိုက်ရင်း သူ့ရင်ခွင်ထဲကိုထွေးခနဲ..၊

"ဒေါက်.."

ဖုန်းသည်ဘယ်ဆီလွတ်ကျသွားခဲ့မှန်းမသိတော့ဘဲ သူပွေ့ဖက်ထားလိုက်မိတာ စကားရဲ့ကိုယ်လုံးလေးဖြစ်နေခဲ့၏။

"စကား.."

"ရှင်ဘယ်လုပ်လိုက်တာလဲ..ဒီမှာ.."

"ဆောရီးပါ..ဆောရီးပါကွာ၊ အင်္ကျီကကြယ်သီးမပါဘူးလား.."

"မပါပါဘူး..ဘယ်လိုဟာကြီးမှန်းလည်း မသိဘူး၊ ညဝတ်အင်္ကျီတွေအကုန် အဲ့ဒါတွေချည်းပဲ.."

"ဟုတ်လား..ကိုယ်ဝယ်တာမဟုတ်ဘူးကွ၊ ဆောရီးပါကွာ.."

"ဟင့်အင်း..ငုံ့မကြည့်နဲ့.."

"မင်းကိုကြည့်တာပါ.."

"အဲ့ဒါကိုမကြည့်ဖို့ပြောနေတာ ကြိုးနော်.."

"ဘာကိုမှမကြည့်ပါဘူး..မင်းကိုပဲ.."

"ကြိုး.."

စကားခြေလေးဆောင့်၍ ငိုတော့မလိုဖြစ်သွားမှ သူသဘောပေါက်သည်။

ပြီးတော့ မျက်နှာမော့ထားရင်း ရယ်နေ၏။

"ဘယ်လိုလုပ်ရမလဲ..အဲ၊အတိုင်းမော့ထား.."

"ဘာလုပ်မလို့လဲ..ကြိုးပြန်ချည်မလို့.."

ရယ်သံသည် ပျာပျာသလဲတောင်းပန်သံမဟုတ်တော့ဘဲ ကြိုးပြန်ချည်မလို့ ရှန်းနေသည့်သူမကိုယ်လေးကိုပါ တင်းခနဲဖက်ထားလိုက်ပြီး..၊

"ကိုယ်တို့ချည်းပဲရှိတာကွာ..ရက်မနေပါနဲ့တော့.."

"ဘာ.."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောချင်တာက.."

"ဟင့်အင်း..ဖယ်.."

"ကိုယ်အားလုံးမြင်ပြီးပြီလို့.."

"ဟင်.."

သူက မချိုမချဉ်ရယ်သံ ခပ်ကြိတ်ကြိတ်နှင့်..၊

"ယောက်ျားလေးမျက်လုံးက ဒါမျိုးဆိုသိပ်လျင်တာ.."

စကားပိုရှက်လေ သူနဲ့ရင်ဘက်ချင်းကပ်ထားပြီး ကိုယ်လေးကျုံ့နေမိလေ..၊

"ကိုယ့်ကိုကြည့်ပါလား.."

"မကြည့်ဘူး.."

"မင်းမေးပြီးပြီလေ..ကိုယ့်အလှည့်ပေါ့.."

"ရှင်မေးဖို့ပြင်ဆင်နေတာ မဟုတ်ပါဘူး..အလုပ်လုပ်နေတာ.."

"အဲ့ဒါလည်း မင်းအတွက်ကြောင့်လုပ်နေရတာပဲ.."

"အကြောင်းတွေပြပေါ့.."

"တကယ်ပြောနေတာ..မင်းအတွက် ကိုယ့်ခရီးစဉ်ကိုဖျက်လိုက်ရတယ်..အဲ့ဒီ အတွက် ဒီကနေလုပ်စရာရှိတာလုပ်ပြီး မေးလ်နဲ့ပို့တန်တာပို့ရမယ်.."

"ရှင်မသွားတော့ဘူးပေါ့.."

"သွားမယ်..ဒါပေမယ့် နောက်လမှ.."

"စကားလုပ်ချလိုက်တာ အားလုံးဒုက္ခရောက်ကုန်တာနော်.."

"မရောက်ပါဘူး..နည်းနည်းပဲ.."

"ဘာလဲဟင်.."

"ကိုယ်ကရည်းစားဖြစ်ချင်သေးတာ.."

"ဘယ်လို.."

စကားမျက်နှာလေးမော့လာတော့ ငုံ့မိုးကြည့်ရင်း သူကပြုံးလိုက်ပြီး..၊

"အဲ့ဒီမိုရာကို ကိုယ်ဝင်တာဘာအတွက်ထင်လို့လဲ.."

စကားကခေါင်းလေးခါရင်း ငေးကြည့်နေ၏။ ကြိုးက စကားရဲ့မျက်နှာလေးပေါ် က အလှတရားတို့ကို ငေးမောဖတ်ရှုနေရင်း..၊

"မင်းအတွက်လေ..လောလောဆယ်ကိုယ်က မင်းရဲ့သူဌေးလုပ်ပြီး စကားချိုဆို



www.burmeseclassic.com

ww.burmeseclassic.com



တဲ့ ကောင်မလေးကို ဆရာကြီးအထာနဲ့ သပေါက်သဟမ်းလုပ်မယ်..အချိုးမပြေရင် နာနာလေးရိုက်ပြီးဆုံးမမယ်၊ တစ်ဖက်ကနေလှည့်ပြီး ရည်စားစကားလည်း ပြောမယ် ဆိုပြီး.."

"အံမယ်..ဆရာကြီးလာလုပ်ပြီး ပေါက်ရင် ဘယ်သူကခံမှာမို့လို့လဲ၊ ရည်စား စကားလာပြောရင် ဝေးသေး.."

"ဝေးလို့မရဘူးလေ..မင်းမာနတွေပြပြီး ထွက်သွားလို့မရအောင် ကိုယ်က ချည်ပြီး တုတ်ပြီးခိုင်းဖို့ အလုပ်စည်းကမ်းဥပဒေတွေ တစ်ခါတည်းထုတ်ထားပြီးသား..ဒါပေမယ့် ခုတော့လွဲကုန်တယ်.."

"ဟင်.."

ရည်စားထားဖို့နဲ့ လက်ထပ်ခြင်း ဘာကိုအလိုရှိနေတာလဲ..၊

စကား မျက်နှာလေးပျက်လေသည်။

"ဟိတ်..ဘာလို့ငိုသွားတာလဲ.."

"ရှင်ခုပဲပေါ်လာပြီ.."

"ဘာလဲ.."

"စကားကြောင့်.."

"ဟုတ်တယ်..မင်းကြောင့် ကိုယ်ရည်စားမထားရဘဲ.."

"ရှင်ဘာလို့ ရည်စားထားဖို့ အဲ့လောက်ထိမျှော်လင့်နေတာလဲဟင်.."

"မင်းနဲ့ရင်ခုန်ချင်လို့လေ.."

သူစကားမျက်နှာလေးကို မော့ယူလိုက်ပြီး စိုက်ကြည့်နေသည်။

"အဲ့တော့ စကားကြောင့် အခု.."

"မင်းနဲ့ကိုယ် တစ်ခါတည်း ညားသွားတယ်လေ.."

သူ့မျက်နှာငုံ့လာပြီး စကားရဲ့နဖူးလေးကို နမ်းသည်။ ပြီးတော့မျက်ခုံးတန်းလေး တွေ မျက်တောင်ဖျားလေးတွေ..ပြီးတော့ အနမ်းတို့၏နယ်မြေ တဖြည်းဖြည်းခရီးဆက်နေခဲ့ ပြီး..၊

"ဟင့်အင်း.."

စကားအင်္ကျီကြောင့် ရင်ဘတ်ကိုလည်း ကာကွယ်နေရာက နေရခက်လာခဲ့၏။ အမှတ်တမဲ့ သူ့ကိုတွန်းလိုက်မိသော်လည်း..၊



www.burmeseclassic.com

www.burmeseclassic.com



"အမေ့.."

တစ်ကိုယ်လုံးအေးခနဲဖြစ်သွားကာ သူ့ကိုပဲပြန်ဖက်ထားလိုက်မိလျှင်..

"ဟား ဟား ဟား.."

"မရယ်နဲ့..သွား.."

"တကယ်သွားရမှာလား..ဒါဖြင့် မင်းအရင်လွှတ်လိုက်.."

"ရှင်နော်..အဲ့ဒါရှင့်ကြောင့်..."

"ဟုတ်တယ်..မင်းကြောင့် ကိုယ်ရင်ခုန်တတ်ခဲ့တာ၊ အဲ့ဒါကြောင့် လျော်ကြေး.."

"ဘာ.."

"မွှေမွှေတတပေါ့.."

"အပွန်း.."

စကားပျော်သွားသည်။ ကြောင့်ကျခဲ့ရသည့်အနာဂတ်ဟာ သူ့ရင်ခွင်မှာ အမှန်တကယ်ငြိမ်းချမ်းခွင့်ရခဲ့ပြီကို နားလည်၍ တသိမ့်သိမ့်ကြည်နူးမိ၏။

"ကိုယ့်ကိုချစ်လား.."

"ရှင်ကရော.."

"မင်းကိုမေးနေတာ.."

"ဒီကပဲပြောနေရတာ..ခုမပြောဘူး.."

"ကိုယ်ကတော့ ကြားရမှဖြစ်မယ်.."

"အို..ဘာလုပ်တာလဲ ကြိုးနော်.."

"ဖြေမှာလား.."

"မသိဘူး..သွား၊ ရှင်အဲ့လိုဆိုးတတ်တာ ခုမှသိတယ်..အား.."

စကားငုတ်တုတ်လေးထိုင်ချလိုက်ပြီး အင်္ကျီရင်ဘက်ကို ဆွဲစေ့ဖိထားလျှင် သူ့မရှေ့မှာ ကြိုးက ခြေဖျားထောက်ထိုင်လိုက်ပြီး ရယ်နေကာ..၊

"ဖြေမလား..ကိုယ်ဒီတိုင်းကောက်ပွေ့သွားရမလား၊ ဒါမှမဟုတ်.."

"ချစ်တယ်လို့.."

"မလိုချင်ဘူး..အပိုအလိုတွေမပါဘဲ ရင်ထဲကအသံနဲ့ပဲဖြေ.."

စကားရယ်နေရင်း သူ့ဘက်ကိုမှီ၍ ထိုင်ချလိုက်လျှင် ကြိုးကအလိုက်သင့်လေး ပွေ့ပိုက်ထားလိုက်ပြီး..၊



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် တိုင်ပင်ခေါ်ရမလား.."

"ကြိုးဆိုတဲ့လူကြီးကို စကားအရမ်းချစ်တယ်..တောလမ်းကပြန်လာတည်းက အိပ်မရ စားမရ နေမထိထိုင်မသာ..ပြီးတော့ ဘယ်လိုမှဆုံးရှုံးမခံနိုင်လောက်အောင်ချစ်.."


စကားရဲ့အသံလေးပျောက်သွားသည်။ အနမ်းတို့နှင့် တိတ်ဆိတ်သွားသည့် ညဥ့်ယံသည် ရင်ခုန်သံတို့ဖြင့်ငြိမ့်ညောင်းသော သံဇဉ်တို့ကိုတီးခတ်ရင်း..။

ကျွန်တော် ကျွန်မတို့သည် မြင်လျှင်မြင်ချင်း မြတ်နိုးချစ်ခင် ကြည်ဖြူနှစ်သက်မိပါ၍..။

ပရိသတ်အတွက်

ယာဝရ

သျှင်မ





www.burmeseclassic.com